www.burmeseclassic.com


စိတ်ကူးသစ်စာပေ

မောင်ညိုမှိုင်း(သန်လျင်)

စီစဉ်သော

# ရှာလို့မစဲနိုင်သေးသည့်နောင်တမျက်ရည်မိုးများ

ဂမ္ဘီရဝတ္ထုတိုများ



မောင်ညိုမှိုင်း(သန်လျင်)၊ ထောင်မှူးကြီးသိန်းဝင်း၊ မြောင်းမြမောင်ကို၊ ငကွးညိုစိမ့်
နန္ဒာမိုးကြယ်၊ ကျော်မင်းနိုင်၊ မြဘုန်းထက်၊ ကိုမောင်သန်းဝင်း၊ ညြိမ်သ၊ လေးမောင်

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

စီစဥ်သူ ။ ကိုတင်ထွန်း

▬

ပုံနှိပ်ခြင်း

ပထမအကြိမ် ။ ၂၀၁၄၊ ဇွန်လ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ *Myat Min Han (New Idea)*
ကွန်ပျူတာစာစီ ။ *Maw Maw (New Idea)*
အတွင်းဖလင် ။ *Zin Oo & Brothers*

▬

ပုံနှိပ်သူ
ဒေါ်ယဉ်ယဉ်မွန် (မြူးဝေလွှံ့ပုံနှိပ်တိုက်) (၀၀၆၅၉)
ဆန်စက်အပိုပစ္စည်းစက်ရုံဝန်း၊ အထက်ပုဇွန်တောင်လမ်း၊ စက်ဆန်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

▬

ထုတ်ဝေသူ
ဦးတင်ထွန်း (မြ)(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊ အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

▬

တန်ဖိုး - ၁၈၀၀ ကျပ်

၈၉၅ . ၈၃
ကလောင်စုံ
ရှာလို့မစဲနိုင်သေးသည့် နောင်တမျက်ရည်မိုးများ အပါအဝင်
ဂန္ထဝင်ဝတ္ထုတိုများ/ ကလောင်စုံ-ရန်ကုန်၊
စိတ်ကူးသစ်စာပေ၊ ၂၀၁၄။
၂၆၃-စာ ၊ ၁၃ စင်တီ x ၂၀. ၅ စင်တီ။
(၁) ရှာလို့မစဲနိုင်သေးသည့်နောင်တမျက်ရည်မိုးများအပါအဝင်ဂန္ထဝင်ဝတ္ထုတိုများ

## မာတိကာ


| စဉ် | ဝတ္ထုအမည် | စာမျက်နှာ |
|---|---|---|
| ၁။ | ရှာလို့မစဲနိုင်သေးသည့် နောင်တမျက်ရည်မိုးများ<br>*မောင်ညိုမှိုင်း (သန်လျင်)* | ၁ |
| ၂။ | ဇိကုတ်နတ်ပြည်တွင်<br>*မြောင်းမြမောင်ကို* | ၂၆ |
| ၃။ | ပညတ်သွားရာစာတိသက်ပါ<br>*ထောင်မှူးကြီးသိန်းဝင်း* | ၄၉ |
| ၄။ | ပေတမြို့သို့ အလည်တစ်ခေါက်<br>*မကွေးညိုစိမ့်* | ၇၈ |
| ၅။ | ဗိညာဉ်လှည့်စားလေသလား<br>*နန္ဒာမိုးကြယ်* | ၁၀၅ |
| ၆။ | ကိုအန္တောနဲ့ ဂမ္ဘီရအစီအရင်<br>*မြဘုန်းထက်* | ၁၂၅ |
| ၇။ | ယကျိုက်ပြိတ္တာ<br>*ကိုမောင်သန်းဝင်း* | ၁၅၂ |
| ၈။ | သမန်းကျားကိုနိစာ<br>*ကျော်မင်းနိုင်* | ၁၈၂ |
| ၉။ | တမလွန်မှ အဖနှင့်အမသို့ . . .<br>*ညွှန့်ဝိသ* | ၂၀၉ |
| ၁၀။ | နောင်ဖွဲ့မေတ္တာ<br>*လေးမောင်* | ၂၂၇ |

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

[၁]

ဒေါ်စိမ်းမြရဲ့ ကိုယ်ဝန်ဖြစ်စဉ်ကို ကာယကံရှင် ဒေါ်စိမ်းမြသာမက ဒေါ်စိမ်းမြရဲ့ယောကျ်ား ဦးစိုးထိန်ရော၊ ရွာကြီးလက်သည် ဒေါ်နန်းရွာပါ အလွန် အံ့ဩနေကြရ၏။

သည်ကိုယ်ဝန်သည် နဝမြောက်ကိုယ်ဝန်ဖြစ်သည်။ ဒီနေ့အချိန် အထိဆိုလျှင် ကိုယ်ဝန်(၆)လ ရောက်ခဲ့ပြီ။

(၆)လကိုယ်ဝန်ဆိုသည် သပိတ်တစ်လုံး၊ ဘူးသီးတစ်လုံးခန့် ပေါ် လွင်ထင်ရှား၏။ သို့သော် ကိုယ်ဝန်က ခုတလော ထူးဆန်းနေသည်။

ထူးဆန်းပုံကား ...

ကိုယ်ဝန်က ပိန်လိုက်ဖောင်းလိုက် ဖြစ်နေ၏။ ရုတ်တရက် ပိန် သွားလျှင် နဂိုမူလ ကိုယ်ဝန်မရှိစဉ်ကလို ဗိုက်က ပိန်ချပ်ချပ် ဖြစ်သွား၏။

ဘာမျှ မကြာလိုက်။ ရက်ပိုင်းအတွင်း ကိုယ်ဝန်က ပြန်ဖောင်းလာ သည်။ ပထမ ကလေးပျက်ကျရော့သလားလို့ လန့်သွား၏။

လက်သည် ဒေါ်နန်းရွာ စစ်ဆေးလိုက်တော့ ကိုယ်ဝန်မပျက်။

ဘာကြောင့်လဲဆိုသည်ကို လက်သည်ဒေါ်နန်းရွာ စဉ်းစားလို့မရ။ ကိုစိုးထိန်ကား မယားဖြစ်အင်ကို စိုးရိမ်တကြီးဖြစ်နေ၏။





နဂိုကိုယ်ဝန်အလုံးအထည်အတိုင်း ပြန်ရောက်လာမှ အားလုံး သက် ပြင်းချရ၏။ ပြောရလျှင် ဤကိုယ်ဝန်သည် ကိုးလလွယ်၍ ဆယ်လသို့ ရောက် သည့်တိုင် ပိန်လိုက်ဖောင်းလိုက်နှင့် ဖြစ်နေ၏။

လက်သည်ကြီး အမေဒေါ်နန်းရွာကတော့ ကြို့ပြောခဲ့သည်။

"စိမ်းမြ ..."

"ရှင် ... အမေနန်း"

"ညည်းကိုယ်ဝန် ထူးခြားတယ်။ တစ်ခုခုတော့ တစ်ခုခုပဲ။ ဘုရား တရားမြဲ၊ အလှူအတန်းလုပ်ပေး ကြားလား ..."

"ဟုတ်ကဲ့ ... အမေနန်း"

ဒေါ်စိမ်းမြ နဝမြောက်ကိုယ်ဝန်ကို အထူး ဂရုစိုက်ခဲ့သည်။ ဘုရား တရားလည်း မြဲခဲ့သည်။ အလှူရေစက် လက်နှင့်မကွာ ပြုခဲ့သည်။

ဒီလိုနှင့် မွေးခါနီးရက်ပိုင်းအလိုမှာ ကလေးငယ်လေးတစ်ဦးရယ် ဒေါ်စိမ်းမြရှေ့မှာ လာရပ်ပြီး စကားပြောနေသည်။

"အမေ ..."

"ဟင် ... မင်းဘယ်သူတုံး ... ကလေး"

"ကျွန်တော် အမေ့သားလေ"

"အို ... မဟုတ်တာ၊ ငါ ကလေး မမွေးရသေးပါဘူးဟဲ့၊ ဘယ့်နှယ်လုပ် မင်းက ငါ့သားဖြစ်ရမှာလဲ ... ကလေးရဲ့"

"ကျွန်တော် အမေတို့နဲ့ အတူနေဖို့ ရောက်နေပြီခင်ဗျ"

"တကယ်"

"တကယ်ပြောတာဗျ"

"မင်းနာမည်ဘယ်လိုခေါ်သတုံး ... လူကလေး"

"သားနာမည် မောင်ချစ်မြတဲ့"

"မောင်ချစ်မြ ... ဟုတ်လား"

"ဟုတ်တယ် ... အမေ။ ကျွန်တော် အမေတို့ အစ်မတို့နဲ့အတူ နေပြီးရင် အမေတို့ကို ချမ်းသာအောင်လုပ်ပေးမယ် ... သိလား"

"ဟုတ်လို့လား ... သားရယ်"



www.burmeseclassic.com

www.burmeseclassic.com



"မယုံရင် စောင့်သာကြည့်နေ အမေ။ သား သွားလိုက်ဦးမယ်"

"ဟဲ့ . . . ဟဲ့ . . . ကလေး။ သား မင်း ဘယ်ကိုသွားမှာလဲဟဲ့"

"ဒီထဲကိုဗျ"

ဒီမှာ ကလေးချောလေးက ဒေါ်စိမ်းမြရဲ့ ဝမ်းဗိုက်ကို လက်ညှိုးထိုးပြပြီး ဗိုက်ထဲသို့ချက်ပေါက်မှ လှစ်ခနဲ ဝင်ရောက်ပျောက်ကွယ်သွားသည့် အိပ်မက်ဆန်းကို မြင်မက်ခဲ့ရလေသည်။

✿ ✿ ✿

[ ၂ ]

❑

ဆယ်လထဲဝင်ရောက်လာပြီး မကြာခင် ဒေါ်စိမ်းမြဝမ်းဗိုက် နာလာတော့သည်။ သို့နှင့် လက်သည်ကြီး အမေဒေါ်နန်းရွှာကို ကိုစိုးထိန် ပြေးခေါ်ရသည်။ မွေးတော့မည်ဆို၍ ချက်ချင်းမီးနေခန်းကို ရွာသူများအကူအညီ၊ သမီးကြီးလေးယောက်အကူအညီနှင့် အလျှင်အမြန် ပြင်ဆင်ရသည်။

ဗိုက်က မခံမရပ်နိုင်အောင် နာသည်။

လက်သည်အမေနန်းကလည်း အမျိုးမျိုးဗိုက်ကို လှည့်ပေး၊ ဆွဲချပေးသည်။ ဗိုက်သည် ဝိန်လိုက်ဖောင်းလိုက်။ ထွက်မလိုဖြစ်လိုက် ပြန်ဝင်သွားလိုက်။





ဒေါ်စိမ်းမြ နာကျင်ခံခက်ဖြစ်လွန်း၍ မျက်ရည်ပေါက်ပေါက် ကျ၏။ အလျှင်သားသမီးများမွေးရစဉ်က ဒီလောက်မခံရ။ ဗိုက်နာပြီးသည်နှင့် ရေမြွာပေါက်ပြီး ချက်ချင်းမွေးသည်။

ဒီသားမှာ အတော်ကို ခံစားရသည်။ အံကိုကြိတ်ရလွန်း၍ သွားများ ဖျစ်ဖျစ်မည်နေ၏။ ဖြစ်နိုင်လျှင် ဗိုက်ကိုလီမ်ပြီး မှောက်လိုက် လှူးလိုက်ခုန် ပေါက်ပစ်လိုက်ချင်သည်။

အမေနန်းရွှာက မလှုပ်ပါနဲ့ဟု တားနေ၍သာ။

နောက်ဆုံး ကိုစိုးထိန်က မီးနေခန်းအပြင်မှ အဂုလိမာလသုတ်ကို အကြိမ်များစွာ ရွတ်ပေးရ၏။

ချွေးသီးချွေးပေါက်များ ရွှဲရွှဲစိုအောင်ကျပြီးမှ နဝမမြောက်သားကို မွေးဖွားတော့သည်။

မွေးဖွားလာတော့ အားလုံး အံ့သြကြရ၏။

အကြောင်းကား . . .

မွေးဖွားလာသောကလေးသည် ဝဝကစ်ကစ်၊ ဖြူဖြူဖွေးဖွေး ချစ်စရာလေးမဟုတ်။ လက်လှုပ်ခြေလှုပ် အသံကျယ်ကျယ် စူးစူးဝါးဝါးနှင့် အော်ဟစ် ငိုယိုလိုက်သည့် ကလေးမဟုတ်။

လှုပ်ရှားရုန်းကန်ခြင်း လုံးဝ မရှိ။

အသံတစ်စက် မထွက်။

လူကလေးလို ခြေလက်ဦးခေါင်း အစုံပါ၏။

ရွှေပန်းငေါက်တောက် သေးသေးပါသော ယောက်ျားကလေးလည်း မှန်၏။ ဒါပေသည့် သူ့မှာ အသားအရေ စိုဝင်းခြင်း မရှိ။ ကိုယ်လုံးကိုယ်ထည်က နီရဲလေးနှင့် လက်နှစ်သစ်ခန့်သာပဲရှိသည်။

"စိမ်းမြ . . ."

"ရှင် . . . အမေနန်း"

"ညည်း လူခြောက်လေး မွေးတယ်အေ့"

"ရှင် . . . လူခြောက်ကလေး"

"အေး . . . ယောက်ျားလေးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အသက် ... အသက်ပါရဲ့လားဟင် ... ဟင်"

"ပါမှာပေါ့အေ့ ... ညည်းတော့ ကော်ပြီ ... ကောင်မရဲ့"

"ဘာလို့လဲဟင်"

"ရှေးလူကြီးတွေ ပြောသတဲ့ ... မိန်းမရဲ့။ လူခြောက်လေးများ မွေးရင် ချမ်းသာပြီတဲ့။ ညည်းချမ်းသာရင် ငါလည်း မမေ့နဲ့နော် စိမ်းမြ"

"ကျွန်မသာ တကယ်ချမ်းသာပါစေ ... အမေနန်းရယ်။ အမေနန်းကို အိမ်ဦးခန်းမှာ ခေါ်တင်ထားမှာပါတော်"

နောက်ဆုံး လူခြောက်ကလေးကိုပဲ ကိုယ့်သားလို သဘောထား၍ ယုယပိုက်ထွေးခဲ့ရသည်။

သူ့ကို ယွန်းသေတ္တာပုံးလေးထဲမှာ မွေ့ရာသေးသေး၊ ခေါင်းအုံးသေးသေးနှင့် သိပ်ရသည်။ အင်္ကျီသေးသေးလေး ချုပ်ပေးရသည်။

လူခြောက်ကလေးက ဒေါ်စိမ်းမြကို ညစဉ် အိပ်မက်ထဲမှာ စကားပြော၏။

"အမေ ... ကျွန်တော် ရောက်လာပြီခင်ဗျ"

"မင်း ... ဘယ် ... ဘယ်သူ ..."

"မောင်ချစ်မြလေ ... ကျွန်တော့်ကို မောင်ချစ်မြလို့ခေါ်နော် ... အမေ။ ကျွန်တော့်ကို အမေ့နို့လည်းတိုက်ပါ ... အမေရယ်"

လူခြောက်ကလေးက သူ့ကို မောင်ချစ်မြဟု ခေါ်ပါဆို၍ မောင်ချစ်မြဟု အမည်ပေးလိုက်၏။ လူသိရှင်ကြား မလုပ်ပါနဲ့ဟု ထပ်မံအိပ်မက်ပေး၍ မီးဝင်မီးထွက် အမည်ပေးခြင်းကိစ္စများကို မိသားစုနှင့် အမေနန်းတို့မျှသာ အကျဉ်းချုံး စီစဉ်လုပ်ဆောင်ခဲ့ကြသည်။

သမီးကြီး(၄)ယောက်နှင့် ကြီးစဉ်ငယ်လိုက် သားလေးယောက်တို့က ထူးဆန်းစွာ မွေးဖွားရောက်ရှိလာသော လူခြောက်လေး မောင်ချစ်မြကို ကြည့်ပြီး အံ့သြကြ၏။

အချို့က ရှက်နေ၏။

အချို့က ဝမ်းသာ၏။





အိမ်နီးချင်းများက မီးဖွားပြီးပြီဆို ဘာလေးမွေးတုံး၊ ကလေးရော ကျန်းမာရဲ့လားဟု လာရောက်မေးမြန်းသောအခါ အလွန်အပြောရ ခက်နေ၏။

သို့နှင့် သေဆုံးသွားပြီဟုလည်း ညာခဲ့ရ၏။

မွေးစားဖို့ ပေးလိုက်ပြီဟုလည်း လိမ်ခဲ့ရ၏။

အချို့ကတော့ ဒေါ်စိမ်းမြ လူခြောက်လေးမွေးသည်ကို ရိပ်ဖမ်းသံဖမ်း ကြားသိလေသည်။

✿ ✿ ✿

[၃]

❑

ဒေါ်စိမ်းမြတို့ မိသားစုဘဝက လုပ်ငန်းရှင်အသေးစားလေးဖြစ်သည်။ နဂါးငါးကောင်အမည်ရှိ ဆေးလိပ်ခုံကလေးကို ( ..... ) မြို့တွင် ထောင်ထား၏။ နာမည်ကြီးဆေးလိပ်များ ဝိုင်းရံနေသည့်အကြားမှာ ကြိုးစားရုန်းကန် လှုပ်ရှားနေရ၏။

ဆေးလိပ်ခုံလုပ်ငန်းဆိုသော်လည်း ဆေးလိပ်သမလုပ်သားများ များမရှိ။ သမီးအကြီး (၄) ဦးနှင့် ဒေါ်စိမ်းမြပဲ ဆေးလိပ် လိပ်ရသည်။ ဒေါ်စိမ်းမြယောကျ်ား ဦးစိုးထိန်က ဆေးလည်း စပ်ရသည်။

ဆေးရွက်၊ သနပ်ဖက်၊ ဆေးရိုး စသည့် အဓိကလိုအပ်ပစ္စည်းများကို ပဲခူးဆေးလိပ်ခုံ ပွဲရုံကြီးများမှလည်းကောင်း၊ နယ်မှလည်းကောင်း



www.burmeseclassic.com

www.burmeseclassic.com



မှာယူပြီး နောက်ဆုံး ဆေးလိပ်အရောင်းဆိုင်များသို့ ကိုယ်တိုင်လိုက်လံ ဖြန့်ချိရသည်အထိ လုပ်ကိုင်ရသည်။

အခြားနာမည်ကြီး ဆေးလိပ်များလို ဈေးကွက်မနိုင်သေးတော့ ရရစားစားဘဝမှာပဲ စားအိုးကြီးလှသည့် မိသားစု (၁၁)ယောက် ချွေးသီးချွေးပေါက်ကျ လုပ်ကိုင်နေရ၏။

တစ်နေ့သောညမှာ ...

သားလူခြောက်ကလေးက ဒေါ်စိမ်းမြကို အိပ်မက်ပေး၏။

"အမေ ..."

"ဘာတုံး ... သား"

"အမေတို့ ဆင်းရဲတယ်နော်"

"ဟုတ်ပါတယ် ... သား"

"သား အမေတို့ကို ချမ်းသာအောင် လုပ်ပေးမယ်ဗျ"

"အလို ... ငါ့သားက လူခြောက်ကလေး ဥစ္စာ။ ဘယ်လိုလုပ်ပြီး အမေတို့ကို ချမ်းသာအောင် လုပ်ပေးနိုင်မှာတုံး ... မောင်ချစ်မြရဲ့"

"အမေ ကျွန်တော်ပြောသလို လုပ်ပါ"

"ဘာလုပ်ရမှာလဲ ... သား"

"အမေတို့မှာ လိပ်ပြီးသား ဆေးလိပ်တွေရှိလား"

"ရှိတာပေါ့။ ဆိုင်တွေပို့ဖို့ လုပ်ထားတာလေ"

"ဒီမှာ ... အမေ၊ အဲဒီဆေးလိပ်တွေကို မရောင်းနဲ့။ အလကားပေးလိုက်။ ကြော်ငြာပေါ့"

"ကြော်ငြာက လုပ်ပြီးပြီ ... သားရဲ့။ ဒါကိုရောင်းမှ အမေတို့ မိသားစု စားရေးသောက်ရေး အဆင်ပြေမှာပေါ့"

"မနေပြောပါနဲ့ ... အမေရာ။ ကျွန်တော်ပြောသလိုသာ လုပ်လိုက်ပါ။ လုပ်ပြီးရင် အမေတို့ ချမ်းသာမှာပါဗျ"

"ဟုတ်ပါ့မလား ... မောင်ချစ်မြရယ်"

"ကျွန်တော်တစ်ယောက်လုံး အနီးမှာရှိနေတာ ဥစ္စာ။ ရဲရဲသာလုပ်"





"တကယ်နော် ... သား"

"လုပ်လိုက်စမ်းပါ ... အမေရာ"

သားလူခြောက်လေး မောင်ချစ်မြက အဲဒီလိုပြောပြီး သူ့ထည့်ထားသည့် သေတ္တာထဲ ပြန်ဝင်အိပ်သွားသည်ကို မြင်မက်ခဲ့ရသည်။

မိုးလင်းသည်နှင့် အိပ်မက်အကြောင်းအား လင်သားလုပ်သူ ဦးစိုးထိန်အားပြောပြလိုက်ရာ ဦးစိုးထိန်ကလည်း မယုံရဲရဲဖြစ်နေ၏။ နောက်ဆုံးဖြစ်ချင်ရာဖြစ် စမ်းကြည့်ကြစို့ကွာဟု ဆုံးဖြတ်ချက်ချကာ ဆေးလိပ်ရေနစ်သောင်းကျော်ကို ဖောက်သည်ဆိုင်များအား ကြော်ငြာသဘောမျိုး အလကားပေးလိုက်သည်။

ဖောက်သည်ဆိုင်များကား အလကားပေးသည်ဆို၍ အံ့လည်းအံ့သြ ဝမ်းလည်း ဝမ်းသာကြ၏။ အသားတင် အမြတ်ချည်းဖြစ်၍ ဆေးလိပ်များကို သူများဆေးလိပ်ဈေးနှုန်းထက် ဈေးလျှော့၍ အလှူမင်္ဂလာပွဲများ၊ ဈေးပွဲများမှာ လျှော့ချရောင်းပေး၏။

ဒေါ်စိမ်းမြတို့ကား လက်ကျန်ငွေသားနှင့် နယ်မှ ဆေးဖက်ဆေးရွက်များကို မှာရလေသည်။

တစ်နေ့ အလုပ်ရုံရှေ့မှာ နယ်မှသနပ်ဖက်ကားနှစ်စီး ဆိုက်လေ၏။ သနပ်ဖက်များကို သမီးနှင့်သားများက ကားပေါ်မှချပြီး အလုပ်ရုံထဲသို့ သွင်းကြ၏။

သည့်နောက် ...

သနပ်ဖက်ပိုများကို ဖောက်ဖွင့်၍ အရွယ်ကောင်းမကောင်း တစ်ပိုပြီးတစ်ပို စစ်ဆေးလိုက်စဉ် ...

"အမေ ... အမေရေ ..."

"ဟဲ့ ... ဟဲ့ ... အကြီးမ ဘာဖြစ်လို့တုံးဟဲ့။ အလန့်တကြား"

သမီးအကြီးမ မိချိုသည် သနပ်ဖက်ပိုတစ်ခုမှ အရွက်များကို ဖြေဖြန့်စစ်ဆေးရင်း အလန့်တကြား အော်လိုက်သည်။

"အမေ ... ဒီ ... ဒီမှာလာကြည့်ပါဦး ... အမေ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်စိမ်းမြ သမီးကြီးမိချို့ပြသည့် သနပ်ဖက်ရွက်များအကြားကို ကြည့်လိုက်သောအခါ လက်ကိုင်ပဝါနှင့်ထုပ်ထားသော ပစ္စည်းထုပ်တစ်ခု။

''ဘာလဲဟဲ့ . . . သမီး''

''သိဘူး . . . အမေ''

''ဖယ်စမ်း . . . ''

ဒေါ်စိမ်းမြ ပန်းကန်လုံးခန့်ရှိသော လက်ကိုင်ပဝါနှင့် ထုပ်ထားသည့်အထုပ်ကို ဖြေကြည့်လိုက်သောအခါ . . .

''ဟာ . . .''

''အမ် . . .''

''ရွှေ . . . ရွှေဒင်္ဂါးတွေ၊ ရွှေဒင်္ဂါးတွေ''

''ဘုရားရေ . . . ကိုစိုးထိန်၊ တော့် . . . ကိုစိုးထိန်''

''ဘာတုံးဟ . . . မိစိမ်းမြရဲ့ ဒီမှာ ဆေးနယ်နေတယ်''

''မြန်မြန်လာခဲ့ပါဦး . . . ယောက်ျားရေ . . . မြန်မြန်''

''ဘာဖြစ်လို့တုံးဟ''

''ဒီ . . . ဒီမှာ ကြည့်စမ်းပါဦး . . . ကိုစိုးထိန်''

''ဟာ . . . ဒါ . . . ဒါ . . . ရွှေဒင်္ဂါးတွေ။ ဒါ ဘယ်က ပါလာတာလဲဟင်''

''ဒီဆေးလိပ်လိပ်မည့် သနပ်ဖက်ပိုတစ်ခုက''

''ဟာ . . . ဖက်ပိုင်ရှင်ရဲ့ ပစ္စည်းများလား မသိဘူးဟ''

''ဖြစ်နိုင်တာပဲတော်။ အဲဒါ ဘယ်လိုလုပ်မလဲဟင်''

''ပိုင်ရှင်ကို စုံစမ်းပြီး ပြန်ပေးရမှာပေါ့ဟ''

သူတို့လင်မယားက အလွန်ကို ရိုးသားကြပါသည်။ ရေတွက်ကြည့်လိုက်တော့ ရွှေဒင်္ဂါးပြားရေစုစုပေါင်း (၁၀၀)တိတိ ပါသည်။ ရွှေသားအစစ်အဝိဝင်းလို့။ သည့်နောက် ရွှေဒင်္ဂါးများကို သူ့အဝတ်နှင့်သူ ပြန်ထုပ်လိုက်ပြီး ချက်ချင်း နယ်ကပိုင်ရှင်ထံသို့ သွားရောက်မေးမြန်းလိုက်သည်။

ပိုင်ရှင်က ကိုစိုးထိန်ရောက်လာ၍ မေး၏။

''ကိုစိုးထိန် . . . ဘာကိစ္စလဲဗျ။ ဖက်တွေပို့လိုက်တာ ရရဲ့လား''





''ရပါတယ် . . . ဦးကျိုင်းလူ။ ခုလာရတာက ဟို . . . ဟို . . .''

''ပြော . . . ဘာလိုအပ်လို့လဲ''

''ဦးကျိုင်းလူ . . . ခင်ဗျားတို့ အဖိုးတန်ပစ္စည်းများ ပျောက်တာရှတာ မရှိဘူးလားဗျာ''

''ဗျာ . . . အဖိုးတန်ပစ္စည်း။ ဘယ်လိုဟာကို ပြောတာလဲဗျ''

''ရွှေ . . . ရွှေထည်ပစ္စည်း အုပ်စုဝင်ဗျာ။ ဥပမာ ရွှေဒင်္ဂါးလို အရာမျိုးပေါ့''

ဆေးလိပ်ဖိုပိုင်ရှင် သူဌေးဦးကျိုင်းလူက ကိုစိုးထိန်ကို နားမလည်သလို အူကြောင်ကြောင်နှင့် ကြည့်ရင်းက . . .

''ရွှေဒင်္ဂါး မပျောက်ပါဘူးဗျ။ ကျုပ်တို့ ရွှေဒင်္ဂါးလည်း မကိုင်ပါဘူး''

''ဟုတ်ရဲ့လားဗျ . . . အိမ်သားတွေ မေးမြန်းကြည့်ပါဦး''

သို့နှင့် သူဌေးဦးကျိုင်းလူက သူ့ဇနီး ဒေါ်နန်းအယ်ကိုခေါ်ပြီး အိမ်မှာ ရွှေထည်လက်ဝတ်လက်စားများ ပျောက်မပျောက်မေး၏။ ဒေါ်နန်းအယ်က မပျောက်ပါဟု ဆို၏။ ပိုသေချာစေရန် မီးခံသေတ္တာများ ကိုဖွင့်၍ စစ်ဆေး၏။ အားလုံး အတိအကျရှိပါသည်ဟု ဆိုလေ၏။

''ကိုစိုးထိန် . . . ခု ဘာဖြစ်လို့လဲဟင်''

''ဟို . . . ဟို သနပ်ဖက်ပိုထဲမှာ ရွှေဒင်္ဂါးထုပ်တစ်ထုပ် ပါလာလို့''

''ဟေ . . . ဟုတ်ရဲ့လားဟ . . . ကိုစိုးထိန်ရ''

''ဒီမှာ ဒါတွေပဲဗျ''

''ဟာ . . . အံ့သြစရာပါလား . . . ကိုစိုးထိန်''

''အဲဒါ ဦးကျိုင်းလူရဲ့ ပစ္စည်းဥစ္စာမှန်ရင် ပြန်ပေးချင်လို့ လာခဲ့တာပဲ''

''အို . . . ဒါ ကျုပ်တို့ဥစ္စာ မဟုတ်ဘူး။ ဒါမျိုးတစ်ခါမျှ မကြားဖူး . . . ကိုစိုးထိန်။ ဒါ . . . ဒါ ခင်ဗျားကုသိုလ်နဲ့ခင်ဗျား ထိုက်လို့ရတာပဲ။ အကုန်လုံးယူသွား . . . ကိုစိုးထိန်ရေ''



www.burmeseclassic.com

www.burmeseclassic.com



ဆိုရလျှင် . . .

ထိုနေ့ထိုအချိန်အခါမှစ၍ ဦးစိုးထိန် ဒေါ်စိမ်းမြတို့ အကြီးအကျယ် ချမ်းသာသွားခဲ့သည်။

သားလူခြောက်ကလေးပြောတာ မှန်နေပြီဟု ဆိုကြ၏။

ကျွန်သားသမီးများလည်း အံ့သြဝမ်းသာ၍ မဆုံးကြ။ လူခြောက် ကလေး မိမိတို့မိသားစုကို မ,ပြီဟုဆိုကြပြီး လူခြောက်ကလေးကို မောင်လေး သားလေးနှင့် ဖြစ်ကုန်ကြ၏။

ဆေးလိပ်ခုံကို တိုးချဲ့ပစ်လိုက်သည်။

အိမ်ကို မြှင့်ဆောက်လိုက်သည်။

ရှင်ပြုပေးပါဟု သားလူခြောက်လေးက အိပ်မက်ပေး၍ ရှင်ပြု ရဟန်းခံပွဲကို အကျဉ်းပြုလုပ်လိုက်သည်။ အကျယ်မလုပ်ရဲ။ လူသိကုန်မှာ စိုး၍ ဖြစ်သည်။

စပ်စုသူများက ဘယ်လိုလုပ်ပြီး နေ့ချင်းညချင်း ကြီးပွားချမ်းသာ လာတာလဲဟု မေးမြန်းကြ၏။

ဆေးလိပ်ခုံကြောင့်ပါဟု ဖြေလိုက်ရ၏။ အချို့က မယုံကြ။ ရင်း သိသူများက လူခြောက်လေးကြောင့်ရတာနေမှာဟု တိုးတိုးဆိုကြသည်။ အတင့်ရဲသူများ၏ လူခြောက်လေးမွေးတယ်ဆို၊ မမြင်ဖူးလို့ ပြစမ်းပါဟုပင် ပြောလာကြရကား . . .

မဟုတ်ပါဘူး၊ မရှိပါဘူးဟု ငြင်းလွှတ်ရ၏။

သို့နှင့် လူခြောက်သားငယ်ကို အခြားသူများ မမြင်အောင် လုံလုံ ခြုံခြုံ သိမ်းထားရ၏။

✿ ✿ ✿

[ ၄ ]

❑

ဒါတောင် ထူးဆန်းသော သားလူခြောက်ကလေးက ရဟန်းခံ ရှင်ပြုတုန်းက ဘာလို့ ဆိုင်းပွဲမသွင်းမပါရတာလဲ အမေဟု အိပ်မက်ထဲမှာ ပြောရှာသေး၏။

"သားရယ် . . . သက်ရှိလူလုံးလူကောင်လို မပြနိုင်ဘဲ . . . သား ရဲ့ ရှင်ပြုပွဲကို ဆိုင်းတွေ၊ အငြိမ့်တွေ ထည့်ပြီး အကျွေးကြီးအမွေးကြီးနဲ့ လုပ်လိုက်ရင် လူတွေက သားရဲ့အကြောင်းကိုသိသွားမယ်။ မသမာသူနဲ့ တွေ့ရင် လုယူခိုးဝှက် ဖျက်လိုဖျက်ဆီးလုပ်ကြရင် ကိုယ်ကျိုးမနည်းပေဘူး လား . . . သားရယ်"

"ကောင်းပါပြီ . . . အမေ။ သားနားလည် သဘောပေါက်ပါတယ်။ အမေ ဒီထက်ပိုပြီး မချမ်းသာချင်ဘူးလားဟင်"

"အခုလည်း ပြည့်စုံနေပါပြီ . . . သားရယ်။ အမေ ဒီထက်ပိုပြီး မချမ်းသာချင်ပါဘူး"

"အမေ့ကို ကျွန်တော် ရှာဖွေကျွေးနိုင်တုန်း ရှာဖွေကျွေးရတာ ပါ . . . အမေရယ်။ အမေ့ကို ကျွန်တော် ဒီထက်ချမ်းသာအောင် လုပ်ပေး



www.burmeseclassic.com

www.burmeseclassic.com



ဦးမှာသိလား။ အမေ ... ဒီတစ်ခါရရင် ကျွန်တော့်ကိုယ်စား တစ်ရွာလုံးက ဆင်းရဲနွမ်းပါးတဲ့ ကလေးတွေအားလုံးကို ရှင်ပြုပေးလိုက်စမ်းပါ ... အမေရယ်''

''ဟဲ့ ... သားရဲ့။ ဒါဆို အများကြီး ကုန်မှာပေါ့ကွယ့်''

''ကုန်ပလေ့စေ သားလုပ်ပေးမယ်။ ပြီးရင် အမေတို့ အိမ်ကောင်းကောင်းဆောက်လိုက်''

''ဟုတ်ပါ့မလား ... သားရယ်''

''မယုံရင် စောင့်ကြည့်နေ ... အမေရာ''

သို့ကလိုပြောပြီး သားလူခြောက်ကလေး မောင်ချစ်မြသည် သူ့ကတ္တီပါ ယွန်းသေတ္တာလေးထဲမှာပြန်၍ အိပ်ပျော်သွားသည်ကို ဒေါ်စိမ်းမြမြင်မက်ခဲ့ရလေသည်။

တစ်နေ့သောအခါ ...

ဦးစိုးထိန်သည် အလုပ်ရုံဝန်းကျင်ကို ဝါးကပ်ခြံစည်းရိုးကာရန်အတွက် ရေဆိပ်မှကြသောင်းဝါးကြီး အလုံး(၅၀)ကို လှည်းနှင့် တိုက်ယူလာခဲ့လိုက်သည်။

အိမ်ရောက်သည်နှင့် အလုပ်သမားများကို မခိုင်းဘဲ ကိုယ်တိုင်ပင်ဝါးလုံးများကို ဓားနှင့်နှပ်ကြောင်း ပေး၍ ခွဲလှန်လိုက်သည်။

ဆယ်လုံးမြောက်ဝါးလုံးကို နှပ်ကြောင်းပေးပြီး ခွဲလိုက်သောအခါ ဝါးလုံ အဆစ်ကြားမှ ပြောင်လက်သောပစ္စည်းတစ်ခု ခုန်၍ထွက်လာသည်။

ကောက်ကြည့်လိုက်တော့ အရောင်တောက်ပလင်းလက်သည့် ပပ င်းရောင်ကျောက်တစ်လုံး။

လက်သန်းဖျားခန့် ရှိသည်။

နေရောင်မှာ ထောင်ကြည့်လိုက်တော့ အလင်းတန်းများက စူးဖြာ၍ ဆန့်ထွက်သွား၏။





ဝှင်းကျောက်ကို ဇနီးသည်အားပြလိုက်သောအခါ အံ့သြနေ၏။ သားသမီးများလည်း ဝါးထဲက ကျောက်တစ်လုံးရသည်ဆို၍ ဝိုင်းလာကြ၏။

''ဘာကျောက်လဲ ... အဖေ''

''မသိဘူး''

''ပယင်းလား''

''မသိဘူးကွ''

''မြလား မသိဘူးနော်''

''ညဘက်ရောက်တော့ မီးရောင်မှာချ၍ ကြည့်လိုက်သောအခါ စူးရှပြီးပြက်အလင်းတန်းများ ဖျပ်ဖျပ်ဖျပ်ဖျပ်နှင့် ဖြာ၍ လင်းနေ၏။

''စိန်နဲ့တူတယ် ... ကိုစိုးထိန်''

''စိန်လား၊ မြလား သိရအောင် ပန်းထိမ်ဆရာ ဦးကျောက်ခဲကို သွားပြကြည့်ရင် မကောင်းဘူးလား''

''ပြချင်ရင် ပြပေါ့တော်။ တိုးတိုးတိတ်တိတ်လည်း လုပ်နော်''

''အေးပါ ... ငါနားလည်ပါတယ် ... မိန်းမရာ''

မိုးလင်းတော့ ဦးစိုးထိန် ဝှင်းကျောက်ကိုယူသွားပြီး ပန်းတိမ်ဆရာကြီး ဦးကျောက်ခဲကို ပြလိုက်သည်။

''ဆရာကြီး ... ဒီကျောက်လေးစစ်ဆေးပေးပါ ... ဆရာကြီးရယ်''

ပန်းထိမ်ဆရာကြီးဦးကျောက်ခဲက လက်သန်းဖျားခန့် ကျောက်ကို မှန်ဘီလူးနှင့် အနီးကပ် ကြည့်ရှုစစ်ဆေး၏။ ကျောက်ကို သံချောင်းအချွန်များနှင့် ခြစ်ကြည့်၏။

ပြီး ... လယ်သမားသုံး လူရိုင်းခေါင်း ဓားသွေးကျောက်ပေါ်မှာ ပွတ်တိုက်ကြည့်၏။ ဓားသွေးကျောက် ချိုင့်သွား၏။

''မောင်စိုးထိန် ...''

''ခင်ဗျာ ... ဆရာကြီး''

''ဒီကျောက်ဘယ်က ရတာလဲကွယ့်''



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့လဲ ... ဆရာကြီး"

"ငါမေးတာသာ အရင်ဖြေပါကွာ"

"ဟို ... ဟို ... ခြံစည်းရိုးကာဖို့ ကြသောင်းဝါးတွေ ဝယ်လာတာ ... ဆရာကြီးရဲ့။ ဝါးခွဲရင်း ဝါးထဲက ခုန်ကျလာတာ"

"ဟေ ... ဆန်းလှချည်လားဟ"

"ဘာဖြစ်လို့လဲဟင် ... ဆရာကြီး၊ အဖိုးမတန်လို့လား"

"စိုးထိန် ... ဒါ ဘာကျောက် အောက်မေ့လို့လဲ"

"ဘာကျောက်လဲ ဟင်"

"ဒါ ... စိန်ဗျ ... စိန်။ စိန်မှ အရည်အသွေးအလွန်ကောင်းတဲ့ စိန်"

"ဗျာ ... စိန် ... ဟုတ်ရဲ့လား ... ဆရာကြီးရယ်"

"မယုံရင် ဒီမှာကြည့်"

ပန်းထိမ်ဆရာကြီးသည် စိန်ဟုပြောရင်းမှ အနီးရှိ မြွေလျှောင်အိမ်အဖြစ် သုံးလေ့ရှိသော တစ်မတ်ထုမှန်(ဖန်)သားကြီးပေါ် ဂျစ်ခနဲ အသံမြည်အောင် ဆွဲခြစ်ချလိုက်သည်။

ပြီး ၎င်းမှန်ထုကြီးကို လက်နှင့်တောက်ချလိုက်ရာ မှန်ထုကြီးသည် စိန်တုံးခြစ်ကြောင်းအတိုင်း တိခနဲပြတ်ကျသွားသည်ကို မြင်လိုက်ရလေသည်။

❁ ❁ ❁

[၅]

❑

၎င်းစိန်လုံးကို ပန်းထိမ်ဆရာကြီး ဦးကျောက်ခဲရဲ့ အဆက်အသွယ်နှင့် စိန်ကုန်သည်တစ်ဦးကို နှစ်ဦးနှစ်ဖက်ညှိနှိုင်းပြီး ရာပြတ်ဈေးနှင့် ရောင်းလိုက်ရာ ၎င်းခေတ်ကာလပေါက်ဈေးနှင့်ပင် သိန်း (၅၀)ကျော် ရခဲ့လေသည်။

(မှတ်ချက်– ထိုအချိန်က ဆန်တစ်ပြည် နှစ်ကျပ်နှင့် ပြားနှစ်ဆယ်ပဲ တန်ဖိုးရှိပါသည်။)

ဒေါ်စိမ်းမြတို့ တစ်အိမ်သားလုံး အံ့သြဝမ်းသာလို့ မဆုံးကြ။ ဒေါ်စိမ်းမြကား ဒါ သူ့သား လူခြောက်ကလေးပေးတာဟု တဖွဖွပြောရင်း ကတ္တီပါသွန်းသေတ္တာကိုဖွင့်၍ လူခြောက်ကလေးရဲ့ မျက်နှာကို နမ်းလို့မဝ။

"ကျေးဇူးတင်လိုက်တာ ... သားရယ်"

"အမေ ဝမ်းသာလိုက်တာ ... သားရယ်"

ဟု ပြောလို့မဆုံး။

သည့်နောက် သားလူခြောက်ကလေးမှာသည့်အတိုင်း ( ... ) ရွာကြီးတစ်ရွာလုံးရှိ ရှင်မပြုရသေးသော ကလေးသူငယ်များစာရင်းကို ရွာလူကြီးများအကူအညီနှင့် စာရင်းပြုစုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



စုစုပေါင်း ရှင်လောင်းအပါးငါးရာ စာရင်းရသည်။ အားလုံးကို လူခြောက်ကလေး မောင်ချစ်မြကောင်းမှုအဖြစ် ရည်စူး၍ ရှင်ပြုပြီး ကိုရင်ဝတ်ပေးလိုက်သည်။

( ... ) ရွာကြီးသာမက အနီးအပါးရှိ ရွာများအားလုံးကိုလည်း ရွာလုံးကျွတ် ဟင်းကောင်းဟင်းလျာများနှင့် ကျွေးမွေးပြီး ပင့်သံဃာတစ်ရာတို့အား သင်္ကန်းဖွဲ့စုံအပါအဝင် ဝတ္ထုငွေများပါ လှူဒါန်းခဲ့လိုက်သည်။

ညဘက် ရန်ကုန်မြို့မှာ နာမည်ကျော် 'စိန်ဆယ်သန်း' ဆိုင်းအဖွဲ့ကို နှစ်ရက်သွင်းလိုက်ရကား ...

ဦးစိုးထိန်၊ ဒေါ်စိမ်းမြတို့အလှူလောက် နာမည်ကြီး ခမ်းနားလှသော အလှူသည် ဟိုမှာဘက်ခေတ်တုန်းက ( ...... ) မြို့နယ်မှာ ပြိုင်ဘက်မရှိ ကျော်စောထင်ရှားခဲ့လေသည်။

မကြာခင် အုတ်ပတ်ကား တိုက်ခံအိမ်အကြီးကြီးတစ်လုံး ဆောက်လိုက်သည်။ အိပ်ခန်းပေါင်းများစွာ ပါသည်။

လူသုံးလေးငါးဆယ် တည်းခိုလို့ ရ၏။ ထမင်းစားခန်း၊ သီးသန့်ရေချိုးခန်းသုံးခန်း၊ အိမ်သာသုံးလုံး၊ ဧည့်ခန်း၊ ဘုရားခန်း၊ စာကြည့်ခန်း၊ အိပ်ခန်းများနှင့် လွန်စွာထည်ဝါလှသော နှစ်ထပ်အိမ်ကြီးဖြစ်လေ၏။

ကုန်ကုန်ပြောရလျှင် ဟီးနေသည့် မီးဖွားခန်းပင် သီးသန့်လုပ်ထားလိုက်သေး၏။

နောင်အခါ သားသမီးများ၏ အကြောင်းကိစ္စကြောင့် ၎င်းအိမ်ကြီးကို ရောင်းချပစ်လိုက်ပြီး ယခုအခါ ၎င်းနေရာမှာ အိမ်သစ်ကြီးကို နောက်ထပ်ပိုင်ရှင်က ပြန်လည်တည်ဆောက်ခဲ့၏။ ထိုခေတ်တုန်းက ၎င်းအိမ်ကြီးအားဖျက်ရန် သစ်သားချည်းရောင်းချခဲ့ရာ သိန်းပေါင်းများစွာ ပြန်ရခဲ့သည်ဟု မြေးသားများက ပြန်ပြောပြခဲ့သည်။

ထမင်းရေချောင်းစီး မောင်းတီးမီးမိုးတိတ် လှူနိုင်သည့်မို့ ဦးစိုးထိန် ဒေါ်စိမ်းမြတို့ ချမ်းသာသော ဂုဏ်သတင်းသည် ပဲခူးနယ်ဝန်းကျင်မှာ ဟိုးဟိုးကျော်၏။





ချမ်းသာ၍ လှူနိုင်တမ်းနိုင် ပေးနိုင်ကမ်းနိုင်သော ဂုဏ်သတင်း အရပ်ရပ်ဝန်းကျင်မှာ ကျော်စောသည်ကား ကောင်းလည်း ကောင်းပါ၏။

ကောင်းခြင်းနှင့်အတူ စိုးရိမ်ကြောက်လန့်ရခြင်းများကလည်း ဝန်းတာဝိုက်ကာ လိုက်ကပ်ပါလာခဲ့တော့သည်။

ပဲခူးနယ်တစ်ဝိုက်မှာ နာမည်ကြီးလှသည့် ဓားပြကြီး မိုးလုံးကျော် (ခေါ်) စတင်းဂန်းငမိုးတို့ ဓားပြအဖွဲ့က ဒေါ်စိမ်းမြတို့အကြောင်း လိုက်လေ့လာနေသည်ဟု အတွင်းစကားကြားရသောအခါ ရင်နှလုံးတုန်ခဲ့ရ၏။

သို့နှင့် တပည့်လက်သားဆွေမျိုးများနှင့် နေ့ရှေ့ညည သတိဝိရိယကြီးစွာ နေထိုင်ကြရသည်။

သားသမီးများ ဟိုရွာဒီရွာ သွားမခိုင်းရဲ။ မတော်ဓားပြအဖွဲ့က ပြန်ပေးဆွဲပြီး ပစ္စည်းတောင်းလျှင် ရင်ကျိုးရချည်ရဲ့။

မတော်သတ်ပစ်လိုက်ရင် ဒုက္ခ ...။

ဒါနှင့်အပြိုင် ...

မလိုသူအချို့က ရွာလူကြီးများကို ကတုံးကတိုက် စကားချွန်ကြတွန်းကြသည်လည်း ရှိသေး၏။ ကိုစိုးထိန်တို့ကလည်း လူမသမာများနှင့် ပေါင်း၍ ဘိန်းကုန်ကူးသလိုလို တရားမဝင်ပစ္စည်း ရောင်းသလိုလို။

အဲဒီ လူကြီးများနှင့် ရှင်းရသေးသည်။

သားလူခြောက်ကလေးရဲ့ ကံတရား၊ အကျိုးပေးကြောင့်ရတာ ဒါလို့လည်း ပြောမထွက်။ ပြောလည်း ယုံချင်မှ ယုံကြမည်။

သို့သော် အရပ်လူကြီးများက အလှူအတန်းရက်ရောသော ကိုစိုးထိန်တို့ကို သူတစ်ပါး မလိုသူချောက်တွန်းသလို မထင်ရက်ခဲ့ကြ။

ဒါပေမဲ့ မျက်စိအောက်မှာ နေ့ချင်းညချင်း ကြီးပွားချမ်းသာသည်တို့မှု အံ့သြလို့ မကုန်နိုင်။

သို့ဖြစ်၍ ကိုစိုးထိန်နှင့် ဒေါ်စိမ်းမြတို့က လူမြင်လက်ခံနိုင်အောင် အချို့သောဆေးလိပ်ခုံများကို အပြတ်ဝယ်၍ ဆေးလိပ်ခုံလုပ်ငန်းသစ်များ ထိုးချဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သနပ်ဖက်လုပ်ငန်း၊ ဆေးရွက်ကြီးလုပ်ငန်းကို ပွဲရုံလုပ်ငန်း လုပ်၍ လုပ်ငန်းတိုးချဲ့ပစ်လိုက်သည်။

ဒီလိုလုပ်ငန်းများ တိုးချဲ့နေချိန်မှာပဲ ...

သားလူခြောက်ကလေးက အိပ်မက်တစ်ခု ပေးပြန်၏။

"အမေ ... သိမ်၊ ကျောင်း၊ ဇရပ် သုံးမျိုးလှူပါ"

"လူလေး ... အမေ ကြောက်လာပြီ ... သားရယ်"

"ဘာလို့ကြောက်ရတာလဲ ... အမေရ"

"လူအချို့က အမေတို့ချမ်းသာတာကို မရှုစိမ့်လို့ မဟုတ်ကဟုတ်က သတင်းလိုက်လွှင့်နေတယ် ... သားရဲ့။ တော်ကြာ မင်းနားစိုးပေါက်ရောက်ပြီး အဖမ်းခံရမှာကို အမေတို့ကြောက်တယ် ... သားရယ်"

"မကြောက်ပါနဲ့ ... အမေရာ၊ ကျွန်တော် ရှိပါတယ်"

"သား ... အမေတစ်ခု မေးပါရစေ ... သားရယ် မှန်မှန်ဖြေနော်"

"ဘာလဲ ... အမေ"

"သား ... ဒီရတနာပစ္စည်းတွေကို သူတစ်ပါးဆီက နိုးဝှက်လာပြီး အမေတို့ကို ပေးကမ်းနေတာလား ဟင်"

"ဟာ ... ကြီးကြီးစည်ရာ ... အမေရာ။ ဒါ ကျွန်တော်ပိုင် ဥစ္စာပါဗျ"

"သားက အဲဒါတွေ ဘယ်မှာထားလို့လဲ"

"ဒါ အမေသိစရာ မလိုဘူး။ လှူစရာရှိတာလှူ။ ဒါမှသားကလည်း နောင်ဘဝမှာ လူသားစစ်စစ်ဘဝနဲ့ အမေ့ဆီကို ပြန်ရောက်ပြီး အစ်မတို့ အစ်ကိုတို့နဲ့ အတူနေရမှာဗျ။ အမေ ရဲရဲသာလှူ။ ကုန်ရင် ကျွန်တော် ထပ်ဖြည့်ပေးမယ်။ မလှူရင် အလိုလို ကုန်သွားလိမ့်မယ်။ ဘာမှ မကြောက်နဲ့ မစိုးရိမ်နဲ့ ... အမေ"

"ဟူး ... သားရယ်"





အိပ်မက်တစ်ခါမက်တိုင်း ဒေါ်စိမ်းမြ ဝမ်းလည်း သာရသည်။ ရင်လည်း တုန်ရသည်။ မလှူရင် အလိုလို ကုန်သွားလိမ့်မယ်ဟု ဆိုလိုက်သေးသည်။

သို့နှင့် နောက်နှစ်လခန့် ကြာသောအခါ ...

သိမ်ဟောင်းတစ်ခုကို ခန့်ခန့်ထည်ထည် ပြုပြင်လိုက်သည်။ နှစ်ဆင့်ဘုန်းကြီးကျောင်းတစ်ခုကို ဆောက်လှူလိုက်သည်။ ပြီး (...) ရွာမှာ သူအများနားခိုရန် လေးပင်တိုင်အုတ်ခံဇရပ်ကြီးတစ်ခု ဆောက်လှူလိုက်သည်။

လှူပြီး ဘာမှမကြာလိုက်။ ဒေါ်စိမ်းမြတို့ ပစ္စည်းထပ်ရပြန်တော့သည်။ အိမ်ရှေ့က ရေတွင်းဟောင်းကြီး နွေရာသီရေခန်း၍ ရေတွင်းဆယ်ကြသည်။

ရေလိုက်အောင်အောက်ကို ဆက်တူးကြ၏။ နေဝင်သွား၍ ရပ်လိုက်ကြ၏။ နောက်နေ့မှ ဆက်၍ တူးကြသည်။

နောက်နေ့မိုးလင်းတော့ ကိုစိုးထိန်က ရေအမြန်လိုက်ရန် ရေတွင်းစောင့်ပုဂ္ဂိုလ်များကို ကန်တော့ပွဲထိုး၍ မေတ္တာရပ်ခံ၏။ ပြီး သူကိုယ်တိုင်ရေတွင်းထဲဆင်း၍ ရေစိမ့်ရေပေါက်အခြေအနေကို စူးစမ်းလိုက်ရာ ...

ဒီမှာ ခြေဖဝါးက ပစ္စည်းတစ်ခုကို နင်းမိလိုက်၏။ ဘာပါလိမ့်ဟု အံ့ချင်၍ ကောက်ကြည့်လိုက်သောအခါ မြေကြီးများဖြင့် လုံးနေသော အရာတစ်ခု။ ဘာမှန်းမသိ၍ ခါးပိုက်ဆောင်ထဲထည့်ပြီး အပေါ်ပြန်တက်လာလိုက်သည်။

မကြာခင် ရေကြောလိုက်နိုင်ဖွယ်ရှိကြောင်း ပြောပြီး တပည့်များကို ဆက်တူးရန်ပြောလိုက်ကာ စောစောကမြေအလူးလူး၊ ချေးအထပ်ထပ်ဖြစ်နေသော နို့ဆီဘူးခန့်အလုံးကို ချိုးရေစဉ်အိုးကြီးရှေ့မှာ ရေနှင့်ဆေးရင်းကြည့်လိုက်ရာ ပစ္စည်းသည် ခွပ်ခနဲမြည်၍ ကွဲသွားသောအခါ ...

"ဟာ ..."

"ဘုရားရေ ..."



www.burmeseclassic.com

www.burmeseclassic.com



သူမြင်လိုက်ရသည့် ပစ္စည်းများကိုကြည့်ပြီး အံ့သြကြီးစွာ ဖြစ်ရာမှ အများသူငါ မြင်သွားမှာစိုး၍ ကပျာကယာလက်ခုပ်နှင့် ကျုံးပြီး ပုဆိုးခါးပိုက်ဆောင်ထဲသို့ ထည့်ဝှက်လိုက်သည်။

ဦးစိုးထိန်ရလိုက်သည့် ပစ္စည်းများကား ...

ကျောက်မျက်ရောင်စုံနှင့် ရွှေလက်စွပ် အရွယ်အစားအမျိုးမျိုး။

✿ ✿ ✿

[၆]

❑

"အဖေ"

"ဘာတုံး ... သမီး"

"ဟုတ်မှဟုတ်ကြသေးရဲ့လား ... အဖေရယ်"

သမီးအကြီးများက သုံးကြိမ်သုံးခါ အဖိုးတန်ပစ္စည်းများ ထူးဆန်းစွာ ရရှိနေ၍ သံသယဖြစ်လာကြသည်။

"ဘာကိုဆိုလိုတာလဲ သမီးတို့က ... "

"ရတနာပစ္စည်းတွေက ရှုပ်ယှက်ထူးဆန်းနေတယ် ... အဖေ"

"ဟ ... သမီးရဲ့ ငါတို့ နိုးလို့ဝှက်လို့ ရတာမဟုတ်မှန်း သမီးတို့လည်း အသိပဲလေကွယ်။ ပထမအကြိမ်တုန်းက ဖက်ရွက်ပို ကြားထဲကရတာ





ပိုင်ရှင်ရှိမလားလို့ လိုက်မေးတယ်။ ပိုင်ရှင်ကို မရှိဘူး။ ဒုတိယအကြိမ် ဒံလုံးထဲက ရတာ။ အခုအကြိမ်က ရေတွင်းတူးရင်း ရတာ။ ဒါလည်း ညည်းတို့အားလုံးအသိပဲ မဟုတ်လား"

"အဲဒီလိုရလို့ ကြီးပွားချမ်းသာပြီး လှူဒါန်းနိုင်တာကို လူတွေသိဘူးအဖေ။ လူအချို့ နားလည်သဘောပေါက်နေတာက အဖေတို့ ဆေးလိပ်ခုံကို ဖန်းပြပြီး မသမာမှုလုပ်နေတယ်လို့ ထင်နေကြတာ ... အဖေရဲ့"

ဒီမှာ အမေလုပ်သူ ဒေါ်စိမ်းမြက ...

"ဟဲ့ ... မလိုသူပြောတာကို ဂရုစိုက်မနေပါနဲ့အေး။ ဒါ ငါ့သားလူခြောက်လေး အိပ်မက်ပေးပြီး လာပေးနေတာအေ့"

"အမေ ..."

"ဘာတုံးဟဲ့ ... အကြီးမရဲ့"

"အမေ့သားလူခြောက်လေး လာလာပေးတာဆိုလည်း အဲဒီပစ္စည်းတွေက သူ့ရဲ့ ထူးဆန်းတဲ့အစွမ်းနဲ့ သူဌေးသူကြွယ်တွေဆီက ခိုးဝှက်ပြီး ဒီလာပေးတာရော မဖြစ်နိုင်ဘူးလား"

"အလိုတော် ... ငါ့သားလေးက ငါ့ကို ပြောပြီးပြီ။ ဒါ ခိုးဝှက်ပေးတာမဟုတ်ဘူး။ သူပိုင်ပစ္စည်းတဲ့ဟဲ့"

"ဖြစ်နိုင်ပါ့မလား ... အမေရယ်"

"ဒီမှာ ... ကောင်မတွေ၊ သူ့ရဲ့ရှေးဘဝက ကုသိုလ်ပါရမီနဲ့ သူရလို့ ငါတို့ကို ဒီဘဝ လုပ်ကိုင်ကျွေးမွေးနေတာ။ ညည်းတို့အားလုံး လူလိုသူလို နေရတာ။ ညည်းတို့အစွမ်းအစကြောင့်လား၊ ငါ့သားလူခြောက်လေးရဲ့ အိပ်မက်နိမိတ်အကျိုးပေးကြောင့်လား ... ပြော ... ပြောကြလေ"

အားလုံး ရေငုံနှုတ်ပိတ် ဖြစ်သွားကြသည်။ ဆေးလိပ်ခုံလုပ်ငန်းခွဲများနှင့် အခြားပွဲရုံလုပ်ငန်းခွဲများမှ ဝင်ငွေမရဘူးမဟုတ်။ ရပါသည်။ ၎င်းဝင်ငွေနှင့် ဤမျှကြီးကျယ်စွာ မလှူဒါန်းနိုင်သည်ကို သူတို့ရိပ်စားမိပါသည်။

ဆိုခဲ့သလို ...



www.burmeseclassic.com

www.burmeseclassic.com



ဒီဥစ္စာပစ္စည်းများ သူတို့အဖေ မသမာသည့်လုပ်ငန်းနှင့် ရရှိခဲ့သည်မဟုတ်မှန်းလည်း သူတို့သိပါသည်။ သို့သော်လည်း ပတ်ဝန်းကျင်က မယုံ။ ဆိုပါစို့ . . . သူတို့မောင် လူခြောက်ကလေး သူ့ဘုန်းကံနှင့် အခြားအိမ်ကပစ္စည်း ခိုးလာပြီး သဏ္ဌာန်အမျိုးမျိုးနှင့် ပေးနေသည်ကို မတော်တစ်နေ့မဟုတ် တစ်နေ့ လူအများသိရှိသွားခဲ့လျှင် ဂုဏ်ကြီးဒြပ်ကြီး လုပ်ငန်းရှင် သူဌေးကြီး ဘုရားဒကာ ကျောင်းအမကြီးများဖြစ်နေသည့် မိမိတို့မိသားစုဘဝ အရှက်တကွဲအကျိုးနည်းဖြစ်ပြီး ဒီအရပ်မှာ မျက်နှာမပြရဲအောင် ဖြစ်ကြရလိမ့်မည်။

ညီအစ်မတစ်တွေ ဒီလိုစဉ်းစားကြသည်။

လူခြောက်မောင်လေးအပေါ် သူတို့ သံသယဝင်ကြသည်။

သို့နှင့်အတူ အရှက်တကွဲ အကျိုးနည်းဖြစ်မှာကိုလည်း တစ်နေ့တခြား စိုးရိမ်လာခဲ့ကြသည်။

သို့နှင့် . . .

တစ်နေ့ . . . ညီအစ်မလေးဦး လျှို့ဝှက်စွာ ခေါင်းချင်းဆိုင်ပြီး အစီအစဉ်တစ်ခုကို ချလိုက်ကြသည်။ ဒီအစီအစဉ်ကို ဦးဆောင်သူက အကြီးမချို၊ လိုက်ပါသဘောတူကြသူများကား . . .

ညီမများဖြစ်ကြသော မပို၊ မစို၊ မညို . . .။

✿ ✿ ✿

|၇|

❑

ဒေါ်စိမ်းမြ မြို့က ပြန်ရောက်လာခဲ့သည်။ မြို့ပေါ်မှာ ဆေးလိပ်ခုံလုပ်ငန်း ဆေးလိပ်ကိုယ်စားလှယ်သစ် ဖြန့်ချိရေးအတွက် သွားရောက်စီစဉ်ဆောင်ရွက်ခဲ့သည်မှာ သုံးရက်ကြာသွားခဲ့သည်။

မြို့ကအပြန်မှာ သားသမီးများအားလုံးအတွက် အဝတ်အစား အသစ်အဆန်းများ၊ စားကောင်းသောက်ဖွယ်များ အားရပါးရကို ဝယ်လာခဲ့လိုက်သည်။

သားလူခြောက်လေးအတွက် ပိုးသားရောင်စုံ အကောင်းစား အကျီုဖုဆို၊ ဘောင်းဘီလေးများလည်း (၁၀)စုံစီ ချုပ်လုပ်လာခဲ့သည်။

မအေ ပြန်ရောက်လာ၍ သားသမီးများ ပျော်ရွှင်ခုန်ပေါက်နေကြ၏။ သူ့ပစ္စည်းပိုလှသည်။ ငါ့ပစ္စည်းပိုလှသည်နှင့် ကျွက်စီညံနေကြ၏။

ဒေါ်စိမ်းမြ အိမ်ပေါ်ထပ်သို့ အမြန်ပြေးတက်လာလိုက်သည်။

လက်ထဲမှာ ပိုးဖဲအကျီ၊ ဘောင်းဘီသေးသေးလေးများ ပါသည်။ အချိုကဲကိတ်မုန့်များလည်း ပါသည်။ ဒါတွေက သူ့ရင်သွေးငယ် အငယ်ဆုံးလေး မောင်ချစ်မြ (ခေါ်) လူခြောက်သားငယ်အတွက်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို သီးသန့်အခန်းမှာ ထားခဲ့ရ၏။

အမေခရီးသွားမှာမို့ သားကို မမတို့ စောင့်ရှောက်ကျွေးမွေး ပြုလိမ့်မည်ဟု မှာခဲ့ရသည်ကိုး . . . ။

ဒေါ်စိမ်းမြ အခန်းတံခါးကိုဖွင့်၍ ဝင်လိုက်သောအခါ သားရဲ့ ကတ္တီပါသေတ္တာ ပွင့်နေ၏။

''သားရေ . . . အမေ ပြန်လာပြီဟေ့၊ ဟောဒီမှာ ငါ့သားလေးအတွက် တရုတ်ပြည်ထွက် ပိုးအင်္ကျီ၊ ဖဲဘောင်းဘီလေးတွေ ပါလာသကွယ့်''

ပါးစပ်မှပြောရင်း ငုံ့ကြည့်လိုက်သောအခါ . . .

''ဟင် . . .''

''ငါ့သားလေး ဘယ်ရောက်သွားပါလိမ့်''

''သားရေ . . . လူလေး''

ဒေါ်စိမ်းမြ ကတ္တီပါစများကိုဖယ်ရှား၍ လှန်လှော၍ လိုက်ရှာသည်။ မောင်ချစ်မြကိုမတွေ့။ အောက်များခုန်ဆင်း၍ ကျနေရှာသလားဟု လိုက်ရှာသည် မတွေ့။ ပြတင်းတံခါးလည်း ပွင့်နေသည်။

ပြင်ပလေများက အခန်းတွင်းသို့ ဝင်နေ၏။

သူမ အခန်းအနှံ့လိုက်ရှာသည်။ ဘယ်လိုရှာရှာ ရှာလို့မတွေ့။

နောက်ဆုံး စိုးရိမ်ပူပန်စိတ်ဖြင့် သားသမီးများကို အော်ခေါ်ရတော့သည်။

''မိချို . . . မိပို''

''မိစို . . . မိညို''

''ရှင်အမေ . . . လာပြီ''

''အမေ ဘယ်လုပ်မလို့လဲဟင်''

''မိချို . . . ငါ့သား နင်တို့မောင်လေးရော ဘယ်မှာလဲ''

''ဘယ်သူလဲ . . . အမေ''

''ဟဲ့ . . . ဘယ်သူရှိရမှာလဲ၊ လူခြောက်မောင်ချစ်မြလေ''

''အဲဒီ သေတ္တာထဲမှာပဲ မဟုတ်ဘူးလား အမေရဲ့''

''မရှိတော့ဘူး''





''ဟင် . . . သေသေချာချာ ရှာကြည့်ပါဦးအမေ၊ သမီးတို့ နေ့တိုင်းသူ့ကို အမေမှာခဲ့သလို နွားနို့နဲ့ဆန်ပြုတ်ထမင်း အနီးမှာ ချပေးနေတာ ဥစ္စာ''

''ဒုက္ခပါပဲအေ၊ ငါတစ်ခန်းလုံး ရှာပြီးပြီ။ ငါ့သားလေး မရှိဘူး။ ဘုရား . . . ဘုရား။ ပိုင်းရှာပေးကြပါဦးအေ။ ဟို . . . မိပိုတို့၊ မိစိုတို့များ နေရာရွှေ့ထားသေးလားဟင်''

ဒေါ်စိမ်းမြ သားဇောနှင့် ပျာယာခတ် ဖြစ်နေ၏။ စိတ်လှုပ်ရှား နေ၏။ မိပိုနှင့် မိစိုတို့ကလည်း ရွှေ့မထားပါဘူး အမေဟု ဆိုကြ၏။

သို့နှင့် မိသားစုများ တစ်ခန်းဝင်တစ်ခန်းထွက် လိုက်ရှာကြပါသော်လည်း လူခြောက်လေးမောင်ချစ်မြရဲ့ အစအနကိုပင် မတွေ့ရ။

''အမေ''

''ဘာ . . . ဘာတုံးအေ။ ငါ့သားလေး ဘယ်များရောက်သွားပါလိမ့်အေ့''

''ပြတင်းတံခါးပွင့်နေတယ်''

''ညည်းတို့ ဖွင့်တာလား''

''သတိမထားမိဘူး။ ကြောင်များချီသွားရော့သလား မသိဘူး''

''ကြောင်''

''ကြောင် မဖြစ်နိုင်ဘူး အစ်မ။ သူခိုးများ ဝင်ခိုးသလားပဲ''

''အို . . . ဒုက္ခပါပဲ။ ဟီး . . . ဟီး သားရေ . . . သားရဲ့ ဟီး . . .''

နောက်ဆုံး မိခင်ဒေါ်စိမ်းမြ ဝယ်လာသည့် အင်္ကျီဘောင်းဘီလေးများကို ပွေ့ပိုက်ပြီး ချုံးပွဲချ၍ ငိုပစ်လိုက်သည်။ ငိုရင်း ပါးစပ်ကလည်း သားသမီးများကို မြည်တွန်တောက်တီး ဆဲရေးပစ်လိုက်သည်။

ခုတော့ . . .

သူမတို့ မိသားစုဘဝကို အိပ်မက်နိမိတ်ဆန်းနှင့် လာလာပြောင်းကြီးပွားချမ်းသာကာ လူ့ဒါန်းစွင့်ကြပေးကမ်းနိုင်အောင် ကူညီခဲ့သည့် ရင်နှင့်လွယ်မွေးခဲ့ရသော သားလူထူးဆန်းလေး သူမအနီးမှာ မရှိတော့။

ကိုစိုးထိန်ကတော့ . . .



www.burmeseclassic.com

www.burmeseclassic.com



ဒီမှာ မနေချင်လို့ သူအခြားကို ပြောင်းသွားသလားမှ မသိဘဲဟု ဆို၏။ သားသမီးများကတော့ ကြောင်သော်လည်းကောင်း၊ ကျိုးကန်းသော်လည်းကောင်း ကိုက်ချီသွားနိုင်သည်ဟု ဝေဖန်ကြ၏။

ဒေါ်စိမ်းမြ အထင်ကတော့ ...

သူ့သား လူခြောက်ကလေးကို အမြော်အမြင်ရှိသူ တစ်ဦးဦး ဝင်ရောက် ခိုးယူသွားလေပြီဟု ကောက်ချက်ချပြီး တစ်နေ့လုံး တစ်ညလုံး ဘာမျှမစားဘဲ ငိုလို့သာ နေလိုက်လေသည်။

✿ ✿ ✿

[ ၈ ]

❑

သည့်နောက် အိပ်ရာဝင်ခါနီးဘုရားရှိခိုး၍ သားလေး မောင်ချစ်မြကို အမျှအတန်း ပေးဝေလိုက်သည်။ သားလေး အမေမရှိခိုက် စိတ်ညစ်၍ အပြင်အဝေးတစ်နေရာ ထွက်သွားလျှင်လည်း အမေပြန်ရောက်ပြီမို့ ပြန်လာခဲ့ပါသားရယ်ဟု သူရူးမကြီးလို ဘုရားစင်ရှေ့မှာ တတွတ်တွတ် ပြောရင်း နောက်ဆုံးမျက်ရည်စီးကြောင်းများဖြင့် ခုတင်ပေါ်မှာ အိပ်ပျော်သွားခဲ့လေသည်။

"အမေ"

"အမေ ... အမေရေ ..."





"ဟဲ့ ... ဘယ်သူတုံး ..."

"အမေ ... သားပါ မောင်ချစ်မြပါ"

ဒေါ်စိမ်းမြ နားစွင့်လိုက်သည်။ အလို ... ဒါ သူ့သား မောင်ချစ်မြရဲ့ ခေါ်သံ။

"သား ... သား ... သား"

"အမေ"

"မင်း ... မင်းဘယ်မှာလဲ၊ သားဘယ်မှာလဲ"

ဒေါ်စိမ်းမြအသံလာရာ အရပ်များသို့ လိုက်ရှာကြည့်လိုက်သည်။ သားကိုမတွေ့ရ။ သားလေးရဲ့ အသံကိုသာ ကြားနေရသည်။

"အမေ သားကို အမြန်လာကယ်ပါ အမေ"

"ဟင် ... သား ... သားဘာဖြစ်လို့လဲဟင် ... ဟင်"

"သား အိမ်ခြံအနောက်ဘက်က ဝါးရုံပင်အောက် မြေကြီးထဲ ရောက်နေတယ်။ သားကိုအမြန်လာကယ်ပါအမေ။ သား ... သား ... အသက်ရှူ ကျပ်နေပြီ။ အမေ မြန်မြန်လာကယ်ပါ"

"သား ... သားဘယ်လိုလုပ်ပြီး အိမ်နောက်ဘက် ဝါးရုံပင်အောက်မြေကြီးထဲကို ရောက်နေရတာလဲဟင် ဟင်လို့"

"နောက်မှ ရှင်းပြမယ်အမေ။ သား အသက်ရှူကျပ်နေပြီ။ အမေ မြန်မြန်လာဖော်ပြီး ကယ်ပါအမေရယ်"

သည့်နောက် သားရဲ့အသံပျောက်သွားသည်။

"သား ... သား"

"လူလေး ... မောင်ချစ်မြ"

"သားရေ .. လူလေး ..."

ဒေါ်စိမ်းမြဝမ်းနည်းသံကြီးဖြင့် အော်ခေါ်လိုက်သည်။ ခေါ်သမှ အဆက်မပြတ် အော်ခေါ်လိုက်တာ။ ခေါ်သံကျယ်လွန်း၍ အတူအိပ်နေသူ လင်သားကိုစိုးထိန် လန့်၍ နိုးသွားခဲ့၏။

နိုးသည်နှင့် ကယောင်ကတမ်းအော်ဟစ်နေသော ဇနီးသည်ကို လှုပ်ခါ၍ နှိုးလိုက်သည်။ ဒေါ်စိမ်းမြအိပ်မက်မှ နိုးလာခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



နီးသည်နှင့် သားမောင်ချစ်မြဲ့ 'အမေ ...အမြန်လာကယ်ပါ။ သား အသက်ရှူကျပ်နေပြီ' ဆိုသည့် စကားသံကို ရင်ကွဲမတတ် ကြားနေရသည်။ သူမ ချက်ချင်းမီးဖွင့်၍ ကိုစိုးထိန်ကို ပြောပြလိုက်သည်။

"ကိုစိုးထိန်"

"ဘာတုံး ... စိမ်းမြ"

"လာ ... ငန်းပြားယူ"

"ဟ ... အချိန်မတော် ညကြီးမည်းကြီး ဘာလုပ်မလို့တုံး"

"ခြံအနောက်က ဝါးရုံပင်အောက်ကို သွားမယ်။ ကျုပ်သားကို သွားကယ်မယ်"

"ဟာ ... စိမ်းမြရယ်၊ မင်း အိပ်မက် မက်နေတာပါဟ"

"ဟုတ်တယ် ... အိပ်မက်ပဲ။ ဒီအိပ်မက်ကြောင့်ပဲ ကျွန်မ ကြီးမွား ချမ်းသာပြီး အခု ဒီအိပ်မက်ကြောင့် ကြေကွဲဝမ်းနည်းစရာကို ကြုံရတော့မယ်။ ရှင်လိုက်မလား၊ မလိုက်ဘူးလား ပြော"

ဘားလို့မရမှန်း သဘောပေါက်သည့်အဆုံး လက်နှိပ်ဓာတ်မီးကို ကိုင် မြေကြီးတူးငန်းပြားကိုယူ၍ နှစ်ဦးသားခြံကြီးရဲ့ အနောက်ဘက် ဝါးရုံ ပင်များရှိရာကို လာခဲ့လိုက်ကြသည်။

ဝါးရုံပင်များအောက်သို့ ရောက်ပါပြီ။

ဝါးရုံပင်တွေက မနည်းလှ။ ဝါးနက်ဝါးရုံ၊ ဝါးပိုးဝါးရုံ၊ ကြခတ်ဝါးရုံ၊ ဝါးယားနီးဝါးဝါးရုံ စသည်ရှိနေ၏။

"ဘယ်ဝါးရုံအောက်တဲ့လဲ ... မိန်းမ"

"အဲဒါတော့ ကျုပ်မသိဘူးတော်၊ ရှာကြည့်ပါရှင့်"

"ဟူး ... ဒုက္ခမှ ... ဒုက္ခ"

နှစ်ဦးသားလက်နှိပ်ဓာတ်မီးတဝင်းဝင်းနှင့် ဝါးရုံပင်များအောက်ကို မီးထိုးပြီး ရှာကြသည်။ အချိန်အတန် ကြာသွားသည်။

"ကျွိ ... ကျွိ"

"ကျွိ ... ကျွိ"





ထိုစဉ် ဝါးချင်းကြိတ်ညိသံလိုလို၊ သွားချင်း အံကြိတ်သည့်အသံ လိုလိုမျိုး ကြားရ၍ လက်နှိပ်မီးနှင့် ထိုးကြည့်သောအခါ မြေးတူးမွှပို့ရာကဲ့သို့ နေရာတစ်ခုကို သွားတွေ့လိုက်ကြသည်။

သေသေချာချာ ဂရုစိုက်ကြည့်လိုက်တော့ ဖို့ကျင်းငယ်ပေါ်မှာ ပုရွက်ဆိတ်အနီကောင်၊ အညိုးကောင်များ ကျင်းဖောက်၍ ဝင်ထွက်နေ သည်ကို မြင်လိုက်ရ၏။

"ကိုစိုးထိန် ... ကျွန်မ ဒီနေရာကို သိပ်မသင်္ကာဘူး။ ရှင်အမြန် တူးဖော်စမ်း။ ပေး ... လက်နှိပ်ဓာတ်မီး"

ကိုစိုးထိန် ဇနီးလုပ်သူထံ လက်နှိပ်ဓာတ်မီးကို ပေးလိုက်ပြီး မြေ အနေအထားပျက်နေသည့် တစ်ပေခန့် မြေပွပွမို့မို့ကို ငန်းပြားနှင့် အသာ ခွ၍ ဖော်လိုက်သည်။

"ဖြည်းဖြည်းလုပ် ထိသွားမယ်"

"အေးပါဟ ..."

ပုရွက်ဆိတ်အနီကောင်နှင့် အမည်းကောင်များကလည်း မနည်း အကိုက်ခံရ၍ ခြေဖဝါးများ ယားယံနာကျင်လာသည်။ တစ်ပေခန့် တူးလိုက် သောအခါ ပစ္စည်းတစ်ခု ပေါ်လာခဲ့သည်။

"အမယ်လေး ... အဖြစ်ဆိုးလှပါလား ... သားရဲ့ ... ဟီး"

"သားရေ ... လူလေး ... အဖြစ်ဆိုးလှချည်ရဲ့ .. လူလေးရဲ့"

ဒေါ်စိမ်းမြနှင့် ကိုစိုးထိန်တို့ မြေကြီးကျင်းထဲမှ တွေ့လိုက်ရသည် က သူတို့သားလေး လူခြောက်လေး မောင်ချစ်မြဲ့ရဲ့ ရုပ်ခြောက်ခန္ဓာကိုယ် လေးဖြစ်သည်။

ခုတော့ မောင်ချစ်မြဲ့ရဲ့ ခန္ဓာကိုယ်သည် မြေကြီးအစိုဓာတ်နှင့် ပွ ပြီး ပုရွက်ဆိတ်အနီအမည်းကောင်များ ကိုက်စားထားသောကြောင့် ရုပ်ပျက် ဆင်းပျက် ကြေမွနေချေပြီ။ နံဟောင်နေပြီ။

ဒေါ်စိမ်းမြ မှကြေနံစပြုနေသည့် မောင်ချစ်မြဲ့ကို ပွေ့ပိုက်ပြီး ကျင်း အနီး ဒူးထောက်ကာ ချုံးပွဲချ ငိုလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကိစ္စသည် ဘယ်သူ့စနက်၊ ဘယ်သူ့လက်ချက်ကြောင့် ဖြစ်ရတာလဲဆိုသည်ကို သားသမီးစုံအောင် ချော့၍ ခြောက်၍ မေးမြန်းခဲ့သည်။

အားလုံးက မသိဟု ဘူးခံကြ၏။

ကိုစိုးထိန်လည်း မသိ။ အဲဒီရက်များတုန်းက ကိုစိုးထိန်လည်း ဆေးရွက်ကြီစွနှင့် နယ်ကို ခရီးသွားနေရသည်။

တရားခံလက်သည်ကို ဘယ်လိုမျှ ရှာ၍ မေး၍ မရ။

နောက်ဆုံး သားလူခြောက်ကလေးကို ကတ္တီပါအိပ်စွပ်၍ သချိုင်းမှာ ကောင်းမွန်စွာ မြှုပ်နှံသင်္ဂြိုဟ်ခဲ့လိုက်သည်။

ပြီးနောက် သားလူခြောက်လေးမောင်ချစ်မြကို ရည်စူး၍ ပင့်သံဃာ (၂၅) ပါးကို လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် ရေစက်ချလို့ အမျှပေးဝေလိုက်ကြသည်။

ညအိပ်ပျော်ချိန်မှာ သားလူခြောက်လေးက ဒေါ်စိမ်းမြကို အိပ်မက်လာပေးသည်။ လူလုံးသဏ္ဌာန်ကိုမမြင်ရ။ မွှေးကြိုင်သင်းပျံ့သော ရနံ့များနှင့်အတူ သားရဲ့အသံကို ကြည်လင်ပီသစွာ ကြားနေရသည်။

"အမေ"

"သား … လူလေးလား၊ သား ဘယ်မှာလဲဟင် ဟင်"

"သား … အမေတို့ပြုပေးခဲ့တဲ့ ကောင်းမှု အလှူဒါနကြောင့် ကောင်းမွန်တဲ့ဘဝသစ်ကို ရောက်နေပါပြီအမေ"

"သားရယ် … သားရဲ့ ဟီး … ဟီး … အမေ့ကို ခွင့်လွှတ်ပါ သားရယ်။ အမေညံ့ခဲ့လို့ ငါ့သားလေး အမေ့ရင်ခွင်နဲ့ ဝေးရာကို ရောက်သွားရတာ အမေ့အပြစ်ပါ … သားရယ် … သားလူလေး … မောင်ချစ်မြ"

"ခင်ဗျာ … အမေ"

"ငါ့သားကို ဘယ်သူဒီလို လုပ်ကြတာလဲဟင်"

"ဒါတွေ မသိချင်ပါနဲ့တော့ … အမေရာ၊ သားရဲ့ ဘဝက်ဝင့်ကြွေးကြောင့် လူ့လောကရောက်တော့လည်း အသားအရည် ခြောက်နေတဲ့ လူခြောက်ဘဝကို ရောက်ခဲ့ရတယ်။ သံသရာ ကံကြွေးမှာဝင့်ကြွေး အကျေဆပ်ရဖို့ တစ်ခါအသေဆိုးနဲ့ သေခဲ့ရပြန်တယ်။ ခုတော့ ကံကြွေး





ဝင့်ကြွေး ကျေပါပြီ … အမေရယ်။ ကျွန်တော် ရသမျှ နေရသမျှ အချိန်တိုလေးမှာ ကျေညီစောင့်ရှောက်ခွင့်ရခဲ့လို့ အလွန်ဝမ်းသာခဲ့ရပါတယ် … အမေရယ်။ သားကလေ အမေတို့ မိသားစုအားလုံးကို ဒီတစ်သက်မကဘူး၊ ဆယ်သက်စားမကုန်အောင် ကျေညီစောင့်ရှောက်ချင်ပေမဲ့ ခုတော့ ပေးချင်တိုင်း ပေးလို့မရတဲ့ဘဝကို ကျွန်တော် ရောက်သွားခဲ့သလို အမေတို့အားလုံးလည်း လိုချင်တိုင်း မရနိုင်လောက်တဲ့ဘဝ ပြန်ရောက်သွားရတာ ကျွန်တော် စိတ်မကောင်းပါဘူး … အမေရယ်။ အမေ နေကောင်းအောင် နေပါနော် … အမေ၊ ကျွန်တော် … သွားတော့မယ်"

"သား … လူလေး"

"မောင်ချစ်မြ …"

"အမေလည်း လိုက်ခဲ့မယ်လေ၊ သား … သားရေ ဟီး … ဟီးဟီး"

ဘဝသံသရာနှင့် သံသရာဘဝတို့သည် လွန်စွာ ဆန်းကြယ်၏။

ဘုရားဟော တရားသဘောအရ အတိတ်ဘဝကုသိုလ်ကံ အကျိုးပေးကြောင့်လည်းကောင်း၊ သေဆုံးကာနီး အစွဲအလမ်း အကောင်းအဆိုးကြောင့်လည်းကောင်း အစွဲဘဝနှင့် ဘဝသံသရာ လည်ကြရပြန်၏။

သို့နှင့် (၃၁)ဘုံမှာ လည်ပတ်စီးမျောနေကြ၏။

လူ့ဘဝသည် လွန်စွာမှရခဲ၏။

လူပြည်မှာ ထောင်ထားသည့် အပ်တစ်စင်းနှင့် ဗြဟ္မာ့ပြည်မှ လူ့ပြည်သို့ ပစ်ချလိုက်သော အပ်တစ်စင်း အကြိမ်များစွာ ထိချင်ထိမည်။

လူ့ဘဝ တစ်ကြိမ်ပြန်ရဖို့အဖြစ်က အနှစ်တစ်ရာမှာ တစ်ခါကျိန်းသေမဖြစ်။ ကုသိုလ်ကံလေးကောင်းလို့ ကြုံတောင့်ကြုံခဲ လူ့ဘဝရောက်ပြန်တော့ …

လူဖြစ်ရပါလျက် အချို့ခြေလက်အင်္ဂါ မစုံကြ။

အချို့မွေးရာပါ ကျိုးကန်းဆွံ့အနားမကြား၊ မျက်မမြင်ဘဝနှင့် လူဖြစ်လာရ၏။

အချို့လူ့ဘဝမှာ ရက်ပိုင်းမျှသာ လူဖြစ်ရ၏။



www.burmeseclassic.com

www.burmeseclassic.com



အချို့မွေးပြီး အသက်ပင်မပါ၊ အချို့ လူခြောက်ကလေးဘဝ၊ မျောက်သီးဘဝ၊ ဘီလူးလို အရုပ်ဆိုးဘဝနှင့်မွေးပြီး ချက်ချင်း သေကြရ။

လူကြန်အင်လက္ခဏာ အစုံအလင်နှင့် လူဖြစ်ခွင့်ရပြီး ကျန်းမာချမ်းသာစွာ လူဖြစ်ခွင့်ရလို့ လူ့နိုင်တန်းနိုင်သော ဘဝပါရမီသည် အလွန်ကြီးကျယ်သော ဘဝပါရမီကောင်းဖြစ်လေ၏။

ဒေါ်စိမ်းမြ ရေစက်ချသည့်နေ့က ဆရာတော်ကြီး မိန့်ကြားခဲ့သည်များကို ပြန်ကြားစဉ်းစားရင်း တရားရမိ၏။

ဩော် ... မသေခင် ဘဝကူးကောင်းအောင် သမ္မာအာဇီဝ လုပ်ငန်းနှင့် လူ့ဒါန်းသွားဦးမည်။

ရတနာမြတ်သုံးပါးကို ယုံကြည်စွာကိုးကွယ်ဆည်းကပ်ရင်း ဘဝစာအလုပ်နှင့် သံသရာပြတ်အောင် ရသမျှ ကြိုးစားကျင့်ကြံသွားဦးမည်။

ရင်နှင့်လွယ်၍ ကိုးလလွယ်ဆယ်လဖွားခဲ့ရသော သားလေး ဘဝကူးကောင်းသွားသည်ကို မိခင်တစ်ယောက်အနေနှင့် တရားသဘောနှင့် ကျေနပ်ခွင့် ရခဲ့ပါသည်။

ဩော် ... ကုသိုလ်ကံနှင့် အကုသိုလ်ကံ။

စေတနာအကျိုးပေးများရယ် ...

နောင်ငါးနှစ်ခန့် ကြာသောအခါ သားသမီးများအသီးသီး အိမ်ထောင်ကျကုန်ကြသည်။ ဒါနှင့်အတူ စီးပွားရေးလုပ်ငန်းများလည်း ဖိဖိစီးစီး မလုပ်ကြ၍ အပျက်အပျက်နှင့် ကျဆင်းယိမ်းယိုင်လာခဲ့ရသည်။

ဒါနှင့်အတူ အားပြိုင်အိမ်ထောင်စု (၈)စု ထပ်မံပေါ်ပေါက်လာပြီး အမွေလုကြခဲ့ကြသောအခါ အလွန်ထည်ဝါခဲ့ညားလှသော အိမ်ကြီးကို ရသမျှ ဈေးနှင့်ရောင်း၍ အမွေခွဲဝေယူလိုက်ကြသည်။ ဒီလိုနှင့် တစ်ချိန်တစ်ခါက ပဲခူးနယ်ဝန်းကျင်မှာ ကျိကျိတက်ဟိုးဟိုးကျော် ကြီးပွားချမ်းသာပြီး အလှူ ရေစက်လက်နှင့်မကွာ လှူဒါန်းနိုင်ခဲ့သော မိသားစုကြီးသည် ...

ပြိုကွဲပျက်စီး၍ အချင်းချင်း အမျက်စောင်မာန်များနှင့် မလိုမုန်းထား ဖြစ်လာခဲ့ကြသည်။

---

**စိတ်ဓာတ်အသစ်စာပေ**



ဒီအချိန်ကာလကို ရောက်တော့မှ တစ်ယောက်ကိုတစ်ယောက် အပြစ်ဖို့ ချကြသည်။

သူတို့ ဒီလို ဆင်းရဲနွမ်းပါးသည့်ဘဝကို ရောက်ခဲ့ရခြင်းသည်။

အစ်မကြီး မိချိုကြောင့် ...

အစ်မလတ် မိပိုကြောင့် ...

အစ်မ ... မိစို၊ မိညိုကြောင့်ဟု အပြိုင် လက်ညှိုးထိုး အပြစ်ကြ၏။ ဘာ့ကြောင့်လဲဟု မေးကြည့်သောအခါ ...

လူခြောက်ကလေး မ,စ၍ ကြီးပွားချမ်းသာခြင်းကို စိုးရိမ်ပြီး ပတ်ဝန်းကျင်ရဲ့ မျက်လုံးဒေါက်ထောက်ကြည့်ခြင်း၊ မသမာသူများရဲ့ စောင့်ကြည့်ခြင်းကို ကြောက်လန့်ကာ ...

ဟုတ်သော်ရှိ၊ မဟုတ်သော်ရှိ ဒီလူခြောက်လေးမရှိလျှင် စိတ်ရောကိုယ်ပါ အေးချမ်းစွာ နေနိုင်လိမ့်မည်ဟု အတွေးဝင်ပြီး ...

မောင်ငယ်လူခြောက်ကလေးကို ခိုးယူ၍ နောက်ဖေးဝါးရုံအောက်မှာ မြေဖို့ မြှုပ်နှံလိုက်ခြင်း၏ နောင်တကို သူတို့ ခုမှ အသိတရားရခဲ့ကြ၏။

နှောင်းခဲ့လေပြီ။

ပေးကားပေး၏။ မထိုက်တန်တော့ မရ။

စေတနာကံ၏အကျိုးပေးကား လွန်စွာ ဆန်းကြယ်လွန်းလှလေ၏။

မှတ်ချက် ။ ။ ဤဇာတ်လမ်းသည် ဖြစ်ရပ်မှန်ဇာတ်လမ်းအစစ် ဖြစ်ပါသည်။ အချို့သူများ ယနေ့တိုင် သက်ကြီးရွယ်အိုဘဝနှင့် ရှိနေကြဆဲဖြစ်သည်။ နေရပ်လိပ်စာအမည်များ လွှဲပြောင်း၍ ဖတ်လို့ကောင်းအောင် ဆင်ရေးသားရပါသည်။ ဤဇာတ်လမ်းကြောင်း ပြောပြသည့် ဒေါ်မာမာဦးအား အထူးကျေးဇူးတင်ရှိပါကြောင်း ...

မောင်ညိုမှိုင်း(သန်လျင်)

www.burmeseclassic.com

www.burmeseclassic.com



|၁|

❑

"ဟဲ့ . . . ခေါ်ဖနံ၊ ဟဲ့ . . . ခုံဘိနပ်၊ ဟဲ့ . . . ဘားစိမ်း၊ ဟဲ့ . . . ဘိန်းစား . . . ပေးလား မောင်ရှို့ပါး . . ."

တောင်မှူးရွှေမောင်တို့ ငယ်စဉ်က ဤကဲ့သို့ အားရပါးရ အော်လို့မှ ဆုံးမီ အမေလုပ်သူက အိမ်ခေါ်ပြီး ဆော်ပလော် တီးပါလေသည်။

ဘာကြောင့် အမေက ဆော်ပလော်တီးမှန်း မသိ။ ဆော်ပလော်တီးပြီး လက်ကိုဆွဲကာ အိမ်ပေါ်ခေါ်သွား၏။ အိမ်ပေါ်ရောက်၍ အမေက . . .

"ဟော့ကောင် . . . ဒီမယ် နားထောင်"

ဟု ပြောပြတော့မှ သိရတော့သည်။

ရွှေမောင်တို့အိမ်နှင့်ကပ်လျက် ဘိန်းကန်ထရိုက်တာ တစ်ဦးရှိ၏။ ထိုလူကြီးသည် ရွှေမောင်တို့ဦးလေး၊ ဘိန်းဆိုင်ထိုင် အရာရှိနှင့် တွဲ၍အလုပ်လုပ်ရသည်။ ဦးလေး၏ဘိန်းဆိုင်တွင် ထိုလူကြီး အမြဲရှိလေသည်။ သူသည် ဘိန်းလုံးကိုခွဲတိုင်းခွဲတိုင်း နှစ်နှစ်ခြိုက်ခြိုက် နမ်းတတ်သည်။ ကြာတော့သည်လူကြီး ဘိန်းစွဲသောဟူ၏။

သို့ရာတွင် ထင်ထင်ပေါ်ပေါ် မဟုတ်။ ဘိန်းပုန်းစား ဖြစ်၏။ နောင်သောအခါတွင် ရှုလေမှ ဟိုလူကြီး၏မိန်းမက ဦးလေးကို ငိုယိုတိုင်ကြားရာ သို့

www.burmeseclassic.com



လူကြီး ဘိန်းစားဖြစ်ကြောင်းကို အမေတို့ သိရှိကုန်ကြသည်ဆို၏။ သို့ရာတွင် ဟိုလူကြီးသည် ခေသူမဟုတ်။ ပိုက်ဆံဝါလား၊ ဘိန်းကန်ထရိုက်တာကြီး ဖြစ်၍ ဘိန်းစားသော်လည်း ဂုဏ်ကရှိသေး၏။ သို့နှင့်အမေက ဒိဒ်နိ နားချင်းလည်းဖြစ်၊ ဂုဏ်ရှိသူ လူကြီးလည်းဖြစ်၍ ရွှေမောင်တို့က ...

"ဟဲ့ ... ဘားစိမ်း၊ ဟဲ့ ... ဘိန်းစား"

ဟု အော်ဟစ်ကခုန်နေခြင်းကို ဆော်ပလော်တီးပြီး ...

"အားနာစရာကြီး ... နောက် ဒီလိုအော်ပြီး မကစားကြနဲ့"

ဟု အဆုံးသတ်လိုက်လေသည်။ အမေအားနာသည်မှာ လူကြီး အဓိကလား။ ငွေကို အဓိက အားနာသလားမသိ။ အားနာသည်ကတော့ အမှန် ဖြစ်၏။

ရှေးယခင်က နိုင်ငံ၌ မင်းလုပ်အုပ်ချုပ်သူများသည် တိုင်းသူပြည်သား မြန်မာများအား ကမ္ဘာတွင် အရသာအရှိဆုံးသော ဘိန်းကို တစ်တိုင်းပြည်လုံး လှလှပပစားနိုင်ရန် ဆိုင်ကြီး၊ ကန္နားကြီးနှင့် ရောင်းချတော်မူခဲ့၏။ ရွှေမောင် အချောင်အရိုက်ခံရသော ထိုလူကြီးလို ပစ္စည်းရှိသူများက ကန်ထရိုက်ဆွဲ ကာ ဘိန်းဆိုင်အရာရှိနှင့်အတူ ရောင်းချခဲ့ကြလေရာ လေးပုံတစ်ပုံမျှသော မြန်မာသာကီဝင် တို့ဗမာများသည် ဘိန်းမူးမူးနှင့် နတ်စည်းစိမ်ကို ခံစားနေ ခဲ့ကြလေသည်။ နောင် နှစ်အစိတ်မျှသာဆိုလျှင် မြန်မာလူမျိုးတို့သည် အားလုံးနီးနီး ဘိန်းစားဖြစ်မှာ သေချာနေတော့သည်။

ဘိန်းဒုက္ခပေးလေသမျှ တို့ဗမာများ အတော်ဆင်းရဲခဲ့ကြသည်။ လယ်များ ချစ်တီးလက် ရောက်သွားသည်။ အကြံတုံး၊ ဉာဏ်တုံး ဖြစ်သွား ကြသည်။

ဘိန်း၏အရသာသည် မည်မျှကောင်းလေသည် မသိ။ သူလိုငါလို ပစ္စည်းရှိသူကို ထား၍၊ ရွှေမောင် မေ့မရသော ဘိန်းကန်ထရိုက်တာကြီး ကိုကြီးတက်ချမ်းသာသူပင် ရွှေမောင်တို့ ကျောင်းမှမထွက်မီ ဖြုံခါပြာခါ ကျသွားရှာ၏။ ထိုမျှသာလော့ မဟုတ်ပါ။ သူ့အား အလွန်ကြောက်ခဲ့ကြ သူများသည် အဘိုးကြီးမျာကို ထဘီလျှော်ခိုင်းကုန်ကြ၏။ နောက်တော့





အဘိုးကြီး ရေပ်တွင် သေရှာလေသတည်းဟု ပြောရအောင် ဘိန်းဓာတ် ကောင်းက ဆောင်သွားလေသည်။

ရွှေမောင်တို့ အမျိုးခပ်များများသည် ယစ်မျိုးဘက်တွင် အမှု ထမ်းကြလေသည်။ သို့နှင့် ရွှေမောင်သည် ဘိန်းစားများ၏ဒုက္ခကို နေ့နှင့် အမျှ မြင်ခဲ့ရသည်။ ရွှေမောင့်ဦးလေးသည် ဟိုခေတ်က ဘိန်းဆိုင်ထိုင် အရာရှိကလေးမျှသာ ဖြစ်သည်။

သို့ရာတွင် သူသည် ဘိန်းစားဒါဇင်ဝက်မျှကို အိမ်တွင် ရေနွေး ကအစခိုင်းနိုင်သော ဘုန်းရှင်ကံရှင် ဖြစ်လေသည်။ ဦးလေးကို ဘိန်းစားများ က အရှင်ကြီး၊ သခင်ကြီးဟု ခေါ်ကြသည်။ ဘိန်းစားများသည် အချိန်မရွေး ဆဲဆဲရိုက်ရိုက် ခံရှာကြသည်။ သူတို့မခံနိုင်သည်မှာ ဘိန်းမရမှာသာဖြစ် သည်။ သူတို့တတွေအကြောင်းကို ရွှေမောင်က ကလေးပီပီ မေးမိသည်။

"ဟုတ်တယ် ... မောင်ရွှေမောင်ရဲ့၊ ဦးဦးတို့က သိပ်ချမ်းသာ တာ။ လယ်ကေကို ထောင်ချီပြီးရှိတာ။ အဲဒါ အခုကုန်လို့ ဒီဘဝကို ရောက် နေတာပေါ့"

"ဒီလယ်တွေ၊ ဘယ်လိုလုပ်ကုန်သလဲ ... ဦးဦးရဲ့"

"ဒီလယ်ထက် ဆယ်ဆများတဲ့ လယ်တွေတောင် ဘိန်းပြောင်း အပေါက်သေးသေးလေးထဲ ဝင်သွားရင် ပျောက်တာပါပဲကွာ"

"ဒါဖြင့် ဘိန်းကိုဖြတ်လိုက်ပါလား ... ဦးဦး"

"ဖြတ်ချင်ပြီလားကွာ၊ မရလို့ ဒီလို ဒုက္ခရောက်နေတာပေါ့"

ရွှေမောင်လေးသည် ဘိန်းကို အတော်ကြောက်သွား၏။ တစ် မိသားစုမှာ တစ်ယောက်ဆိုသလို ရွှေမောင်လေးသည် ကြီးလာသော အခါ အကျဉ်းထောင်တွင် ထောင်မှူးဖြစ်လာခဲ့သည်။ သူတို့ အမျိုးအဆွေ များမှာ ယစ်မျိုးဌာန၊ ကျောင်းဆရာ၊ ရဲဘက်စသည်ဖြင့် အမှုထမ်းလျက်ရှိ ကြ၏။ ရွှေမောင်တစ်ဦးသာ ထောင်မှူးဖြစ်လာခဲ့လေသည်။ သို့နှင့် အကျဉ်း ဌာနကိုမကြိုက်သော ဆွေမျိုးအချို့က ...

"ဒါဖြင့် မင်း ... လူဆိုးနဲ့နီး လူဆိုးပေါ့ကွာ။ နောက်ပြီး လူတွေ ကိုလည်း ကြိုးပေးသတ်နေရဦးမှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



ဟု ပြောကြပြန်သည်။

ဟုတ်ပါသည်။ မြန်မာစကားပုံအရ၊ မုဆိုးနှင့်နီးမုဆိုး၊ တံငါနှင့်နီး တံငါဟု ဆိုရိုးရှိကြပါသည်။ ရွှေမောင်သည် လူဆိုးဟု အခေါ်ခံရသူများနှင့် နီးပါသည်။ သို့ရာတွင် ရွှေမောင် ပြောလိုပါသည်။ မုဆိုးနှင့်နီးမုဆိုး ပြောတိုင်း တစ်ထစ်ချ ဖြစ်ကုန်ကြပါမည်လား။ အကယ်၍ ရွှေမောင်တို့လို အစိုးရဝန်ထမ်းအရ ဆောင်ရွက်ရသူများသာမရှိလျှင် လူကောင်းသူကောင်းများ မည်သို့ နေထိုင်ကြရမည် မသိပေ။

❀ ❀ ❀

[၂]

❑

ရာဇဝတ်မှု ကျူးလွန်သောကိစ္စတွင် ဘိန်းသည်လည်း အကြီးဆုံးတရားခံတစ်ဦး ဖြစ်ပေသည်။ အကျဉ်းထောင်ဟူသည် ရာဇဝတ်မှုအမျိုးမျိုးကို ကျူးလွန်သည်ဟု ရုံးတော်က ယူဆသောသူများ နေထိုင်ရာဌာန ဖြစ်ပေရာ ထောင်မှူးဖြစ်လာသော ရွှေမောင်သည် ထောင်တွင်း၌ ဘိန်းစားများနှင့် တည့်တည့်တိုး တိုးနေပြန်၏။

ထောင်မှူးအဖြစ်နှင့် လည်းကောင်း၊ ထောင်မှူးကြီးအဖြစ်နှင့်လည်းကောင်း၊ အကျဉ်းသားဘိန်းစားများကို လျစ်လျူရှုခဲ့သည်သာဖြစ်သည်။





သူတို့ဟာသူတို့ လည်သလိုရှာစား၊ ဘိန်းမရနိုင်တဲ့လူ မာလကီးသွား၊ ရွှေမောင်အလုပ်မဟုတ်။

ဟော ... အခုတော့ ထောင်တစ်ထောင်ကို အုပ်ချုပ်ရတဲ့သူ ဖြစ်လာပြန်တော့ အစ်ကိုကာလသား၊ အမောင်ဘိန်းစားများရဲ့ အကြောင်းကို ငယ်စဉ်ကလို စိတ်ဝင်စားလာရပြန်သည်။

ရွှေသွားကို အစ်ကိုဘိန်းစားများစွာတို့ ကြိုက်နှစ်သက်သကဲ့သို့ အချို့သော ပုဂ္ဂိုလ်များလည်း ကြိုက်ကြ၏။ အချို့ပုဂ္ဂိုလ်များ၏ ရွှေသွားများကိုဖြင့် သေသေချာချာမကြည့်ဖူး။ ထောင်ထဲရောက်သည့် အစ်ကိုဘိန်းစားများကိုဖြင့် သေသေချာချာ ကြည့်မိလေသည်။

ရွှေသွားနှင့် ဘိန်းဆီ၊ မဟာမိတ်ဖြစ်သောအခါ ပြောင်လက်လက်ရွှေသွားသည် ညို့မှိုင်းမှိုင်း ဖြစ်သွားသည်ကို မြင်ရလေသည်။

"ဟေ့လူ ... မင်း ဘိန်းစားတယ် ... မှတ်လား"

ရွှေသွားပိုင်ရှင် တရားခံတစ်ဦးကို မေးလိုက်၏။

"မ ... မ ... မ ... မဟုတ်ပါဘူး ... ဆရာ"

"ဩော် ... သာခု၊ နောက်သာခုတော့ မခေါ်သေးဘူး။ မင်းဘိန်းဝမ်းသွားလို့သေမှ သရဏဂုံတင်တော့ ခေါ်ဖို့ ချန်ထားလိုက်ဦးမယ်"

ထောင်ပညာရှိ ရွှေမောင်က တစ်ဖက်သား သာယာနာပျော်ဖွယ် ပြောလေ့ရှိလေသည်။

ထောင်တွင်းသို့ ဝင်လာသမျှ တရားခံများကို ရွှေမောင်က စစ်ဆေးရ၏။ ရွှေမောင်သည် စစ်ဆေးရင်း လူပုံလူပန်းကိုပါ အကဲခတ်ပြီး အထက်ပါအတိုင်း သာယာချေင်သောစကားကို ဆိုလေရာ ဘိန်းစားများတို့သည် ငိုမဲ့မဲ့ ဖြစ်သွားကြလေသည်။

အကျဉ်းထောင်ဟူသမျှတွင် ဘိန်းစားမရှိသော ထောင်ဟူ၍ မရှိ။ စုန်းမပါ ရွာတည်၍မရဟု ရှေးလူများ ပြောကြသကဲ့သို့ အရက်သမား ဘိန်းသမားမရှိက ထောင်အုတ်ရိုးကြီး ပြိုကျကောင်း ကျပေလိမ့်မည်။ သို့နှင့် ထောင်ဟူသည် ဘိန်းစား အလျှင်မပြတ်သောနေရာ ဖြစ်နေချေသည်သာ မသိပေ။



www.burmeseclassic.com

www.burmeseclassic.com



ထောင်တွင်းသို့ ဘိန်းသည် မည်ကဲ့သို့ ဝင်လာပါသနည်း။ ဘိန်းသည် အတောင်ပေါက်နေသော သတ္တဝါလော။ အုတ်ရိုးကြီး ကာထားပါလျက် အနီဘိန်းသည် မည်ကဲ့သို့ ဝင်လာပါသနည်း။

ဘိန်းဝင်လာသည်မှာ ယခင်က မြန်မာပြည်တွင်းသို့ နိုင်ငံခြားသားများ နည်းအမျိုးမျိုးနှင့် ဝင်လာသကဲ့သို့ နည်းအမျိုးမျိုးရှိကြပါသည်။ နိုင်ငံခြားသား ခိုးဝင်သူကို မဖမ်းပါသလော။ ဖမ်းပါသည်။ ထောင်တွင်းသို့ ဝင်လာသောဘိန်းကို ထောင်မှူး၊ ထောင်ပိုင်များ မဖမ်းကြပါလော။ အမယ်လေး ဖမ်းတာမှ တဖမ်းဖမ်းတောင် မြည်နေပါသည်။ တဖမ်းဖမ်း မြည်နေသည်ဆို၍ ရိုက်သံ၊ ပုတ်သံဟု အထင်မလွဲပါနှင့်။

ထောင်ပညာရှိ ရွှေမောင်သည် ထောင်တွင်းသို့ ဘိန်းမဝင်အောင် နည်းအမျိုးမျိုးနှင့် ကာကွယ်၏။ အောင်မြင်သလောက် အောင်မြင်ပါ၏။ ရာခိုင်နှုန်းအပြည့်တော့ မဟုတ်။ ကိုယ့်ဆရာတွေက လစ်လျှင်လစ်သလို တွယ်ပြန်လေသည်။ သို့နှင့် ထောင်ပညာရှိပီပီ၊ ထောင်နှင့်ဘိန်းဝေးအောင် မည်သို့မည်ပုံ လုပ်ရပါအံ့နည်းဟု ကြံဆတွေးတော၏။ ဟုတ်ပြီ။ သူ အကြံရပြီ။

"ဟေ့ . . . ဟိုလူတွေ . . . ခေါ်လိုက်စမ်း"

ရွှေမောင်က အတည်ပေါက်ဖြင့် ဘိန်းစားသည်ထင်ရသော လူများကို ခေါ်ခိုင်းလိုက်၏။ သူတို့တစ်တွေ တကုတ်ကုတ်နှင့် ရောက်လာကြသည်။ ရွှေမောင်က ရောက်ရောက်ချင်း . . .

"မင်းတို့ ထောင်မှာ ဘိန်းခိုးစားနေတယ်လို့ ကြားရတယ်။ ခွေးမသားတွေ၊ သေဖို့သာပြင်တော့"

ဟု ရွှေမောင် ထောင်ပညာရှိက ရောက်ရောက်ချင်း ဆောက်နှင့်မထွင်းဘဲ တင်းဘုတ်နှင့်ရိုက်သော စကားကိုဆို၏။ ဘိန်းစားများသည် မျက်တောင်ကို တဖျတ်ဖျတ် ခတ်နေကြလေသည်။

အမှန်မှာ ရွှေမောင်က သိ၍မဟုတ်။ ပြိုးခြင်းသာဖြစ်သည်။ ဘိန်းစားလေးဦးတွင် တစ်ဦးတလေ မျိုချင်မျိုရပေမည်။ အားလုံးတော့ ဘိန်းရှိမည်





မထင်။ တချို့ ဘိန်းဝမ်းသွားထားသလားမသိ။ ကုတ်ချိကုတ်ချိလည်း ဖြစ်နေကြ၏။

"ဟေ့လူ . . . မင်းဘိန်းစားတာ ဘယ်လောက်ကြာပြီလဲ"

"ငါးနှစ်ပါ ဆရာ"

ရွှေမောင်က တစ်ယောက်စ မေးပစ်လိုက်သည်။ တစ်ဦးတစ်ဦး၏ ဘိန်းသက်မှာ သုံးနှစ်အောက်မပါ။

"ကောင်းပြီ . . . မင်းတို့စားတဲ့ဘိန်းဖိုးဟာ တိုက်တစ်လုံးဆောက်ရင် ရမလား"

"ဟာ . . . တိုက်ဘယ်ကမလဲ . . . ဆရာကြီး"

"မင်းတို့ အပြင်မှာ အိမ်ဘယ်နှလုံး ရှိသလဲ"

"အိမ်မပြောနဲ့၊ ခြံစရာတောင်တောင် မရှိဘူး"

"ဟေ . . . တိုက်ဆောက်နိုင်အောင် ရှာခဲ့ပါရဲ့နဲ့ ခြံစရာတောင် မရှိဘူးဆိုတော့ မင်းတို့ကို ဘယ်သူတွေက သနားမှာတုံး"

ဘိန်းစားများသည် ခေါင်းငုံ့နေကြလေသည်။ ရွှေမောင်က ဆက်၍ ဒုက္ခပေးပြန်သည်။

"ဒီမယ် . . . မင်းတို့ကို မင်းတို့သားမယား၊ သားသမီးတွေက ဘိန်းစားတာ ကြည်ဖြူကြသလား"

"ဘယ်ကြည်ဖြူရမှာတုံး . . . ဆရာကြီးရယ်၊ ကျွန်တော်ဆိုတာ ဟဲ . . . ဟဲ . . . ဘိန်းနဲ့ အိမ်ထောင်ကျကတည်းက မိန်းမအရင်းခေါက်ခေါက်နဲ့ ကွဲရုံတင်မက ကျွန်တော့်သမီးလေးဟာ အပျိုဖြန်း ဖြစ်နေပါပြီ။ အဖေလို့ခေါ်ရမှာ ရှက်လို့တဲ့။ တစ်ခါမှ အတွေ့မခံဘူး"

တပည့်ကျော်တစ်ဦးက ဘိန်းအိမ်ထောင်၏ နောက်ပိုင်းဖြစ်ပေါ်လာသည်ကို တရားရစရာ ပြောပြ၏။

"ဒါနဲ့များ . . . ထွန်းအောင်ရယ်၊ မင်းက ဒီဘိန်းကို တန်းတန်းစွဲ ဖြစ်နေရသေးလား"

"သိပ်ဖြတ်ချင်တာပဲ . . . ဆရာကြီး။ ဖြတ်လို့ကို မရဘူး"



www.burmeseclassic.com

www.burmeseclassic.com



ထွန်းအောင်ခေါ် တပည့်ကျော်က သနားစဖွယ်ဆိုရ၏။

"သယ် ... ဖနောင့်နဲ့ထပေါက်ရင် သေပြန်ဦးမယ်။ ဒီမယ် ... မင်းတို့ကို ငါ တစ်ခုပြောမယ်။ မင်းတို့ဟာ ကိုယ့်ကိုယ်ကိုယ် လိမ်နေကြတယ်။ ဘိန်းကို ဖြတ်မရအောင် မင်းတို့ကို မအေက မွေးမွေးချင်း ဘိန်းခွံ့လာကြသလား။ ဖြတ်မရတာ အပြင်လောကမှာ ဖြစ်ချင်ဖြစ်မယ်၊ ထောင်ထဲမှာတော့ ဖြစ်မယ်မဟုတ်ဘူး။ ထောင်ဟာ မင်းတို့အမေအိမ် မဟုတ်ဘူး။ မင်းတို့ယောက္ခမအိမ် မဟုတ်ဘူး။

အပြင်ဘက်မှာ အစားတစ်လုပ်၊ တုတ်တစ်ချက်ဆိုတဲ့ စကားရှိတယ်၊ ထောင်ထဲမှာဆိုရင် ဘိန်းတစ်ရှူ၊ နံရိုးသုံးချောင်း။ ကဲ ... စားချင်ကြသေးလား။ သူများမလုပ်ပေမယ့် ငါလုပ်မယ်။ စားချင်စားကြ၊ ဘယ်နှစ်ရက် အရိုက်ခံနိုင်မလဲဆိုတာလည်း၊ နံရိုးကို ရေထားကြဦး"

ရွှေမောင်သည် ဘိန်းဖြတ်ဆေး ပြင်းပြင်းထန်ထန် တစ်ခွက် တိုက်ချလိုက်သည်။ အစ်ကိုဘိန်းစားများ သက်ပြင်းရှူသံကို အတိုင်းသား ကြားရ၏၊ ရွှေမောင်က မျက်နှာခပ်တင်းတင်း ထောင်ပိုင်ကြီးများ၏ အိုက်တင် အပြည့်အဝနှင့် ဘိန်းစားကြီးများရှေ့တွင် မှိုးထုတ်နေလိုက်သည်။

"ဆရာကြီးရယ် ... ကျွန်တော်တို့တော့ သေမှာပါပဲ"

ဘိန်းစားတစ်ဦးက မျက်ရည်လည်လည်နှင့် အယူခံဝင်တော့သည်။

"ဟင့်အင်း ... ငါ မသနားဘူး။ မင်းတို့မိန်းမ၊ မင်းတို့အမေတွေသာ သနားမယ်။ ဘယ်နှယ့်ကွာ ... ထောင်ပိုင်၊ ထောင်မှူးတွေ ဒီလိုသာဆို ဘာလုပ်ရမလဲ။ မင်းတို့ ဘိန်းဖြတ်မလား၊ မဖြတ်ဘူးလား၊ ဒါပဲ ငါကြားချင်တယ်။ ဒါမှမဟုတ် ကြံဖန်စားချင်ကြသေးရင် စား။ ငါမပြောဘူး။ အဲ ... တစ်ခုတော့ ပြောလိုက်မယ်။ ငါ့ထောင်ထဲမှာ မင်းတို့အီးပေါက်တာတောင် ငါသိတယ်။ မင်းနား တစ်ထောင်တဲ့"





ရွှေမောင်သည် ဘိန်းစားများကို အတင်းဓိကုတ် နည်ပြည်တင်တော့သည်။ ဘိန်းစားများ နတ်ပြည်ဘဲရောက်မလား၊ သင်းချိုင်းဘဲ ရောက်မလားမသိ။

ရွှေမောင်သည် ဘိန်းစားများကို တကယ့်စေတနာနှင့် ဘိန်းဖြတ်စေချင်သည်။ သို့ရာတွင် သူ့ဖိုကိုယ်ဖို့ တွက်ကြည့်ပြန်သောအခါ သနားစရာ ဖြစ်နေ၏။ မတော်သေနိုင်သော ကိစ္စဖြစ်သည်။ ဘာဖြစ်ဖြစ် စိတ်ပြတ်လျှင်ဖြတ်ရမည်ဟု ရွှေမောင်က ဆုံးဖြတ်ထားသည်။

ဘိန်းစားများ အသက်ရှူကြပ်နေကြပေပြီ။ စားလျှင် အရိုက်ခံရမည်။ စားရ၍အရိုက်ခံရက တော်သေးသည်၊ မစားရမီ ဘိန်းကိစ္စနှင့် ဒုက္ခပေးမည်ကို သူတို့ တွေးကြပြန်သည်။

"အင်း ... ထောင်ကျရတာ ဘိန်းစားတွေအတွက် တကယ်မစားသာတဲ့ နေရာပါလားနော်။ ဒီထောင်ပိုင်ကြီး သေမှပဲအေးမယ် ထင်ပါရဲ့"

ဒါကား သူတို့အတွေး ရှိကောင်းရှိပေမည်။

ရွှေမောင်သည် တစိမ့်စိမ့် တွေးနေပြန်သည်။ ထိုစဉ် ဘိန်းစားတစ်ဦးက အသနားခံပြန်သည်။

"ဆရာကြီးရယ် ... ကျွန်တော်တို့ ကြိုးစားပြီးဖြတ်ပါ့မယ်။ ဒါပေမဲ့ ဘိန်းဖြတ်ဆေးကလေးတော့ သွင်းခွင့်ပေးပါဦး"

"ဟေ့လူ ... ဒီမယ် ငါက မင်းတို့ကိုသနားလို့ အတင်းဖြတ်ခိုင်းတာ။ လူ့ဘဝမှာ အောက်ကျလွန်းလို့ကွ။ မယားလည်း မသက်သာ၊ သားသမီးလည်း မသက်သာ။ မင်းတို့ မသေစေရဘူး။ လူတွေဟာ တရားရချင် ကိုယ့်တရားကိုယ်ချမှ ဘယ်သိကြားကြီးကမှ မတတ်နိုင်ဘူး။ စိတ်ပဲကွ။ မင်းတို့ထောင်ကျတာ ဘိန်းဖြတ်ဖို့ အချိန်ကောင်းပဲ။ ဖြတ်ကြကွာ။ ဟေ့ ... ဘိန်းဖြတ်နိုင်တဲ့လူကို မလွှတ်မချင်း ငါ ဆေးလိပ်လှူမယ်ကွာ။ ဒါမှပြောမရရင် ရိုက်သတ်မယ်ဟေ့"

ထောင်ပညာရှိသည် မဟုတ်ဟုတ်ဟုတ် ကြိမ်းလိုက်ရပြီး ဘိန်းစားများအား လွှတ်လိုက်သည်။ ဘိန်းစားများကို လွှတ်လိုက်ပြီး သူ့အလုပ်က မပြီးသေး။ သူသည် ဆရာဝန်ကြီးထံ တန်းပြေးလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထောင်ပညာရှိသည် ဘိန်းစားများအကြောင်းကို ဆရာဝန်ကြီးနှင့် တိုင်ပင်သည်။ ဘိန်းစားများကို လှန့်ပစ်ခဲ့ပုံ၊ ဆရာဝန်ကြီးအား ပြောပြသည်။ ဆရာဝန်ကြီးသည် တဟားဟားရယ်ကာ ဘိန်းစားများကိုပေးသည့် ဆေးတစ်ပုလင်း ထုတ်ပေး၏။ ဆေးပေးပုံပေးနည်းကိုလည်း ရွှေမောင်အား ပြောပြလေသည်။ ရွှေမောင် တပြုံးပြုံးနှင့် ထောင်သို့ပြန်ခဲ့၏။

✿ ✿ ✿

[၃]

❑

"ဆရာကြီး ... လူသုံးယောက် တအော်တည်းအော်ပြီး ဖင်ဘူးတောင်း ထောင်နေကြတယ်။ လာကြည့်ပါဦးခင်ဗျာ"

ညအချိန်မတော် ထောင်အမှုထမ်းတစ်ဦး ရွှေမောင်အား လာခေါ်တော့သည်။ ပညာရှိကြီး သိသွားပေပြီ။ ဆေးပုလင်းဆွဲပြီး လိုက်သွားလေသည်။

"ဟေ့ ... ဘယ်အကောင်လဲကွ။ ညကြီးသန်းခေါင် ဒုက္ခပေးတာ"

ရွှေမောင့်အသံကို ကြားသည်နှင့် ဖင်ဘူးတောင်းထောင်သော ငနဲတို့ ပက်လက်ကလေး ဖြစ်သွားကြသည်။ မည်သူကမျှ မပြောဝံ့။

"ဖွင့်စမ်းဟေ့ ... တံခါး"





ရွှေမောင်အော်ပြီး အခန်းတွင်း ဝင်သွားသည်။ ဝင်ဝင်အော်အော် ပြန်သည်။

"မင်းတို့က တို့ဘိန်းမစားရဘူး၊ ဘိန်းမစားရလို့ ဒုက္ခပေးမယ် စိတ်မကူးကြနဲ့"

ရွှေမောင်က စိတ်ဆိုးချင်ဟန်လုပ်ပြီး အကဲခတ်လိုက်သည်။ ဘိန်းစား း တကယ်ထိကုန်ကြပြီကို မြင်ရသည်။ သို့နှင့် သူသည် ဆေးတစ်ယောက် စ်ခွက် တိုက်ပေးလိုက်၏။ သူတို့သည် ကြောက်ကြောက်နှင့် နေရစ်ခဲ့ ကြသည်။ ရွှေမောင် လှေကားအရောက် တဟေဟေနှင့် လေတွေဘာတွေ က်သံ ကြားရသည်။ အင်း ... တော်သေးရဲ့။

ရွှေမောင်သည် ဘိန်းစားတစ်ဦးစီကို ကိုယ်တိုင်ဆေးပေးသည်။ ဆေးပေးရင်း ...

"မင်းတို့ နောက်နှစ်ရက်သာ သောက်ရမယ်၊ သေချင်တဲ့လူ ... စားဟေ့"

စစ်ကြေညာပြန်သည်။

ဘိန်းစားများ တကယ်မသက်သာကြပါ။ လေအောင့်၊ မိုက်နာ၊ သွေးဝမ်းပါနှင့် အတော်မစားသာ ဖြစ်ရှာကြသည်။ ထောင်သို့ဝင်စက သူတို့သည် ထမင်းလက်တစ်ဆုပ်စာမျှသာ စားနိုင်ကြသည်။ ရေတစ်ပုံး အပြည့်ကိုပင် မနိုင်ကြပေ။ ဘိန်းကို အတင်းဖြတ်၊ အလုပ်ခိုင်းသင့်သူကို ခိုင်းလုပ်လာသောအခါ ဘိန်းစားများ ထမင်းသိပ်စားလာကြသည်။ ထမင်း စားသလို အလုပ်ဒဏ်ကိုလည်း ခံနိုင်လာကြသည်။

လာသမျှဘိန်းစားတို့ကို ရွှေမောင်သည် ဤနည်းနှင့် ဇိကုတ်နတ် ပြည်တင် လုပ်နေ၏။ ဘိန်းစားများ တကယ်ဘိန်းပြတ်မပြတ်ကို သူက စစ်ဆေးပြန်သည်။ ဤနည်းမှာ အပြင်လောက၌ မည်သူမျှ စမ်းသပ်၍ ရနိုင်သော ကိစ္စမဟုတ်။ ထောင်ပညာရှိမှသာ တတ်နိုင်သည်။

သူ့နည်းမှာ ဘိန်းပြတ်စစ်ဆေးရေး။ ဘိန်းလုပ်လိုသောသူကို သူ သည် အလိုလိုအပြစ်ရှာပြီး တိုက်ပိတ်ပစ်လိုက်တော့သည်။ ထောင်တွင်းတိုက် တွင်သည် ဘာမျှ ကိုယ်ပေါ်၌မကျန်အောင် ရှာဖွေပြီးမှ ပိတ်ခြင်းဖြစ်ရာ ဘိန်း



www.burmeseclassic.com

www.burmeseclassic.com



မပြတ်သောင်နဲ့သည့် ကျွန်တော် ဘိန်းမပြတ်သေးပါဘူးဟု ပါးစပ်ဖြင့်ရေ စရာမလို။ ချီးအလောက် ရှောက်ပါလေတော့သည်။ ဤနည်းဖြင့် ဗိက နတ်ပြည်တင်လိုက်ရာ တကယ့်ဘိန်းစားကြီးများပင် ကျွတ်တန်းဝင်သ သောဟူ၏။

ရွှေမောင်အဖို့ကား မိမိဆောင်ရွက်ခဲ့သမျှ ကောင်းရာကော ကြောင်းအတွက်သာဖြစ်၍ ပြန်လည်စဉ်းစားမိတိုင်း ကျေနပ်နှစ်သိမ့်၍ နေမိပါတော့သတည်း။

မြောင်းမြမောင်ဝ


www.burmeseclassic.com

www.burmeseclassic.com

# [ ၁ ]

❑

၁၉၇၅ ခုနှစ်၊ ကျွန်ုပ် ထောင်မှူးပေါက်စအချိန်က ဖြစ်သည် အင်းစိန်ထောင်တွင် တာဝန်ကျရာ (၆)လတစ်ခါ ဌာနပြောင်းရွှေ့၍ တာဝ ထမ်းဆောင်ရသည်။ ပထမ(၆)လအတွင်း အချုပ်ရုံး၌ တာဝန်ကျသည် ဒုတိယ(၆)လတွင် မိန်းဂျေး၌ ထောင်မှူးကြီး ဦးစံသိန်းနှင့် တွဲဖက်၍ တာဝ ကျသည်။ ထောင်မှူးကြီး ဦးစံသိန်းမှာ ထောင်ကျရုံးတာဝန်လည်း တစ်ဖော် က ယူထားသဖြင့် မိန်းဂျေး Mail Jail ၌ ကျွန်ုပ်သာ အထိုင်များသည်။

Mail Jail ဆိုသည်မှာ အဆောင်များ အလယ်ဗဟိုတွင်ရှိပြီး အဆောင်အသီးသီးအား စည်းကမ်းထိန်းသိမ်း အုပ်ချုပ်ရသော အချက်အချာ ကျသည့် နေရာလည်းဖြစ်သည်။ မနက်ညနေ ရုံးပြန် အချုပ်သား၊ အကျဉ်း သားများအား စိစစ်ရှာဖွေခြင်း (တလာစီခြင်း)၊ အပြစ်ဒဏ်ချမှတ်ခြင်း မနက်ညနေ ထမင်းဟင်းဝေငှခြင်း၊ ထမင်းချက်ဖိုကြီးအား ကြပ်မတ်ရခြင်း ဝန်ထမ်းရဲဘက် အသွားအလာကို စစ်ဆေးရခြင်း၊ မနက်ည တာဝန်ကျအရာ ရှိ၊ အကြပ်တပ်သားများ စုဝေး၍ ထောင်ဖွင့်ထောင်ပိတ်ပေးရခြင်း၊ အမှုစ ဆေးရခြင်း စသဖြင့် အလွန်အလုပ်များသော နေရာဖြစ်သည်။ အဆောင်





အသီးသီးမှအရာရှိများ အဝင်အထွက် ဆုံဆည်းရာနေရာလည်း ဖြစ်သည်။ ထောင်ပိုင်ကြီး၊ ထောင်ပိုင်လေး၊ ထောင်မှူးကြီးတို့လည်း မကြာခဏ လာ ထိုင်၍ လုံခြုံရေးကိစ္စ မေးမြန်းတတ်သည်။ ထို့ကြောင့် Mail Jail ဆိုသည် မှာ ထောင်မကြီး၏ အလယ်ဗဟို လူ့အမြဲမပြတ် စည်းကားသောနေရာ လည်း ဖြစ်သည်။

Mail Jail ရှေ့တွင် တိုက်ခန်းများရှိသည်။ အနောက်ဘက်ကပ် လျက်က ထမင်းချက်ဖိုကြီးနှင့် ထောင်ဆေးရုံ။ အနီးကပ်လျက်က ရိက္ခာပစ္စည်း များထားသည့် မျှော်စင်ကြီးနှင့် ဖိုဝိုင်းကြီး။ (အင်္ဂလိပ်ခေတ်က ထားခဲ့သည့် ဘွိုင်လာစနစ်သုံး လေးထောင့်သေတ္တာပုံစံ သံပေါင်းအိုးကြီးများရှိသည်၊ အဆောင်များ အလယ်ဗဟိုတွင်ရှိ၍ ယခင်ခေတ်က ထမင်းဟင်းဝေငှရာ ဗဟိုဆောင်ကြီးလည်း ဖြစ်သည်။ အနောက်မြောက်ဘက်တွင် အိပ်ဆောင် အမှတ် (၁)၊ (၂)နှင့် (၃) အလယ်တွင် ထောင်ဘူးဝမှလာပြီး ဖိုဝိုင်းကြီးအား လက်ဝဲ၊ လက်ယာပတ်၍ မြောက်ဘက် အလုပ်ကြီးဝင်းသို့သွားသည့် လမ်းမ ကြီး။ ရှေ့ဘက်တွင် အထူးဆောင်နှင့် အမှတ် (၄)၊ (၅) အိပ်ဆောင်များအား စနစ်တကျ တည်ဆောက်ထားသည်။

ကျွန်ုပ် Mail Jail ၌ တာဝန်ကျပြီး လေးငါးလခန့်အကြာတွင် အကျဉ်း ဦးစီးဌာနက စိုက်ပျိုးရေးစခန်းများ ချဲ့ထွင်နေရာ၊ ကျောက်ဆည်လွန်ကျော် ဝါစိုက်ပျိုးရေးစခန်း၊ တွံတေး ရွှေသူဌေးတော စိုက်ပျိုးရေးနှင့် ခွေးမြူရေး စခန်း၊ တွံတေးဖလက်ကြီး ရာဘာနှင့်ကော်ဖီ စိုက်ပျိုးရေးစခန်း၊ မြောင်းမြ ဂုန်လျှော် စိုက်ပျိုးရေးစခန်းများမှာ ရေနက်ကွင်းဒေသဖြစ်၍ ကိုင်းတော၊ ကျူတောများအားခုတ်ထွင်ပြီး စိုက်ပျိုးမြေသစ် ချဲ့ထွင်လုပ် ကိုင်ရသော စခန်းများဖြစ်ကြသည်။ ကျွန်ုပ် ကံထူးရှင် မဲပေါက်ပါပြီ ရွှေသူဌေးတောစခန်း သစ် စတင်ရှာဖွေဖွင့်လှစ်ရန် အထက်က ကျွန်ုပ်အား ရွေးချယ်တာဝန်ပေး တော့သည်။

ကျွန်ုပ်တို့ ကနဦးရှာဖွေရေးအဖွဲ့ တွံတေးဆိပ်ကမ်းတွင် ယာယီ ရှက်ထည်တဲထိုး၍ မော်တော်နှစ်စီးဖြင့် ရန်ကုန်မြစ်အတွင်းမှ ဇီးဖြူကုန်း



www.burmeseclassic.com

www.burmeseclassic.com



ချောင်းထဲဝင်ပြီး ရွှေမယင်းချောင်းဘက်သို့လည်းကောင်း၊ တံခွန်တိုင်ချောင်းဘက်သို့ဝင်၍ လည်းကောင်း၊ မြေပုံညွှန်းအတိုင်း ရှာဖွေရသည်။ တစ်ပတ်ခန့်အကြာမှ ဖီးဖြူကုန်းချောင်းအနောက်ဘက် တံခွန်တိုင်ချောင်းနှင့် ကျောင်းရွာ၊ မယားစုရွာတို့ ဝိုင်းရံနေသည့် ကုန်းတစ်ဝက်၊ ရေတစ်ဝက်၊ ရေနက်ကွင်း ကိုင်းတောကြီးအား ပတ်မိပြီး ရှာဖွေတွေ့ရှိတော့သည်။ ဧက (၁၀၀) နီးနီး၊ ဖျိုက်တောကွင်းကျယ်နေရာကြီး ဖြစ်သည်။ သစ်ပင်ကြီးကြီးမားမား မရှိ၊ ကမ်းစပ်တွင် လမုပင်၊ ခရာပင်များသာရှိပြီး တစ်ကွင်းလုံးအား ကိုင်းတောနှင့်ကျူတောကြီးက ဖုံးလွှမ်းနေသည်။

နေရာမှန်တွေ့တော့လည်း ပတ်ဝန်းကျင်ရွာများမှ ရပ်ရွာလူကြီးများနှင့် မြေတိုင်းအဖွဲ့အားခေါ်ပြီး ကွင်းဆင်း၍ မြေတိုင်းပြီး စခန်းနေရာသတ်မှတ်၍ မြေပုံဆွဲရပြန်သည်။ ကုန်းတစ်ဝက်၊ ရေတစ်ဝက် နေရာအားရှင်းလင်း၍ အင်းစိန်ထောင်မှ လက်သမားအဖွဲ့ဖြင့် ယာယီတဲများဆောက်ရသည်။ ရှေ့ပြေးအဖွဲ့က အခြေစိုက်ယာယီစခန်းဆောက်ပြီးမှ ရဲဘက်များကို ခေါ်ရသည်။ ရဲဘက်များခေါ်ရာ၌လည်း လယ်ယာကိုင်းကျွန်း လုပ်ကိုင်သူများအား ရွေးချယ်ခေါ်ယူရသည်။ တောတိုးခုတ်ထွင်ရမည်ဖြစ်၍ ကျန်းမာရေးကောင်းမွန်သော လူကြမ်းများကို အထူးရွေးချယ်ရသည်။

ရဲဘက်များ ရွေးချယ်ခေါ်ယူရာ၌ အချုပ်ဘဝကတည်းက ကျွန်ုပ်နှင့် ရင်းနှီးခင်မင်ပြီး ထောင်ကျစဉ်၌လည်း ကျွန်ုပ်ပင် ကြည့်ရှုစောင့်ရှောက်ထားသော တပည့်(၅)ဦးကို ရွေးချယ်ခေါ်ယူခဲ့သည်။ အခြားရဲဘက်(၉၅)ယောက်နှင့် စုစုပေါင်း (၁၀၀)တိတိဖြစ်သည်။ လယ်သမား၊ ကိုင်းသမားများ ဖြစ်ကြသည်။

ကျွန်ုပ်၏တပည့် (၅)ဦးမှာ ဓားခုတ်မှု၊ ဓားပြမှုတို့ဖြင့် ထောင်ဒဏ် (၅)နှစ်မှ (၇)နှစ်အထိ ပြစ်ဒဏ်ကျသူများ ဖြစ်ကြသည်။ ဖော်လင်းနှင့် ဖော်မင်းက ညီအစ်ကိုအရင်း။ ဓားပြမှုဖြင့် ထောင်ဒဏ် (၇)နှစ်စီကျသည်။ ကတ္တရာ၊ မဲကြီးနှင့်ငတိုးတို့က မြစ်ဝကျွန်းပေါ် ဒေသအသီးသီးရှိ ရွာများမှ ဓားခုတ်မှုဖြင့် ထောင်ဒဏ် (၅)နှစ်စီကျကြသည့် လယ်သမား၊ ကိုင်းသမားများ ဖြစ်ကြသည်။





အင်းစိန်ထောင်ဖိုကြီးတွင် တာဝန်ကျကြပြီး ထောင်ကျအိပ်ဆောင် အမှတ်(၄)၊ အောက်(၄)ခန်းတွင် အတူနေထိုင်ကြပြီး၊ သူတော်ချင်းချင်း သတင်းလွေ့လွေ့ ပေါင်းဖက်တွေ့ကြသည်။ ရှေးရေစက်ကြောင့် ထင်ပါသည်။ ကျွန်ုပ်အား လေးစားချစ်ခင်ပြီး ၎င်းတို့အချင်းချင်းလည်း ညီအစ်ကိုရင်းချာပမာ သံယောဇဉ်ရှိကြသည်။ ကျွန်ုပ် စခန်းထွက်ရတော့ သူတို့လည်း ကျွန်ုပ်နှင့်အတူလိုက်ရန် စာရင်းပေးကြခြင်းဖြစ်သည်။

ရွှေသူဌေးတော စိုက်ပျိုးရေးစခန်းစဖွင့်စဉ်က ဝန်ထမ်းနှင့် ရဲဘက်များ အလွန်ပင်ပန်း ဆင်းရဲကြသည်။ ရေထဲ ဗွက်ထဲ တောတိုး၍ ကိုင်းတော၊ ကျူတောကြီးများအား ရှင်းလင်းရသည်။ မြွေဆိုးများလည်း အလွန်ပေါသည်။ ကိုင်းရွက်၊ ကျူရွက်များကလည်း အလွန်ရှ၍ ဝန်ထမ်းနှင့်ရဲဘက်များ တစ်ကိုယ်လုံးတွင် ဒဏ်ရာအစင်းကြောင်းများထင်နေပြီး ယားနာများဖြစ်ကြသည်။ စခန်းဆေးမှူးသိန်းစန်းနှင့်အဖွဲ့မှာ လက်မလည်နိုင်အောင် ကုသပေးနေရသည်။ လယ်သမားကိုင်းသမားများဖြစ်ကြ၍ ထုသား၊ ပေသားတောင့်ခံကြသည်။ ပင်ပန်းသော်လည်း ဝန်ထမ်းနှင့်ရဲဘက်များ ပျော်ကြပါသည်။ ပျော်ရသည့်အကြောင်းရင်းကလည်း အစားအသောက်ပေါ၍ ဖြစ်ကြသည်။ စခန်းမှ ချက်ပြုတ်ကျွေးသည့် အထူးဟင်းလျာအပြင် ကိုင်းတောထဲမှရသော ပုစွန်တုပ်၊ ကဏန်းနှင့် ငါးမျိုးစုံတို့မှာ ပေါများလှသည်။ ထို့အပြင် ကိုင်းကြွက်များ၊ မြွေများမှာလည်း ရဲဘက်များအကြိုက် ဟင်းလျာများပင်ဖြစ်သည်။ ထို့အပြင် အသီးအရွက်များကလည်း အလွန်ပေါသေးသည်။

ပုစွန်တုပ်ကြီးများမှာ ကိုင်းပင်ပင်ခြေတွင် ဥ,ဥတတ်သဖြင့် ရေစပ်စပ်ရှိသော ကိုင်းတောကို အလွန်ကြိုက်ဟန်တူသည်။ တစ်ကောင်လျှင် တစ်ဆယ်သားမှ နှစ်ဆယ်သားခန့်အထိ ရှိကြသော ပုစွန်တုပ် စိမ်းစိမ်းကြီးများ ဖြစ်ကြသည်။ တွင်းအောင်းဖားကြီးများကလည်း တစ်ကောင်လျှင် အစိတ်သားမှ ငါးဆယ်သားခန့်အထိ ရှိကြသည်။

ထို့အပြင် ကိုင်းဥများမှာ လူနှင့်ဝေးသဖြင့် အတွဲလိုက်တွေ့ရသည်။ မီးကင်စားပါက နို့ရည်ဖြူများပန်းထွက်လာပြီး အလွန်ဆိမ့်၍ ချိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ငါးပြေမကြီးများမှာ လက်ဝါးခန့်ရှိသည်။ ငါးရံ့နှင့် ငါးပတ်ကြီးများကတော့ တစ်ကောင်လျှင် တစ်ပိဿာပင် ကျော်သေးသည်။ နှစ်မြို့ငါးကြီးများဖြစ်ကြသည်။ ထို့ကြောင့်လည်း အစားအသောက်ပေါသဖြင့် ရဲဘက်များ ပျော်ကြသည်။

စခန်းအတွင်းရှိ ရဲဘက်ဘားတိုက် တဲကြီးများအနီးသို့ရောက်လျှင် ငါးညှီနံ့မှာလှိုင်နေသည်။ ငါးစိုအမျိုးမျိုးအား ခွဲခြမ်း၍ ငါးခြောက်လှန်းထားခြင်းဖြစ်သည်။ ဟင်းသီးဟင်းရွက်အနေဖြင့်လည်း ကနဖော့၊ မှိုနားတို၊ ဖားပေါင်၊ လယ်သရက်ကင်း၊ ချိုးခြေထောက်စသော ချက်စရာ၊ တို့စရာ အသီးအရွက်များကလည်း ပေါသေးသည်။ သန်စွမ်းလှသော ကန်စွန်းပင်များကတော့ လက်ညှိုးတိုးမလွဲပင်။ စိတ်ညစ်စရာ အကောင်းဆုံးကတော့ ခြင်များဖြစ်ကြသည်။ တောခြင်ရိုင်းမည်းမည်းကြီးများမှာ မှောင်စပြုသည်နှင့် ကိုင်းတော၊ ကျူတောထဲမှ အုပ်လိုက်ထွက်လာသည်။ လူနံ့ရသည်နှင့် ဝိုင်းတွယ်ကြတော့သည်။ လက်ဖြင့် ယမ်းရိုက်ဖြင့်မရ၊ ပွတ်သပ်ချရသည်။ အသေခံ၍ လူသွေးကိုစုပ်သည်။ ထို့ကြောင့်ပင် မှောင်စပြုသည်နှင့် ကိုင်းရိုးများ၊ ကျူရိုးများကို နေရာအနှံ့မီးဖိုပြီး မီးခိုးမှိုင်းတိုက်မှသာ သက်သာသည်။

ထိုစဉ်က ရဲဘက်များအား အထူးအခွင့်အရေးပေးသည့်အနေဖြင့် ရဲဘက်အိပ်ဆောင်များအား သံဆူးကြိုးခတ်မထားပါ။ သံခြေချင်းလည်း ခတ်မထား။ အိပ်ရန်အတွက်လည်း ငါးယောက်အိပ်ခြင်ထောင်ကြီးများအား ထုတ်ပေးပါသည်။ ရဲဘက်များမအိပ်မီ ခြင်ထောင်ထဲ၌ထိုင်၍ စကားပြောကြသည်။ အပြင်က ကင်းသမားကတော့ ခြင်ရန်ဘေး ကင်းဝေးစေရန် မီးခိုးမပြတ်စေရန် ဂရုစိုက်ရသည်။ အိပ်ငိုက်၍ မီးခိုးပြတ်သည်နှင့် တောခြင်ရိုင်းအုပ်ကြီးက ဝိုင်းတွယ်ကြတော့သည်။

တစ်လခန့်ကြာမှ စခန်းအလယ်ကွင်း ရှင်းပြီးသွားသည်။ ခြင်အန္တရာယ်လည်း အနည်းငယ်သက်သာသွားသည်။ သို့သော်အား တိုက်အပြင်ထွက်သည်နှင့် ရေစပ်စပ်၊ ဖွက်တောသာဖြစ်သည်။ တောခြင်ရိုင်းကြီးများကလည်း ဆီး၍တွယ်တော့သည်။ ညရေးညတာ အပြင်ထွက်လျှင်





အတော်ဒုက္ခရောက်သည်။ ကျွဲမျှော့ကြီးများကလည်း ကြီးမားပြီး များပြားလှသည်။ လူကိုတွယ်မိသည်နှင့် သွေးစုပ်ပြီး အသေကပ်နေကြတော့သည်။ တော်ရုံဆွဲခွာပစ်၍ မရ။ အကောင်ကလည်း လက်မခန့်ရှိသည်။ လက်ချောင်းများဖြင့် အသေအချာဆုပ်ကိုင်ပြီး ဆွဲဖြုတ်ရသည်။ မျှော့ကိုက်သောနေရာမှာ အပေါက်ကလေးဖြစ်နေပြီး သွေးစိမ့်ယိုနေတတ်သည်။ ယားပြီး တော်ရုံနှင့် အနာမပျောက်။ ယားနာပျောက်ဆေးများထည့်မှ သက်သာသည်။

နောက်ပိုင်းတွင် ရဲဘက်များက ဆေးရွက်ကြီးကိုရေစိမ်၍ ထုံးနှင့်ရောကာ အဝတ်ဖြင့်ထုပ်ပြီး ရိုက်ချမှမျှော့များ ပြုတ်ကျွကျတော့သည်။ စခန်းအလယ် ကွင်းရှင်းပြီးတော့ ဘေးနွတ်ခမ်းသားများကို ရှင်းရပြန်သည်။ ချောင်းရိုး၊ မြောင်းရိုး ပေါများလှသောဒေသဖြစ်သဖြင့် ကိုင်းတောနှင့် ကျူတောမှာ အလွန်ထူထပ်သည်။ တစ်ဖက်ကွင်းစပ်အား ခုတ်ထွင်ပြီးသည်နှင့် နောက်တစ်ဖက်ကွင်းစပ်အား ခုတ်ထွင်နေစဉ်၌ပင် ပထမခုတ်ထွင်းထားသည့် ကွင်းစပ်မှ အစို့အညှောင့်များ ပြန်ထွက်လာပြန်သည်။ ချာချာလည် ကွင်းရှင်းနေရသဖြင့် အလုပ်မှာမတွင်ကျယ်၊ နောက်ပိုင်း ဖီးဖြူကုန်းရွာမှ အဘဦးတင်အေးက လမ်းညွှန်သည်။ ခုတ်ပြီးသား ကိုင်းပင်များအား ကိုင်းတောထဲမှ ရှင်းလင်းမပစ်ဘဲ အခြောက်ခံ၍ မီးရှို့ပစ်ခြင်းဖြစ်သည်။ ဟုတ်တော့လည်း ဟုတ်ပါသည်။ ထိုနည်းဖြင့် ကိုင်းတော၊ ကျူတောအား မီးရှို့ရာ ကျူပင်၊ ကိုင်းပင်များ မီးလောင်ခံရပြီး အစို့ပြန်မထွက်တော့ပါ။ မြွေအန္တရာယ်နှင့် ခြင်အန္တရာယ်လည်း နည်းပါးသွားသည်။

ရွှေသုဒ္ဓေးစခန်းမှာ ရေနက်ကွင်းဒေသဖြစ်၍ မိုးတွင်းမဟုတ်သော်လည်း ရေစပ်စပ်ရှိ၍ ညနက်ပိုင်းတွင် ဖားရိုက်၍ရသည်။ ငါးခုတ်၍လည်း ရသည်။ တောကြောင်နှင့် မြွေပါများလည်း ထောင်၍ရသည်။ အသွားထက်သည့် အကောင်များဖြစ်ကြ၍ ရိုးရိုးနိုင်လွန်ကြိုးဖြင့်မရ။ မော်တော်ဆိုင်ကယ်ဘရိတ်ကြိုး၊ လီဘာကြိုးတို့နှင့် နင်းကိုင်းထောင်မှရတတ်သည်။

ကြောင်ဝံပိုက်၊ ကြောင်နံ့သာ၊ ကြောင်မြင်းကြီးများအား အများသည်။ ကြောင်ကြီးများမှာ တစ်ကောင်လျှင် လေးငါးပိဿာခန့် ရှိကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။ မြေပါများကိုမိလျှင်တော့ စခန်းတာဝန်ခံက သတ်မစားစေဘဲ ပြန်လွှတ်ခိုင်းတတ်သည်။ မြေအန္တရာယ် ကာကွယ်ရန်အတွက်ဖြစ်သည်။

ရွှေသူဌေးစခန်းကို ဗီးဖြူကုန်းချောင်းနှင့် ရွှေမယင်းချောင်း၊ တံခွန်တိုင်ချောင်းတို့က ဝိုင်းပတ်ထားသည်။ အနောက်ဘက်တွင် ရေနက်ကွင်းနှင့် အင်းအိုင်များ၊ စခန်းအရှေ့ဘက်၌ ဗီးဖြူကုန်းချောင်းနှင့် တံခွန်တိုင်ချောင်းအနီး၌ အစိုးရငါးမွေးမြူရေးကန်များ၊ အနောက်ဘက်၌ တံခွန်တိုင်ရွာ၊ မြောက်ဘက်၌ ကျောင်းရွာနှင့် မထားစုရွာ၊ အရှေ့မြောက်ဘက်၌ ဗီးဖြူကုန်းရွာကြီးရှိသည်။ ဗီးဖြူကုန်းချောင်းမှာ ရွှေမယင်းချောင်းနှင့် ပေါင်းဆုံပြီး မအူပင်မြို့အထိ မော်တော်ဖြင့် သွားနိုင်သည်။

စခန်းနယ်နိမိတ်ဖော်ပြီးနောက် ထောင်မှူးများနှင့် ဝန်ထမ်းများ၊ ရဲဘက်များ အသစ်ရောက်လာကြသည်။ တာဝန်ကိုယ်စီခွဲ၍ လယ်ယာမြေသစ်များ၊ ငါးကန်များ ဖော်ကြရသည်။ ကျွန်ုပ်သည် ယခင်က ရှေ့တန်း၊ နောက်တန်း တာဝန်ခံဖြစ်သော်လည်း အင်းအားသစ်များ ရောက်ရှိလာ၍ တာဝန်ပေါ့သွားသည်။ ကျွန်ုပ်၏လက်အောက်တွင် တပ်ကြပ်၊ ဒုတပ်ကြပ်နှင့် တပ်သား၊ ရဲဘက်များ အဆင့်ဆင့် အင်အားရှိသည်။ လယ်ကွင်းဖော်ခြင်းနှင့် ငါးကန်တူးဖော်ခြင်းဖြစ်သည်။ အထက်၌လည်း ထောင်မှူးကြီး၊ ထောင်ပိုင်တို့ရှိသည်။

သို့သော် တကယ့်လက်တွေ့ ကွင်းဆင်းပြီး အလုပ်လုပ်ရသူမှာ ရှေ့တန်းတပ်ခွဲတာဝန်ခံ ကျွန်ုပ်သာ ဖြစ်တော့သည်။ မြစ်ဝကျွန်းပေါ်သား၊ လယ်သမား သားသမီးဖြစ်၍ ကျွန်ုပ်က လယ်ယာကိုင်းကျွန်း လုပ်ငန်းတာဝန်ကို နားလည်သည်။ ရဲဘက်များနှင့်အတူတွဲ၍ နေပူမရှောင်၊ မိုးရွာမရှောင် အလုပ်လုပ်ရသဖြင့် ကျွန်ုပ်၏ နဂိုညိုသော အသားအရေမှာ မည်းနက်ပြောင်လက်ပြီး သပိတ်ရောင်ထနေသည်။ အစားအသောက် သားငါး ပေါများစွာ စားနိုင်၍သာ ကျန်းမာရေး ကောင်းမွန်နေခြင်း ဖြစ်သည်။ တစ်လကျော်ခန့် အလုပ်လုပ်ခဲ့ရ၍လည်း ဒေသရာသီဥတုကို ခံနိုင်ရည်ရှိနေခြင်းလည်း ဖြစ်ပါသည်။ နောက်ရောက်လာသော ထောင်မှူးများမှာ ဖျားနာ၍





ဆေးရုံတက်ရသည်မှာ မနည်းတော့။ ထို့ကြောင့်လည်း ရှေ့တန်းအလုပ်ခွင်၌ ထုသားပေသားရပြီး ကြံ့ကြံ့ခံနေနိုင်သူမှာ ကျွန်ုပ်တစ်ဦးတည်းသာ ဖြစ်တော့သည်။

ထို့ကြောင့်လည်း ထောင်ပိုင်နှင့် ထောင်မှူးကြီးတို့က ကျွန်ုပ်အား ဦးစားပေးပါသည်။ စခန်းစဖွင့်စဉ်ကတည်းက လူဟောင်းဖြစ်၍လည်း ကျွန်ုပ်အား အားကိုးယုံကြည်ကြသည်။ နောက်တန်းထောက်ဌာန၊ ဦးဌာန၊ ရေးဌာနများသို့ ပြောင်းရွှေ့ပေးသော်လည်း ကျွန်ုပ် မပြောင်းရွှေ့တော့ပါ။ ရှေ့တန်း၌ပင် တပည့်တပန်းများဖြင့် အခြေကျပြီး ပျော်နေ၍ဖြစ်သည်။

အလုပ်ပင်ပန်းသဖြင့် ညနေပိုင်း အနားရချိန်တွင် ကျွန်ုပ် အရက်သောက်တတ်သည်။ အမြည်းကတော့ တပည့်ရဲဘက်များ စီစဉ်ပေးသဖြင့် ပေါများလှသည်။ ပုစွန်တုပ်ကြီးကင်၊ ကဏန်းမီးဖုတ်၊ ငါးရံ့ ရွှံ့သုတ်မီးဖုတ်၊ ငါးကြော်၊ ငါးကလေးဟင်း။ ကန်စွန်းရွက်မှကြော်များ ဖြစ်ကြသည်။ တစ်ခါတစ်ရံ တောကြောင်သားနှင့် မြွေသားဟင်းလျာများလည်း ပါသေးသည်။ တစ်နေ့တစ်မျိုး မရိုးအောင် လုပ်ပေးကြသည်။ သို့သော် အရက်ကရှားသည်။ တွံတေးမြို့က လူကြုံရှိမှ ရတတ်သည်။

သို့သော် အပေါင်းအသင်းစုံ၍ လေ့လာစူးစမ်းအားကောင်းသော ကျွန်ုပ်၏ လက်ရင်းတပည့် မဲကြီးနှင့်ကတ္တရာက အရက်ကိစ္စကို ဖြေရှင်းပေးတတ်ကြသည်။ 'ရွာရှိလျှင် အရက်ရှိသည်' ဆိုသည်မှာ သူတို့၏ လက်သုံးဆောင်ပုဒ်များဖြစ်သည်။ ထို့ကြောင့်လည်း စခန်းပတ်ဝန်းကျင်၌ ရွာများဖြစ်ကြသည့် တံခွန်တိုင်ရွာ၊ ကျောင်းရွာ၊ မထားစုရွာ၊ ဗီးဖြူကုန်းရွာများက လိုအပ်သောအရက်ကို ရှာပေးကြသည်။

အလုပ်ပိတ်ရက်များ၌လည်း ကျွန်ုပ်နှင့်တပည့်(၅)ဦး စခန်းအနီးပတ်ဝန်းကျင်ရှိ ရွာများသို့ လည်ပတ်ကြပြီး အရက်သောက်ရင်း မိတ်ဖွဲ့ရသည်။ ကျွန်ုပ်၏ တပည့်ရဲဘက်များမှာ အလွန်ဖင်ပေါ့ကြသည်။ ရွာများသို့ရောက်သည်နှင့် လူခွဲမရှိသော မိအို၊ ဖအိုအိမ်များတွင် ရေခပ်ပေးခြင်း၊ ထင်းခွဲပေးခြင်း၊ အမှိုက်လှည်းပေးခြင်း၊ အမိုးအကာပြုပြင်ပေးခြင်းတို့



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ရွာသူရွာသားများကလည်း ဗုဒ္ဓဘာသာဝင်များပီပီ ရှိတာကလေးဖြင့် ပြန်လည်ကျွေးမွေးကြသည်။ ထို့ကြောင့် ကျွန်ုပ်တို့ ဆရာတပည့်များအတွက် ပိတ်ရက်များတွင် နေ့လယ်စာနှင့် ညစာတို့အား စခန်းတွင် မစားဖြစ်ကြသည်က များသည်။ ရွာများ၌ပင် လှည့်ပတ်၍ စားရလေ့ရှိသည်။ ကြာတော့ သူကြီးကအစ ကာလသားများအပါအဝင် ကျွန်ုပ်တို့၏ အပေါင်းအသင်းမိတ်ဆွေများ ဖြစ်လာကြတော့သည်။ ရွာစဉ်လှည့်၍ အရက်သောက်သော ကျွန်ုပ်တို့အဖွဲ့မှာ ဆွေမျိုးရင်းခြာများပမာ ဖြစ်သွားတော့သည်။

တနင်္ဂနွေနေ့ ပိတ်ရက်တစ်ရက်တွင် စခန်းအနောက်ဘက် တံခွန်တိုင်ရွာ အသုဘအိမ်က ဖိတ်ထားသည်။ သို့သော် နောက်တစ်ရက် တနင်္လာနေ့တွင် အကျဉ်းဦးစီးဌာနမှ ညွှန်ချုပ်ကြီးလာမည်ဆိုသဖြင့် ကျွန်ုပ်တို့ စခန်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ခြင်း၊ ဘားတိုက်များအား သန့်ရှင်းရေးလုပ်ခြင်း၊ ရုံးအဆောက်အအုံအား သန့်ရှင်းရေးလုပ်ရသဖြင့် မနက်ပိုင်း အပြင်မထွက်နိုင်။ နေ့လယ်စာစားပြီး ညနေစောင်းမှ စခန်းအပြင်ထွက်ခွင့်ရသည်။ တံခွန်တိုင်ရွာမှာ စခန်းအနောက်ဘက်တွင်ရှိပြီး ခရီးအတော်လှမ်းသည်။

ကျွန်ုပ်တို့ဆရာတပည့် စခန်းမှထွက်ပြီး ကျွန်ုပ်တို့ဖော်ထုတ်ထားသည့် လယ်ကွင်းများ၊ ငါးကန်များ၊ စိုက်ခင်းများကို ရှောင်ကွင်း၍ သွားရသည်။ စခန်းကွင်းအဆုံးနှင့် ရွာကြားတွင် ကုန်းမြင့်ကလေးတစ်ခုရှိသည်။ ထိုကုန်းပေါ်၌ ဘုရားငုတ်တိုတစ်ဆူနှင့် သင်္ချိုင်းမှာလည်း အုတ်ဂူများမရှိ။ ကုန်းမို့မို့သာ ရှိတော့သည်။ သင်္ချိုင်းအဟောင်းသာ ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာ့တပ်မတော်က ဂျပန်တပ်စိတ်တစ်ခုအား တပ်လုံးပြုတ် ချေမှုန်းသုတ်သင်ခဲ့သော နေရာဟုလည်း သိရသည်။ ဘုရားပျက်က. တောင်ဘက်ကုန်းမြင့်ကလေး ထိပ်၌ရှိပြီး၊ သင်္ချိုင်းဟောင်းက မြောက်ဘက်ကုန်းစွန်းတွင်ရှိသည်။ ဘုရားပျက်နှင့် သင်္ချိုင်းမှာ ပေ(၁၀၀)ခန့်သာဝေးကွာပြီး အလယ်၌ လူသွားလမ်းကလေးရှိသည်။ ကျွန်ုပ်တို့၏ စခန်းနယ်နိမိတ်အတွင်း၌ ပါဝင်သည်။





ကုန်းမြင့်ကလေးအောက်၌ ရိုးချောင်းကလေးရှိသည်။ အကျယ်အဝန်းမှာ ငါးပေခန့်သာရှိသည်။ စခန်းနှင့်ရွာ နယ်နိမိတ်ခြားထားသောမျဉ်းဖြစ်သည်။ သို့သော် ရိုးချောင်းကမ်းနှစ်ဖက်အား လူတစ်ရပ်ကျော်မြင့်သည့် ကိုင်းတောကြီးက ဖုံးနေသည်။ ဤကမ်းမှကြည့်လျှင် ကိုင်းတောကြီးဖုံးနေသဖြင့် ရွာကို မမြင်နိုင်ပါ။ ကျွန်ုပ်တို့စခန်းမှလူများနှင့် ရွာမှလူများ၊ ကျွဲ၊ နွားများ သွားထားသဖြင့် ရိုးချောင်းကလေးအလယ်၌ နှစ်ပေသုံးပေခန့်ကျယ်သော လမ်းပေါက်ကလေး ဖြစ်နေသည်။ လူကူးတံတားတော့မရှိ။ ရေထဲကဆင်း၍ ဖြတ်ကြရသည်။ ရေအနက်မှာ နွေရာသီဖြစ်၍ ဒူးခေါင်းမြုပ်ရုံသာပင် မိုးရာသီတွင်တော့ ရေနက်ကွင်းဒေသဖြစ်၍ ဖြတ်၍ရမည်မထင်။

တံခွန်တိုင်ရွာသင်္ချိုင်းက ရွာအနောက်ဘက် မြကန်သာရွာကြားတွင်ရှိသည်။ ဘုရားပျက်အနီးမှ သင်္ချိုင်းရာအား ဂျပန်သင်္ချိုင်းဟောင်းဟု ရွာကလူများပြောသောကြောင့်သာ သိရခြင်းဖြစ်သည်။ သရဲ၊ သဘက်ခြောက်ခြင်းမှာလည်း နာမည်ကြီးလှ၍ ရွာမှလူများ ညရေးညတာတွင် ရှောင်ကွင်းသောနေရာလည်း ဖြစ်သည်။ ကျွန်ုပ်ကတော့ လက်ရင်းတပည့် ငါးယောက်လည်း ပါသည့်အပြင် ကျွန်ုပ်၌ ငှက်ကြီးတောင်ဓားတစ်လက်နှင့် ညရေးညတာတွင်သုံးရန် ငါးတောင့်ထိုး Eveready လက်နှိပ်မီးကြီးတစ်လက်လည်း ပါသေးသည်။ တပည့်ငါးယောက်တွင် အဆစ်ပိတ် ဝါးစိမ်းတုတ်ကိုယ်စီ ကိုင်ထားကြသည်။

အုပ်စုအင်အားတောင့်ပြီး လက်နက်ကိုယ်စီပါကြ၍ ကျွန်ုပ်တို့မကြောက်ပါ။ သွားနေကျနေရာလည်း ဖြစ်သည်။ သင်္ချိုင်းတောင်ကုန်းပေါ်က ဆင်းပြီးနောက် ချောင်းရိုးကလေးကို ဖြတ်ရသည်။ ရေအနက်မှာ ဒူးခေါင်းမြုပ်ရုံသာ ရှိသည်။ ကိုင်းတောကြီးမှာ ချောင်းရိုးကလေးအပြည့် ပိတ်ဆီးနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မဲကြီး ॥ ॥ "ဆရာ . . . နောက်နေ့တွေ ညနေပိုင်း အလုပ်သိမ်းပြီးတာနဲ့ ဒီသချိုင်းကုန်းမတ်ဝန်းကျင်ကို ကျွန်တော်တို့ ရှင်းလင်းပြီး မီးရှို့လိုက်မယ်"

"အေး . . . ကောင်းတော့ကောင်းတယ်။ ဒါပေမဲ့ ညွှန်ချုပ်ကြီး လာနေတုန်းတော့ မလုပ်နဲ့ဦး။ တို့ညွှန်ချုပ်ကြီးက ဒီစခန်းရောက်ရင် ပျော်တယ်ထင်ပါရဲ့။ နှစ်ရက်၊ သုံးရက် ညအိပ်ပြီးမှ ပြန်တတ်တာ"

ဖော်ထွန်း ॥ ॥ "ဆရာရယ် . . . ဒီကိုင်းတောကြီးကို ရှင်းလိုက်ရင် ရွာကိုလည်း လှမ်းမြင်ရတာပေါ့။ ခြေခင်းလက်ခင်းသာပြီး ဒီနေရာလည်း နေ့၊ ည ကြောက်စရာမကောင်းတော့ဘူးပေါ့"

"အေး . . . အဲဒါတော့ ဟုတ်ပါတယ်။ ငါတို့လည်း သွားလမ်းသာ၊ လာလမ်းဖြောင့်သွားတာပေါ့။ ဒါပေမဲ့ ငါတို့ညွှန်ချုပ်ကြီးက ရဲဘက်တွေ ရွာကိုသွားမှာကို မကြိုက်ဘူး။ နောက်ပြီး သူကလည်း ဒီစခန်းရောက်တာနဲ့ ကွင်းအနှံ့ပတ်နေတော့ ရွာကိုလှမ်းမြင်ရရင် မေးတော့မှာ။ ဒါကြောင့် သူပြန်သွားမှ လုပ်ကြတာပေါ့။ အခုတော့ ဒီအတိုင်း ထားလိုက်ဦးကွာ။ မင်းတို့လုပ်ရင်တော့ ရိုးချောင်းကူးတံတားလေးပါ လုပ်ကြပေါ့ကွာနော်"

"ဟုတ်ကဲ့ ဆရာ။ ကျွန်တော်တို့ သေသေသပ်သပ် လုပ်ပေးပါ့မယ်"

ကျွန်ုပ်တို့အုပ်စု ရိုးချောင်းကလေးထဲဆင်းပြီး ရွာဘက်သို့ ကူးလာ( )ခဲ့သည်။ ကိုင်းတောကိုဖြတ်၊ ရိုးပြတ်လယ်ကွင်းကိုကျော်မှ ရွာကို လှမ်းမြင်ရသည်။ မန်ကျည်းပင်၊ သရက်ပင်၊ အုန်းပင်များ အုပ်အုပ်ဆိုင်းဆိုင်းဖြင့် အိမ်ခြေ(၁၀၀)ကျော်ရှိသော ရွာကြီးဖြစ်သည်။ တံခွန်တိုင်ချောင်းအ ည်စွဲ၍ တံခွန်တိုင်ရွာဟု ခေါ်သည်လား၊ တံခွန်တိုင်ရွာကြီးကြောင့် တံခွန်တိုင်ချောင်းဟု ခေါ်သည်လားတော့ မပြောတတ်ပါ။ ရွာအရှေ့တွင် စေတီနှင့် ဘုန်းကြီးကျောင်းကိုတော့ လှမ်းမြင်နေရသည်။

ရွာဦးဘုန်းကြီးကျောင်းကိုကျော်ပြီးမှ ရွာထဲ ရောက်လာသည်။ အသုဘအိမ်က ရွာအလယ်၌ဖြစ်သည်။ ကျွန်ုပ်တို့အဖွဲ့ ရွာထဲဝင်လာသည်





နှင့် ရွာလယ်လမ်းဘေးရှိ အိမ်များက ဝိုင်း၍နှုတ်ဆက်ကြသည်။ တစ်ရွာလုံး ကျွန်ုပ်တို့အုပ်စု မရောက်ဖူးသောအိမ်က ခပ်ရှားရှားပင်။ ကျွန်ုပ်တို့လည်း ပြန်လည်နှုတ်ဆက်ပြီး အသုဘအိမ်သို့ ရှေးရှုလာကြသည်။ အသုဘအိမ်ရှေ့သို့ရောက်သော် အိမ်ရှင်ဦးမောင်ကိုက နှုတ်ဆက်ပြီး ကြိုဆိုသည်။

"ဆရာထောင်မှူးတို့ . . . လာကြဗျို့။ နောက်ကျလိုက်တာဗျာ။ ကနေ့ ပိတ်ရက်ဆိုတော့ မနက်ကတည်းက မျှော်နေကြတာ။ နေ့လယ်စာ ထမင်းတွေလည်း ချက်ထားတာ တစ်ပုံကြီးပဲ"

"သည်းခံပါ . . . ဦးမောင်ကိုရယ်။ ကျွန်တော်တို့လည်း မနက်ကတည်းက လာဖို့ပါပဲ။ မနက်ဖြန် ကျွန်တော့်ဌာနက ညွှန်ချုပ်ကြီးလာမှာမို့ စခန်းကို သန့်ရှင်းရေး လုပ်နေကြရလို့ပါ။ အလုပ်ပြီးမှ ထွက်လာကြရတော့ နောက်ကျသွားတာပေါ့ဗျာ"

"မတ္တာပ်လည်း ထိုးပြီးပါပြီ . . . ဆရာထောင်မှူးရယ်။ အချက်အပြုတ်ကတော့ ရွာကလူတွေနဲ့ ပြီးပါတယ်"

"ရေခပ်စရာ၊ ထင်းခွဲစရာတွေ ရှိဦးမှာပေါ့။ ကဲ . . . မဲကြီးတို့ အချိန်ကလေးရှိတုန်း ဝိုင်းကူလိုက်ကြကွာ။ ဒါနကလေး မြောက်သွားအောင်"

"ဟုတ်ကဲ့ပါ . . . ဆရာ"

"ကျွန်တော်တို့ လူခွဲပြီး လုပ်လိုက်ပါ့မယ်"

မဲကြီးတို့အုပ်စု ထွက်သွားမှ ကျွန်ုပ်က ဦးမောင်ကိုအား မေးမိသည်။

"ဦးမောင်ကို၊ မောင်စံက ဘာရောဂါနဲ့ ဆုံးတာလဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ဗျာ။ ပြီးခဲ့တဲ့အပတ်ကတောင် ကျွန်တော်တို့နဲ့ ဂျပန်သချိုင်းဟောင်းနားမှာ ဆုံသေးတယ်"

"ပိုးထိတာပါ . . . ဆရာထောင်မှူးရယ်။ စိတ်တော့မရှိပါနဲ့ဗျာ။ ဆရာတို့ဘက်က ကွင်းရှင်း၊ ကန်တူးပြီး မီးရှို့တော့ မြွေဆိုးတွေ နေစရာမရှိလို့လား မသိပါဘူး . . . ဆရာရယ်၊ ရွာထဲကို ဝင်လာကြတယ်။ ကျွန်တော်တို့လည်း ညရေးညတာ အတော်သတိထားပြီး သွားလာကြရတယ်။ ခြေခင်း



www.burmeseclassic.com

www.burmeseclassic.com



လက်ခင်း မသာဘူးပေါ့ . . . ဆရာရယ်။ အရင်က တစ်ခါတစ်ရံသာတွေ့ရတဲ့ မြွေဆိုးတွေကို အခုတော့ နေ့ရော၊ ညပါ ရွာထဲမှာ တွေ့နေရတယ်။ ဒါကြောင့်လည်း သူကြီးအမိန့်နဲ့ တစ်ရွာလုံးမှာရှိတဲ့ အမှိုက်ချုံပုတ်တွေကို ရှင်းကြရတာ။ အဲဒါနဲ့ ကျွန်တော့်သားမောင်စံတို့အုပ်စု တစ်ရွာလုံး အမှိုက်ရှင်းကြရင်း ရွာအနောက်ဘက်က ဒေါ်ဆွဲမိ အိမ်ဝင်းထဲက ချုံပုတ်ကိုရှင်းရင်း မြွေပွေး အကိုက်ခံရတာပါ''

''ရွာမှာ ဆေးမှူးမရှိဘူးလား . . . ဦးမောင်ကိုရယ်။ မရှိရင်လည်း ကျွန်တော်တို့စခန်းကို ခေါ်လာရောပေါ့ဗျာ။ စခန်းမှာ ဆေးမှူးသိန်းစန်း ရှိပါတယ်။ မြွေဆိုးပေါတဲ့နေရာမို့ မြွေဆိပ်ဖြေဆေးလည်း ဆောင်ထားပါတယ်''

''သိပါတယ် . . . ဆရာထောင်မှူးရယ်။ အဲဒါကြောင့်လည်း အားကိုးတကြီး စောင်ပုခက်နဲ့သယ်လာတာပါ။ ရိုးချောင်းကျော်ပြီး ဂျပန်သချိုင်းကုန်းနားရောက်လို့ အသက်မရှိတော့ဘူးဆိုတာနဲ့ ရွာပြန်သယ်လာတာ။ ရွာကလက်မခံတာနဲ့ ရွာပြင်ထုတ်ထားရပါတယ် . . . ဆရာရယ်။ သားလေး မောင်စံ အလွန်ကံဆိုးပါတယ်''

''အချိန် ဘယ်လိုနောက်ကျတာလဲ . . . ဦးမောင်ကိုရယ်။ မြွေကိုက်ပြီး (၂)နာရီအတွင်း ဆေးဝါးအကူအညီရနိုင်ရင် အသက်ကို ကယ်နိုင်တယ်လို့ ကျွန်တော် ကြားဖူးပါတယ်။ အခုဟာက ဘယ်လိုဖြစ်တာလဲ''

''အေးဗျာ . . . ဆရာထောင်မှူးရယ်၊ အခုသားကိစ္စက (၂) နာရီလည်း မကြာပါဘူး။ (၄၅) မိနစ်လောက်ပဲ ကြာတာနဲ့ ကိစ္စပြတ်တာပါ။ အလွ အံ့ဩစရာလည်း ကောင်းပါရဲ့ဗျာ။ သားကိုကိုက်တဲ့ မြွေကလည်း လက်မောင်းလုံးလောက်ရှိတဲ့ မြွေပွေး၊ တုတ်တုတ်ခဲခဲကြီး။ ကျွန်တော့်တစ်သက် မြင်ဖူးတဲ့အထဲမှာတော့ အကြီးဆုံးပဲ။ ကိုက်ပြီးတော့လည်း မပြေးဘူး ဗျ။ ချုံပုတ်ထဲမှာ ပြန်ခွေနေတာ။ ကာလသားတွေ ဝိုင်းရိုက်ပြီး ချက်စားလိုက်ကြတာ အလွန်ကောင်းဆိုပဲ။

သားက မြွေကိုက်ပြီးကတည်းက သတိလစ်သွားလိုက်တာ သေတဲ့အထိ သတိပြန်လည်မလာတော့ဘူး။ ကျွန်တော်လည်း စိတ်နာလွန်း





လို့ မြွေဆို အကုန်သတ်ပဲ။ ဂျပန်သချိုင်းနားက ရိုးချောင်းမှာ ပေါက်နေတဲ့ ကိုင်းတောကိုလည်း ကျွန်တော်တို့ ရှင်းလင်းပြီး မီးရှို့မလားလို့ စိတ်ကူးနေတာ . . . ဆရာထောင်မှူးရေ''

''ဦးမောင်ကိုရေ . . . ကျွန်တော်တို့နဲ့တော့ အကြံချင်း တူနေပြီ။ ကျွန်တော်တို့လည်း ရိုးချောင်းအနီးက ကိုင်းတောကို ကနေ့ ရှင်းဖို့ပဲ။ မနက်ဖြန် ညွှန်ချုပ်ကြီးလာမှာမို့ ထောင်မှူးကြီးက တားထားလို့သာပေါ့။ ညွှန်ချုပ်ကြီးပြန်သွားပြီး နောက်အပတ်တနင်္ဂနွေနေ့ မနက်ကျရင် ရှင်းကြတာပေါ့ဗျာ''

''ဟုတ်ကဲ့ . . . ဆရာ။ အဲဒီနေ့ကျရင် ကျွန်တော်တို့လည်း ဝိုင်းကူပါ့မယ်။ ကဲ . . . ဆရာတို့ကို ထုံးစံမပျက် ညှော်ခံပါရစေ။ အမြည်းကတော့ ငါးဟင်းပေါ့ဗျာ။ သောက်ကြပါ၊ စားကြပါဆရာတို့ အားမနာပါနဲ့နော်''

သူတို့ ရပ်ရွာလေ့ထုံးစံအတိုင်း အရက်ပွဲဖြင့် ညှော်ခံခြင်းဖြစ်သည်။ မိုးချုပ်စပြုသည်နှင့် ဖဲဝိုင်းကလည်း စနေပါပြီ။ အောက်လင်းဓာတ်မီးကြီး (၂)လုံးကလည်း အိမ်နှင့်မဏ္ဍပ်အတွင်း ထိန်ထိန်လင်းနေသည်။ ကျွန်ုပ်တို့ စားသောက်ပြီးတော့ ည(၈) နာရီခန့် ရှိပေမည်။ ဖဲဝိုင်းကလည်း အလွန်စည်ကားလှပါသည်။ မျက်နှာသိလူရင်းများဖြစ်ကြ၍ ကျွန်ုပ်တို့ကိုလည်း အတင်းခေါ်ကြသည်။ ပထမ ပိုကာဝိုင်းမှ ဘူကြီး၊ ကိုးမီးဝိုင်းများ ဖြစ်လာသည်။ စပါးရောင်းပြီးစဖြစ်၍ ရွာသားများ ငွေရွှင်နေကြဟန်လည်း တူသည်။ စခန်းပတ်လည်မှာရှိသည့် ကျောင်းရွာ၊ မထားစုရွာနှင့် ဖိုးဖြူကုန်းရွာကြီးမှပင် လာရောက်ကစားကြသည်။

ကျွန်ုပ်ကိုလည်း ခေါ်လွန်းမက ခေါ်သောကြောင့်လည်းကောင်း၊ တပည့်များကလည်း တိုက်တွန်းသောကြောင့်လည်းကောင်း၊ ဝိုင်းထဲ ဝင်ထိုင်ဖြစ်တော့သည်။ ရွာဓလေ့ထုံးစံအတိုင်း ကွယ်လွန်သူမောင်စံကိုလည်း ဖဲနိုင်အောင်ကူညီပါရန် စိတ်ထဲက တလိုက်မိသည်။ စ,ထိုင်ထိုင်ချင်း ပထမဝိုင်းကတည်းက ကျွန်ုပ် နိုင်သည်။ (၅) ဝိုင်းခန့် ဆက်နိုင်တော့ ဓောင်းဝထာန်းကျော်ကျော်ရပြီး အားလုံးကလည်း အသိများဖြစ်ကြ၍ နိုင်ကိုင်နိုင်း



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ ကျွန်ုပ်ပင်ဆက်နိုင်ရာ ငွေငါးသောင်းကျော်ခန့် ဖြစ်နေပေပြီ။ ထိုစဉ် ဇီးဖြူကုန်းရွာမှ စက်လှေပိုင်ရှင်သူဌေးကိုဦး ရောက်လာသည်။

"ဟာ ... ဆရာထောင်မှူး တစ်ပုံကြီး ထောနေပါလား၊ ရှုံးကစားကြရအောင်ဗျာ။ ငွေလည်းရှိသားပဲ။ ကဲ ... တခြားပါချင်သူများရှိရင်လည်း လာကြဗျာ"

"ရှုံးတော့မလုပ်ပါနဲ့ ... ကိုဦးရယ်။ မိတ်ဖြစ်ဆွေဖြစ် အပျော်တမ်းကစားကြတာပဲ၊ ဘူကြီးပဲ ကောင်းပါတယ်"

"ဆရာထောင်မှူးကလည်း လုပ်တော့မယ်။ ရှုံးက မြန်တာပေါ့။ ဉာဏ်မပါဘူး။ ကဲပဲ။ ကျွန်တော့်မှာ ငွေတစ်သိန်းကျော်လောက် ပါပါတယ်။ ရမ်အရက်လည်း ပါတယ်။ စားရင်းသောက်ရင်း ကစားကြတာပေါ့။ ငွေကုန်ရင် ပြန်မယ်။ အရက်အလျှင်သောက်ပြီး ချကြမယ်။ ငွေပေါပြီး သတ္တိကောင်းတဲ့သူရှိရင်လည်း လာခဲ့ကြပါ။ ကျွန်တော်ကတော့ ကချော်ကချွတ် မလုပ်ချင်ဘူး။ ဇီးဖြူကုန်းရွာကတောင် လာရတာ"

ကျွန်ုပ်တို့ ထပ်မံသောက်စားနေကြစဉ် ဝိုင်းထဲသို့ လူ(၂)ဦး ဝင်လာသည်။ ကျောင်းရွာနှင့် မထားစုရွာများမှ နာမည်ကြီး ဖဲသမားများ ဖြစ်ကြသည်။ စားကြသောက်ကြပြီး လေးဦးဝိုင်းစသည်နှင့် ရွာခံတံခွန်တိုင်ရွာမှတစ်ဦးလည်း ဝိုင်းထဲသို့ ဝင်လာပြန်သည်။ ရှုံးဝိုင်းဆိုသည့်အတိုင်း ပါလာသည့်ငွေကိုတော့ ပြရသည်။ ငွေ (၅)သောင်းကျော်ခန့်သာရှိသော ကျွန်ုပ်မှာ အနည်းဆုံးဖြစ်သည်။ ပထမဝိုင်းတွင် ကျွန်ုပ်တို့ရှုံးသည်။ ဇီးဖြူကုန်းရွာက ကိုဦး တစ်ထိုင်တည်း ငွေ(၅)သောင်း ပိုက်မိသွားသည်။ ကျွန်ုပ်မှာတော့ ဖဲကစားခြင်းကို ကျွမ်းကျင်သူမဟုတ်ပါ။ သဘောလောက်သာ နားလည်ပါသည်။ ရှုံးဝိုင်းဖြစ်၍ ရေကုန်ရေခန်း ကစားကြမည်ဖြစ်သည်။

ဒုတိယဝိုင်းစတော့ ကျွန်ုပ် ကွယ်လွန်သူမောင်စံအား အာရုံပြု၍ လေးလေးနက်နက် တ,ရပြန်သည်။ ဒုတိယဝိုင်းတွင် ဝိုင်းလုံးကျွတ်အောင် ကျွန်ုပ်နိုင်သည်။ တတိယဝိုင်း၊ စတုတ္ထဝိုင်း ကျွန်ုပ် ဆက်တိုက်နိုင်သည်။ ဖဲသမားထုံးစံအတိုင်း ရှုံးလေ၊ မဲလေ၊ ထိုးလေဖြစ်ကြရာ ကျွန်ုပ်ပင် လေးငါးဝိုင်း ဆက်တိုက်နိုင်ပြီး ငွေကုန်မှဝိုင်းသိမ်း ကြတော့သည်။ ရှုံးဝိုင်းကို





ကျွန်ုပ် ကျွမ်းကျင်သည်မဟုတ်။ သို့သော် ကွယ်လွန်သူမောင်စံအား လိုက်လှဲစွာ တ,ပြီးသည့်နောက်ပိုင်း ကျွန်ုပ်အတွက် တက်လာသည့်ဖဲများမှာ ထိပ်ကချည်း ဖြစ်သည်။ ဝိုင်းသိမ်းတော့ ကျွန်ုပ် လေးသိန်းခွဲကျော် နိုင်သည်။ အချိန်ကလည်း ည(၁၁)နာရီ ကျော်ပေပြီ။

ကိုဦး ။ "ဆရာထောင်မှူး ... မနက်ဖြန်ည လာခဲ့ဦးဗျာ။ ကျွန်တော် ငွေများများ ယူခဲ့မယ်။ ဆရာ ဉာဏ်သမားမဟုတ်ကြောင်း ကျွန်တော် သိပါတယ်။ ကံသမားပေါ့ဗျာ။ မနက်ဖြန်ည ပြန်ဆုံကြဦးစို့ဗျာ။ ကျွန်တော် လည်း ပြန်တော့မယ်"

"ကောင်းပါပြီ ... ကိုဦးရယ်။ ကျွန်တော် ဒီနေ့ ကံကိုလိုက်နေ တာပါ။ ကျေးဇူးပဲဗျာ။ မနက်ဖြန်ည ပြန်ဆုံကြဦးစို့ရဲ့"

"ဟုတ်ပြီဗျာ ... မနက်ဖြန်ည (၈)နာရီလောက် ဆုံကြတာပေါ့။ ကဲ ... အားလုံးပဲ ပြန်ပြီဗျို့"

ကိုဦး သူ၏ ပဲ့ထောင်စက်လှေဖြင့် တံခွန်တိုင်ချောင်းမှပြန် သွားသည်။ ကျွန်ုပ်တို့လည်း ကစားဖော်များနှင့် အသုဘရှင် ဦးမောင်ကိုအား နှုတ်ဆက်ပြီး မောင်စံ၏ အသုဘရက်လည် ဆွမ်းကျွေးအတွက် ငွေငါးသောင်းကျပ်အား အလှူငွေထည့်ခဲ့သည်။ ဦးမောင်ကိုက မနက်ဖြန်ည ဆက်ဆက်လာရန်နှင့် ရက်လည်ဆွမ်းကျွေးနေ့ လာရန်လည်း ဖိတ်သည်။ အသုဘမဏ္ဍပ်ထဲက ဘူကြီးနှင့်ကိုးမီးဝိုင်းကတော့ စည်ကားဆဲပင် ဖြစ်သည်။

ကျွန်ုပ်တို့ဆရာတပည့် ရွာပြင်ထွက်၊ ရိုးပြတ် လယ်ကွင်းကိုဖြတ်တော့ ဆန်း၈,လကလေးက ရေးရေးသာနေသည်။ ကျွန်ုပ် ကွယ်လွန်သူ မောင်စံအား ကောင်းရာသုဂတိလားစေရန် မေတ္တာပို့ရင်း ကျေးဇူးတင်ကြောင်း နှုတ်ဆက်မိသည်။ ကျွန်ုပ်၏ အစွမ်းအစနှင့်မဟုတ်ဘဲ ကွယ်လွန်သူ မောင်စံကူညီ၍ ဖဲနိုင်ခြင်းဟု ကျွန်ုပ် ယုံကြည်ထားမိသည်။ ကျွန်ုပ် ဘဝတွင် ဤမျှများပြားသောငွေကြေးကို တစ်ခါမျှ မနိုင်ဖူးခဲ့လေ။

ကျွန်ုပ်တို့ဆရာတပည့် (၆)ဦး (၅)တောင့်ထိုး လက်နှိပ်ဓာတ်မီး အလင်းရောင်ဖြင့် ရိုးချောင်း၊ ကိုင်းတောဆီသို့ ဦးတည်လာခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်မှာ ပုရစ်သံနှင့်ပုစဥ်းရင်ကွဲသံ စီစီမြည်နေသည်။ လရောင်ကတော့ မှုန်ဝါးဝါး။ ကျွန်ုပ် လက်စွဲတော် ငှက်ကြီးတောင်ဓားကို အသင့်ကိုင်ထားပြီး ငွေလေးသိန်းကျော်ပါသည့် လွယ်အိတ်ကို စလွယ်သိုင်း လွယ်ထားသည်။ မဲကြီးက ရှေ့ကမီးထိုးသည်။ ကျွန်ုပ်က အလယ်ကဖြစ်သည်။ တပည့်များမှာ ဝါးစိမ်းတုတ်များကို အသင့်အနေအထားဖြင့် ကိုင်လာကြသည်။ မြွေအန္တရာယ်အပြင် ငွေများလည်း လေးသိန်းကျော်ပါလာ၍ သတိထားကြရခြင်းဖြစ်သည်။

ရိုးချောင်းအနီး ကိုင်းတောစပ်ရောက်တော့ ပုရစ်သံများ ရုတ်တရက်တိတ်ဆိတ်သွားပြီး တံခွန်တိုင်ရွာဘက်မှ သက်ကြီးခေါင်းချ ကြက်တွန်သံကို ကြားရသည်။ ကျွန်ုပ် ညကြည့်လက်ပတ်နာရီကို ကြည့်မိတော့ ည (၁၂) နာရီတောင် ကျော်ချေပြီ။ ကျွန်ုပ်တို့ ရိုးချောင်းထဲ အဆင်း၌ပင် ဗလုံးဗထွေးဖြင့် အမိန့်ပေးသံလိုလို ကြားလိုက်ရသည်။

"ဒရော ကျောနင်း မတ်တဲ"

တစ်ချိန်တည်း သေနတ်မောင်းတင်သံကိုလည်း ကြားလိုက်ရသည်။

"ဂျောက် ... ဂျလောက် ... ဂျောက်"

ကျွန်ုပ်တို့ အံ့အားသင့်ပြီး ရပ်၍မော့ကြည့်ရာ သချိုင်းတောင်ကုန်းပေါ်က လက်နက်ကိုင်နှစ်ဦးအား မည်းမည်းအရိပ်များအဖြစ် မြင်ရသည်။ ထိုစဥ်မဲကြီးက လေသံတိုးတိုးဖြင့် ကျွန်ုပ် အနီးကပ်၍ မေးလာသည်။

"ဆရာ ... ဘာကောင်တွေလဲ။ ကျွန်တော်တို့စခန်းကတော့ မဟုတ်ဘူးထင်တယ်။ ငွေတွေပါလာမှန်းသိလို့ ဖြတ်လုတာဖြစ်မယ်။ စကားသံတွေကလည်း ဘာမှန်းမသိဘူး"

"အသာနေ ... မဲကြီး၊ ငါ ကြည့်စီစဥ်မယ်။ လက်တော့ မနေးစေနဲ့။ ဂျပန်လိုပြောနေတာ ငါနားလည်တယ်။ ဘယ်သူလဲ ရပ်လို့ပြောနေတာ"

ကျွန်ုပ်လည်း အရက်ကလေးထွေထွေဖြင့် သရဲခြောက်မှန်း သိသောကြောင့် ပြန်အော်လိုက်ပါသည်။





"ဝါတာရှိ၊ ဘီရုမာဂွန်းဂျင်း"

ကျွန်တော်တို့ မြန်မာစစ်သားတွေပါဟု ပြောလိုက်သည်နှင့် သေနတ်ဖြင့် ပစ်တော့သည်။

"ဒိုင်း ... ဒိုင်း ... ဒိုင် ... ဒိုင်း"

ကျွန်ုပ်တို့ဆရာတပည့် (၆)ဦး ရိုးချောင်းထဲခုန်ချ၍ ဝပ်ရတော့သည်။ သေနတ်သံတိတ်သွားပြီး ခဏကြာတော့ လက်နက်ကိုင် အရိပ်မည်းမည်းနှစ်ဦး ကျွန်ုပ်တို့ရှေ့တွင် ပေါ်လာပြီး ...

"ဘီရုမာဂွန်းဂျင်းဒဲတဲ"

မဲကြီး ။ "ဟော့ ... လာပြန်ပြီ ... ဆရာရေ့။ ဘာတဲ့လဲ မသိဘူး။ ပြောပြန်ပြီ"

"မြန်မာစစ်သား ထွက်ခဲ့လို့ပြောတာပါ။ ဘာမျှ ကြောက်မနေနဲ့။ အေးအေးဆေးဆေး ထွက်ကြ။ လက်တော့ မနေးစေနဲ့။ သတိထားကြ"

ကျွန်ုပ်တို့ ချောင်းရိုးထဲက ထလိုက်တော့ တစ်ကိုယ်လုံးလည်း ရွှံ့စိုနေကြပြီး ပိုက်ဆံအိတ်ကိုနောက်ကျောတွင် လွယ်ထားပြီး ဓားနှင့် တုတ်များအား ကျောဘက်တွင် ကွယ်ဝှက်၍ထလိုက်တော့ လက်နက်ကိုင်နှစ်ဦး ကျွန်ုပ်တို့အား သေးမှုညှပ်ပြီး ...

"အာရှုရုတဲ" (သွားစမ်း)

ဟု ပြောပြီး ဘုရားစေတီပျက်ဘက်သို့ ဦးဆောင်ခေါ်သွားသည်။ ဘုရားကုန်းအနောက်ဘက်တွင် မီးတစ်လက်မြင်ရပြီး မှောင်မည်းနေသော်လည်း ဂျပန်စကားပြောသံများကို ကြားနေရသည်။ ဘုရားပျက်အနီးရောက်သည်နှင့် ကျွန်ုပ်က တပည့်များအား ရုတ်တရက် အမိန့်ပေးလိုက်သည်။

"ရိုက်"

လက်မြန်လှသော ကျွန်ုပ်၏တပည့်ငါးဦးမှာ နံဘေးမှလိုက်နေသော မည်းမည်းအရိပ်နှစ်ခုအား ဝိုင်းရိုက်ကြတော့သည်။

"ဝုန်း ဝုန်း ဝုန်း ... ရှုပ် ရှုပ် ရှုပ် ... ဒုတ် ဒုတ်"

"အူး ... အူး ... အဲ ... အဲ ... ဘီရုမာ၊ အိုဘာခဲ"



www.burmeseclassic.com

www.burmeseclassic.com



ဗမာသရဲဟု အော်၍ ပြေးကြခြင်းဖြစ်သည်။ သူတို့ကို ရိုက်ရသည် မှာ လေကို ရိုက်ရသလိုပင်။ သေနတ်နှစ်လက်ကိုရိုက်မိ၍ ‘ခုတ် ခုတ်’ ဟူ သော အသံထွက်ပြီး သေနတ်များ လွတ်ကျကျန်ခဲ့၍ ဘုရားစေတီများ အနောက်ဘက်သို့ ပြေးဝင်ပျောက်ကွယ်သွားကြသည်။ ထိုစဉ် ဘုရားများ အနောက်ဘက်လျှိုထဲမှ ‘ဘီရုမာဂျွန်းဂျင်။ ဘီရုမာဂျွန်းဂျင်’ ဟူသော အော်သံများ ကြားရသဖြင့် ကျွန်ုပ်တို့လည်း သေနတ်နှစ်လက်ကို ကောက် ပြီး စခန်းဆီသို့ လှည့်ပြီး ပြေးကြသည်။ အနောက်ဘက်ကလည်း တဗိုင်းဗိုင်း ဖြင့် သေနတ်ပစ်သံများ ကြားရသည်။ သို့သော် သေနတ်သံသာကြားရပြီး ကျည်ဆန်သံ တရွှီးရွှီးကို မကြားရ။ ကျွန်ုပ်တို့လည်း နာရီဝက်ခန့်ပြေး ပြေးလွှားပြီး စခန်းပြန်ရောက်သည်။

စခန်းက ကျွန်ုပ်နေသည့် ရုံးခန်းကိုပြန်ရောက်တော့ ကျွန်ုပ်တို့ အားလုံး တစ်ကိုယ်လုံး ရေတွေစိုရွှဲနေပြီး ဟောဟဲလိုက်၍ အမောဆိုက်နေ ကြသည်။ တော်ပါသေးသည်။ စခန်းတွင်ရဲဘက်နှင့် ဝန်ထမ်းများ အိပ်ပျော် ကြချိန်ဖြစ်၍ လူတော့မမြင်နိုင်ပါ။ ညကြီးသန်းခေါင် ရေချိုး အဝတ်အစား လဲပြီးနောက် ကျွန်ုပ်ကပင် စခန်းစည်းကမ်းကို ဖောက်၍ ကျွန်ုပ်လိုရမည်ဟု ဆောင်ထားသော ARMY RUM ပုလင်းကို ဖွင့်ဖောက်ပြီး တပည့်များအား တိုက်ရတော့သည်။ သကောင့်သားများကလည်း ခွေးဝတ်ရေကျသောက်ကြ သည်။ တစ်ချိန်လုံး စကားမပြောဘဲ အကြောက်လွန်၍ငြိမ်နေသော ကေ ညီအစ်ကိုက အရက်ဝင်သွားပြီးမှ မေးကြတော့သည်။

“ဆရာ . . . အဲ့ဒါက ဘာဖြစ်တာလဲ။ တကယ်ပဲလား”

“ဟ . . . အဲ့ဒါ ဂျပန်သရဲ ခြောက်တာပေါ့ဟ။ မင်းတို့ကြောင့် မှာစိုးလို့ စောစောကမပြောခဲ့တာ။ ငါသာသဘောမပေါက်ခဲ့ရင် မင်းတို့ ဂျပန်ကင်ပေတိုင်အချုပ်ခန်းထဲမှာ ပါးရိုက်ခံရပြီး ညအိပ်ရမလားမသိဘူး။ သရဲခြောက်မှန်းသိလို့ ငါက မင်းတို့ကို ရိုက်နိုင်းပြီး ပြေးရတာ။ သူတို့ သေနတ်တွေက အသံသာမြည်ပြီး ကျည်ဆန်မထွက်တာ မင်းတို့ သတိမထား မိဘူးလား။ ငါကတော့ နိုးချောင်းထဲမှာစပြီး သေနတ်ပစ်ခံရကတည်းက သဘောပေါက်တယ်”

တော့။ ။ “ကျွန်တော်တော့ ကြောက်လိုက်တာ အလွန်ပဲဆရာ။ သရဲ ခြောက်မှန်းလည်း မသိပါဘူး။ ဆရာက သတ္တိကောင်းလွန်းလို့ ကျွန်တော် အလွန်ပဲ အံ့ဩနေတာ”

“အေးကွာ . . . ဂျပန်တွေကို မြန်မာတပ်ကနှိမ်နင်းလို့ မကျွတ် မလွတ် ဖြစ်နေကြဟန်တူပါရဲ့။ ဒုတိယကမ္ဘာစစ်အတွင်းကနေ အခုအထိဆို တော့ နှစ်ပေါင်း (၃၀)လောက်တောင်ရှိနေပြီ” နောက်ပိုင်း အားချိန်ရရင် တော့ ဂျပန်သင်္ချိုင်းတောင်ကုန်းပေါ်မှာ တံခွန်တိုင်ရွာက ဘုန်းတော်ကြီးပင့် ပြီး ရွှေစက်တော်ချရေးနာ အမျှဝေကြတာပေါ့”

ကဗ္ဗရာ။ ။ “ဆရာ . . . သူတို့က ဘာသာခြားတွေပဲ။ ဘယ်လိုလုပ် သာဓု ခေါ်နိုင်ကြမလဲ”

“ဟ . . . ကဗ္ဗရာရဲ၊ သူတို့လည်း ဗုဒ္ဓဘာသာဝင်တွေပဲ။ ငါတို့ မြန်မာတွေလို ထေရဝါဒဗုဒ္ဓဘာသာ မဟုတ်ပေမဲ့ ‘ရှင်တို’လို့ ခေါ်တဲ့ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြတာ။ ဗုဒ္ဓဝါဒချင်းတူတော့လည်း သာဓုတော့ ခေါ်နိုင်မှာပါ။ အခုတော့ မကျွတ်မလွတ်တဲ့ဘဝမှာ ရောက်နေပေမဲ့ စစ်သား စိတ်ကတော့ မပျောက်သေးဘူးပေါ့”

မဲကြီး။ ။ “ဟာ . . . ဆရာ။ အဲ့ဒါဆိုရင် . . . ”

မဲကြီးမှာ ပြောပြောဆိုဆို လျှင်မြန်စွာ ထ၍ ကျွန်ုပ်တို့ကောက် လာခဲ့သည့် ဂျပန်ရိုင်ဖယ်နှစ်လက်အား ရုံးခန်းစားပွဲအနီး ဝါးကွပ်ပျစ်ပေါ် တွင် တင်ထားရာဆီသို့ အပြေးသွားယူသည်။ သေနတ်များမှာ သံချေးတက် ပြီး မြေကြီးများပင် ကပ်နေသည်။ ပြောင်းများတွင် မြေကြီးများဝင်၍ အသုံး ပြု၍ မရတော့သော သေနတ်အပျက်များသာ ဖြစ်သည်။ ကျွန်ုပ် အလွန် အံ့ဩမိပါသည်။ ဤသေနတ်အပျက်များက အဘယ်ကြောင့် သေနတ်သံ ထွက်ရသနည်း။ ပရလောကသားတို့၏ စွမ်းဆောင်မှုပဲ ဖြစ်ပါလိမ့်မည်။

နောက်တစ်နေ့တွင် ညွှန်ချုပ်ကြီးလည်း ရောက်နေပြီး ကျွန်ုပ်တို့ လည်း မသွားရဲတော့သဖြင့် အသုဘအိမ်ပဲပိုင်း သို့မရောက်ဖြစ်ကြတော့ ပါ။ စိမ့်ဖြူကုန်းရွာက ကိုဦးကတော့ ကျွန်ုပ်အား အနိုင်နှင့် ပိုင်းသည်ထင်ပြီး စိတ်ခုပေရော့မည်။ နောင်ကြုံမှ တောင်းပန်ရတော့မည်ဖြစ်သည်။





စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ညွန့်ချုပ်ကြီးမှာ တနင်္လာနေ့ နေ့လယ်တွင်စခန်းသို့ ရောက်လာသည်။ နေ့လယ်စာစားပြီးသည်နှင့် ကွင်းအား ပတ်ကြည့်သည်။ တူးဖော်နေသော ငါးကန်များနှင့် လယ်ကွင်းများအား မိုးကျအမီ စိုက်ပျိုးမွေးမြူနိုင်ရန် ညွှန်ကြားသည်။ ငါးကန်နှင့် လယ်ကွင်းဖော်ထုတ်ရာတွင် ရဲဘက်အင်အား (၂၀၀) ကျော်ခန့်သာရှိသဖြင့် စခန်းတာဝန်ခံက အင်အား ထပ်ခံတောင်းခံသည်။ ညွှန်ချုပ်ကြီးက ရဲဘက်အင်အား (၂၀၀) ထပ်မံပို့ပေးရန် ကတိပြုသည်။ ညွှန်ချုပ်ကြီးမှာ စိုက်ပျိုးရေးဝါသနာပါပြီး အထက်ကလည်း ညွှန်ကြားဟန် တူပါသည်။ တစ်နေ့နံနက် ကွင်းထဲဆင်း၍ ငါးကန်များ၊ လယ်ကွက်များ ဖော်ထုတ်နေခြင်းကို ကြည့်ရှုအား ပေးသည်။

တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူးနေ့ ညများတွင် စခန်းတွင် ညအိပ်ပြီး ကြာသပတေးနေ့မနက်မှ မော်တော်နှင့် ပြန်သည်။ စခန်းတာဝန်ခံနှင့် ထောင်မှူးကြီးတို့ တွံတေးမြို့သို့ လိုက်ပို့ပေးကြသည်။ ထိုနေ့က ကျွန်ုပ်တို့ ရဲဘက်တစ်ခွဲများ စောစော အလုပ်သိမ်းသည်။ ညွှန်ချုပ်ကြီးရှိနေစဉ်က ရဲဘက်များအား တအားမောင်းထားရ၍ စောစောအနားပေးရန် ဖြစ်သည်။

သို့သော် ကျွန်ုပ်က အဆစ်တောင်းသည့်အနေဖြင့် ရဲဘက်တစ်ခွဲ အင်းအား (၂၀၀)အား အကုန်ခေါ်၍ ဘုရားပျက်နှင့် သချိုင်းတောင်ကုန်းအား မြက်ပင်တစ်ပင်မကျန်အောင် ရှင်းလင်းခိုင်းပြီး ရိုးချောင်းတစ်လျှောက် ပေါက်နေသည့် ကိုင်းတောကြီးအားလည်း ခုတ်ထွင်ခိုင်းရသည်။ ကျွန်ုပ်၏ ကြံရွယ်ချက်မှာ ကိုင်းတောကြီးအားခုတ်ထွင်ပြီး ခြောက်သည်နှင့်မီးရှို့ပစ်ရန် ဖြစ်သည်။ ထိုစဉ်တွင် ဘုရားပျက်အောက်ခြေ၌ ရှင်းလင်းနေသည့် တပ်ကြပ်ငွေထွန်းဦးက ကျွန်ုပ်အား လှမ်းခေါ်သည်။

"ဆရာရေ၊ ဒီမှာလာကြည့်ပါဦး လက်နက်တိုက်ထင်တယ်"

ကျွန်ုပ် ဘုရားတောင်ကုန်းအောက်ခြေ လှိုဏ်အတွင်းသို့ အပြေးဆင်းခဲ့သည်။

"ဆရာ ... ဒီမှာကြည့်ပါဦး၊ လက်နက်တိုက်ထင်တယ်"

"အေးကွ ... ဂျပန်ရိုင်ဖယ်သေနတ်တွေပဲ။ နေဦး ဖြည်းဖြည်းလုပ်။ မိုင်းတွေဘာတွေ ထောင်ထားဦးမယ်"





"ကျွန်တော်တို့ ခွဲထုတ်တာပဲ (၁၀) လက်လောက်တောင် ရှိပြီဆရာ။ ဒီလောက်နှစ်ပေါင်းကြာနေတော့ မိုင်းရှိရင်လည်း ကောင်းတော့မှာ မဟုတ်တော့ပါဘူး။ ဘုရားတောင်ကုန်းပေါ်က ရေဝင်ပေါက် ရှိမယ်ဆရာ။ သေနတ်တွေက အကောင်းတစ်လက်မျှ မရှိတော့ဘူး။ အကုန်သံချေးတက်ပြီး မြေဖုံးနေပြီ။ ကျွန်တော်တို့ မြေဖြိုပြီးတူးထုတ်လိုက်မယ်ဆရာ"

"ငွေထွန်းဦး ... အတင့်မရဲနဲ့။ လက်နက်ဆိုတာ အစောင့်ရှိတတ်တယ်။ ဒါလည်း သိုက်တစ်ခုပဲ။ အနည်းဆုံး မြွေဆိုးတွေအောင်းနေနိုင်တယ်။ ဟိုရိုးချောင်းစပ်က ဝါးနက်ဝါးဖြောင့်ဖြောင့်နှစ်လုံးလောက် ခုတ်၊ ထိပ်ချွန်ပြီးမှ ဝေးဝေးကနေထိုးပြီး မြေကိုဖြိုချ ဂလိုင်ဝကြီးပေါ်လာမှ ကြည့်လုပ်ကြမယ်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်မှာလည်းစိုးရိမ်၍ အနီးကပ် စောင့်ကြည့်နေရသည်။ ကျွန်ုပ်ပြောသံလိုပင် တပ်ကြပ်ငွေထွန်းဦးကလည်း သူ့တပည့်နှစ်ဦးအား ခိုင်းစေသည်။ လှိုဏ်ဂူအဝမြေကြီးများပြိုကျပြီး တွင်းပေါက်ကြီး ပေါ်လာသည်နှင့် ထွက်လာကြသည့် မြွေမျိုးစုံမှာလည်း မနည်းမနောပင်။ ရဲဘက်များပီပီ တစ်ကောင်မျှ အလွတ်မပေး။ ထွက်လာသမျှကို အကုန်ရိုက်သတ်သည်။ မွှင်းအောင်းမြွေကြီးများဖြစ်ကြ၍ အရောင်မှာဆင်တူ မြေကြီးရောင်ဖြစ်သည်။ အတို၊ အရှည်မျိုးစုံပါသည်။ ငယ်သည်နှင့် ကြီးသည်သာ ကွာခြားပါသည်။ အကောင် (၁၀၀) ကျော် ပါလိမ့်မည်။ မြွေများကုန်စင်သည်ထင်မှ ကျွန်ုပ်က လက်နက်များအား တစ်လက်ချင်း ဝါးဆစ်ချိတ်ဖြင့် ဆွဲထုတ်ခိုင်းရသည်။ လက်နက်များကုန်တော့ အောက်တွင် ကျည်ဆန်သေတ္တာလို ပုံးများအား တွေ့ရသည်။ ဝါးဆစ်ချိတ်နှင့် ဆွဲ၍မရတော့။ မြေကြီးကိုက်ပြီး လေးလံလှသည်။

ထိုစဉ်တွင် ကျွန်ုပ်၏ခေါင်းထဲသို့ လက်ခနဲ အလင်းရောင်တစ်ချက်ဝင်လာသည်။ ကျောင်းရွာမှ အဘဦးရွှေထီး ပြောစကားများအား ကြားယောင်လာသည်။

www.burmeseclassic.com



"ထောင်မှူးလေးရဲ့ ... ဒီကွင်းကို ရွှေသူဌေးတာလို့ခေါ်တာ ဘာကြောင့်လဲ သိရဲ့လား။ ရတနာသိုက်ရှိလို့ပဲ။ ရှေးကလူကြီးတွေက နေရာဒေသကို အမည်မှည့်တဲ့အခါမှာ အဓိပ္ပာယ်မရှိဘဲ ဘယ်တော့မှ နာမည်မပေးဘူး။ နာမည်နဲ့ဆီလျော်အောင်သာ ပေးတတ်ကြတာ။ အဘတို့အကြားကတော့ စစ်အတွင်းမတိုင်မီ အင်္ဂလိပ်ခေတ်က ဒီကွင်းကို ချစ်တီးကုလားကြီးပိုင်တယ်။ လယ်ယာလုပ်ငန်းအောင်မြင်လို့ ရွှေငွေ အတော်ပြည့်စုံသတဲ့။ ပတ်ဝန်းကျင်ရွာတွေဖြစ်တဲ့ အဘတို့ ကျောင်းရွာ၊ မထားစုရွာ၊ ဇီးဖြူကုန်းရွာနဲ့ တံခွန်တိုင်ရွာတွေက သူ့ကို မှီခိုကြရတယ်။ အတိုးပေးစားတယ်ပေါ့ကွယ်။

အဲ ... အင်္ဂလိပ်အပြေး၊ ဂျပန်အတက်မှာ လူဆိုးတွေက အဲဒီချစ်တီးကုလားကြီးကို သတ်လိုက်ကြပြီး ရွှေငွေတွေလုတော့ အနည်းအကျဉ်းပဲ ရတယ်လို့ အဆိုရှိတယ်။ အထုပ်အထည်ကြီး ပျောက်နေတာပေါ့။ အဲဒီကတည်းက ဒီကွင်းကို ရွှေသူဌေးကွင်းလို့ ခေါ်ခဲ့တာပဲကွယ့်။

တစ်ခါ ဂျပန်တွေရောက်လာပြီး ၁၉၄၅ ခုနှစ် တော်လှန်ရေးမှာ မြန်မာတပ်တွေနဲ့တိုက်ပွဲဖြစ်လို့ ဂျပန်တပ်တစ်လုံး ပြုတ်သွားတယ်။ မင်းတို့စခန်းအနောက်ဘက်က ဘုရားပျက်ကုန်းအနားမှာ ဖြစ်ကြတာ။ အဲ့ဒီနောက်ပိုင်း ဒီကွင်းလည်း ကွင်းဟောကြီးဖြစ်သွားတာ။ ဒီကွင်းက မြေကြမ်းတယ်၊ မြေဆိုးပေါ်တယ်။ ဒီလိုရှိတော့ တခြားလယ်သမားတွေ သွားလုပ်ကြပေမဲ့ ခိုက်လွန်းလို့ လန့်ပြေးကြရတာချည်းပဲ။ ဒါကြောင့်လည်း အခုမင်းတို့ရောက်တော့ကွင်းကို ကိုင်းတော၊ ကျူတော ကြီးဖုံးနေတာ။ လယ်တွေ၊ ယာတွေကန်တွေ တူးမယ်ဆိုတော့ ကံကောင်းရင်တော့ ရွှေသူဌေးရတနာသိုက်ကို တူးမိနိုင်တာပေါ့"

ထို့ကြောင့်လည်း ကျွန်ုပ်သေတ္တာများအား ခွဲထုတ်ရန်အလုပ်ကို ရပ်ဆိုင်းရတော့သည်။

"ငွေထွန်းဦး ... ရပ်တော့၊ ညနေလည်း စောင်းပြီ။ ဒီနေ့ စောစောနားခိုင်းထားတာကို ငါလုပ်ခိုင်းတာနဲ့ ရဲဘက်တွေမနားရဘူး ဖြစ်နေမယ်။ ပိတ်ရက်ကျမှ လာတူးကြမယ်။ လက်နက်တွေသယ်ပြီး ပြန်ကြစို့"





"ဟုတ်ကဲ့ ဆရာ"

တစ်ကြိမ်ငွေထွန်းဦး ရဲဘက်များအားသိမ်းပြီး ပစ္စည်းများ စုစည်း၍ စခန်းသို့ ပြန်ခဲ့ကြသည်။ လက်နက်အဟောင်းများကိုတော့ ရုံးခန်းထဲ၌ ပုံထားသည်။ ကျွန်ုပ်တို့ရေမိုးချိုးကြပြီး ယနေ့တံခွန်တိုင်ရွာ မောင်စံ၏ ရက်လည်နေ့ဖြစ်၍ တပည့်များနှင့်သွားကြရန် ထောင်မှူးကြီးအား ခွင့်တောင်းရသည်။

ကျွန်ုပ်တို့ မောင်စံမျိုးချိန် စခန်းမှအထွက်တွင် တပည့်မကြီးအား ဝါးစိမ်းတုတ်အပြင် သံတူးရွင်းတစ်ချောင်းအားလည်း ဝှက်၍ ယူခဲ့စေသည်။ လယ်ကွင်းများကိုဖြတ်၊ ငါးကန်များအားကျော်အပြီး၌ သချိုင်းတောင်ကုန်းအနီးသို့ ရောက်သည်။ ကျွန်ုပ်မဲကြီးအား ဘုရားပျက်အနီးတွင် သံတူးရွင်းအား ဝှက်၍ထားစေခဲ့ပြီး ရိုးချောင်းအားဖြတ်ကျော်၍ တံခွန်တိုင်ဘက်သို့ လာခဲ့ကြသည်။ ဘုရားကွင်းမှာ ရှင်းလင်းသွား၍ ခြေခင်းလက်ခင်းသာသည်။ ရွာလယ် အသုဘအိမ်သို့ရောက်တော့ အိမ်ရှင်ဦးမောင်ကိုက လှိုက်လှဲစွာ ကြိုဆိုသည်။

"လာ ... ဆရာထောင်မှူး။ ဇီးဖြူကုန်းက ကိုဦးကတော့ ဆရာထောင်မှူးကို နေ့တိုင်းမျှော်နေတာ။ မနေ့ညကတော့ ကိုဦး လေးငါးသိန်းနိုင်သွားတယ်။ ဒီနေ့တော့ လာမလာမသိဘူး"

"ဦးမောင်ကိုရေ ... သိတဲ့အတိုင်းပဲ။ ကျွန်တော်တို့စခန်းမှာလည်း ညွှန်ချုပ်ကြီးရောက်နေတော့ မအားမလပ်ဖြစ်နေကြတာ။ ဒီနေ့မနက်မှ ညွှန်ချုပ်ကြီးပြန်လို့ အလုပ်စောစောသိမ်းပြီး ဂျပန်သင်္ချိုင်းတောင်ကုန်း ပတ်ဝန်းကျင်ကိုတောင် ရှင်းလိုက်ကြသေးတယ်။ မြေတွေထွက်လာတာတော့ တအားပဲ ... ဦးမောင်ကိုရေ။ အကောင်(၁၀၀)ကျော် လိမ့်မယ်။ ကျွန်တော့်တပည့်ရဲဘက်တွေကလည်း တစ်ကောင်မှ မလွှတ်စေရဘူး။ အကုန်သတ်ပဲ"

"ကောင်းပါတယ် ... ဆရာရယ်။ ကျွန်တော်လည်း မြွေဆိုရင် ဘာမြွေမှ အရှင်မထားဘူး။ သားကိုသတ်သွားတဲ့မြွေကို စိတ်နာလွန်းလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ကဲ . . . ဆရာတို့ မနက်ကလည်း မလာကြတော့ ညစာသုံးဆောင်ကြပါဦး။ ကျွန်တော် အသင့်ပြင်ဆင်ပေးပါ့မယ်"

ကျွန်ုပ်တို့ ဆရာတပည့် ညစာစားကြသည်။ ထုံးစံအတိုင်း အရက်ကလေးက ပါသေးသည်။ မဂ္ဂလ္လပ်ထဲမှာတော့ နောက်ဆုံးညဖြစ်၍ ဖဲဝိုင်းများက စည်ကားလှသည်။

စားသောက်အပြီး၌ ကျွန်ုပ် ကိုဦးကို စောင့်သည်။ ကိုဦးမလာ၍ ရှိုးဝိုင်းက မဖြစ်ပါ။ ယခင်နေ့က ရှိုးကစားရာတွင်ပါသည့် ကျောင်းရွာ၊ မထားစုရွာများက ပုဂ္ဂိုလ်များလည်း မလာကြပါ။ ထို့ကြောင့်လည်း ကျွန်ုပ်တွင် အကြံအစည်ရှိသဖြင့် ည(၉) နာရီခန့်တွင် အိမ်ရှင်ဦးမောင်ကို ကိုနှုတ်ဆက်ပြီး မကာစားဘဲ ပြန်ခဲ့ကြသည်။

ကျွန်ုပ်တို့ရွာအပြင် လယ်ကွင်းထဲရောက်တော့ လဆန်းရက်ကျော်သော လက မပြည့်တစ်ပြည့် သာနေသည်။ ရိုးချောင်းနားရောက်တော့လည်း ပုရစ်သံ၊ ပုစဉ်းရင်ကွဲအော်သံပင် မကြားရ။ ညက တိတ်ဆိတ်လွန်းလှသည်။ ရိုးချောင်းနံဘေးရှိ ကျူပင်၊ ကိုင်းပင်များအား ညနေက ခုတ်ထွင်ထားသဖြင့် ပုရစ်နှင့်ပုစဉ်းရင်ကွဲတို့ ဘုံပျောက်သွားဟန်တူပါသည်။

ကျွန်ုပ်တို့အုပ်စု ရိုးချောင်းကိုဖြတ်ကူးတော့ ယခင်နေ့ညက ဂျပန်သရဲခြောက်ခြင်းကို သတိရမိကြသဖြင့် အနည်းငယ်တော့ တုန်လှုပ်မိကြသည်။ သို့သော် ယနေ့ည လသာသောကြောင့်လားမသိ၊ သချိုင်းနှင့် ဘုရားကုန်းကိုင်းတောကြီးအား ရှင်းလိုက်၍လည်း ဖြစ်နိုင်သည်။ ပတ်ဝန်းကျင်၌ ရှင်းလင်းနေပြီး ဘာကောင်မျှ မမြင်ရ၊ မတွေ့ရပါ။

ကျွန်ုပ် ။ မဲကြီးရေ . . . အစောကဝှက်ထားခဲ့တဲ့ တူးရွင်းကို ယူလိုက်"

"ဟုတ်ကဲ့ ဆရာ"

ကျွန်ုပ်တို့ သချိုင်းတောင်ကုန်းပေါ်သို့တက်လာကြပြီး ဘုရားပျက်အနောက်ဘက်လှိုဏ်ထဲသို့ ဆင်းလာကြသည်။ ရဲဘက်များခုတ်ထွင် ရှင်းလင်းထားကြ၍ ပတ်ဝန်းကျင်မှာ ရှင်းလင်းနေကြသည်။ ကျွန်ုပ် လက်နက်တိုက်အတွင်းသို့ (၅)တောင့်ထိုး လက်နက်ဓာတ်မီးဖြင့် ထိုးကြည့်သည်။ ညနေက





ကျွန်ုပ်တို့ထားခဲ့သည့်အတိုင်း ပုံစံမပျက်ပါ။ အနီးတွင်လည်း ဝါးနက်ဝါးများအသင့်ရှိနေသည်။ နာမည်ကြီးနေရာဖြစ်၍လည်း မည်သူတစ်စုံတစ်ယောက်မျှ လာကြဟန်လည်း မတူပါ။ ကျွန်ုပ် ဓာတ်မီးဖြင့် နေရာအနှံ့ ထိုးကြည့်ပြီး . . .

"မဲကြီးလာ . . . ကျွန်တော့်ကောင်တွေ အသင့်ပြင်ထားကြ။ သံသေတ္တာသော့ခလောက်ကြီးကို သံတူးရွင်းနဲ့ ကလော်လိုက်"

"ရှောက် . . . ဂလောက် . . . ဘုတ်"

ဂျပန်ခေတ်ကြေးဝါ သော့ခလောက်အဟောင်းကြီး ပြုတ်ကျသွားသည်။ သို့သော် သံသေတ္တာအဖုံးက သံချေးကိုက်၍ ကျပ်နေသည်။ ဖွင့်မရ။ ကျွန်ုပ်တွင် အသင့်ပါလာသည့် လွယ်အိတ်ထဲမှ ဓားမြှောင်ကိုထုတ်၍ ဘေးပတ်လည်ကလော်မှ သံသေတ္တာအဖုံးတံခါး တဖြည်းဖြည်း ဟလာသည်။ မဲကြီးက သံတူးရွင်းဖြင့် ကလော်လိုက်မှ အဖုံးပွင့်သွားတော့သည်။ ဂျပန်သေနတ်ကျည်ဆန်များဖြစ်သည်။ ရေစိမ့်ဝင်၍ ရေညှိတက်နေသည်။ ကျွန်ုပ်မှန်းဆသလို ရတနာသေတ္တာမဟုတ်။ သံသေတ္တာများကလည်း (၆)လုံးတိတိ ရှိသည်။ တချို့မှာရေစားပြီး ဆွေးနေသဖြင့် သော့ခလောက်ပင် မရှိတော့ပါ။

"မဲကြီးရေ . . . တစ်လုံးပြီးတစ်လုံး ဖွင့်ကွာ။ ငါ မီးပြပေးမယ်"

ဒုတိယ သံသေတ္တာကိုဖွင့်တော့ ဂျပန်လက်ပစ်ဗုံး ပြောင်ချောချောများကို တွေ့ရသည်။ ကျွန်ုပ်မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နေပြန်သည်။ တတိယအလုံးတွင် ဂျပန်တင်ဒိုဓားများဖြစ်သည်။ အသုံးတည့်၍ (၆) ချောင်း ယူလိုက်သည်။ စတုတ္ထသံသေတ္တာကလည်း ဂျပန်ရိုင်ဖယ်ကျည်ဆန်များပင် ဖြစ်သည်။ နှစ်လုံးကျန်သေး၍ ကျွန်ုပ် လက်မလျှော့ပါ။ ဝူအတွင်းပိုင်း နှစ်လုံးအားဖွင့်ရန် မီးထိုးကြည့်ရာ မြွေပွေးကြီးနှစ်ကောင်ခွေနေ၍ အသင့်ပါလာသော ငှက်ကြီးတောင်ဓားဖြင့် ခေါင်းဖြတ်လိုက်ရသည်။

ပတ်ဝန်းကျင်အား အသေအချာစစ်ဆေးပြီး စိတ်ချရမှ မဲကြီးအားပဉ္စမသေတ္တာအား ဖွင့်နိုင်းရသည်။ ယင်းသေတ္တာတွင် ခတ်ထားသည့်သော့



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ကြီးမားပြီး သံတူရွင်းဖြင့် ကလော်ရာမပြတ်သဖြင့် မျောက်လက်အား ရိုက်ချိုးနိုင်းရသည်။ ထုထဲသောမျောက်လက်မှာ ရာသီဥတုဒဏ်ကြောင့် ဆွေးမြည့်နေသဖြင့် နှစ်ချက်ခန့် သံတူရွင်းဖြင့်ကလန့်ပြီး ရိုက်ချိုးသည်နှင့် ကျိုးသွားတော့သည်။ သံချေးကိုက်နေပြန်သဖြင့် တံခါးမြောင်ဖြင့် တံခါးဖုံးဘေးပတ်လည်က ကလော်ရပြန်သည်။

အဖုံးဖွင့်လိုက်တော့ အပေါ်ယံတွင် ဆွေးမြေ့နေသော ဂွမ်းစများ ထွက်လာသည်။ ဂွမ်းစများအား ဖယ်လိုက်တော့မှ မီးရောင်အောက်တွင် ဝင်းလက်တောက်ပနေသော ရတနာပစ္စည်းများ။ ကျွန်ုပ်ကောက်ယူ၍ အသင့်ပါလာသော လွယ်အိတ်ထဲသို့ ထည့်သည်။ နှစ်ပြည့်သားခန့်ရှိ၍ လွယ်အိတ်ကြီး ဖောင်းကားသွားသည်။ နောက်ဆုံး အလုံးကိုဖွင့်တော့ ဆွေးမြည့်နေသည်။ အင်္ဂလိပ်ခေတ်သုံး ရှုမီးငွေများဖြစ်သည်။ အဖုံးပြန်ပိတ်ပြီး ရတနာသေတ္တာထဲသို့ ကျည်ဆန်သေတ္တာမှ ကျည်ဆန်များ ပြောင်းလဲထည့်၍ ခြေရာလက်ရာမပျက် ပြန်ပိတ်ထားခဲ့သည်။

"မဲကြီး ... ချီ၊ ပြန်ထွက်ကြမယ်။ အားလုံးပဲ နုတ်လုံပစေနော်။ တစ်စွန်းတစ်စ ပေါက်ကြားရင် မင်းတို့ငါနဲ့ အတွေ့ပဲ"

"ဟုတ်ကဲ့ပါ ဆရာ၊ တပည့်တို့ကို စိတ်ချပါ"

ကျွန်ုပ်တို့ စခန်းသို့အေးဆေးစွာ ပြန်ခဲ့ကြသည်။ ကောင်းကင်တွင်လည်း လမင်းကြီးက ထိန်ထိန်သာနေသည်။ လယ်ကွင်းနှင့်တူးလက်စငါးကန်များအား ပတ်၍ပြန်ခဲ့ကြရာ ...

မဲကြီး ။ "ဆရာ ... လက်နက်တိုက်ထဲမှာ ရတနာတွေရှိမှန်း ဆရာ ဘယ်လိုလုပ်သိသလဲ"

"ငါတို့စခန်းနာမည်က ဘာလဲ။ ရွှေသူဌေးစခန်းဆို မဟုတ်လား။ ငါ့ကိုကျောင်းရွာက အဘဦးရွှေထီး ပြောမှုလို့သိတာ။ တို့ကွင်းထဲမှာ ရတနာသိုက်ရှိတယ်တဲ့။ အဲ့ဒါကြောင့် ညနေက ဂူထဲက လက်နက်တွေကို ထုတ်ပြီး သတိရတာနဲ့တပ်ကြပ်ငွေထွန်းဦးကို ရပ်ခိုင်းလိုက်ရတာ။ မနက်ဖြန်တော့ ထောင်မှူးကြီးကိုတင်ပြပြီး ကျည်ဆန်သေတ္တာတွေနဲ့ လက်နက်တွေကို အပ်လိုက်ရုံပေါ့ကွာ။ ဟား ... ဟား ... ဟား"





မဲကြီး ။ "ပိုင်လိုက်တာ ... ဆရာရယ်။ လက်နက်နဲ့ ကျည်ဆန်တွေကို ဖော်ထုတ်ပြီးအပ်လို့ ဆရာဆုတောင် အချခံရဦးမယ်ထင်တယ်"

"အေး ... မင်းတို့နုတ်လုံဖို့က အဓိကပဲ။ ငါနဲ့နေသရွေ့ မင်းတို့ မဆင်းရဲစေရဘူး။ မင်းတို့လွတ်ရင်လည်း အပြင်မှာ လုပ်ကိုင်စားနိုင်အောင် ငါထောက်ပံ့မယ်၊ ကျေနပ်ကြသလား"

"ဟုတ်ကဲ့ပါ ... ဆရာရယ်၊ တပည့်တို့ ကျေနပ်ပါတယ်"

ကျွန်ုပ်တို့ စခန်းပြန်ရောက်တော့ ဝန်ထမ်းရဲဘက်များ အိပ်နေကြပြီဖြစ်သည်။ ထုံးစံအတိုင်း အောင်ပွဲခံသည့် အထိမ်းအမှတ်အဖြစ် ARMY RUM ပုလင်းအားထုတ်၍ ဝေငှသောက်ကြသည်။ အချိန်မှာ လမ္မန်းတည့်(၁၂)နာရီတိတိ ရှိပြီဖြစ်သည်။

ထောင်မှူးကြီးသိန်းဝင်း

www.burmeseclassic.com



[၁]

❑

စာရေးသူ စာပေလောကနဲ့ ပြတ်သွားတာ ဆယ်စုနှစ်တစ်စု ကျော်ခဲ့ပါပြီ။

ယခု ဒီမိုကရေစီ ရောက်လုဆဲကာလတွင် စာပေလွတ်လပ်မှုအနည်းငယ်ရရှိလာရာ စာရေးသူ ဝမ်းမြောက်ဝမ်းသာဖြစ်ရပါသည်။

ပို၍ဝမ်းသာရသည်မှာ (ပေတာ) ခေါ် (သူရဲ) (တစ္ဆေ) ဝတ္ထုများ ရေးသားခွင့်ရသဖြင့် စာရေးသူသည် ကိုယ်တွေ့ကြုံခဲ့ရသော ပေတာဝတ္ထုများကိုအစဉ်တစိုက်ရေးသားနိုင်ခဲ့၍ ဝမ်းသာရခြင်းဖြစ်ပါသည်။

ယခု ကျွန်တော်ရေးနေသော ဝတ္ထုများမှာ စိတ်ကူးယဉ်ဇာတ်လမ်းများ လုံးဝ မပါပါ။ တကယ့်ကိုယ်တွေ့များဖြစ်ပြီး စာရေးသူနှင့်တွဲကာအခြောက်ခံရသူများကိုပါ ဝတ္ထု၏အဆုံးတွင် ဖော်ပြပေးထားရာ ယုံကြည်စွာနားလည်ပေးစေ လိုပါသည်။

စာရေးသူသည် တစ္ဆေဝတ္ထုများ ရေးသားနေရာတွင် စာရေးသူနားမလည်သဘောမပေါက်သော ကိစ္စတွေ များနေပါသည်။

တစ္ဆေသူရဲများ သေချာစွာ အခြောက်ခံရပါသော်လည်း စာရေးသူတို့ ခြောက်နေသော တစ္ဆေများသည် မည်သည့်အမျိုးထဲတွင် ပါဝင်သည်ကိုအမျိုးမျိုးလေ့လာပါသော်လည်း ရှာ၍မတွေ့ဘဲ ဖြစ်နေ၏။

**စိတ်ကူးသစ်စာပေ**

www.burmeseclassic.com

www.burmeseclassic.com



၁။ ပရဒတ္တူပဇီဝိကပြိတ္တာ။

ထိုပြိတ္တာမျိုးသည် သူတစ်ပါးပေးအပ်သော အစာကို အမှီပြု၍ အသက်ရှင်ရသော အမျိုးဖြစ်၏။

၂။ ခုပ္ပိပါသိက ပြိတ္တာ။

ထိုပြိတ္တာမျိုးသည် ထမင်းငတ်ခြင်း၊ ရေငတ်ခြင်း၊ အခါမလပ် အမြဲမပြတ် အနှိပ်အစက်ခံနေရသော ပြိတ္တာမျိုးဖြစ်၏။

၃။ နိဇ္ဈာမတဏှိကပြိတ္တာ။

ထိုပြိတ္တာမျိုးသည် စဉ်ဆက်မပြတ် အမြဲတမ်း လောင်ကျွမ်းခံနေရသည့် ပူပန်ခြင်းများရှိသော ပြိတ္တာမျိုးဖြစ်၏။

၄။ ကာလကဉ္စိကပြိတ္တာ။

ထိုပြိတ္တာမျိုးသည် အသုရကာယ်ဟု အသီးအခြား ခေါ်ဆိုအပ်သော ပြိတ္တာမျိုးဖြစ်၏ဟု အဋ္ဌကထာဆရာတော် အသျှင်ဓမ္မပါလက (သူရဲ) (တစ္ဆေ) အားလုံးသည် ပြိတ္တာများဖြစ်သည်ဟု ဖော်ပြထား၏။

သို့သော်လည်း သင်းခွေကျတ်နှင့် တစ္ဆေကျတ်များကိုတော့ ဘယ်ပြိတ္တာမျိုးတွင်ပါဝင်သည်ကို မသိရှိနိုင်ရခြင်းဖြစ်ပါသည်။

သင်းခွေကျတ်သည် ခြ၊ ပုရွက်ဆိတ်နှင့် အခြား (အင်းဆက်) ပိုးများကို စားသုံးသော သတ္တဝါဖြစ်ပါသည်။

၎င်းသတ္တဝါသည် ကိုယ်ထည်လိပ်ပုံ၊ ခေါင်းကဖွတ်ခေါင်း၊ အမြီးက တောက်တဲ့အမြီးနှင့် တူပါသည်။

ဥပမာပြောရလျှင် ဖွတ်ခေါင်း၊ လိပ်ကိုယ်ထည် တောက်တဲ့အမြီးတို့ကို စုပေါင်းတည်ဆောက်ထားခြင်းဖြစ်သည်။

ထိုသတ္တဝါသည် နားအလွန်ပါးပြီး အတုခိုးလွယ်သော သတ္တဝါဖြစ်သည်။ အခြားသော သတ္တဝါတို့၏အသံကို လွယ်ကူစွာ လိုက်၍ အသံပါ တစ်ထပ်တည်းတူအောင် ပြောနိုင်သော သတ္တဝါဖြစ်သည်။





၎င်းသတ္တဝါ၏ ထူးခြားချက်မှာ ကျောကုန်းတွင် ဒင်္ဂါးပြားဝိုင်းအပြားသဏ္ဌာန် အကြေးခွံများဖြင့် တည်ဆောက်ထားသည်။

ရန်သူနှင့်တွေ့လျှင် (ဘောလုံး)ကဲ့သို့ အမြီးနှင့်ခေါင်းကို ကိုယ်ထည်ထဲထည့်ပြီး လုံးထားပြီး ငြိမ်၍နေတတ်ပါသည်။

လူတွေအတွက် ထိုသတ္တဝါသည် ကောင်းကျိုးဆိုးကျိုးပေးနိုင်သော သတ္တဝါဖြစ်၏။

၎င်း၏အကြေးခွံအား မြန်မာတိုင်းရင်းဆေးဆရာများသည် ကလေးဆေးအတွက်သုံးပြီး မကောင်းမှုကို ဦးတည်နေသော အောက်လမ်းဆရာတို့ကလည်း သုံးပါသည်။

စာရေးသူတို့ အညာဒေသတွင် ထင်းခုတ်သွားလျှင်လည်းကောင်း၊ လယ်ထွန်သွားလျှင်လည်းကောင်း၊ အဖော်အပေါင်းများနှင့်သွားလျှင် တစ်ဦးနှင့် တစ်ဦးနာမည်မခေါ်ရဲကြပါ။

"ဟေး . . ."

"ဝူး"

ဟု၍သာ အသံပြုကြရပါသည်။ ခေါ်သူက 'ဟေး'လို့ ခေါ်ရသည်။ ထူးသူက 'ဝူး' ဟု ထူးရပါသည်။

ကိုယ့်ရဲ့နာမည်ကို ခေါ်သံကြားပါက ယောင်လို့ပင် မထူးရပါ။ စာရေးသူတို့၏ တောထဲတောင်ထဲတွင် သင်းခွေကျတ်များရှိသောကြောင့် ဖြစ်သည်။

သင်းခွေကျတ်က ကိုယ်နာမည်ခေါ်လိုက်လို့ 'ထူး' မိပါက နေရာမှာပင် ရောဂါမရှိဘဲ ချက်ချင်းသေပါသည်။

မည်ကဲ့သို့ ဓာတ်သဘောရှိသည်ကို စာရေးသူသာမက၊ ဆရာဆရာကြီးများလည်း ထိုကိစ္စကို နားမလည်ကြပါ။

၎င်းသတ္တဝါကြီးများသည် သစ်ပင်အိုအခေါင်းထဲတွင် အနေများပြီး သစ်ငုတ်တိုများကို အဖော်ပြု၍နေတတ်ပါသည်။

ခေါင်းနှင့်ကိုယ်မှာ တစ်ပေခန့်ရှိပြီး ကြောင်အကြီးစားနှင့် ခွေးပါ အကြီးစား အရွယ်ရှိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



'နာမည်အခေါ်ခံရရုံ' နှင့် သေအောင်လုပ်နိုင်သော ထိုသတ္တဝါ
လည်း စုန်းလို့ခေါ်ရမည်လား။ အထက်ပါပြိတ္တာ (၄) မျိုးထဲမှ မည်သည့်အမျိုး
အစားတွင် ပါသည်ကို လွန်စွာ သိချင်လှပါသည်။

နောက်တစ်မျိုးမှာ (ကျတ်) တစ္ဆေများဖြစ်သည်။ ၎င်းတို့သည်
လူစကားပြောသည်။ သူတို့က ကိုယ်ထင်မပြလျှင် အခြားသူများက သူ
ကို မမြင်ရပါ။ သူတို့ကိုယ်တိုင်က လိုလိုလားလား ကိုယ်ထင်ပြမှ မြင်နိုင်
သည်။

လူတို့၏မျက်စိကို အမျိုးမျိုးလှည့်စားပြီး ကြိုက်ရာပစ္စည်းတစ်ခု
အဖြစ် ဖန်တီးနိုင်စွမ်းလည်းရှိပါသည်။

လူများနှင့် ကင်းကင်းရှင်းရှင်းနေတတ်ပြီး တစ်ခါတစ်ရံလူများကို
ရယ်စရာအဖြစ် နောက်တတ်ပြောင်တတ် စတတ်ကြပါသည်။

သူတို့နေထိုင်ရာ ကျတ်ကုန်းသို့ လူများသွားရောက်နေထိုင်မိပါက
မနေနိုင်အောင် ဒုက္ခအမျိုးမျိုးပေးတတ်ပါသည်။ လူကို သေအောင်ပါ လုပ်
တတ်ကြပါသည်။

သူတို့သည် တစ်နေရာတည်းမှာ ကြာကြာမနေပါ။ လှည်းများဖြင့်
နေရာပြောင်းတတ်ပါသည်။ ထိုသို့ပြောင်းကြသည့်အခါတွင် စကားပြောသံ
လှည်းဘီးမြည်သံ နွားများနှာမှုတ်သံနှင့် ပျော်ပျော်ပါးပါး သီချင်းဆိုသွားသော
အသံများကြားရတတ်ပါသော်လည်း သူတို့ကိုတော့ လူတွေက မမြင်ရပါ။

ရုပ်ဆင်းသဏ္ဌာန်အမျိုးမျိုးပြောင်း၍ ဖန်ဆင်း၍ပြနိုင်ပါသည်။

ထိုကျတ်များကိုလည်း မည်သည့်ပြိတ္တာအမျိုးမစားတွင် ပါသည်
ကို သိချင်လှပါသည်။ အကယ်၍ သိရှိသူများရှိပါက စာရေးသူ၏ဖုန်း
(09 33075184) သို့ အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။

✿ ✿ ✿

[၂]

ပေတနယ်သို့ အလည်တစ်ခေါက်

❑

ရေနံချောင်းတွင် နာမည်ကြီးသော ဇာတ် ၂ ဇာတ် ရှိပါသည်။

'ဦးဖိုးလူ' ၏ ဇာတ်နှင့်

'ဒေါ်ခင်ထွေးရီ' ၏ ဇာတ်ဟူ၍ (၂) ဇာတ်ရှိသည်။ မကွေးတိုင်း
အတွင်းတွင် ပြိုင်စံမမှီသော ဇာတ်များဖြစ်သည်။

အခမ်းအနား မီးဆလိုက်၊ နိုင်ငံခြားတီးဝိုင်း မြန်မာတီးဝိုင်းများစုံ
လင်ပြီး ရန်ကုန်ပန်းတျာကျောင်းမှ ဇာတ်မင်းသားနှင့် ယိမ်းပျို့ဖြူများကို ငွေ
ကုန်ကြေးကျခံကာ ငှားသဖြင့် ဇာတ်များက လွန်စွာကောင်းပါသည်။

နွေ၊ မိုး၊ ဆောင်း အားတဲ့ရက်ဟူ၍ မရှိပါ။ (ယေဉ်ကျူး) ရာတွင်
နာမည်ကြီးလှသော ခင်ထွေးရီ၏ဇာတ်က ဘုန်းကြီးပျံဆိုလျှင် သူ မပါပါက
ပွဲမပြီးဘူးဟု ယူဆရလောက်အောင် နာမည်ကြီးလှပါသည်။

တစ်နေ့တွင် ဒေါ်ထွေးရီဇာတ်သည် ငွေးချို့ရွာ ဘုန်းကြီးပျံလက်ခံ
ခဲ့ရာတွင် ဟာသလူရွှင်တော် ဂျမ်းဘုံကြီးနှင့် သီချင်းဆိုရန် အဆိုတော်
တစ်ယောက် ငှားနိုင်းရာ စာရေးသူကို လာငှားသဖြင့် လိုက်ပါခဲ့ကြရန်
လက်ခံလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်က စာရေးသူသည် ဂီတစာဆိုမောင်ကြေးမုံ တည်ထောင်သော (ရုပ်ရှင်နှင့်ဂီတ) ပြဇာတ်အဖွဲ့တွင် ကျရာနေရာမှ ပါဝင်သရုပ်ဆောင်နေသောအချိန်ဖြစ်ပါသည်။

စာရေးသူတို့ (ရုပ်ရှင် ဂီတ ပြဇာတ်) အဖွဲ့တွင် အကယ်ဒမီကောလိပ်ဂျင်နေဝင်း၊ မင်းသမီးနှင်းဆီ၊ အဆိုတော်များက ကျောက်ပန်းတောင်းကျော်လွင်၊ မင်းသမီး ခေတ္တရာတမာချို၊ ထိုစဉ်က ရုပ်ရှင်လောကတွင် အလွန်နာမည်ကြီးခဲ့သော ပုလဲအရောင်မမှိန် မင်းသားခင်မောင်ချင်း၊ ယခု ရွှေတိဂုံဘုရား တောင်ဘက်မုခ်မှာ တနင်္ဂနွေနေ့တိုင်း ဖြေဖျော်ပေးနေတဲ့ မျက်လှည့်ဆရာ အသံတုရဲမြင့်လေးနှင့် စာရေးသူမမှတ်မိတော့သော ရုပ်ရှင်သရုပ်ဆောင်မြောက်မြားစွာ ပါဝင်ပါသည်။

ကြုံကြိုက်လို့ အသံတုရဲမြင့်လေးနှင့် ကျွန်တော်တို့အကြောင်းကို နည်းနည်းဖော်ပြပါရစေ။

ဖြစ်နေဆဲကာလက ရှက်စရာကောင်းလွန်းသဖြင့် ဇာချွေးများပင်ထွက်ခဲ့ပါသော်လည်း ယခု ထိုအကြောင်းကို ပြန်လည်စဉ်းစားကြည့်လျှင် အလွန်ရယ်ရပါသည်။

ထိုစဉ်က ကျွန်တော်တို့၏အဖွဲ့ကို ထိန်းထားသူမှာ ယခု (Happy World) တွင် မျက်လှည့်ပြနေသော အသံတုရဲမြင့်လေးဖြစ်ပါသည်။

ပုလင်း (၅၀) လောက်ကိုခွဲပြီး ထိုပုလင်းကွဲများပေါ်တွင် အင်္ကျီအဝတ်အစားမဝတ်ဘဲ ဘောင်းဘီတိုလေးတစ်ထည် ဝတ်ထားပြီး ကိုယ်လုံးတီးဖြင့် ဒိုင်ပင်ထိုးပြသည်။ တစ်ပတ်ကျွမ်းထိုးပြသည်။ ပုလင်းကွဲများကို စားပြသည်။ သွေးတစ်စက်မှ မထွက်ပါ။

ဦးကျောက်လုံး၊ ကောလိပ်ဂျင်နေဝင်း၊ ထွန်းဝေနှင့် မြတ်လေးတို့၏ အသံတု လုပ်ပြသည်။

ဦးကျောက်လုံးနှင့် ဒေါ်မြတ်လေးတို့ ရန်ဖြစ်ကြပုံ၊ စကားများကြပုံများ လုပ်ပြရာ ပွဲကြည့်ပရိတ်သတ်များ အလွန်နှစ်သက်သောပြကွက်များဖြစ်သည်။





ထိုစဉ်က ယခုခေတ်ကဲ့သို့ ကွန်ပျူတာများမပေါ်သေးရာ ဇာတ်ကားများတွင် သေနတ်ပစ်သည့်အသံ ထည့်သည့်အခါ အသံတုရဲမြင့်လေးက ကျည်ဆန်ထွက်သည့်အသံများ လုပ်ရလေရာ ထိုပြကွက်များပါ ရဲမြင့်လေးက လုပ်ပြခဲ့သည်။

ရွှေပွဲလာများ အစွဲလမ်းဆုံးပြကွက်မှာ အသံတုရဲမြင့်လေး၏ (ဖော်ဂျီ) အကား မြေလျှိုးမိုးပျံပြ၍ ကြိုက်နှစ်သက်ကြခြင်းဖြစ်သည်။

ထိုပြကွက်ကို အကြိုက်ဆုံးဖြစ်ရသည့်အကြောင်းရင်းမှာ တောင်တွင်း (ရွှေမြင်တင်) ဘုရားပွဲတော်ကြီးတွင် ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်ကြောင့် ဖြစ်ပါသည်။

ထိုဖော်ဂျီပြကွက်မှာ စက်သီးကြိုးဖြင့် အသံတုရဲမြင့်လေးသည် သူယောင်မယ်ကို ပွေ့ချီကာ ပွဲကြည့်နေကြသော ပရိသတ်တို့၏ ဦးခေါင်းပေါ်မှ လေထဲတွင် ဝဲပျံပြီး ပြသောပြကွက်ဖြစ်ပါသည်။

အသံတုရဲမြင့်လေး လေထဲဝဲပျံသွားအောင် စက်သီးကြိုးဆွဲရသူများမှာ ကျွန်တော်ရယ်၊ မင်းသားခင်မောင်ချင်း၊ အဆိုကျော် မင်းယာ၊ အဆိုတော် ကျောက်ပန်းတောင်းကျော်လွင်တို့ ဖြစ်ပါသည်။

သူယောင်မယ်က အဆိုကျော်ခေတ္တရာ တမာချိုဖြစ်သည်။ တမာချိုက နန်းဝတ်နန်းစားဝတ်ရပြီး အချွန်တွေအတက်များနှင့် အင်္ကျီ၊ ထဘီတို့ကို ဝတ်ဆင်ထားပါသည်။ (ရှေးတုန်းက ရာဇဝင်အဝတ်အစား) များဖြစ်သည်။

ဆိုင်းကမြိုင်မြိုင်ဆိုင်ဆိုင် တီးနေပြီး ခေတ္တရာတမာချိုနှင့် အသံတုရဲမြင့်လေးတို့က နှစ်ပါးသွားကနေကြပြီ။ ထိုအကပြီးပါက မင်းသမီးကို ပွေ့ချီပြီး ပရိတ်သတ်၏အပေါ် (လေထဲ) မှ ပျံဝဲရမည်ဖြစ်ရာ၊ ကျွန်တော်တို့က ကြိုးစွဲဖို့ အခန်းသင့်ဖြစ်ထားရသည်။

ကျွန်တော်တို့က ရဲမြင့်လေးကောင်းကင်ပေါ် တက်သွားရန်အတွက် ကြိုးဆွဲဖို့ ကန့်လန့်ကာခန်းစီး၏နောက်ကွယ်မှ အစဉ်သင့်စောင့်နေရသည်။

ဘယ်လို ဘယ်လိုစိတ်စောသွားသည်မသိ၊ ကြိုးဆွဲရန်အချိန်မကျသေးပဲ ကျွန်တော်တို့ဆွဲလိုက်ရာ ရဲမြင့်လေးက လေပေါ်မတက်ဘဲ၊ ကျွန်



www.burmeseclassic.com

www.burmeseclassic.com



တော်တို့ ကြိုးဆွဲသူများက ဖာတ်ခုံအလယ်၊ နှစ်ပါးသွားကနေသောနေရာသို့ ဝင်ရောက်သွားခဲ့၏။

ကျွန်တော်တို့ လူမြင်ကွင်းထဲရောက်သွားသောအခါ ပရိသတ်မှာ ပတ်တုတ်၍မရအောင် ရယ်ကြတော့၏။

ကျွန်တော်တို့လေးယောက်လည်း ရှက်လွန်းသဖြင့် ကန့်လန့်ကာ အတွင်း ဝင်ပြေးရာ အချိန်မကျသေးဘဲ ကိုရဲမြင့်လေး လေပေါ်တက်သွား တော့၏။

ပို၍ ရယ်စရာဖြစ်သွားရသည်က ရဲမြင့်လေးက တမာချိုကို အဖက် တွင် ဆွဲမိလျက်သားဖြစ်သွားရာ ရဲမြင့်လေးက တမာချို၏ ကိုယ်လုံးကိုမဖက် မိဘဲ ခြေထောက်ကို ဆွဲမိလျက်သား ဖြစ်သွားတော့လေရာ၊ ခေတ္တရာတမာချို မှာ ဇောက်ထိုးကြီး လေထဲပါသွားလေ၏။

ထမီက မျက်ခွက်ကိုအုပ်မိပြီး အောက်ပိုင်းဗလာကျင်း။

တော်သေးသည်က တမာချိုက အောက်ခံဘောင်းဘီရှည်ကို ဝတ် ထားလို့ တော်သေးတာပေါ့။ နို့မဟုတ်ရင် တမာချိုတစ်ယောက် မယ်ဗလာ ဖြစ်တော့မလို့။

'ဗိုလ်အောင်ဒင်' ဖာတ်လမ်း (ပ/၃) နှစ်ပိုင်းကရင် မိုးအလင်း တစ်ညလုံး ကကြရပြီး နံနက် (၇) နာရီမှပြီးတယ်။ ကြည့်တဲ့ပရိသတ်က လည်း ကျွန်တော်တို့ပတ်စာခွာ ဖျာသိမ်းမှထကြတယ်။ အဲသလောက် အား ပေးကြတာ။

ကျွန်တော်တို့လည်း မိတ်ကပ်ဖျက်ပြီး ပွဲခင်းထဲကလက်ဖက်ရည် ဆိုင်သွားတော့ မပြန်သေးတဲ့ ပရိသတ်ကိုတွေ့ကြတော့ ကျွန်တော်တို့ကို မြင်တဲ့လူတိုင်းက ရယ်ကြတာ လက်ဖက်ရည်သာ သောက်လို့ကုန်သွားတယ်။ ဘယ်အပေါက်က ဝင်ပြီး ဗိုက်ထဲရောက်သွားသလဲ မသိလိုက်ပါဘူး။

ရှက်လိုက်တာမှ သေချင်စော်ကို နံအောင်ပါပဲ။ ဒီအဖြစ်အပျက် ကလေး အခုပြန်တွေးကြည့်တော့ ရယ်စရာဖြစ်နေပါပြီ။ ဒီကိစ္စကို ကျွန်တော် က သောကြာစာစောင်မှာ ရေးလိုက်တော့ အသံတုရဲမြင့်လေးက စိတ်ဆိုး





လိုက်တာမှ ပြောမပြောချင်ပါဘူး။ သူကျေနပ်အောင် ရှိုးပြီး တောင်းပန် လိုက်ရတယ်။

တွေးကြည့်ပြီး ရက်ကိုတွက်ချက်ကြည့်လိုက်တာ ဘာလိုလိုနဲ့ အနှစ် (၄၀) ကျော်ခဲ့ပြီလေ။

အော် ...ပြောဖို့မေ့နေတယ်။ အဲသလို အသံတုရဲမြင့်လေးက လေပေါ်တက်မသွားပဲ ကျွန်တော်တို့က ဖာတ်ခုံအလယ် ရောက်သွားရခြင်း အကြောင်းရင်းက။

ကျွန်တော်တို့ ဖာတ်တွေမှာ ပြဖာတ်ကတဲ့အခါ ကုလားထိုင်တွေ တာပွဲတွေကို ရွှေ့ပြောင်းလို့လွယ်အောင် (ထရော်လီ) ထားတယ်လေ။

ထရော်လီဆိုတာက ပျဉ်ပြားကြီးကို အောက်မှာ ဘီးတွေတပ် ထားတာ။ ကျွန်တော်တို့လေးယောက်က အဲဒါကြီးကို မှိုးရိုးပျဉ်မှတ်ပြီး တက် နေတာ အားနဲ့ကြိုးကိုဆွဲလိုက်တော့ ကိုရဲမြင့်က အပေါ်တက်မသွားဘဲ ကျွန် တော်တို့က ထော်လာကြီးနဲ့ ဖာတ်ကနေတဲ့အလယ်ကို ဝင်သွားတာလေ။

ကိုရဲမြင့်လေးရေ ကျွန်တော်တော့ မနေနိုင်လို့ ရေးလိုက်ပြန်ပြီ။ ဒီ တစ်ကြိမ်လည်း ခွင့်လွှတ်ဦးနော်''

ကဲ ... ကဲ ပေတာနယ်ကို တစ်ညတာ ရောက်သွားရတဲ့အကြောင်း ပြောပြဦးမယ်။

ဒေါ်တွေးရီရဲ့ဖာတ်က သင်ဖြူကျွန်းမြို့ကနေ ရေတာတန်ကုန်းတတန် နဲ့ ချောက်မြို့ကိုကူးပြီးမှ ငွေးချိုကိုလာကြတာဆိုတော့ မနက်ကတည်းက ဖာတ်ကားက ငွေးချိုကို ရောက်နေလောက်ပြီ။

ကျွန်တော်တို့နှစ်ယောက် မကွေးကနေ ထွက်ခဲ့တာ ငွေးချိုနဲ့က (၃၄) မိုင်ဝေးတယ်လေ။ နေ့လည် (၂၂) နာရီမှ ဖာတ်ရှိတဲ့နေရာရောက်သွားခဲ့ တယ်။

ရောက်တယ်ဆိုရင်ပဲ ဖာတ်ခုံထဲကို ဝင်ခဲ့တယ်။ ဖာတ်ခုံကြီးက တစပြင်လိုပဲ ငြိမ်သက်နေတယ်။ ဘာသံမှမကြားရဘူး။ လူတွေကောရှိသေး ရဲ့လား ဆိုပြီး ခန်းဆီးလိုက်ကာတွေ ကာထားတဲ့အခန်းတွေကို ဖွင့်ကြည့် လိုက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



လားလား အိပ်နေလိုက်ကြတာ၊ ဒေါ်ခင်ထွေးရီအပါအဝင်၊ ကားဆွဲပျောက်ဖောက်၊ မီးထိုး၊ လူရှင်တော်၊ မင်းသားကြီးအဆုံး ဇာတ်သမားတွေအားလုံး ဖင်ပေါ်၊ ခေါင်းပေါ် အိပ်နေကြတယ်လေ။

အခုနေ သူခိုးများ ဝင်ခိုးလိုက်ရင်တော့ တစ်ဇာတ်လုံး ပြောင်သလင်း ခါသွားလောက်ပါရဲ့။

"ကိုညိုစိန့် ... ကမ္ဘာလုံး တံဆိပ်သဘော်ဆေးဘူး အလတ်အရွယ်သုံးဘူး သွားဝယ်ဗျာ"

ဆိုပြီး ကိုဂျမ်းဘုံကြီးက ကျွန်တော့်ကို ခိုင်းတယ်။ ကျွန်တော်က ဘာလုပ်ဖို့လဲလို့ မေးမယ်ကြံတော့ သူက လက်ညှိုးနဲ့ သူ့ပါးစပ်ကို ပိတ်ပြပြီး ...

"ရှူး ... တိုး တိုး ဘာမှမမေးနဲ့ ဝယ်မှာသွားဝယ်"

ဆိုပြီးခိုင်းလို့ ကျွန်တော်လည်း ဘုမသိဘမသိနဲ့ သဘော်ဆေးဝယ်ဖို့ ထွက်ခဲ့တယ်။

ကျွန်တော်ဝယ်ပြီးပြန်လာတော့ သူ လုပ်ငန်းစတော့တာပါပဲ။

သဘော်ဆေးတွေနဲ့ ဘာတွေလုပ်လဲ သိချင် ... ဟဲ ဟဲ ဟဲ ... ဖင်ပေါ် ခေါင်းပေါ် အိပ်နေကြတဲ့ ကားဆွဲမှအစ နောက်ပိုင်းမင်းသားကြီးအဆုံး ဇာတ်သမားအားလုံးရဲ့ (ဖွားဖက်တော်) တွေကို သဘော်ဆေးနဲ့ လောင်းတော့တာပဲဗျို့။

မိန်းမရော ယောကျ်ားရော တစ်ယောက်မှမကျန်ဘူး။ သဘော်ဆေးတွေ ကုန်သွားမှရပ်တယ်။

အဲသလိုလောင်းပြီး ကျွန်တော့်ကိုလက်ကုတ်ပြီး ဇာတ်ခုံအပြင်ခေါ်ခဲ့တယ်။

"ကျွန်တော်တို့ ကျောက်ပန်းတောင်း သွားကြရအောင်"

လို့ ဇာတ်ခုံအပြင်ရောက်တော့ ဂျမ်းဘုံကြီးက ပြောတယ်။ ဝွေးချိုနဲ့ ကျောက်ပန်းတောင်းက (၇) မိုင် (၈) မိုင်လောက်ဝေးတယ်ထင်တယ်။ သူတို့နယ်က လူတွေက ကျောက်ပန်းတောင်းကို စက်ဘီးနဲ့သွားကြတာ။

"ဘာဖြစ်လို့ သွားမှာလဲဗျ"





လို့ ကျွန်တော်ကမေးတော့ ...

"တရားခံ မပေါ်အောင်လို့ဗျ" တဲ့

ဒီတော့မှ ကျွန်တော် သိလိုက်တယ်။ ကိုယ်လုပ်ချင်ရာတွေလုပ်ပြီး ရှောင်တဲ့သဘောလေ။

ကျွန်တော်တို့ကမယ့် ဇာတ်ခုံကရွာနဲ့ ပေတစ်ရာလောက်ဝေးတယ်။ ပွဲခင်းကြီးကလည်း အကျယ်ကြီး။

ကြက်ပွဲ၊ ဘော်လီဘောပွဲ၊ ခြောက်ကောင်ဝိုင်း၊ လေးကောင်ဂျင်ဝိုင်း၊ ဘောလုံးပွဲတွေမှာ လူတွေက တိုးမပေါက်ဘူး။ အဲဒီပွဲတွေက ပိုက်ဆံနဲ့ လောင်းကြေးထပ်ကြတဲ့ပွဲတွေဆိုတော့ လူတွေက အဲဒီမှာပဲ ပြွန်တိုးနေတာလေ။

ကျောက်ပန်းတောင်းရောက်တော့ ဇာတ်ဆရာ၊ ဇာတ်ကန်ထရိုက် ဦးညိုဆီမှာ တည်းကြတယ်။ အဲဒီအိမ်မှာပဲ တနေ့လည်လုံး ကျွန်တော်တို့ အိပ်ကြပြီး ညနေ (၇) နာရီမှ ဝွေးချိုကို ပြန်ခဲ့ကြတာ။

ဇာတ်ခုံရောက်တော့ (ကရောင်းချို) ခေါ် (ခုနှစ်သံချို) တီးလုံးတွေကို ဆိုင်းသမားတွေက တီးနေကြပြီ။

ကျွန်တော်တို့နှစ်ယောက်လည်း ကိုယ့်အပြစ်နဲ့ကိုယ် ဇာတ်ထဲ မဝင်ရဲဘူး။ ဇာတ်ခုံရှေ့က လက်ဖက်ရည်ဆိုင်မှာ ဝင်ထိုင်လိုက်တယ်။ ၈ နာရီမှ ဇာတ်ထွက်မှာလေ။

အဲသလို လက်ဖက်ရည်သောက်နေတုန်း ဇာတ်ထဲကကားဆွဲကောင်လေး မောင်ဖြူဖွေးက ကျွန်တော်တို့မြင်တော့ အားရဝမ်းသာ ပြေးလာတယ်။ ကျွန်တော်တို့က သူ့ကို တစ်ယောက်တစ်ရာကျပ် မုန့်ဖိုးပေးနေကြဆိုတော့ ကျွန်တော်တို့ဆီ လာတော့တာပေါ့။

"ဟာ ... အစ်ကိုတို့ မလာဘူးထင်ပြီး ဇာတ်ဆရာစိတ်ညစ်နေတာ ... ခင်ဗျားတို့လာတာ သိရင်တော့ ဝမ်းသာလိုက်မယ့်အမျိုးဗျာ"

လို့ ခရီးရောက်မဆိုက် သူကပြောတယ်။

"မလာရင်ကောကွ။ သူ့ပိုက်ဆံငါတို့က စရံယူထားတဲ့ဥစ္စာ"



www.burmeseclassic.com

www.burmeseclassic.com



လို့ ကျွန်တော်က ပြောလိုက်တယ်။ ဝမ်းထဲမှာက သဘော်ဆေးကိစ္စ မေးချင်လိုက်တာ အူကိုပွနေတာပဲ။

မေးလိုက်ပြန်ရင် ကျွန်တော်တို့လုပ်ခဲ့မှန်း သိသွားမှာဆိုတော့ မမေးရဲဘူး။ ဟုတ်တယ်လေ။ အခုမှရောက်တဲ့လူတွေက ဘာကြောင့် သဘော်ဆေးအကြောင်းသိနေရသလဲလို့ စဉ်းစားတွေးတောစရာ ပေးလိုက်သလိုဖြစ်သွားမှာ။

"ဒါနဲ့ဗျာ ပြောရဦးမယ်"

"အင်း ... ဘာများလဲ ပြောစမ်းပါဦး။ မင်းတို့ဓာတ်က တစ်ခုမဟုတ်တစ်ခုတော့ ပြဿနာဖြစ်ရမှ"

လို့ ဂျမ်းဘုံကြီးက ခပ်တည်တည်နဲ့ ပြောတယ်။

"ကျွန်တော်တို့ ကဖို့ဆောက်ထားတဲ့ ဓာတ်ခုံနေရာက မသန့်ဘူးဗျ"

"ဟေ ... ဟုတ်လား။ နေ့လယ်ကြီးတောင် သူရဲခြောက်တယ်လား"

"သူရဲခြောက်တာထက် ဆိုးတာပေါ့"

"ဟေ ... ဘာများလဲကွ၊ သိချင်လှပြီ မြန်မြန်ပြောစမ်းပါ"

"ကျွန်တော်တို့ ပွဲဆက်တွေများပြီး ပင်ပန်းလို့ တစ်ဓာတ်လုံးအိပ်လိုက်ကြတာ ညနေ (၄) နာရီမှ အိပ်ရာက နိုးကြတယ်ဗျ"

"အိပ်ရာကနိုးလို့ ပထမဆုံး ရှူးရှူးပေါက်မယ်ဆိုပြီး သွားလိုက်တာ ဘယ်သူက သဘော်ဆေးတွေ လောင်းသွားတယ်မသိပါဘူး။ ကျွန်တော်တို့ပစ္စည်းတွေ ကပ်နေလို့ ရှူးရှူးပေါက်မရတော့မှ သိရတော့တယ်ဗျို့"

"အမေထွေးရီဆို သူ့ပစ္စည်းတွေကို ကတ်ကြေးနဲ့ ကိုက်ဖြတ်ပြီး တောရှင်းလိုက်ရတယ်။ ဒါတောင် အပေါက်ပိတ်နေလို့ ဓာတ်ဆီနဲ့ ဆေးချလိုက်မှ ရှူးရှူးပေါက်ရတယ်လေ"

"ခစ် ... ခစ် ... ခစ်"

မအောင့်နိုင်လို့ ကျွန်တော် ရယ်မိတယ်။ ဒီတော့ ဂျမ်းဘုံကြီးက 'ဘာရယ်တာလဲဗျ' လို့ ကျွန်တော့်ကို မျက်လုံးပြူးပြီးဆိုတယ်။





သူလည်း ရယ်ချင်နေပြီ၊ မျက်ခွက်ကြီးက ရယ်ချင်တာကို အောင့်ထားတာ အသိသာကြီးလေ။

"အမေထွေးရီက သူ့ပစ္စည်းကို ဘယ်သူလက်ဆော့သွားလဲလို့ဆိုပြီး ကျုန်တဲ့ဓာတ်သမားကို ဆူဖို့လုပ်တော့ ကျုန်တဲ့ဓာတ်သမားတွေလည်း သဘော်ဆေးကြောင့် ဖွားဘက်တော်ကပ်နေပြီး မင်းသမီးတွေလည်း အကုန်လုံး အပေါက်ပိတ်နေကြတယ်လေ"

"ကျွန်တော်တို့ဗျာ ကုလားတိုက် ကျားဝင်ကိုက်သလိုပါပဲ။ တစ်ဓာတ်လုံး ဒီသဘော်ဆေးကိစ္စ ရူညံသွားတာပဲ။ နောက်ပြီး ကျွန်တော်တို့ တစ်ဓာတ်လုံး ကုလားရှူးပြုသလို လုပ်လိုက်ကြတယ်။ ဓာတ်ဆရာကတော့ပြောသားဗျ"

"ဟေ ... ဘာများပြောသလဲကွ"

"ဒါမျိုးလုပ်တတ်တာ ဂျမ်းဘုံကြီးနဲ့ ညိုစိန့်ပဲ ရှိတယ်။ သူတို့လို့ ပြောရအောင်ကလည်း အခုထိ သူတို့ မရောက်ကြသေးဘူးတဲ့ဗျ"

"အောင်မယ်လေး ... အိုးစွတ်မစား ခွက်စွတ်မစားကွာ"

"ဟုတ်ပါတယ် ... ဆရာတို့ မဟုတ်ဘူးဆိုတာ သိပါတယ်၊ ကျွန်တော်တို့ဓာတ်ကားကြီးထဲက ဓာတ်ဆီလေးဂါလံ ကုန်သွားတယ်ဗျ။ အဲဒီတော့မှ ကျွန်တော်တို့ပစ္စည်းတွေ တောရှင်းပြီး နဂိုမိမွေးတိုင်း ဖမွေးတိုင်း ဖြစ်သွားတော့တယ်"

ဟုပြောပြီး ...

"ဓာတ်ဆရာ အမေထွေးရီ ဝမ်းသာအောင် ဆရာတို့ရောက်ပြီဆိုတာ သွားပြောလိုက်ဦးမယ်"

လို့ ပြောပြီး ဓာတ်ခုံဆီပြန်သွားလေရဲ့။

"ခင်ဗျား ဒေါ်ခင်ထွေးရီအနား မသွားနဲ့။ ခင်ဗျားက မျက်နှာပိုးမသေဘူး။ သိသွားလိမ့်မယ်။ ကျွန်တော် သွားလိုက်မယ်"

လို့ ပြောပြီး ဂျမ်းဘုံကြီးလည်း ဓာတ်ခုံဆီ ထွက်သွားတယ်။

ဟုတ်တယ်လေ ... ဓာတ်ဆရာ ဒေါ်ခင်ထွေးရီကို စရဲနောက်ရဲတာက ကျွန်တော်တို့နှစ်ယောက်ပဲ ရှိတာဆိုတော့ ကျွန်တော်တို့ပဲ ခံရှုန်းမိမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ့။ ဒါပေမဲ့ ကျွန်တော်တို့က ယခုမှရောက်သလို သရုပ်ဆောင်လိုက်တော့ တရားခံ ရှာမတွေ့တော့ဘူးလေ။

မနက်မိုးလင်းတော့ ဆရာတော်ကြီးရဲ့ ရုပ်ကလာပ်ကို မီးသင်္ဂြိုဟ်တယ်။ မီးသင်္ဂြိုဟ်တဲ့အချိန်မှာ ဒေါ်ခင်ထွေးရီက ယဉ်ကျူးရတာဆိုတော့ ညနေ (၆) နာရီမှ ဇာတ်ခုံက ကန့်လန့်ကာတွေဖြုတ်၊ ဇာတ်သေတ္တာတွေ ကားပေါ်တင်နဲ့ ညနေ (၇) နာရီမှ ငွေချိုက ထွက်လာနိုင်တယ်။

ဒီနေ့ည သူတို့ကားက ညောင်လှသင်္ဘောဆိပ်ကို သွားအိပ်ရမှာ။ မနက်ကျရင် ရေလယ်ကျွန်းမှာရှိတဲ့ ရွာအလှူပွဲ ကရမှာ။ သူတို့က မနက် (၆) နာရီ ညောင်လှသင်္ဘောဆိပ်ကို မော်တော်နဲ့လာခေါ်မှာ။

ကျွန်တော်တို့နှစ်ယောက်ကတော့ ရေနံချောင်းရောက်ရင် ဂျမ်းဘုံကြီးအိမ်ကို သွားတွေ့ပြီး မကွေးပြန်ကြမှာဆိုတော့ အရေးမကြီးဘူးလေ။

ငွေချိုနဲ့ ရေနံချောင်းက (၃၂) မိုင်ပဲ ရှိတယ်။ ကားကစုတ်တော့ သုံးနာရီလောက်မောင်းရင် ရောက်တယ်။ ဒါ့ကြောင့် ခပ်အေးအေး လုပ်နေကြတာလေ။

ကားကဘရိတ်လည်း မကောင်းဘူး။ မကောင်းဆို မြန်မာလူမျိုးပီပီ ဘရိတ်ဆီမသုံးဘဲ ဆပ်ပြာရေကို ဘရိတ်ဆီအဖြစ် သုံးနေတာလေ။ ကြာတော့ ဘရိတ်ဘယ်ကောင်းပါတော့မလဲ။

ကျွန်တော်တို့ ဇာတ်ကားထွက်လာတော့ မှောင်နေပြီ။ ချောက်ရေနံချောင်းလမ်းက ကတ္တရာခင်းလမ်းဖြစ်လို့ လမ်းကောင်းတယ်။ ဒါပေမဲ့ မှောင်မည်းနေလို့ ဘေးကို မမြင်ရဘူး။

ကျွန်တော်တို့မောင်းလာတာ မင်းချောင်းတံတားရောက်ဖို့ ၅ မိုင်အလိုမှာ ဖုတ်ဆင်းမှတ်တိုင်ရှိတယ်။ အမှန်တော့ အဲဒီနေရာက ချောက်က သွားရင် အဆင်း၊ ရေနံချောင်းကလာရင် အတက်။

ကုန်းမြင့် ကုန်းချောကြီးဖြစ်တယ်။ အတက်ကားဖြစ်ဖြစ် အဆင်းကားဖြစ်ဖြစ် အဲဒီနေရာရောက်ရင် ဂီယာကြီးထိုးရတယ်။





ဂီယာနံပါတ် (၁) ဒါမှမဟုတ် (၂) ကို ထိုးရတယ်။ ဒါမှ ဘရိတ်မကောင်းပေမယ့် အဆင်းဆိုလည်း ထိန်းဆင်းနိုင်ပြီး အတက်ဆိုလည်း ဂီယာအားနဲ့ တက်နိုင်တယ်။

ဖုတ်ဆင်းမှတ်တိုင်ဆိုတာ အဲဒီနေရာရောက်ရင် ဘယ်လောက်ကောင်းတဲ့ ကားဖြစ်ဖြစ် ဖြည်းဖြည်းပဲ မောင်းလို့ရတယ်။ အဲဒီအခါမှာ တောထဲမှာ ပုန်းနေတဲ့ ဓားပြတွေက ထွက်တိုက်တော့တာပါပဲ။

အဲဒီနေရာမှာ ထွက်တိုက်တဲ့ဓားပြရဲ့အမည်က နေအောင်လို့ခေါ်တယ်။ ကျွန်တော် အဲဒီဓားပြနဲ့ပတ်သက်ပြီး 'လူဆိုးထိန်းမောင်ကြီးနှင့် ဖုတ်ဆင်းဓားပြနေအောင်' ဆိုပြီး ဝတ္ထုရှည် ရေးဖူးတယ်။

အဲဒီဝတ္ထုက ကက်ဆက်ဇာတ်လမ်းလည်း ထွက်တယ်။ VDO ဇာတ်ကားလည်း ထွက်ခဲ့တယ်။

ကျွန်တော်တို့ ဖုတ်ဆင်းနားရောက်တော့ ည (၁၁) နာရီ ထိုးနေပြီ။ ညကမှောင်မည်းနေတယ်။ လမ်းမီးက ယခင်ကလည်း အဲဒီနားမှာမရှိဘူး။ ဒီနေ့ထိလည်း မရှိဘူး။ ကားမီးရောင်ကိုပဲ အားကိုးပြီး သွားနေရတာ။

ဖုတ်ဆင်းနေရာက အဆင်းအတက်ကြမ်းတဲ့အပြင် လမ်းကလည်း အကွေ့ဖြစ်တယ်။ ကားက ဖြည်းဖြည်းကလေး ဆင်းလာတာမှာ အကွေ့ရောက်တော့ ရောမများပြားလှတဲ့ နွားလှည်းတန်းကြီး ရပ်ထားတာတွေ့ရတယ်။

"ရှေ့မှာ ဓားပြတွေပေါ့၊ ပစ္စည်းတွေချွတ်ထားကြ"

ဒေါ်ခင်ထွေးရီက အော်ပြောတယ်။

"ချွတ်မထားနဲ့ အပိုပဲ။ ရိုက်တောင်းရင် ဝှက်ထားတာ ပေးရမှာပဲ။ ဒီအတိုင်းနေကြ၊ အသားကို အနာမခံကြနဲ့"

လို့ ဂျမ်းဘုံကြီးက အော်ပြောတယ်။

ရွှေတွေဝတ်ထားတဲ့သူတွေ ချွတ်ရအခက် ဝတ်ထားရအခက်ဖြစ်နေကြတယ်။ ကားကတော့ ဖြည်းဖြည်းချင်း ဆက်သွားနေတယ်။

"တို့ ချွေးနည်းစာနဲ့ ပင်ပင်ပန်းပန်း ရှာထားတဲ့ ပိုက်ဆံတွေတော့ ကုန်ပါပြီ"

"ငါတို့တော့ ဒီတစ်ခါ ကိုယ်ကျိုးနည်းပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



ဟု တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။

အားကောင်းမောင်းသန် ယောက်ျားကြီးခြောက်ယောက်က တုတ်၊ ဓား၊ လက်နက်များ ကိုင်ပြီး ကျွန်တော်တို့ရှေ့တည့်တည့် ကားလမ်းပေါ်သို့ တက်လာကာ သူတို့၏ ပါလာသော လက်နှိပ်ဓာတ်မီးဖြင့် ကားကို ရပ်ရန် အချက်ပြနေ၏။

သူတို့လက်နှိပ်ဓာတ်မီး ရမ်းလိုက်သောအခါ မီးကလမ်းဘေးသို့ ရောက်သွားရာ လမ်းဘေးတွင် လူဆယ်ယောက်လောက်က ဓားတွေတုတ်တွေ လူစုကိုင်ကာ ရပ်နေသည်ကို ဝိုးတဝါး မြင်လိုက်ရသည်။

ကျွန်တော်တို့ကားက လမ်းဘေးသို့ ဖြည်းဖြည်းချင်း ထိုးရပ်ပေးလိုက်သည်။

ကားရပ်လိုက်သည်နှင့် လမ်းပေါ်က လူခြောက်ယောက်။ ကျွန်တော်တို့ ကားစက်ခန်းဆီသို့ ကပ်လာ၏။

စက်ခန်းထဲက ဒရိုင်ဘာနားတွင် ကျွန်တော်ထိုင်သည်။ ကျွန်တော့် ဘယ်ဘက်က ဂျမ်းဘုံကြီး၊ တံခါးအပေါက်နားမှာ ဒေါ်ခင်ထွေးရီ ထိုင်သည်။

လူခြောက်ယောက်ထဲမှ ရောင်ထုံးကြီးနှင့်လူက ဒေါ်ခင်ထွေးရီအနား လာပြီး အားရဝမ်းသာဖြင့် …

"ဟာ … အစဉ်ပြေလိုက်တာ ဒေါ်ခင်ထွေးရီရယ်၊ အခုပဲ ကျွန်တော်တို့ ခင်ဗျားအိမ်က ပြန်လာကြတာဗျ"

ဟု မိတ်ဆက်စကားဆို၏။

"ဟောတော့ ဓားပြဗိုလ်က တို့ဇာတ်ဆရာကို သိတယ်တော့"

"အေး … အသိဆိုတော့ ငါတို့နည်းနည်း သက်သာမှာပေါ့"

ကား၏နောက်အခန်းမှ ဝေဖန်ပြောဆိုသံများ ကြားလိုက်သည်။

"အသိကမှ နာနာထောင်းမှာဟဲ့၊ ပစ္စည်း ဘယ်လောက်ရှိတယ်၊ ဘယ်လောက်ချမ်းသာတယ်ဆိုတာ သိပြီး နာနာထောင်းမှာ"

ဝေဖန်ငြင်းခုန်နေကြသဖြင့် ဒေါ်ခင်ထွေးရီ စိတ်မရှည်ဘဲ …

"နောက်ကဟာတွေ စကားမပြောနဲ့"





လို့ အော်ငေါက်လိုက်မှ ကားနောက်ခန်းမှ ဝေဖန်နေသံများ ရပ်သွားသည်။

"ဒါနဲ့ လူကြီးမင်းတို့က ကျွန်မအိမ်ကို ဘာဖြစ်လို့ သွားကြတာလဲ"

ဟု ဒေါ်ခင်ထွေးရီက မေး၏။ ဓားပြတော့ မဟုတ်တန်လောက်ဘူး ဟု အတွေးများ ပေါ်ပေါက်၍ ကြောက်ရွံ့စိတ် နည်းသက်သာလာသည်။

ကျွန်တော်လည်း ထိုလူကြီးကို သေသေချာချာ ကြည့်မိ၏။ သျှောင်ထုံးကြီးက တော်တော်ကြီးသည်။ အရပ်ကလည်း ခုနစ်ပေကျော်၏။ ရှေးခေတ်က မဟာဗန္ဓုလလားဟု ထင်ရသည်။

"ကျွန်တော်တို့ရွာမှာ ကာလသားတွေ ပျော်ပွဲရွှင်ပွဲလုပ်ဖို့ သဲပုံစေတီတည်ပြီး ဘုရားပွဲလုပ်နေပါတယ်။ အဲဒါဗျာ ဆိုင်းပဲရရ၊ ဇာတ်ပဲရရဆိုပြီး ရေနံချောင်းကို သွားခဲ့တာ။ ဦးဖိုးလူရဲ့မြေလတ်သဘင်ကလည်း ပွဲထွက်သွားတယ်"

"ဒါနဲ့ ဗလာဆိုင်းတွေဖြစ်တဲ့ စိန်သန်းငွေတို့ စိန်သန်းရွှေတို့ ဆိုင်းတွေကလည်း မအား။ နောက်တခါ မန္တလေး့မှုဇာတ်ကို သွားတော့လည်းမအား။ နောက်ဆုံး ဒေါ်ခင်ထွေးရီအိမ်ကို ရောက်သွားတော့ ဒီနေ့ည ပြန်လာလိမ့်မယ်။ ထွေးချိုဘုန်းကြီးပွဲမှာ ကနေတယ်။ အပြန်ကို လမ်းကထွက်စောင့်ရင် ရနိုင်တယ်လို့ပြောလို့ ကျွန်တော်တို့ ဒီလမ်းထိပ်က ထွက်ပြီးစောင့်နေတာ ဒေါ်ခင်ထွေးရီ"

ဟု ပြော၏။

"သံဗုဒ္ဓေ၊ ဂါထာကြီးက ငါတို့ကို ကယ်လိုက်ပြီ"

လို့ ကျွန်တော်တွေးမိပါတယ်။ ကျွန်တော့်အကျင့်က သံဗုဒ္ဓေဂါထာကို ခရီးသွားတိုင်း ရွတ်တယ်လေ။ ဂါထာဆုံးသွားရင် ကိုယ်သွားတဲ့လမ်းခရီးတလျှောက်က သတ္တဝါမှန်သမျှ အမျှပေးတယ်။ ကိုယ်စီးတဲ့ယာဉ်၊ ရထားပေါ် ပါလာတဲ့ အစောင့်နတ်ကစပြီး တိရစ္ဆာန်တွေအထိပါ အမျှပေးတာ အကျင့်ဖြစ်နေတော့ ဒီသမ္ဗုဒ္ဓေဂါထာကြီးက ကယ်မတာပဲလို့ ကျွန်တော်ယူဆပြီး စိတ်အေးချမ်းသာ ဖြစ်ခဲ့ရတယ်။ ကြောက်စိတ်လည်း ပြေသွားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားတို့ ရေနံချောင်းက ဆိုင်းတွေဇာတ်တွေက တော်တော် လိုက်ရပါလားဗျ။ စိန်အောင်ကြည်နဲ့ စိန်လက်သန်းဆိုင်းကလည်း နောက် တစ်ပတ်လောက်ရှိမှ ပြန်ရောက်မှာတဲ့။ ကျွန်တော်တို့တောင် ဇာတ်ထောင် စားရမလိုဖြစ်နေပြီ . . . ဟဲ . . . ဟဲ . . . ဟဲ"

ဟု ဆက်ပြောသည်။

"ကျွန်မလည်း ရှင်တို့ကို အားနာလိုက်တာရှင်"

ဟု ဒေါ်ခင်ထွေးရီက ပွဲဆက်ရှိသည်ပြောရန် စကားဦးသန်းလိုက် သည်။

"ဟာ . . . ဘာကြောင့်များလဲဗျ"

"တော်တော်တော့ အားနာဖို့ ကောင်းနေပြီ။ ကျွန်မတို့ ဘယ်လိုမှ လိုက်ကလို့ မရပါဘူး။ ဒီညညောင်လှသင်္ဘောဆိပ်မှာ အိပ်ရပါမယ်။ မနက် စောစောမြစ်လယ်က ကျွန်းရွာကိုကူးရမှာ။ လာခေါ်တဲ့ မော်တော်တောင်မှ သင်္ဘောဆိပ်မှာ ရောက်ချင်ရောက်နေမှာရှင့်"

အမှန်ပင် ထိုလမ်းစဉ်အတိုင်း စီစဉ်ထားသဖြင့် လိုက်၍ ကရန် မဖြစ်နိုင်ချေ။

"ဟာ . . . မဟုတ်တာဗျာ။ ကျွန်တော်တို့ ဒေါ်ခင်ထွေးရီတောင်း သမျှ ဇာတ်ဖိုး ပေးချေပါ့မယ်။ ကျွန်တော်တို့ သဲပုံစေတီပွဲက ဒီတစ်ညတည်း စီစဉ်ထားတာမို့လို့ပါ။ လိုက်ဖြစ်အောင် လိုက်ပေးပါဗျာ"

"မနက်သုံးနာရီတိတိမှာ ခင်ဗျားတို့ ဇာတ်သိမ်းပေးပါ။ မနက် ငါးနာရီအရောက် ညောင်လှသင်္ဘောဆိပ်ကို ပို့ပေးပါ့မယ်။ ဈေးကို ခင်ဗျား ကြိုက်သလောက်တောင်း။ အားမနာနဲ့"

လို့ လူကြီးက ဖွတ်ပြောနေတော့ ဒေါ်ခင်ထွေးရီ စိတ်ပါချင်သလို ဖြစ်လာသည်။

ကျွန်းက နံနက် (၈) နာရီမှ လာခေါ်မှာ။ (၅) နာရီအရောက်ပြန်ပို့ မယ်ဆိုတော့ ဒီတစ်ညဝင်ငွေက မမျှော်မှန်းဘဲ အချောင်ဝင်လာမည့်ငွေဖြစ် နေသည်။





ကြေးစားဇာတ်သမားတွေ အနေနဲ့ကတော့ ဒီတစ်ည ညောင်လှမှာ အိပ်မည့်အစား မုန့်ဘိုးရရ၊ ပဲဘိုးရရလိုက်ပြီး ကချင်ကြသည်။ နံနက် စောစော အရောက်ပြန်ပို့ပေးမည်ဆိုတော့ ညှိစရာပင်မလို။ အလိုလိုလက်ခံ နေချင်ကြသည်။ ဒေါ်ခင်ထွေးရီကလည်း ဒီပွဲ ဒါကိုယ့်ဝင်ထဲတော့ ဝင်လာပြီ။ အမဲကောင်တော့ ဆော်လိုက်ဦးမည်။ ဝင်ရိုက်လိုက်မည်ဟု တွေးမိသည်။

ငှားချင်ငှား မငှားချင်နေ။ မငှားရင်လည်း သင်္ဘောဆိပ်မှာ ကောင်း ကောင်းအိပ်မယ်။ ငှားရင်လည်း အမြတ်ပဲဟုတွက်၍ တစ်ခါမှမရဘူးသော မတောင်းဘူးသောဈေးကို တောင်းလိုက်သည်။

"သုံးသိန်းပေးရမယ်ရှင်၊ နောက်ပြီး သင်္ဘောဆိပ်ကို နံနက်ငါးနာရီ အရောက်ပို့ပေးရမယ်နော်"

ဒေါ်ခင်ထွေးရီတောင်းတဲ့ ညကြေးကို ကျွန်တော်မျက်လုံးပြူးသွား သည်။ ထိုခေတ်က ဇာတ်တစ်ဇာတ်ရဲ့ အမြင့်ဆုံးဈေးက ငါးသောင်းသာရှိ သည်။

"အေးပေါ့လေ . . . မလိုက်ချင်လို့ မတည့်တဲ့ဈေးတောင်းတာ ပဲ"

ဟု ကျွန်တော်တွေးမိသည်။

"ကောင်းပါပြီဗျာ ခင်ဗျားတောင်းတဲ့ဈေး ပေးမယ်။ နောက်ပြီး ငါးနာရီ အရောက်လည်း ပို့ပေးမယ်"

ဟု ပွဲငှားက ဒေါ်ခင်ထွေးရီဈေးကို လက်ခံလိုက်သည်။

"ဟေ့ကောင်တွေ . . . ကားပေါ်က ဇာတ်သေတ္တာတွေကို လှည်းပေါ် ပြောင်းတင်ကြဟေ့။ အော်ဒါနဲ့ လူစီးဖို့ လှည်းငါးစီး သပ်သပ်ခေါ်လာ တယ်။ ကြိုက်တဲ့လှည်းကို စီးကြဗျို့"

ဟု ပြောသည်။

ဇာတ်မှာခေါင်းဆောင်လုပ်သူများနှင့် မင်းသမီးများက လှည်းအလွတ် ပေါ်မှာ တက်ကြသည်။

ဇာတ်မှအလုပ်သမားများနှင့် တီးဝိုင်းသမားများက ဇာတ်သေတ္တာပါ သော လှည်းပေါ်တွင် ဇာတ်သေတ္တာများပေါ်ကို ထိုင်၍ လိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ . . . ထွန်းကျော်၊ မင်းကားကို အိမ်မောင်းသွားတော့။ ငါတို့ ဒီရွာက လိုက်ပို့ပေးတဲ့ကားနဲ့ ညောင်လှဆက်သွားမယ်။ လမ်းမှာ ဖြည်းဖြည်း မောင်းသွားနော်"

ဟု ပြောကာ ကားကို အိမ်ပြန်လွှတ်လိုက်၏။ အိမ်နှင့်ဒီဖုတ်ဆင်း ကားလမ်းမှာ (၇) မိုင်လောက်သာ ဝေးဟော့သည်။

ဒေါ်ခင်ထွေးရီသည် အတွက်အချက် အလွန်ကောင်းသူဖြစ်သည်။ ဤသို့လုပ်လိုက်ခြင်းဖြင့် ဓာတ်ဆီခ သက်သာသွားပြီး ကားငှားခလည်း သက် သာသွားပြီဖြစ်၏။

မယုံကြည်နိုင်အောင်ပင် မြန်လှ၏။ ကျွန်တော်တို့လှည်းများထွက် သွား၍ တစ်မိုင်လောက်အရောက်တွင် နောက်တွင်ကျန်ရစ်နေသော ဓာတ် သေတ္တာလှည်းများက မီလာ၏။

မည်သို့ပင်မြန်မြန် ကားပေါ်မှသေတ္တာများ လှည်းပေါ်ပြောင်းတင် တာကပင် အနည်းဆုံး နာရီဝက်၊ တစ်နာရီကြာမှာဖြစ်သော်လည်း မည်သို့ များ ပြောင်းတင်ခဲ့သည်မသိ။ ရှေ့မှစောထွက်ခဲ့သော ကျွန်တော်တို့လှည်းများ ကို မီလာ၏။

ကျွန်တော်တို့စီးတဲ့လှည်းများက အိပ့်အိပ့်နှင့်သွားနေ၍ မီလာသည် ဆိုလျှင် မအံ့ဩပါ။ မမြင်မကန်း၊ ညမှောင်မှောင်မည်းမည်းတွင် ကျွန်တော်တို့ စီးလာသောလှည်းများကလည်း ရှေ့မှ ကဆုန်ဆိုင်း၍ ပြေးလာခြင်း။ မောင်း လာခြင်းဖြစ်သည်။

ဒီလှည်းသမားကို ပိုမိုအံ့ဩရသည်မှာ ကြယ်ရောင်မလင်း၊ လက မသာ၊ အလွန်မှောင်မိုက်လှသော တောင်ဆင်းတောင်တက် ချိုင့်ခွက်များသော လမ်းကို ဤမျှမြန်အောင် မမှောက်မပြု မောင်းလာကြသည်က လှည်းမောင်း သမားကို မချီးကျူးဘဲ မနေနိုင်ခဲ့ပါ။

"ခင်ဗျားတို့ လှည်းမောင်းတော်တော် တော်ကြတာပဲဗျ။ ရွာတွေ မှာ တစ်ခါတလေ လှည်းပြိုင်ပွဲတွေ လုပ်တယ်။ ခင်ဗျားတို့ ဝင်မပြိုင်ကြဘူး လား"

ဟု ကျွန်တော်က လှည်းမောင်းသမားကို မေးလိုက်သည်။





"မပြိုင်ပါဘူးဗျား။ ကျွန်တော်တို့က အဲဒီလူတွေနဲ့ပြိုင်လို့မရတဲ့ လူ တွေဗျ။ နောက်ပြီး ကျွန်တော်တို့မောင်းတဲ့ နွားတွေကလည်း သာမာန်နွား မျိုးရိုးတွေ မဟုတ်ဘူး။ သူတို့ဘာသာ သူတို့ ကိုယ်ပိုင်စွမ်းရည်တွေရှိတယ်။ ဘယ်ချိုင့်ခွက်ကို ဘယ်လိုရှောင်ရမယ်၊ ဘယ်အဆင်းကို ဘယ်လိုဆင်းရ မယ်။ တက်ရမယ်ဆိုတာ သူတို့ဘာသာ သိတယ်"

"ကျွန်တော်တို့က ဇက်ကြိုးကို ထိန်းရုံထိန်းရတာဗျ။ နွားတွေက သူတို့ဘာသာ သူတို့လုပ်သွားတာ . . . ဟဲ ဟဲ ဟဲ"

"ဘာလဲ လှည်းမှောက်မှာ ကြောက်လို့လား။ မကြောက်နဲ့ ကျွန် တော်တို့ဘာမှ မလုပ်ရင် ခင်ဗျားတို့ ဘာမှမဖြစ်ဘူး။ ကျွန်တော်တို့လုပ်မှ ခင်ဗျားတို့ဖြစ်မှာ"

"အခုဟာက ခင်ဗျားတို့က ကျွန်တော်တို့ကို ကူညီတဲ့မိတ်ဆွေတွေ ဆိုတာ ခင်ဗျားတို့ရဲ့ အသက်စည်းစိမ်အတွက် လုံခြုံမှုအားလုံး ကျွန်တော် တို့က တာဝန်ယူမှာ"

"ဘယ်သူနိုး၊ ဘယ်ဓားပြ၊ ဘယ်လူရမ်းကားကိုမှ မကြောက်နဲ့။ ကိုယ်လုပ်ရမယ့်တာဝန်ကို ကောင်းအောင်လုပ်ဖို့သာ ကြိုးစားဗျနော်"

ဟု ပြောသည်။

ဒီလှည်းသမားစကားကို ကြားရတော့ အားရဝမ်းသာ ဖြစ်ခဲ့ရ သည်။

ကျွန်တော်တို့က ည (၁၂) နာရီမှာ ပွဲခင်းထဲ ရောက်သည်။ ဖြေ ဖျော်ချိန်က (၃) နာရီပဲ ရတော့သည်။

ပွဲကြည့်ပရိသတ်က မနည်းလှ။ ပွဲခင်းနှင့်အပြည့် ရှိနေ၏။ ကျွန် တော်တို့အလာကို စောင့်မျှော်နေကြသည်။ ထိုလူများ၏ ဘေးပတ်လည်တွင် နွားဖြုတ်ထားသော လှည်းများဖြင့် ဝိုင်းပတ်ထားသည်။

ဝါးတိုင်ပေါ်တွင် ခွက်တင်ပြီး ကညင်ဆီနှင့် ထမင်းခြောက်တို့ကို မီးရှို့၍ ပွဲခင်းကိုလင်းထိန်နေအောင် လုပ်ထားသဖြင့် ထိုလူများကို မြင်တွေ့ရ ခြင်းဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



ဓာတ်ခုံကြီးက နိုင်နိုင်နင်းနင်း ဝင့်ဝင့်ထည်ထည် ရှိလှ၏။ ကျွန်းတိုင်ကြီးများဖြင့် အသေလုပ်ထားသည်။ ဓာတ်သမားများက ဓာတ်ခုံပတ်ပတ်လည်တွင် အဓိဋ္ဌာန်ချထား၏။ အမိုးကို သွပ်မိုးကာထားသည်။ ယခုသဲပုံစေတီက နှစ်စဉ်လုပ်၍သော ဓာတ်ခုံကြီးကို အသေခိုင်ခန့်စွာ လုပ်ထားခြင်းဖြစ်နိုင်၏။

ဓာတ်ခုံကို ပိတ်ကားများနှင့်ဖွဲ့စီးများ။ မီးဆလိုက်များကို အမြန်ဆုံးဆင်လိုက်၏။ မိတ်ကပ်ကိုလည်း အမြန်ဆုံးလိမ်းကြသည်။ ကျွန်တော်တို့မှာ ယားလို့ပင် မကုတ်နိုင်ကြပါ။ ဓာတ်ထွက်ဖို့ စိတ်စောနေခြင်းကြောင့်ဖြစ်၏။

မီးစက်ကလည်း လွန်စွာသဘောကောင်း၏။ နှိုးလိုက်သည်ဆိုသည်နှင့် စက်နိုးလာရာ ဓာတ်ခုံတစ်ခုလုံး မီးထိန်ထိန်လင်းသွားသည်။

ကျွန်တော်တို့ဓာတ်ခုံ မီးလင်းလာသည်နှင့် ပွဲခင်းထဲမှမီးများအားလုံးငြိမ်းသွားရာ ဓာတ်ခုံ၏ဘေး ပတ်ဝန်းကျင်သည် လမိုက်ညဖြစ်သည်နှင့်အညီ မှောင်မည်းသွားတော့၏။

ကျွန်တော်တို့မှာ ဖုတ်ပူမီးတိုက်၊ အလုပ်လုပ်နေကြတုန်းတွင် ဒန်အိုးဒန်ခွက်များဖြင့် ဓာတ်သမားများ ထမင်းစားရန်လာပို့တော့သည်။

ဟင်းများကစုံလင်လှ၏။ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်နှင့် ငါးဟင်းအစုံအလင်ပါပဲ။ ကျွန်တော်တို့လည်း မစားအားသေးသဖြင့် ဓာတ်ဆရာ၏နေရာသို့ ထိုစားဖွယ်သောက်ဖွယ်များကို ထားခိုင်းလိုက်၏။ ပွဲကပြီးမှ စားမည်ပေါ့။

ပထမဆိုင်းက ခုနစ်ချီတီးသည်။

အပျိုတော်ထွက်သည်။

မြန်မာသံဖြေဖျော်မှုလုပ်သည်။

ဂျမ်းဘုံကြီး အငြိမ့်ကသည်။

အနောက်တိုင်းအလိုက်၊ မြန်မာသံများဆိုသည်။

နောက် ဟာသတစ်ခန်းရပ် ကခဲ့သည်။ တစ်ခန်းရပ်ပြဇာတ်အပြီးနှင့် နံနက် (၃) နာရီကိုက်ရန် ဓာတ်ကိုခြုံ၍ အစီစဉ်များပြင်ဆင်ထား၏။

မြန်မာသံ (စတိတ်ရှိုး) ပွဲတွင် ဆိုသမျှလူအားလုံး ဆုငွေများရကြသည်။ ကျွန်တော့်အလှည့်ရောက်တော့ သီချင်းတစ်ပုဒ်ဆိုတိုင်း ဆုငွေတ





လေးငါးထောင်ရသဖြင့် ကျွန်တော်သီချင်း (၇) ပုဒ် ဆက်တိုက်ဆိုလိုက်သည်။

အခြားနေရာများမှာဆိုလျှင် ၅ ပုဒ်ထက်ပိုမဆို။ အခုတော့ ဆုငွေများ မဟားဒယားရသဖြင့် တစ်ပုဒ်ပြီးတစ်ပုဒ် ဆက်၍ဆိုနေခြင်းဖြစ်၏။

ဒါတောင်မှ နောက်လူတွေအားနာလို့ အဆိုရပ်လိုက်ခြင်းဖြစ်၏။

ဂျမ်းဘုံကြီး အငြိမ့်ခန်းတွင် လူရွှင်တော်များလည်း ဆုငွေတော်တော် ရကြသည်။ ဂျမ်းဘုံကြီးဆို သိမ်း၍ပင် မနိုင်အောင် ဖြစ်နေရ၏။ ဤသို့ဖြင့် ကျွန်တော်တို့ ဟာသပြဇာတ်ကတဲ့အပြီးမှာ 'ဒေါင်' ခနဲ (၃) နာရီ ထိုးသွားခဲ့၏။

"ဝုန်း ..."

"ဒိုင်း ..."

"ဖျောင်း ..."

"ဂျလောင်း ..."

"ဖုတ် ... ဖုတ် ... ဖုတ်"

ကျွန်တော်တို့ မီးစက်ကြီးက အသံမျိုးစုံ ထွက်လာပြီး နောက်ဆုံး 'ဖုတ် ... ဖုတ် ... ဖုတ်' ဟု မြည်ကာ ပျက်သွားသည်။

မီးပျက်တော့ ပွဲခင်းတစ်ခုလုံးမှောင်သွားသည်။ စာချုပ်အရတော့ ပြဿနာမဖြစ် ပြောထားသည့်အတိုင်း (၃) နာရီ ကွက်တိဖြစ်၏။

ကျွန်တော်တို့လည်း လက်နှိပ်ဓာတ်မီးဖြင့် ဝိုင်းထိုးထားပြီး မီးစက်ကြီးကို စစ်ဆေးကြည့်၏။ ကျွန်တော်တို့ မီးစက်ကြီးမှာ (ဟီးနိုးကားအင်ဂျင်ကြီး) ကို လုပ်ထားခြင်းဖြစ်၍ လွန်စွာမှကောင်း၏။

"ဝုန်း"

"ဒိုင်း"

"ဖျောင်း"

ဟု အသံများထွက်လာသော်လည်း မီးစက်ကြီးမှာ အကောင်းဝကာဝိ ဘာဆိုဘာမှ မပျက်ဆီးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် (ပလပ်) ဆိုရိုက်သွားသလား၊ ကြည့်တော့လည်း ကောင်း။ ပလပ်ကို ဆိုမရိုက်။ နောက်တော့ ဒီဖယ်ဆီရေရောခံရပြီးထင်၍ ယ်ဆီကို စစ်ကြည့်တော့ ဆီကအကောင်း၊ ဘဲဥအစရှာမရသကဲ့သို့ ်နေသည်။

မီးစက်ကိုနိုး၍မရသောအခါ ဓာတ်ကြေးရှင်းရန်အတွက် မန်နေဂျာ ခေါ်ပြီး ပွဲငှားရာနိုင်းလိုက်၏။

ကျွန်တော်နှင့် ဂျမ်းဘုံကြီးက ဆုတော်ငွေဘယ်လောက်ရသလဲ သိ ၍ ကျွန်တော်တို့အခန်းထဲဝင်ပြီး ပိုက်ဆံများထည့်ထားသော လက်ဆွဲ ိတ်ကိုယူပြီး ပိုက်ဆံများကို ဖျာပေါ်သွန်ချလိုက်သောအခါ ပိုက်ဆံများ က်မလာဘဲ ညောင်ရွက်များထွက်လာ၏။

"ဟာ ... ညောင်ရွက်တွေဗျ ... ကိုဂျမ်းဘုံ"

"အေး ... ဟုတ်တယ်။ ငါ့ဟာလည်း ညောင်ရွက်တွေပဲကွ"

"မြတ်စွာဘုရား ... ဘာတွေဖြစ်ကြတာပါလိမ့်"

အခြားအခန်းမှ ဆုရရှိသူများ၏ အသံများလည်း ဆူညံစွာ တစ် ယောက်တစ်ပေါက် ထွက်လာ၏။

"ပိုက်ဆံမဟုတ်ဘူး။ ငါတို့ရတာ ညောင်ရွက်တွေဟေ့"

လို့ အော်သံများ ဆူညံနေ၏။

ထိုစဉ်ခိုက် ထမင်းကျွေးတာဝန်ကျသူ ဒေါ်စိန်ပွင့်၏အသံက ကျွန် တော်တို့အသည်းနှလုံးများ ပြုတ်ပြုတ်ပြုန်းကျသွားလောက်အောင် ကြား ိုက်ရ၍ အားလုံးကြောက်ရွံ့တုန်လှုပ်သွားကြရ၏။

"ဟဲ့ ... ဒီမှာ လာကြည့်ကြစမ်း၊ ညက ဝက်သားဟင်းတွေ အခု ကြွက်သေတွေ"

"ညက ငါးဟင်းတွေက အခု ကင်းခြေများအသေတွေ"

"ညက ထမင်းတွေက အခု သက်ငယ်စတွေ"

"ညက ရှဉ့်အသားတွေက အခုမြွေအသေတွေတော့။ ကျုပ်တို့ ရောက်နေတာက သချိုင်းဇရပ်ကြီးတော့"

လို့ သံကုန်အော်ဟစ်နေ၏။





"ဓာတ်ဆရာ၊ ဓာတ်ဆရာ။ ပွဲငှားရှာတွေ့ဖို့ နေနေသာသာ၊ ခွေး တစ်ကောင်၊ ကြောင်တမီးမှတောင် မရှိဘူးဗျ ... ဟီး ဟီး ဟီး ... ကျုပ်တို့ သူ့ရဲ့ အခြောက်ခံရပြီ"

အသံကုန်အော်၍ ငိုပြီး ပြေးဝင်လာ၏။

မိုးလင်းလို့ကြည့်လိုက်တော့ ညက ကျွန်တော်တို့ စားဖို့ဆိုပြီး ာပေးတဲ့ပစ္စည်းတွေက တိရစ္ဆာန်အသေကောင်တွေ ဖြစ်နေသည်။

'ထမင်း' တွေက သက်ငယ်စတွေ။ သက်ငယ်ဆိုတာက ကျွန်တော် ို့ အညာဒေသမှာ (ဝါး) ကို (သင်) ဖျာပြီး (သင်) ဖျာတယ်ဆိုတာက ဝါးကို ါးအချောင်းကလေးရအောင် လုပ်ပြီး ဝါးချောင်းသေးသေးတစ်ချောင်း ြင့် ယက်လုပ်ထားသော (နီး) ချောင်းများဖြစ်၏။

အညာတွင် ၎င်းပစ္စည်းကို (သက်ငယ်) ဟုခေါ်၏။ အိမ်အမိုး မိုးကြ ည်။

ကျွန်တော်တို့ညက ကခဲ့သည့် ဓာတ်ခုံကြီးက ကျွန်းတိုင်ကြီးများ ြင့် နိုင်နိုင်ခန့်ခန့် လုပ်ထားသော သချိုင်းဇရပ်ကြီးဖြစ်နေ၏။

ကျွန်တော်တို့၏ ပန်းချီပိတ်ကားများနှင့် ကန့်လန့်ကာတွေက ဇရပ် မိုးတိုင်ထိပ်မှာ လေတလွင့်လွင့်ဖြင့် လွင့်နေ၏။

ညက ကျွန်တော်တို့ကို ထားသည့်ခုတင်များက သချိုင်းအုတ်ဂူ တွေ။

ကျွန်တော်တို့ ဘယ်ဆီများ ရောက်နေပါသလဲလို့ စူးစမ်းကြည့် ိုက်တော့ တွင်းကုန်းရပ်ကွက်နဲ့ သုံးဆယ်ခြောက်ရွာကြီးကြား၊ ပင်းချောင်း ျောင်း နံဘေးက ကျတ်ကုန်းမြေဆိုးကြီးထဲ ရောက်နေသည်ကို သိရှိရတော့ ၏။

"ထိပ်ချမှ ဓားပြမှန်းသိ ဆိုသကဲ့သို့ အမှန်တော့ညက ကျွန်တော် ို့ကို ငှားသွားတဲ့သူတွေက လူယောင်ဖန်ဆင်းထားတဲ့ (ပေတ) နာနာဘာဝ ွေဆိုတာ သိရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကံကောင်းကြတာက ကျွန်တော်တို့ဇာတ်သမားတွေကို ဆိုးကျိ
ပေးမသွားတာပါပဲ။ ဘာတစ်ခုမှ ဒုက္ခမပေးခဲ့တာကိုပဲ ကျေးဇူးအနန္တ
မောင်ပေတတို့လို့ နှုတ်ဆက်လိုက်ပါတယ်။

ကျွန်တော်တို့လည်း ရေနံတူးနေကြတဲ့ (B.O.C) 'ဘီအိုစီ' ဌာ
ကို ကားအကူအညီတောင်းပြီး (၈) နာရီမထိုးခင် ညောင်လှကို ထွက်ခဲ့
တယ်။

ဒေါ်ခင်ထွေးရီရဲ့ဇာတ်က (မူးကျွန်း) ပွဲမပျက်ခဲ့ပါဘူး။

ဘာပဲပြောပြော ကိုယ်နဲ့အမျိုးမတူ ဇာတ်ခြားနေတဲ့ (ပေတ) န
သို့ အလည်တစ်ခေါက်သွားရသည်မှာ အခုပြန်တွေးကြည့်တော့ ပျော်စ
ကလေးပါပဲ။


အိမ်ပြန်ရောက်လို့ ဇနီးသည် စာရေးဆရာမ (ဒေါ်အမာစိန်) 
ပြန်ပြောတော့ ခွက်ထိုးခွက်လန် ရယ်တော့တာပါပဲ။

ကျွန်တော့်ဇနီးက ဆေးဆောင်းပါးတွေ၊ ဂန္တဝင်တွေ ရေးတယ်
ကျွန်တော်လည်း ရေးခွင့်ပေးလိုက်ပါတယ်။

'အသက်တစ်ရာ မနေရသော်လည်း အမှတ်တစ်ရာကြံရမယ်' 
တာ အမှန်ပါပဲ''

ကျွန်တော့်ဇနီးက (၃–၄–၂၀၁၂) နေ့က ဆုံးသွားပါပြီ။ အခု
တစ်နှစ်ခြောက်လ ရှိသွားပါပြီ။ ကျွန်တော်ရဲ့ဆိုးကျိုးကို ခါးစီးပြီး ခံခဲ့ရသူ
ဇနီးသည် (ဒေါ်အမာစိန်) ကောင်းရာမွန်ရာ ရောက်ပါစေလို့ ဆုတောင်း
ဒီဝတ္ထုလေးဖတ်ပြီး ရယ်ရမောရတယ်ဆိုရင် ကျွန်တော့်အဖို့ ရေးရကျိုး န
တယ်။ ဇာတ်ဆရာဒေါ်ခင်ထွေးရီလည်း မိတ္ထီလာနယ်ဘက်က 'ရွှေပေါ်ကျ
ဆရာတော်ထံမှာ ယောဂီဝတ်နေပါတယ်။ သူ့သမီးတွေကကတော့ ကျော
ပန်းတောင်းမြို့နယ်တဝိုက်မှာ နာမည်ကြီး မင်းသမီးတွေ ဖြစ်နေပါပြီ။

သဗ္ဗေ၊ အနိစ္စ၊ သင်
မကြေးညိုစိ



www.burmeseclassic.com

www.burmeseclassic.com

| ၁ |

'ထိုင်နေလျှင်အကောင်းသား၊ ထသွားတော့မှကျိုး'လို့ ဆိုရလေမလား။ ဒါမှမဟုတ် 'သေချင်တဲ့ကျား တောပြောင်း'လို့ရယ်ပဲ ယူဆရလေမည်လား။

သွားတုန်းက သူငယ်ချင်းသုံးယောက်။

တုံးတိုက်တိုက်၊ ကျားကိုက်ကိုက်။ မကြီးပွားမချင်း၊ မချမ်းသာမချင်း ပြန်မလာဟူသော ခံယူချက်ကိုထား၍ မြန်မာနိုင်ငံအထက်ပိုင်းသို့ တက်ခဲ့ကြသည်။ ကျောက်တူး၍ရလျှင် ကျောက်တူးမည်။ ရွှေရှာ၍ရလျှင် ရွှေရှာမည်။ သည့်အတွက် သဘာဝဘေးအန္တရာယ်နှင့် ကြုံရမည်ကိုလည်း သိထားသည်။ ရောဂါဘယ ထူပြောမည်ဆိုတာလည်း နားလည်ထားသည်။ အနေဆင်းရဲ၊ အစားဆင်းရဲဖြစ်မည်ကိုလည်း တွက်ဆထားသည်။ ရည်မှန်းချက်ပြည့်ပြီးသည့်သကာလ အပြန်ဖြတ်လမ်းခရီး၌ ခိုးသားဓားပြအပါအဝင် သောင်းကျန်းသူရန်နှင့်လည်း တွေ့ကြုံရတတ်လေ့ရှိကြောင်းကိုလည်း ခံယူထားသည်။





သူတို့ သူငယ်ချင်းသုံးယောက်ဆိုသည်က ရှောက်သီး၊ ကစ်တနားနှင့် ငွေတိုးတို့ပဲဖြစ်သည်။ သူတို့သုံးယောက်က ငယ်ပေါင်းတွေ ဖြစ်ကြသည်။ ကျောင်းနေတော့လည်းအတူတူ၊ ကျောင်းပြေးတော့လည်း အတူတူ၊ ကျောင်းထွက်ကြတော့လည်း အတူတူ။ ထို့ထက် အသောက်အစားကိစ္စကျပြန်တော့လည်း ဘယ်သူ့ခွဲခွဲ၊ တို့မကွဲဆိုသည့်သူများ။

သည်နေရာမှာ ခြွင်းချက်အနေနှင့် တစ်ခုရှိသည်။

ဒါက သူတို့သုံးယောက်ထဲမှာ ငွေတိုးက ထူးထူးခြားခြားဆိုသလို မိန်းမကိစ္စ၌ အင်မတန်စွံသည်။ ကျောင်းနေတုန်းက တစ်နှစ် တစ်တန်းသာမအောင်ဘဲ ရှိချင်ရှိမည်။ မိန်းကလေးရည်းစားကတော့ တစ်နှစ်ထဲကို နှစ်ယောက် ဖြစ်ချင်ဖြစ်သွားတတ်သည်။ အရပ်အမောင်းက အနေတော်၊ မျက်လုံးမျက်ဖန်ကကောင်းကောင်း၊ နှာတံလွှင်လွှင်နှင့် ဝိပြားသောနှုတ်ခမ်းအစုံတို့က ဆန့်ကျင်ဘက်မိန်းကလေးတို့၏ နှလုံးသားကို လှုပ်ရှားသွားစေနိုင်ခဲ့သည်။ ထိုတို့နှင့်ဆိုရလျှင် သူတို့သူငယ်ချင်းသုံးယောက်ထဲ၌ မ,ကိစ္စကျမ်းကြေသော ငွေးတိုးသည်ပင်လျှင် အိမ်ထောင်ဦးစွာ ကျခဲ့သည်။

တကယ်တော့ ငွေတိုး အိမ်ထောင်မပြုချင်သေး။

သို့ရာတွင် တစ်ဖက်မိန်းကလေးက ငွေတိုး၏ ကျောရရုံစိတ်ဓာတ်ကို ခိုင်စားမိလေသလောမသိ။ ငွေတိုးနှင့် အိမ်ပေါ်၌ ချိန်းတွေ့စဉ်မှာပင် အမိဖမ်းလိုက်ပြီး အိမ်ထောင်ရေးဇာတ်လမ်းကို ဖန်တီးလိုက်သည်။

မမျှော်လင့်ဘဲ အိမ်ထောင်ရှင်ဘဝ ရောက်လာခဲ့သော်ငြား ငွေတိုး၏စိတ်ထဲ အိမ်ထောင်ရှင်ဟူ၍သဘောမထား။ လူပျိုကာလသားကဲ့သို့ပင် ရှောက်သီး၊ ကစ်တနားတို့နှင့်ပေါင်းကာ သူတော်ချင်းချင်း သတင်းလွှေ့လွှေ့ လုပ်ခဲ့သည်။ ညနေရီ နေညိုဖျန်းပြီဆိုလျှင် ကရင်ကြီး၏ဘုံဆိုင်သို့ ရောက်ရှိစမြဲ။ ကုန်ကျငွေကို တစ်ဦးတည်းက ဒကာခံသည်လည်းရှိသည်။ သုံးယောက်မျှခံသည်လည်း ရှိသည်။ ရံဖန်ရံခါမတော့ သုံးဦးသား ဘိုင်ပြတ်၍ အကြွေးမှတ်သောက်ရသည်လည်း ရှိသည်။

www.burmeseclassic.com



ဤသို့ ရှောက်သီးနှင့်ကစ်တနားတို့က အိမ်ထောင်မရှိ၊ လူပျို၊လူလွတ်တွေဆိုတော့ အကြောင်းကိစ္စသိပ်မရှိ။ အကြောင်းကိစ္စရှိသည်က ငွေတိုးပဲ ဖြစ်သည်။

"တောက် ... အိမ်ထောင်မကျချင်သေးပါဘူးဆိုမှ ကျလာရတယ်ကွာ။ ပြီးတော့ ငါ့မိန်းမ ခင်နှင်းတို့ဘက်ဆိုတာကလည်း ဟန်ပဲရှိတယ်၊ အလကား ... ကချာလာတွေ"

"မင်းက သူတို့အသိုင်းအဝိုင်းကို အဲသလိုပြောရအောင် မင်းတို့ဘက်ကကော စီးပွားရေး သောင်သာနေလို့လား"

"ဟုတ်ပ ... ရှောက်သီးရာ။ ချိုကျိုးနဲ့နားရွက်ပဲ့ အချင်းချင်း ဘယ်သင်းသာဆိုသလို ဖြစ်နေပြီ"

သူတို့ပြောလည်း ပြောစရာပင်။ လက်ရှိအခြေအနေ သည်နေရာသည်ဒေသမှာဖြင့် သူတို့တွင်ရှိသော ပညာအရည်အချင်းအရ လက်လုပ်လက်စားအနေအထားသာ ရပေလိမ့်မည်။ ကြီးကြီးမားမား အရောင်းအဝယ်လုပ်ဖို့ရာကျတော့လည်း အရင်းအနှီးငွေကြေးက နတ္ထိ။

သည်တော့ သူလိုကိုယ်လို တန်းတူနေနိုင်ဖို့ လူတန်းစေ့ဖို့ရာအတွက် တစ်နယ်တစ်ကျေးသို့ စွန့်စားထွက်ခွာ စီးပွားရှာမှဖြစ်မည်။

"ငါသဘောကတော့ စွန့်စားပြီး အလုပ်လုပ်ချင်တယ်"

"စွန့်စားပြီး လုပ်ချင်တာကတော့ ဟုတ်ပါပြီ၊ အိမ်က ခွင့်ပြုပါ့မလား"

"ခွင့်ပြုဖို့ဆိုတာကတော့ ဘယ်လွယ်ပါ့မလဲ။ ဖွင့်ပြောလည်း ခွင့်ပြုကြမှာမဟုတ်ဘူး။ ဒီတော့ တို့များလစ်တဲ့အခါ အကျိုးအကြောင်း စာရေးထားခဲ့ပြီး လစ်ကြတာပေါ့"

သည်နေရာမှာလည်း သူတို့သုံးယောက် အကြွင်းမရှိ။ ညီလှပါဘိခြင်း။

သို့ဖြင့် အခွင့်အခါပေးလာသည့်တစ်နေ့ကို စောင့်စားလျက် အခြေအနေပေးသည့်တစ်ရက်၌ သူတို့သုံးယောက် သည်ရပ်,သည်ရွာမှ ပျောက်ချင်းမလှ ပျောက်သွားပါတော့၏။

**စိတ်ကူးသစ်စာပေ**



တုံးတိုက်တိုက် ကျားကိုက်ကိုက် ထွက်ခွာသွားကြသူတွေမှာတော့ နောက်ကြောင်းကို ဘာမျှသိကြလိမ့်မည်မဟုတ်။ ရွာမှာကျန်ရစ် သူတွေကတော့ သူတို့မိသားစုနှင့်သူ ကြိမ်မီးအုံးကြရသည်။ နီးစပ်ရာတွေကို စုံစမ်းကြသည်။ ဗေဒင်မေးကြ၊ ယတြာချေကြနှင့်။

သည်လိုနှင့်ပင် ... နေ့မှရက်၊ ရက်မှလ၊ လမှနှစ်သို့ ကူးပြောင်းသွားခဲ့လေ၏။ ကိစ္စပေါ်တုန်းက ရွာအတွက် မြိန်ရေရှက်ရေ သတင်းတစ်ပုဒ်သော်ငြား အချိန်ကာလကြာပြီဆိုတော့ အားလုံးလည်း မေ့မေ့ပျောက်ပျောက်ဖြစ်သွားကြတော့သည်။

သည်လိုအခြေအနေမျိုးမှာပင် သွားတုန်းကသုံးယောက်၊ ရွာပြန်ရောက်လာသည်က နှစ်ယောက်တည်းဆိုတော့ အုတ်အုတ်ကျက်ကျက်ဖြစ်သွားရပြန်ပါသည်။ ရွာသို့ပြန်ရောက်လာသောနှစ်ယောက်မှာ ရှောက်သီးနှင့် ကစ်တနားဖြစ်၍ ပြန်ရောက်လာခြင်းမရှိသူကတော့ ခင်နှင်း၏ယောကျ်ား ငွေတိုးပင် ဖြစ်ချေ၏။

သို့ဆိုလျှင် ငွေတိုး ဘာများဖြစ်၍ ကျန်ခဲ့ပါသနည်း။

✿ ✿ ✿

[ ၂ ]

❑

"ကျွန်တော်တို့သုံးယောက်စလုံး ရွှေကျင်တဲ့အလုပ် ရခဲ့တယ်။ ကျင်းပိုင်က စိတ်ထားမဆိုးဘူး။ ကျွန်တော်တို့ အလုပ်လုပ်ရင် လုပ်နိုင်သလောက်ကို အကျိုးခံစားခွင့်ပေးတယ်။ စားရေးသောက်ရေး၊ နေရေးထိုင်ရေးကိုလည်း တာဝန်ယူတယ်။

ဒါနဲ့ပဲ သုံးယောက်သား အားကြိုးမာန်တက် တစ်နှစ်လောက် လုပ်လိုက်မိကြတဲ့အခါ မမျှော်လင့်ဘဲ ရွှေကြောတစ်ခုမိသွားတဲ့အတွက် ကျင်းပိုင်လည်း ဝမ်းသာအားရဖြစ်သွားတယ်။ သည်ရွှေကြောကို ရှာတွေ့ခဲ့တဲ့ ကျွန်တော်တို့သုံးယောက်ကိုလည်း သူရတဲ့အကျိုးအမြတ်ထဲက အချို့အဝက်ကို ခွဲဝေပေးလေတော့ ကျွန်တော်တို့ စုဆောင်းမိခဲ့တာ၊ ဝေစုရတာတွေပေါင်းလိုက်တဲ့အခါ ရွာမှာ လူတန်းစေ့ပြီဆိုတဲ့အသိ ဝင်လာခဲ့တယ်။ ဒါနဲ့ ကျွန်တော်နဲ့ကစ်တနားက ရွာကထွက်လာတာလည်း ကြာပြီ။ ခုလည်း အခြေအနေ ကောင်းနေပြီဆိုတော့ ပြန်ဖို့ရာ ဆုံးဖြတ်လိုက်ကြတယ်။

အဲဒီမှာ ငွေတိုးက သိပ်ပြန်ချင်ပုံ မရသေးဘူး။ ဒါပေမဲ့ ကျွန်တော်နဲ့ ကစ်တနားတို့ ပြန်ကြမယ်ဆိုတော့ သူလည်း မလွန်ဆန်နိုင်တော့





ဘူး။ ပြန်လိုက်ခဲ့ရတာပဲပေါ့။ အဲဒီမှာ ကိုယ့်ရပ်ကိုယ့်ရွာနေကို ပြန်ချင်တဲ့ဇောက ဘယ်လောက်တောင် ကြီးနေသလဲမသိဘူး။ ကြီးမယ်ဆိုရင်လည်း ကြီးစရာပေါ့လေ။ ကိုယ့်မှာ အထုပ်နဲ့အထည်နဲ့ ရလာခဲ့ပြီကိုး။ အဲဒါကြောင့် အန္တရာယ်အတန်အသင့်ကင်းတဲ့ လမ်းခရီးကမဖြတ်ဘဲ အမြန်ရောက်နိုင်တဲ့ တောတွင်းလမ်းက ဖြတ်မိခဲ့ကြတာဟာ ကျွန်တော်တို့အဖို့ ကိုယ့်ဒုက္ခကို ဖန်တီးသလို ဖြစ်ခဲ့ကြပါတော့တယ်"

ရှောက်သီးက အဖြစ်အပျက်မှန်ကို ခရေစေ့တွင်းကျ ပြန်ပြောပြန်နေသည်။ နားဆင်နေကြသူတွေမှာတော့ ပါးစပ်တွေအဟောင်းသား။

"တိုတိုနဲ့လိုရင်းကိုပဲ ပြောကြပါစို့ရဲ့။ ကျွန်တော်တို့ တောတွင်းဖြတ်လမ်းတစ်နေရာမှာ ဆက်ကြေးတောင်းရာကပြန်လာတဲ့ လက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့တစ်ဖွဲ့နဲ့တွေ့ပြီး သူတို့စခန်းကို ဖမ်းခေါ်သွားကြတယ်။ ကျွန်တော်တို့ကို စစ်ဆေးမေးမြန်းပြီး ပါလာတဲ့ရွှေထုပ်တွေနဲ့ ငွေတွေကို သိမ်းပြီး ဖမ်းချုပ်ထားကြတယ်။ ခေါင်းဆောင်ပြန်လာရင် ကျွန်တော်တို့ကို လွှတ်သင့်မလွှတ်သင့် ဆုံးဖြတ်ပေးလိမ့်မယ်လို့ဆိုတယ်။ အဲဒီမှာ ကျွန်တော်တို့ရဲ့ အနေအထားဟာ အသက်ရှင်ဖို့ကတစ်ဝက်၊ သေဖို့ကတစ်ဝက် ဖြစ်နေပြီ။ ဒီတော့ ဘာလုပ်ကြရင်ကောင်းမလဲလို့ အရိပ်အကဲနဲ့ တိုင်ပင်ကြတဲ့အခါ ထွက်ပြေးတာ အကောင်းဆုံးဆိုတဲ့ အဖြေထွက်လာတယ်။

အဲဒါကြောင့် နောက်တစ်နေ့မနက် မိုးသောက်ပြီး အလင်းရောင်ကလေး မြင်ရတယ်ဆိုတာနဲ့ သုံးယောက်သား အသက်ဘေးကလွတ်အောင် စွတ်ရွတ်ပြီး ပြေးကြတော့တာပဲ။ မနက်ဦးပိုင်းဆိုတော့ စခန်းမှာ တော်တော်များများ မထကြသေးဘူး။ အစောင့်ကလည်း ငိုက်နေပြီ။

ဒါပေမဲ့ တကယ်တမ်းကျတော့ ဒီကောင်တွေက ကျွန်တော်တို့ လွတ်သွားရင်အန္တရာယ်ဆိုပြီး လက်စဖျောက်ဖို့ လက်နက်တွေနဲ့ လိုက်လာကြတယ်။ ပစ်သံခတ်သံလည်း ကြားရရဲ့။ ကံအားလျော်စွာ ဘာမတော်



www.burmeseclassic.com

www.burmeseclassic.com



စစ်ကြောင်းတစ်ခုနဲ့ ကျွန်တော် သွားတိုးတယ်။ နောက်ကစ်တနား ရောက်လာတယ်။ အဲ . . . ဒါပေမဲ့ ငွေတိုးတော့ပေါ်မလာဘူး။ တပ်မတော်စစ်ကြောင်းကလိုက်ရှင်းတော့ ဒီကောင်တွေက လူပါးတွေ။ နေရာဒေသကလည်း ကျွမ်းတယ်မဟုတ်လား။ စခန်းကိုစွန့်ပြီး ကြက်ပျောက် ငှက်ပျောက် ပျောက်သွားကြပြီ။ စခန်းဆိုပေမဲ့ အခိုင်အမာမဟုတ်ပါဘူး။ ယာယီဆောက်ထားတာပါ။

သူတို့ပျောက်သွားတာထက် ငွေတိုးပျောက်နေတာ ဆိုးတယ်။ စစ်ကြောင်းကလည်း တတ်နိုင်သမျှ ရှာဖွေပေးပါတယ်။ ဒါပေမဲ့ဗျာ . ."

ရောက်သီး၏အသံက ဆို့နစ်နေသည်။ ကစ်တနားကြည့်ပြန်တော့လည်း မျက်ရည်တဝဲဝဲ။ တကယ့်ချစ်သူငယ်ချင်းသုံးယောက်။ ခုကျတော့ တစ်ယောက် ဘက်ပဲ့သွားချေပြီ။ ငွေတိုးတစ်ယောက် သောင်းကျန်းသူတို့ ဖမ်းရာနောက်သို့ ပြန်ပါသွားလေသလား၊ ဒါမှမဟုတ် ပြေးရင်းလွှားရင်းမှ ရန်သူ့ကျည်ထိ၍ အသက်ခန္ဓာ ချုပ်ငြိမ်းသွားလေပြီလား။

ထိုနေ့ညမှာတော့ ငွေတိုး၏မိန်းမ ခင်နှင်း အိပ်မက်မက်ခဲ့သည်။

"ခင်နှင်းရေ . . . ငါတောထဲမှာ ခန္ဓာစဲသွားပြီ။ ဒါပေမဲ့ ငါ မကျွတ်မလွတ်ဘူးဖြစ်နေတယ်။ ဒီတော့ သံဃာတော်တွေကိုပင့်ပြီး ငါ့အတွက် ဆွမ်းသွတ်ပေးပါ။ အမျှအတမ်းဝေပေးပါ"

အိပ်မက်ထဲမှာ လင်တော်မောင်ငွေတိုး၏ မျက်နှာကလေးက ချောင်ကျနေသည်။

နောက်တစ်နေ့ ခြေရင်းအိမ်မှ ဒေါ်မဖီးကို ငွေတိုးဝင်ပူးလေ၏။

"ငါ့ကို ဒီလိုပဲ ဥပေက္ခာ ပြုထားကြတော့မလား။ ငါ့မှာ အစားဆင်းရဲ၊ အဝတ်ဆင်းရဲ၊ အနေဆင်းရဲနဲ့။ ငါ့အတွက်ရည်စူးပြီး သပိတ်မြန်မြန်သွတ်ပေးကြပါ"

"နေပါဦး . . . အခုပြောနေတာ ဘယ်သူလဲ"

အိမ်နီးနားချင်းအချို့က ဝိုင်းမေးကြသည်။ ဘယ်သူဘာဖြစ်၍ ဘာလုပ်ရမည်ကို ရှင်းလင်းစွာသိဖို့က အရေးကြီးသည်လေ။





"ဘယ်သူကမှာလဲ ခင်နှင်းရဲ့ယောက်ျား ငွေတိုးပေါ့ . . . ငွေတိုး။ ငါ့မှာ ကြီးပွားမလားလို့ စွန့်စားခဲ့ရတာ။ ခုတော့ . . . သောင်းကျန်းသူရဲ့ ကျည်သင့်လို့ သေရရုံမက ညညဆို သားကောင်တွေကလည်း အမဲဖျက်နဲ့။ အို . . . အဲဒါ အရေးမကြီးဘူး။ ငါ့မိန်းမခင်နှင်းကို ပြောပေးပါ"

သည်သို့ဆိုပြီး ပူးရာမှ ထွက်သွားသည်။

မဖြစ်တော့။

ခင်နှင်းတို့အနေဖြင့် စိတ်နှလုံးဒုံးဒုံးချကာ အမြန်ဆုံးဆွမ်းသွတ်နိုင်ရေးအတွက် စီစဉ်ကြရသည်။ သည်လိုမှမလုပ်လျှင် မဖြစ်။ မကြာခဏ . . . သူ့ဝင်ပူး၊ ငါ့ဝင်ပူးနှင့်ဆိုလျှင် ကြာတော့ မခက်ပါကလား။ ငွေတိုးနှင့်ပတ်သက်၍ ဘာအကျိုးစီးပွားမျှ ရမလာသော်လည်း သူကောင်းရာမွန်ရာရောက်ဖို့ ငွေကုန်ကြေးကျ လုပ်ရပေဦးတော့မည်။ 'စားစရာမရှိ လျော်စရာရှိ' ဆိုသောစကားလည်း အရှိသား။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၇]

ဆွမ်းသွတ်ပရိတ်နာလုပ်မည့် ခင်နှင်းတို့အိမ်သို့ ကူညီစရာရှိသည်များ ကူညီလုပ်ကိုင်ပေးပြီးနောက် ရှောက်သီးနှင့်ကစ်တနားတို့ သောက်နေကျ ကရင်ကြီး၏ ဘုံဆိုင်ထဲသို့ ဝင်ခဲ့သည်။ စစချင်း တစ်လုံးမှာပြီး အာပြဲ ချောက်ဖုတ်ကလေးနှင့် မြည်းနေခိုက် ရှောက်သီး၏ နှာခေါင်းသည် တရှုံ့ရှုံ့ ဖြစ်နေသည်။

"ဟေ့ကောင် ... ရှောက်သီး၊ ဘာဖြစ်နေတာလဲ"

"ငါ့နှာခေါင်းထဲ အနံ့ရသလားလို့"

"မှန်းစမ်း ...။ အေး ... ဟုတ်တယ်ဟ။ ဘယ်လိုအနံ့ကြီးလည်း မသိဘူး။ ဟော ... ထောင်းခနဲပဲကွာ"

"ဟ ... ပုပ်အက်အက်ကြီး။ လူသေနံ့လိုလို၊ ဘာလိုလို"

ရှောက်သီး၏စကားကြောင့် ကစ်တနားစိတ်ထဲ ထင့်ခနဲဖြစ်သွားခဲ့ရသည်။ အပုပ်နံ့၊ လူသေနံ့။





ဘုံဆိုင်ပိုင်ရှင် ကိုကရင်ကြီးနှင့် တခြားဝိုင်းနှစ်ဝိုင်းကတော့ ဘာအနံ့မျှမရသလို အေးတိအေးစက်နှင့်။ အနံ့ရသူ ရှောက်သီးနှင့် ကစ်တနားတို့မှာမူ မရိုးမရွ။

"ဟကောင် ရှောက်သီး ... မဟုတ်မှလွဲရော ငွေတိုးတို့နဲ့ အရက်သောက်ချင်လို့ လာတာလားမသိဘူး"

ကစ်တနား၏စကားကြောင့် ရှောက်သီးတစ်ကိုယ်လုံး ကြက်သီးမွေးညင်းများ ဖျန်းခနဲဖြစ်သွားသည်။

"ဟုတ် ... ဟုတ်မယ်ကွ။ ဖြစ်နိုင်တယ်။ ဒီတော့ ဒီလိုလုပ်ကွာ။ ကိုကရင်ကြီးဆီက တစ်ပိုင်းသွားဆွဲခဲ့။ ပြီးတော့ ဖန်ခွက်တစ်လုံးလည်း မ,လာခဲ့"

ရှောက်သီး ထသွားသည်။ မကြာခင် အချိန်ပိုင်းကလေးမှာပင် ရှောက်သီးလက်ထဲ တစ်ပိုင်းပုလင်းနှင့် ဖန်ခွက်တစ်လုံး ပါလာသည်။ ကစ်တနားက လှမ်းယူလိုက်ရင်း သီးသန့်တစ်ပိုင်းပုလင်းထဲမှ အရက်အား သီးသန့်ဖန်ခွက်ထဲသို့ အတန်အသင့် လောင်းထည့်လိုက်သည်။

"ကိုင်း ... ငွေတိုးရေ ချကွာ။ တို့သူငယ်ချင်းသုံးယောက် ပျော်ပျော်ပါးပါးပေါ့။ မနက်ဖြန်ကျလည်း ဆွမ်းသွတ်မှာဆုံကြဦးမှာ။ အဲ ... ဒီကျရင် အမျှဝေတဲ့အခါ သာဓုခေါ်နော်။ မင်း ကောင်းရာမွန်ရာကို ရောက်သွားမှာပါကွာ"

ကစ်တနား၏အသံကပုံမှန်။ သည်တော့ ပတ်ဝန်းကျင်က ဘယ်သူဘယ်ဝါမျှ သတိထားခြင်းမရှိမိကြ။ ဆိုင်ရှင်ကိုကရင်ကြီးဆို အကြွေးစာရင်းတွေတွက်ရင်း သူ့ဘာသာသူ ချာလပတ်ရမ်းနေတော့သည်။

"ချကွာ ... ရှောက်သီး။ တို့နှစ်ယောက်တစ်လုံးဆိုတော့ လာတော့ လာနေပြီ။ ဒါပေမဲ့ လစ်မစ်က သိပ်မပြည့်တတ်သေးဘူး။ တစ်ပိုင်း ထပ်မှာကွာ"

"ဟာ ... ဒီမှာလည်း ရှိနေတဲ့ဥစ္စာ"

ရှောက်သီးက ငွေတိုးအတွက်မှာထားသည့် အရက်ပုလင်းကို မေးငေါ့ပြသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် ...အဲဒါ သွားမလုပ်နဲ့။ သူ့အတွက် ရည်စူးထားပြီးသား။ သွားထိလို့ကတော့ မင်း ကာလနာ ကောင်းကောင်းတိုက်သွားမယ်။ ဘာမှတ်လဲ"

ကစ်တနား၏စကားကြောင့် နဂိုကပင် ကြောက်စိတ်အခံရှိနေသော ရှောက်သီးခမျာ ကျောချမ်းသွားရပါလေ၏။ သည့်နောက် တစ်ပိုင်းထပ်မှာရင်း ကျသင့်ငွေကို ရှင်းပေးခဲ့၏။

"ဟော့ကောင် ...ချ။ ဒါကုန်ရင် ဆွမ်းသွတ်မယ့်အိမ် ပြန်သွားရမယ်။ အဲဒီရောက်တော့ ထမင်းစား၊ ခဏလောက်မှေး။ မနက်ဦးပိုင်းကျပြန်ထပြီး လုပ်စရာရှိတာ ဝိုင်းလုပ်ကြရအောင်"

"အေး ...ကောင်းတယ်။ ဟောဒီဟာကော ဘယ်လိုလုပ်မှာလဲ"

ရှောက်သီးက ငွေတိုးအတွက်မှာထားသည့် ပုလင်းနှင့်ခွက်ကို မေးငေါ့ပြလိုက်သည်။

"ကိစ္စမရှိဘူး။ ဟိုဘက်ဘေးကို အသာရွှေ့ထားခဲ့ချေ။ သူ့ဘာသာသူသောက်ပြီး နေချင်လည်း နေခဲ့ပစေပေါ့ကွာ။ မနက် တရားတော်နာတဲ့အချိန် ရောက်လာလိမ့်မပေါ့"

နှစ်ယောက်သားခွက်ကျန်ကို လက်စဖြတ်အပြီးမှာတော့ နှုတ်ခမ်းပါးနားသိမ်းလျက် ဆေးပေါ့လိပ်ကိုယ်စီခဲကာ ခင်နှင်းတို့အိမ်ဘက်သို့ ထွက်လာခဲ့ကြလေသည်။ ခုချိန်လောက်ဆိုရင်ဖြင့် အိုးသူကြီး ဦးသေိန်းတို့အဖွဲ့ ဟင်းရည်တွေ ချက်နေလောက်ပေပြီ။

သူတို့ထပြန်တော့ နံရံနံဘေးနားမှာ အရက်တစ်ပုလင်းနှင့် အရက်ထည့်ထားသောဖန်ခွက်က သည်အတိုင်းမှသည်အတိုင်း။

အချိန်ကျတော့လည်း ကိုကရင်ကြီးအဖို့ ဆိုင်ပိတ်ဖို့ လုပ်ရလေပြီ။

သိမ်းစရာရှိတာသိမ်း၊ လှဲကျင်းစရာရှိသည်များကို လှဲကျင်းနှင့်။ ခွက်တွေကိုတော့ မနက်စောစောမှပဲ ဆေးကြောတော့မည်။





"ဟာ ...ဒီမှာ အရက်တစ်ပိုင်းပုလင်းနဲ့ အရက်တွေထည့်ထားတဲ့ဖန်ခွက်တစ်ခွက်"

သည်သို့ ရေရွတ်ပြီးသကာလ ရုတ်တရက် ရှောက်သီးကိုသွား၍ သတိရလိုက်သည်။

"ဒီကောင်ရှောက်သီး ဘာတွေရှုးကြောင်မူးကြောင့် လုပ်သွားလဲမသိဘူး။ မှာပြီးတော့လည်း သောက်မသွားဘူး။ ဟိုကောင် ...ကစ်တနားလည်း ပါတယ်။ ခု ...ဘယ်လစ်သွားသလဲ။ အို ...ဒီအချိန်ရောက်မှတော့ ပြန်လာမှာမဟုတ်ပါဘူး။ နောက်မှပဲ ကိစ္စရှင်းတာပေါ့"

သို့ဆိုလျက် အရက်ခွက်နှင့် အရက်ပုလင်းကိုဆွဲယူကာ အရောင်းကွပ်ပျစ်နံဘေးရှိ စဥ့်အိုးထဲသို့ အဖုံးဖွင့်လျက် လောင်းထည့်လိုက်ပြီ အဖုံးကို ပြန်ဖုံးလိုက်လေသည်။ ကိုကရင်ကြီးက အရက်မှာလျှင် အဆိုပါ စဥ့်အိုးကြီးထဲမှ ကော်ခွက်ဖြင့် အရက်တွေကိုခပ်လျက် ကတော့တပ်ထားသောပုလင်းထဲသို့ တစ်လုံးတန်သည်၊ တစ်ပိုင်းတန်သည်၊ တစ်စိပ်တန်သည် စသဖြင့် အစားစားချိန်ဆထည့်ပြီး ရောင်းလေ့ရှိသည်။

အားလုံးသိမ်းဆည်းပြီးပြီဆိုတော့ အိပ်ရာဝင်ဖို့ လုပ်သည်။

သူ့မိသားစုက ဆိုင်၏အနောက်ဖက်ခပ်ကျကျ အိမ်ကြီးထဲမှာ ရှိကြသည်။ သူက ဆိုင်အပေါ် သံယောဇဥ်ကြီးသူပီပီ နောက်ဆုံးမှ အိပ်ရာဝင်လေ့ရှိပြီး ဆိုင်မှာပဲ ဖြစ်သလိုတစ်ယောက်တည်း အိပ်တတ်သည်မှာ အကျင့်ဖြစ်နေပါပြီ။ အိပ်ရာမဝင်ခင် အမြည်းတွေထည့်သော ကြောင်အိမ်ကို စနစ်တကျ သော့ခတ်၍ ပိတ်သည်။ သော့ခတ်ရခြင်းမှာလည်း ရောင်းရငွေတွေကို ကြောင်အိမ်အောက်ဆုံးထပ်က ဘူးထဲမှာ ထည့်ထား၍ပဲဖြစ်သည်။ ပြီးတော့ အရက်တွေထည့်ထားသော စဥ့်အိုး။

ဆိုင်ဖွင့်၍ ရောင်းချနေချိန်ဆိုလျှင်တော့ အိုးကို ဖုံးရုံသာဖုံးထားလင့်ကစား ဆိုင်သိမ်းပြီဆိုသောအခါမျိုး၌ အိုးကို ဖုံးရုံသက်သက်မဟုတ်ဘဲ အဖုံးပေါ်၌ ရေမကျောက်တုံးကြီးတစ်တုံးကို တင်ဖိထားလေ့ ရှိစမြဲ။ လူဟာမဟုတ်က ...ဘယ်ကြွက်၊ ဘယ်ကြောင်၊ ဘယ်အကောင်မျှ တန်းတိုက်



www.burmeseclassic.com

www.burmeseclassic.com



ပင့်မ၊ အောက်ကိုချ၍မရ။ သည်အထိ ကိုကရင်ကြီးက စည်းစနစ်ကျ သည်။

အိပ်ရာဝင်ပြီဆိုတော့ မှန်အိမ်ကို ငြိမ်းလိုက်သည်။

မှောင်သွားလင့်ကစား ကိစ္စမရှိ။ သူ့မှာ သုံးတောင့်ထိုးဓာတ်မီး က ကိုယ်နှင့်မကွာ အဆင်သင့်။ ဘယ်နေရာက အသံကြားကြား ဖျတ်ခနဲ ထိုးကြည့်လိုက်ရုံသာ။ သည်လိုနှင့် မှေးခနဲဖြစ်သွားခိုက် နားထဲသို့ အသံ တစ်သံ ကြားလိုက်ရသည်။ အသံလာရာကို အကဲခတ်ကြည့်လိုက်တော့ အရက်စဉ့်အိုးကို ဖွင့်နေသည့်အသံ။

တံခါးကလည်း သေသေချာချာပိတ်ထားလေရာ သူခိုးသူဝှက် တော့ မဖြစ်နိုင်။ သူခိုးသူဝှက်ဆိုလျှင်ဖြင့် ဘာမဟုတ်သည့်အရက်ကို လာ၍ ခိုးသောက်ရမည်နည်း။ ကိုကရင်ကြီးက ပြေလည်အောင်သာပြော၊ အရက် ကို အကြွေးရောင်းသည့်အပြင် အလကားတိုက်ပါဆိုလည်း သဒ္ဓါ ရှိသလောက် တော့ တိုက်တတ်သည်သာချည်း။ သည်တော့ သူ့နားထဲ ကြားရသော အသံသည် ကြွက်လိုက်သော ကြောင်တစ်ကောင်ဖြစ်ရမည်ဟု အောက်မေ့ လိုက်သည်။ သည်တော့ သတိရှိသည်ဆိုသည့်သဘော အသိပေးသည့်အနေ ဖြင့် အိပ်ရာမှမထဘဲ ဓာတ်မီးရောင်ကို သုံးလေး ငါးချက် ဝှေ့ရမ်းပြလိုက် သည်။ သည်တော့လည်း အသံတွေ ငြိမ်ကျသွားလေရဲ့။

သည့်နောက်မှာတော့ မျက်ခွံတွေလေးပြီး မှေးခနဲအိပ်ပျော်သွား သည်။ သန်းခေါင်ကျော်လောက်မှာတော့ ဆီးတွေ တင်းလာသည့်အတွက် လက်နှိပ်ဓာတ်မီးကိုင်ကာ နောက်ဖေးဘက်ထွက်ပြီး ချူစပ်တစ်နေရာ၌ ကိစ္စ ရှင်းလိုက်သည်။ ခြံအတွင်းဓာတ်မီးကို ဝှေ့ရမ်းကြည့်သည်။ ဘာမျှထူးခြားမှု မရှိ။ ပကတိငြိမ်ငြိမ်သက်သက်။ သည်တော့ ဆိုင်ထဲကို ပြန်ဝင်သည်။ ဆိုင် အတွင်း နေရာအနှံ့ မီးထိုးကြည့်သည်။

"ဟင် ..."

ကြောင်အိမ်သော့သည် ပြုတ်လျက်။ ကြောင်အိမ်တံခါးချပ်သည် ဟလျက်။ ရင်ထဲထိတ်သွားပြီး ကမန်းကတန်း ကြောင်အိမ်ကို ဖွင့်ကာ ပိုက်ဆံဘူးကို ရှာသည်။ တွေ့သည်။ ခြေရာလက်ရာမပျက်။





အဲ ... ခြေရာလက်ရာပျက်သည်က ဝက်အူချောင်းကြော်တွေ ထည့်ပြီး အုပ်ဆိုင်းထားသည့်ပန်းကန်။ ဝက်အူချောင်းကြော် ၈ ချောင်း ရှိသည့်အနက် ၃ ချောင်းသာကျန်ရှိပြီး ၅ ချောင်းတိတိ ပျောက်နေသည်။ သည်ကြောင်အိမ်ကို ဘယ်သူဖွင့်သနည်း။ ကြွက်တွေမှာ သော့ရှိသလော။ ကြောင်တွေမှာကော သော့ရှိသလော။

ဒါတော့ ဘယ်နည်းနှင့်မျှ မဖြစ်နိုင်။

တစ်ခုခုတော့ တစ်ခုခုပါပေ။ ခက်သည်က ဘာတစ်ခုခုလဲဆိုသည် ကို မသိရခြင်း။ ဘာပဲဖြစ်ဖြစ် စိတ်ထဲနောက်ကျိသွားသည်က အမှန်။ သည့် နောက် ကြောင်အိမ်တံခါးကို စေ့စပ်သေချာစွာ ပြန်ပိတ်လိုက်သည်။

"ဝါး ... လား ... လား ..."

အိပ်ချင်စိတ်က အလေးကဲလာပြန်သည်။ အရှုဏ်မိုးသောက် အလင်းရောက်ဖို့ကလည်း အတော်လိုသေးသည်။ သည့်အတွက် တစ်မှေး မှေးရလည်း ကောင်းတာပါပဲဟု သဘောပိုက်လျက် အိပ်ရာဆီပြန်သွားကာ ခြေပစ်လက်ပစ် အိပ်ချလိုက်သည်မှာ နေစင်စင်ထိုးမှပဲ နိုးလာတော့သည်။

"ဟော ... ဘယ်လိုဖြစ်ပြန်တာတဲ့တုံး"

ဘယ်အချိန်ကတည်းက ပွင့်နေသည်မသိ။ အရက်အိုးအဖုံးသည် နံရံတွင်ထောင်လျက်သား။ အရက်အိုးထဲမှာ ညတုန်းက မှတ်ထားသည့် အတိုင်းအတာထက် အတန်ငယ်လျော့နေသည်။ သို့ဆိုလျှင် မသမာသူ တစ်ဦးဦးသည် ကိုကရင်ကြီးအလစ်တွင် ဝက်အူချောင်း ၅ ချောင်းကို ပွဲတော် တည်၍ ယမကာရွှေရည်ကို ရေကြည်တော်အမှတ်ဖြင့် သုံးသပ်သွားခဲ့သည် မှာ သေချာသည်။ ထိုအချိန်မှာပင် ရွာအလယ်ပိုင်း ရှိ ခင်နှင်းတို့ဆွမ်းသွတ် အိမ်မှ အမျှဝေသံကို အသံချဲ့စက်မှတစ်ဆင့် ကြားလိုက်ရ၏။

"ဘဝတစ်ပါးသို့ ကူးပြောင်းရောက်ရှိသွားသော ကိုငွေတိုးနှင့် တကွ အားလုံးကြားကြားသမျှ အမျှ ... အမျှ ... အမျှ ... ယူတော်မူကြ ပါကုန်လော့"

"သာဓု ... သာဓု ... သာဓု ..."

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၄]

❑

ရှောက်သီးတို့ကြုံရသည်နှင့် ကိုကရင်ကြီးကြုံရသည်တို့ကို ပေါင်းစပ်လိုက်လေသောအခါ ကြားရသူအပေါင်းက ထူးလှပါပကော၊ ဆန်းလှပါပကော၊ အံ့သြရယ်တဲ့ မကုန်နိုင်ပါပကောဟု ဆိုကြသည်။

''ဒါဖြင့် ဆွမ်းမသွတ်ခင်ညက ငွေတိုးတစ်ယောက် အတော်မွှေသွားတာပေါ့နော်''

''ဟုတ်ပကွာ . . . အမှန်မတော့ ဒီကောင်ကြီးက ငါနဲ့ရှောက်သီးကို သိပ်ချစ်တာကွ။ ဒါကြောင့် တို့နဲ့အရက်အတူတူသောက်ချင်လို့ လာတာ''

ကစ်တနားက သွားလေသူ သူငယ်ချင်းကြီးကို သတိတရ စကားဆိုသည်။ ရှောက်သီးကလည်း နှုတ်ပိတ်မနေ။

''အဲဒီညတစ်ညလုံး ကိုကရင်ကြီးဆိုင်ကို မွှေတယ်ဆိုတော့ တခြားသူဆို လိပ်ပြာလန့်မှာပဲ။ ကိုကရင်ကြီးက သတ္တိကောင်းပေလို့''

''ဟာကွာ . . . သရဲတစ္ဆေ၊ ဝိညာဉ်ဆိုတာ လူကို ခြောက်ရုံလှန့်ရုံပဲလုပ်တတ်တာ။ ဘာကြောက်စရာ ရှိရမှာလဲ။ ကြောက်ရလန့်ရမှာက





သက်ရှိလူပဲကွ။ သူပဲ အန္တရာယ်ပေးတတ်တာ။ မင်းတို့ကောင်ကွာ တစ်ညလုံး မွှေလိုက်တာ မနက် ရေစက်ချအမျှဝေတော့မှပဲ တစ်ခန်းရပ်တော့တယ်''

''ခုတော့လည်း ဘာဆိုဘာမှ အရိပ်အယောင်၊ အနံ့အသက်ကလေးမှ မပြတော့ဘူးနော်''

''အင်းလေ . . . လွတ်ရာကျွတ်ရာ ရောက်သွားလို့ပေါ့ကွာ။ ဒါထက် ခင်နှင်းနဲ့ ရွှေပန်းတောက ဖဲသမားညွန့်တင်တို့ ယူကြမလို့ဆို''

''အိုကွာ . . . ခင်နှင်းခများ မုဆိုးမလူလွတ် ဖြစ်နေပြီပဲ။ ညွန့်တင်က ဖဲရိုက်ကျွေးလိမ့်မယ်။ ယူကြပါစေ . . . ယူကြစမ်းပါစေ။ ကျုပ်တို့ကောင်ကြီးငွေတိုး တမလွန်ကသိရင်တောင် လက်ခုပ်လက်ဝါးတီး ပေးလိမ့်မှာ သေချာတယ်''

သည်လိုနှင့်ပင် နေ့ကိုလစား၊ လကိုနှစ်စား၍ ကာလရာသီတွေ အလီလီ ပြောင်းကုန်ပြီပင်။

ခင်နှင်းသည်လည်း ဖဲသမားညွန့်တင်နှင့် အကြောင်းပါပြီး သကာလ ဆင်ပြောင်ကြီးသွားရာ ဆင်မယဉ်သာ လိုက်ပါရစမြဲဆိုသကဲ့သို့ ရွှေပန်းတောသို့ လိုက်ပါပြောင်းရွှေ့သွားခဲ့လေပြီ။ ရှောက်သီးနှင့် ကစ်တနားတို့မှာလည်း အိမ်ထောင်တွေ အသီးသီးကျလျက် ကိုယ့်အိုးကိုယ့်အိမ် ကိုယ့်စီးပွားနှင့်ကိုယ်ဖြစ်ကြကာ 'သေသောသူကြာလျှင်မေ့' ဆိုသည့်စကားအတိုင်း ငွေတိုးအကြောင်းကို စကားဟဟပင် မပြောကြတော့။

ကိုကရင်ကြီးကား အရွယ်ရလာသည်နှင့်အမျှ အကာသိုလ်စွန့်ပစ်ကာ ဘုံဆိုင်ကိုဖျက်သိမ်းပြီး သင်္ကန်းဝတ်လိုက်သည်။ သင်္ကန်းဝတ်နှင့်ပင် မြန်မာပြည်အနှံ့ ခရီးထွက်ခဲ့စဉ် တောင်ကြီးမြို့၏ကားဂိတ်၌ လူတစ်ယောက်ကို တွေ့လိုက်ရ၍ အံ့အားတသင့်ဖြစ်ပြီး ပါးစပ်မှကျယ်လောင်စွာ အသံထွက်သွားသည်။

''ဟော့ . . . ငွေ . . . ငွေတိုး''

''ဗျာ . . . အဲ . . . ဘုရား''

ဦးဇင်းကရင်ကြီးလည်း တအံ့တသြ။ ငွေတိုးလည်း တအံ့တသြ။ ဝင်စစ်ငွေတိုးခမျာ ယောင်ရမ်းပြီး နှုတ်ထွက်ခဲ့ခြင်းဖြစ်၏။ ပြီးတော့ ကြောင်



www.burmeseclassic.com

www.burmeseclassic.com



အိမ်အိမ်းလည်း ဖြစ်သွား၏။ ဦးဇင်းကြီးကတော့ ဝမ်းသာအားရဖြင့် ဘယ်မှာနေသည်၊ ဘာလုပ်နေသည်ကို မေးမြန်းပါသေး၏။ အဖြေကားမရ။

''တပည့်တော်ကို ခွင့်လွှတ်ပါ . . . ဦးဇင်းရယ်။ တပည့်တော်ဟာ မသေသင့်မသေထိုက်လို့ သေတွင်းထဲကလွတ်ပြီး ဒီကိုရောက်နေတာပါ။ စိတ်သစ်၊ လူသစ်၊ ဘဝသစ်နဲ့ ရပ်တည်နေတော့တာမို့ အတိတ်ကဖြစ်ခဲ့တာတွေ ဘာတစ်ခုမှ ပြန်မတွေးတော့ပါဘူး။ အားလုံးဟာ ဗုဒ္ဓဘုရားရှင်ဟောကြားသလို ကံစီမံရာအတိုင်းပဲမဟုတ်လား။

ဒီတော့ ဦးဇင်းရယ် . . . ဦးဇင်း ကိုယ့်ရပ်ကိုယ့်ရွာ ပြန်ကြွသွားတဲ့အခါ တပည့်တော်ရဲ့အကြောင်းကို ဘယ်သူဘယ်ဝါကိုမှ မပြောပါနဲ့နော်။ တပည့်တော်ကို ကတိပေးပါ''

''အေးကွာ . . . အားလုံးကလည်း သူ့ဘဝသူ့ကံနဲ့ အသားကျပြီး ငြိမ်သက်နေပါပြီ။ မင်းအကြောင်းပြောလို့လည်း အခြေအနေတွေ ဘာမှထူးပြီးကောင်းလာဖို့ရာ မရှိပါဘူး''

''ဒါဆို တပည့်တော်ကို သွားခွင့်ပြုပါတော့ . . . ဦးဇင်း''

သို့ဆိုပြီး ဝပ်ဖြည့်ကာ ငွေတိုး ပျောက်သွားလေတော့သည်။

ဦးဇင်းကရင်ကြီးအဖို့ ဘာကို ဘယ်လိုနားလည်ရမှန်း မသိတော့။ သူ့ရပ်သူ့ရွာကတော့ ငွေတိုးကွယ်လွန်ပြီဖြစ်ကြောင်း ယုံကြည်ခဲ့ကြ၏။ ယုံကြည်အောင်လည်း ငွေတိုးအမည်ခံဝိညာဉ်က ပူးကပ်၍ သတိပေးပြောကြားခဲ့၏။ သည်အတွက် ကောင်းမှုပေးဝေကာ အမျှအတမ်း ပြုခဲ့၏။

သို့ဆိုလျှင် ဆွမ်းမသွတ်မီညက သူ့ဆိုင်သို့လာ၍ မွှေနှောက်သွားသည်မှာ မည်သို့သော နာနာဘာဝ ဝိနာဘာဝပါတဲ့နည်း။ ငွေတိုးစင်စစ်မဟုတ်ပါဘဲနှင့် ခင်နှင်းနှင့်တကွ အိမ်နီးနားချင်းကိုလည်းကောင်း၊ ရှောက်သီးတို့ကိုလည်းကောင်း၊ သူ့ကိုလည်းကောင်း အဘယ်ကြောင့် လှည့်စားသွားခဲ့ပါသနည်း။

သည်အကြောင်းကို ရင်ထဲမှာပဲ မျိုသိပ်လိုက်ပါတော့သည်။
ပြန်ပြောလျှင်လည်း အကြောင်းမထူးသည့် အခြေ။
လောကကြီးကား မာယာများလေစွ။

**စိတ်တူးသစ်စာပေ**



သံသရာမှာ အစွန်းရှည်သမျှ မမျှော်လင့်တာတွေနှင့် ကြုံဆုံနစ်မျော နေပေဦးမည်။ သည့်အတွက် သံသရာကို အမြစ်ဖြတ်ဖို့လိုကြောင်း သဘော ပေါက်လိုက်ပါတော့၏။

ထိုစဉ်မှာပင် ဘုရားဖူးယာဉ်မှာ ခရီးသည်များကို သတိပေး ခေါ်ငင်နေသည့်အတွက် ဦးဇင်းကရင်ကြီးလည်း ဘုရားဖူးယာဉ်ရှိရာ ခြေလှမ်းကြွခဲ့ပါတော့သတည်း။

**နန္ဒာမိုးကြယ်**

www.burmeseclassic.com

www.burmeseclassic.com



| ၁ |

❑

ကျုပ်မိတ်ဆွေ ကိုတောက်ထိန်ကဖိတ်ခေါ်လို့ တစ်နေ့တော့ သူတို့ရွာကို ကျုပ်လိုက်သွားခဲ့တယ်။ သူတို့ရွာက နယ်မြို့တစ်မြို့နဲ့ မနီးဝေးမှာရှိပြီး အိမ်ခြေတစ်ထောင်ကျော်လောက်ရှိတဲ့ ရွာကြီးတစ်ရွာပေါ့။

''ခင်ဗျား ကျုပ်တို့ရွာကိုလိုက်ခဲ့ရင် လူထူးလူဆန်းတစ်ယောက်တော့ တွေ့ရမှာအမှန်ပဲ''

''ဘယ်လို လူထူးလူဆန်းလဲ''

''သူလုပ်တာကိုင်တာတွေဟာ သာမာန်လူတွေနဲ့ မတူဘူးဗျ။ သာမာန်လူတွေထက် ထူးတယ်။ သာမာန်လူတွေထက်ဆန်းတယ်။ သာမာန်လူတွေမလုပ်နိုင်တဲ့ ဥစ္စာတွေကို သူက လုပ်နိုင်တယ်ဗျ''

''ဘာလဲ သူက မျက်လှည့်ဆရာလား''

''ဘယ်ကဟုတ်ရမှာလဲ။ မျက်လှည့်ဆရာလည်း မဟုတ်ဘူး၊ လက်လှည့်ဆရာလည်း မဟုတ်ဘူး။ ဂမ္ဘီရဆရာဗျ။ အဲ ...ပြောရရင် ဂမ္ဘီရဆန်းဆန်းတွေကိုလည်း တတ်တဲ့သူပေါ့ဗျာ။ ဂမ္ဘီရဆိုတာ လျှို့ဝှက်ဆန်းကြယ်တာနဲ့တဲ့ အရာတွေမဟုတ်လား။ အဲဒါမျိုးတွေ သူက လုပ်တတ်တယ်လေ''



www.burmeseclassic.com

www.burmeseclassic.com



"ခင်ဗျားပြောတာနဲ့ ကျုပ်တောင် စိတ်ဝင်စားလာပြီ"

"စိတ်ဝင်စားရင်လည်း လိုက်ခဲ့လေဗျာ။ သူ့ဆီက ပညာတွေ ဘာတွေရတာပေါ့"

"အေးဗျာ ... ကျုပ်ကလည်း ဒါမျိုးတွေ စိတ်ဝင်စားတဲ့သူ ဆိုတော့ လိုက်ရတာပေါ့"

"နေပါဦး။ သူက အဲဒီလို ဂမ္ဘီရဆန်ဆန်တွေ လုပ်တတ်တော့ အဲဒီလိုလုပ်တတ်အောင် သင်ကြားပေးတဲ့ဆရာတော့ ရှိရမှာပေါ့"

"အင်း ... ကျုပ်သိသလောက်တော့ သူ့မှာ ဆရာမရှိဘူးဗျ။ အေးလေ ... ဒါပေမဲ့ ကျုပ်တို့မသိအောင် တိတ်တိတ်ကလေးသင်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့။

ရွာထဲမှာ လူကြီးတချို့ ပြောနေကြတာကတော့ ကိုအန္တောဟာ လျှို့ဝှက်ကျင့်စဉ်တစ်ခုကို ကျင့်ပြီး ဒီဂမ္ဘီရပညာရပ်တွေကို တတ်မြောက်သွားတာလို့ ပြောကြတယ်"

"ကိုအန္တောဆိုတာ ဒီလူ့အမည်လား"

"ဟုတ်တယ် ... နာမည်ကလည်း ခပ်ဆန်းဆန်းပဲ"

"ဟုတ်တယ်ဗျ ... သူပြောတော့ ဓာတ်မိတ်လေးပါးဖြစ်တဲ့ အန္တော–ဂမ္ဘော–ဝံသော–စရေ ဆိုတဲ့ ဓာတ်လေးပါးထဲက အန္တောဓာတ်ကို ယူပြီး သူ့နာမည် မှည့်ထားတာတဲ့။

ဘုန်းတန်ခိုးကြီးချင်ရင်၊ ဘုန်းကံမြင့်ချင်ရင်၊ ဩဇာအာဏာ ကြီးချင်ရင် အန္တောဓာတ်နဲ့ စီရင်ရတယ်တဲ့။ ဒါကြောင့် သူ့နာမည်ကို အန္တောလို့ နာမည်ပေးထားတာတဲ့။ ပြီးတော့ သူ့ကိုမွေးတဲ့အချိန်ကလည်း စနေနေ့ည ၁၂ နာရီတဲ့။ ၁၂ နာရီဆိုတော့ တနင်္ဂနွေနေ့ကူး လုလုပေါ့။ အန္တောဆိုတာ (တနင်္ဂနွေ + စနေ)မဟုတ်လား။ သူ မိခင်ဝမ်းက ကျွတ်လုလုဆဲဆဲမှာ နာရီစက္ကန့်တံကလေးက တနင်္ဂနွေဘက်ကို သွားတယ်လေ။ အဲဒီတော့ သူဟာ (စနေ + တနင်္ဂနွေ)ပေါ့။ သေသေချာချာပြောရရင် သူ့ကိုယ်တစ်ဝက်က မိခင်ရဲ့ကိုယ်ထဲမှာရှိနေတုန်း ကိုယ်တစ်ဝက်က မိခင်ရဲ့အပြင်ဘက်ကို ရောက်နေပြီ။





အဲဒီတော့ သူ့ကိုယ်တစ်ဝက်က အပြင်ဘက်ရောက်နေတဲ့ အချိန်ဟာ စနေနေ့ပေါ့ဗျာ။ ကျန်တဲ့တစ်ဝက်ကတော့ စနေနေ့ည ၁၂ နာရီစွန်းပြီးမှ အပြင်ဘက်ကိုရောက်လာတယ်။ အဲဒီတော့ သူဟာ စနေနဲ့ တနင်္ဂနွေနေ့ နှစ်နေ့သားပေါ့ဗျာ။

ဒီတော့ (တနင်္ဂနွေ + စနေ) အန္တောပေါ့။ ကဲ ... ဒီလူဟာ မွေးကတည်းက ဆန်းမနေဘူးလား"

"အေးဗျာ ... ဆန်းပါ့။ ကျွန်တော် အဲ့ဒီလို နေ့နှစ်နေ့မှာမွေးတဲ့သူ တစ်ခါမှ မတွေ့ဖူးသေးဘူး"

"အခု တွေ့ဖူးပြီမဟုတ်လား"

"တွေ့ဖူးပါပြီဗျာ။ ဒါနဲ့ ခင်ဗျားပြောတဲ့ ကိုအန္တောဟာ လျှို့ဝှက်ကျင့်စဉ်တစ်ခုကို ကျင့်ပြီး ဂမ္ဘီရပညာရပ်တွေကို တတ်မြောက်သွားတယ်ဆိုရင် သူကျင့်တဲ့ လျှို့ဝှက်ကျင့်စဉ်က ဘယ်လိုကျင့်စဉ်မို့လို့လဲ"

"အဲဒါကိုတော့ သူက ဘယ်သူ့ကိုမှ မပြောဘူးဗျ။ လျှို့ဝှက်ပြီးတော့ ထားတယ်။ ဒါပေမဲ့ ပြောချိန်တန်ရင်တော့ ပြောမယ်လို့ဆိုတယ်"

"ဒါဆိုရင် ကိုအန္တောက သူ့ရဲ့ကျင့်စဉ်ကို လျှို့ဝှက်ထားတဲ့ သဘောပေါ့"

"ဒါပေါ့ဗျာ ... လျှို့ဝှက်ထားတဲ့သဘောပေါ့"

"ဒါဆိုရင် ဒီလျှို့ဝှက်ကျင့်စဉ်ကို ကျင့်ပြီးမှ သူ ဂမ္ဘီရပညာတွေကို ရလာတယ်ဆိုတာကရော သေချာရဲ့လား"

"ဒါကတော့ ခင်ဗျားလိုက်လာကြည့်ရင် သိမှာပေါ့ဗျာ"

"သူက ဂမ္ဘီရဆန်ဆန်တွေ လုပ်ပြတတ်တယ်ဆိုရင် သူလုပ်ပြတဲ့ တစ်ခုခုလောက်ကို ခင်ဗျားပြောပြနိုင်မလား"

"ပြောပြနိုင်တာပေါ့ဗျာ။ ဒီလိုဗျ ...။ ရွှံ့နဲ့လုပ်ထားတဲ့ နွားရုပ်ကလေးတစ်ရုပ်ကို ကိုအန္တောက ကျုပ်ကို လက်ဆောင်ပေးထားတယ်။ အဲဒီနွားရုပ်ကလေးကို ဆေးနွားရုပ်လို့ခေါ်တယ်။ ဂမ္ဘီရနည်းနဲ့ ပြုလုပ်စီရင်ထားတဲ့ နွားရုပ်ကလေးပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီဆေးနွားရုပ်ကလေးက ဘာတွေစွမ်းလို့လဲ ... ကိုတောက်ထိန်"

"စွမ်းပါသော်ကော ကိုနေဒရေး အိမ်သူအိမ်သားတွေကို သူတစ်ပါး မကောင်းကြံတာတို့၊ ပယောဂပူးကပ်တာတို့၊ နှောင့်ယှက်တာတို့ အဲဒီလို အန္တရာယ်တွေအပြင် အိမ်တွင်းကို မကောင်းတဲ့ ဘေးဒုက္ခတွေပါ မဝင်ရောက်နိုင်အောင် ကာကွယ်ပေးပါတယ်။ ဒါကလည်း ကျုပ်ကိုယ်တွေ့ဗျ။

ပြီးတော့ ခရီးသွားတဲ့အခါ အဲဒီဆေးနွားရုပ်ကလေးကို ပဝါဖြူသန့်သန့်နဲ့ထုပ်ပြီး သေတ္တာခရီးဆောင်အိတ်တွေထဲ ထည့်သွားရင် လမ်းခရီးမှာ ဘေးအန္တရာယ်ကင်းပြီး သူခိုးသူဝှက်၊ ဓားပြ၊ လူဆိုး လူမိုက်၊ လူလိမ်လူညစ်၊ လူယုတ် စတဲ့ အနှောင့်အယှက်တွေနဲ့ မတွေ့ရဘူးဗျ။

ပြီးတော့ အမှုအခင်းပြဿနာတွေ အခက်အခဲကိစ္စတွေကိုလည်း အလွယ်တကူ ကျော်လွှားအောင်မြင်နိုင်တယ်"

"ဒါဆို အဲဒီဆေးနွားရုပ်ကလေးက တော်တော်အစွမ်းထက်ပါလားဗျ"

"ထက်ဆို ... ကိုအန္တောက ဂမ္ဘီရနည်းနဲ့ ပြုလုပ်စီရင်ထားတာကိုး"

"ခင်ဗျားပြောတော့ ရွှံ့နွားရုပ်ကလေးဆို"

"ရွှံ့တော့ ရွှံ့ကိုလုပ်ထားတဲ့ နွားရုပ်ကလေးပဲ။ ဒါပေမဲ့ ကိုအန္တောက သူ့နွားရုပ်ကလေးကို ဆေးနွားရုပ်ကလေးလို့ခေါ်တယ်။ အစွမ်းထက်တာတော့ အမှန်ပဲ။ ရွာထဲမှာ ကိုအန္တောက သူ့ဆေးနွားရုပ်ကို လူတိုင်းကိုပေးတာမဟုတ်ဘူး။ သူစာတ်ကျတဲ့သူကိုမှ ပေးတာ။

တစ်ခါက ရွာထဲက ကျုပ်ဆွေမျိုးတစ်ယောက် အခက်အခဲ ပြဿနာတချို့နဲ့ ရင်ဆိုင်နေရတယ်။ အဲဒီပြဿနာတွေ သွားရောက်ဖြေရှင်းဖို့ ဆေးနွားရုပ်ကလေးကို ကျုပ်ဆီ ခဏလာငှားတယ်။

ကျုပ်လည်း ငှားလိုက်တာပေါ့။ သူလည်း အဲဒီနွားရုပ်ကလေးကို ဆောင်ပြီးသွားတာ အခက်အခဲပြဿနာတွေကို အလွယ်တကူ ကျော်လွှားအနိုင်ရ အောင်မြင်ခဲ့တယ်"





"ဒါနဲ့ အဲဒီနွားရုပ်ကလေးကို ဘယ်ဝိဇ္ဇာနည်းနဲ့ စီရင်ထားတာတဲ့လဲ"

"အဲဒါတော့ သူက မပြောဘူးဗျ"

"အဲဒီလို ဂမ္ဘီရပညာတွေ အဲဒီလျှို့ဝှက်ကျင့်စဉ်ကို ကျင့်ပြီးမှ သူရလာတာလို့တော့ ပြောတယ်"

"အေးဗျာ ... စိတ်ဝင်စားစရာပဲ။ သူ့ဟာသူ ဒီလိုဂမ္ဘီရပညာတွေကို အလိုအလျောက် ရလာတာပေါ့"

"ကျင့်စဉ်ကျင့်ပြီးမှ အလိုအလျောက် ရလာတာထင်တာပဲ"

"သူကျင့်တဲ့ကျင့်စဉ်ကို ကျင့်ရင် သူ့ဂမ္ဘီရပညာတွေ အလိုအလျောက် ရလာသလိုမျိုး ကျင့်တဲ့ပုဂ္ဂိုလ်လည်း ရလာနိုင်တယ်ဗျ ကိုတောက်ထိန်"

"ကျုပ်လည်း ခင်ဗျားတွေးသလို တွေးခဲ့တာပဲဗျ။ ဒါပေမဲ့ သူက ကျင့်စဉ်ကိုမှ ပြောမပြဘဲ"

"အေးဗျာ ... တချို့လူတွေဟာ သူတို့ပညာတွေကို သေရွာပါအောင် ယူသွားတတ်ကြတယ်။ ခင်ဗျားပြောတဲ့ ကိုအန္တောလည်း အဲဒီလို လူစားမျိုး ထင်တာပဲဗျာ"

"ကျုပ်တော့ မပြောတတ်တော့ဘူးဗျာ။ ခင်ဗျား လိုက်ကြည့်ရင်တော့ သိမှာပဲ"

အဲဒါနဲ့ ကျုပ်လည်း ကိုတောက်ထိန်တို့ရွာကို အလည်လိုက်လာခဲ့မိတယ်။

ကိုအန္တောတို့အိမ်က ရွာအရှေ့ပိုင်းမှာရှိတယ်။ အိမ်ကတော့ အိမ်ကြီးအိမ်ကောင်းပါပဲ။ ကိုအန္တောပုံသဏ္ဌာန်က ပိန်ပိန်ရှည်ရှည်၊ ကလန်ကလားဆံပင်ဘုတ်သိုက်နဲ့။ ရုတ်တရက်ကြည့်ရင် အထင်ကြီးစရာ မရှိပါဘူး။

ကျုပ်တို့ ကိုအန္တောအိမ်ရောက်သွားတော့ လူတစ်ယောက်နဲ့ စကားပြောနေတာ တွေ့ရတယ်။ ကျုပ်တို့ရောက်သွားတော့ စကားပြောပြီးနေပြီ။

ကိုအန္တောက ကျုပ်နဲ့ကိုတောက်ထိန်ကို လှမ်းကြည့်ပြီး ပြုံးပြတယ်။ ဒါနဲ့ ကျုပ်တို့နှစ်ယောက် သူတို့နဲ့မလှမ်းကမ်းက ဖျာတစ်ချပ်ပေါ်မှာ ဝင်ထိုင်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ် ကိုအန္တော့ကို အကဲခတ်ကြည့်လိုက်မိတယ်။ အဲဒီအချိန်မှာ ကိုအန္တော့က သူ့ရှေ့မှာထိုင်နေတဲ့သူကို 'မောင်း' ကလေးတစ်လုံး ပေးလိုက်တာ တွေ့ရတယ်။ ပြီးမှ 'မောင်း'ထုတဲ့ လက်ကိုင်ဘုကလေးကိုပါ လှမ်းပေးလိုက်တယ်။

နောက်တော့ အဲဒီလူက 'မောင်း'နဲ့ 'လက်ကိုင်ဘု' ကလေးကို ယူပြီး ကိုအန္တော့ကို ...

"သွားဦးမယ် ... ဆရာ။ ဆရာပြောတဲ့အတိုင်း ကျွန်တော်လုပ်ပါ့မယ်"

လို့ ပြောဆိုနှုတ်ဆက်ပြီး အိမ်ပေါ်က ဆင်းသွားတယ်။

အဲဒီတော့မှ ကိုအန္တော့က ကျွန်ုပ်တို့ဘက်ကို လှမ်းကြည့်ပြီး ...

"လာပါဗျ ... ဒီဘက်ကို။ ညှေသည် ပါလာတယ်ထင်တယ်"

လို့ပြောတော့ ကျွန်ုပ်နဲ့ကိုတောက်ထိန်တို့ နေရာကထပြီး ကိုအန္တော့ရှေ့ သွားထိုင်ကြတယ်။ ပြီးတော့ ကိုတောက်ထိန်က ကျွန်ုပ်နဲ့ ကိုအန္တော့ကို မိတ်ဆက်ပေးတယ်။

"ကျွန်ုပ်ပြောပြထားတာနဲ့ ကိုနေဒရက ခင်ဗျားကို စိတ်ဝင်စားနေတာ ကိုအန္တော့ရဲ့"

"ဩော် ... ကျွန်ုပ်ကို စိတ်ဝင်စားနေတာကိုး။ ကျွန်ုပ်က ဂမ္ဘီရပညာနဲ့ တတ်နိုင်သလောက် ခုနစ်ရက်သားသမီးတွေကို ကူညီနေတာပါ"

"ဒါပေါ့ဗျာ။ ခင်ဗျားစေတနာက မှန်မြတ်ပါတယ်။ စေတနာ ကောင်းရင် ကံကောင်းမှာပါ"

"ဒါနဲ့ ကျွန်ုပ် ကိုနေဒရကို ဘာကူညီရမလဲ ... ပြော"

ကိုအန္တော့စကားကြောင့် ကျွန်ုပ်က ကိုတောက်ထိန်မျက်နှာကို ကြည့်လိုက်တယ်။ ကိုအန္တော့ကလည်း ပြောချင်တာပြောဆိုတဲ့သဘော။

"ကျွန်ုပ်ကို ကူညီစရာတော့ မလိုပါဘူး။ ကျွန်ုပ်သိချင်တာလေး တစ်ခု မေးချင်လို့ပါ"

"ကိုနေဒရက ဘာသိချင်လို့လဲ"





"ကိုအန္တော့ကျင့်ခဲ့တဲ့ လျှို့ဝှက်ကျင့်စဉ်ကို သိချင်ပါတယ်"

"ဩော် ... ဒါလား။ သိရပါတယ်။ သိချိန်တန်တော့ သိရမှာပေါ့"

"အဲဒီ လျှို့ဝှက်ကျင့်စဉ်ကိုကျင့်ပြီး ကိုအန္တော့ ဂမ္ဘီရပညာရပ်တွေကို တတ်မြောက်လာတယ်ဆို"

"ဟုတ်ပါတယ်။ ခင်ဗျားကို ကိုတောက်ထိန်က ကျွန်ုပ်အကြောင်းတွေ ပြောခဲ့ပြီထင်တယ်"

"ဟုတ်ပါ့ ... ကိုအန္တော့ရာ"

ကိုတောက်ထိန်က ဝင်ပြောတယ်။

"ခင်ဗျားကတော့ လုပ်ပြီဗျ ... ကိုတောက်ထိန်"

"ကျွန်ုပ်မိတ်ဆွေက ခင်ဗျားကို စိတ်ဝင်စားနေပြီဗျ ... ကိုအန္တော့။ ခင်ဗျားရဲ့ လျှို့ဝှက်ကျင့်စဉ်ကိုသာရရင် သူလည်း ကျင့်မှာ သေချာတယ်။ အဲဒီတော့ ခင်ဗျားပြောနိုင်ရင် ပြောပြလိုက်စမ်းပါဗျာ"

"ပြောပြပါ့မယ်လေ။ ဘာဖြစ်လို့ ဒီလောက်တောင် လောနေရတာလဲ။ ကျွန်ုပ်လည်း အဲဒီကျင့်စဉ်ကို မထင်မှတ်ဘဲ ရလာတာဗျ"

"ဘယ်လိုရလာတာလဲ ... ကိုအန္တော့ရဲ့"

ကျွန်ုပ်က ကြားဖြတ် ဝင်မေးလိုက်မိတယ်။

"ဒီလိုဗျ ...။ တစ်နေ့မှာ ကျွန်ုပ်ဟာ တောလမ်းခရီးသွားရင်း လမ်းမှာတွေ့ရတဲ့ ဇရပ်ကြီးတစ်ခုထဲ အမောပြေ ဝင်ရောက်နားမိတယ်။ ဇရပ်ပေါ်မှာ ကျွန်ုပ်လိုပဲနားနေတဲ့ ရသေ့ကြီးတစ်ပါးကို တွေ့ရတယ်။

ဥပဓိရုပ်ခန့်ညားတဲ့ ရသေ့ကြီးကို မြင်မြင်ချင်းပဲ ကျွန်ုပ် လေးစားကြည်ညိုသွားတယ်။

ဒါနဲ့ ကျွန်ုပ်မှာပါလာတဲ့မုန့်တွေကို ရသေ့ကြီးကို လှူလိုက်တယ်။ ရသေ့ကြီးက ကျွန်ုပ်လှူတဲ့မုန့်တွေကို လက်ခံပြီး သာဓုသုံးကြိမ် ခေါ်တယ်။

ပြီးတော့ ...

"လူကလေး ကျွန်ုပ် ဒီဇရပ်ပေါ်မှာရောက်နေတာ သုံးနာရီတိတိ ရှိပြီ။ ဒီတောလမ်းကလေးက ဖြတ်သွားဖြတ်လာသူတချို့ရှိပေမယ့် ဇရပ်



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ကိုတော့ ဘယ်သူမှတက်မလာကြဘူး။ အေးလေ ... ဒါကလည်း သူတို့ကံပေါ့"

"ဟုတ်ကဲ့ ... မိန့်ကြားပါဦး ... ဘရသေ့"

"ကျုပ် အမိန့်ဩဇာပေါင်းထားတာ တစ်ခုရှိတယ်"

"သိပါရစေ ... ဘရသေ့"

"သုံးရက်အတွင်း ဒီဇရပ်ပေါ်ကိုရောက်လာတဲ့ ပုဂ္ဂိုလ်ကို ကျုပ်က ထူးခြားတဲ့ ကျင့်စဉ်တစ်ခုပေးဖို့ အမိန့်ဩဇာပဲ။ အခု သုံးရက်ပြည့်တဲ့နေ့မှာပဲ လူကလေးကရောက်လာတယ်။ အဲဒီတော့ လူကလေးကိုပဲ ဒီကျင့်စဉ်ပေးရတော့မှာပေါ့။ လူကလေးမှာ ဒီကျင့်စဉ်ကိုကျင့်ရဖို့ ကံပါတယ်။ ပြီးရင် (၇)ရက်သားသမီးအပေါင်းကို ကူညီရမယ်"

ဆိုပြီး ရသေ့ကြီးက ကျုပ်ကို အဲဒီကျင့်စဉ် ပေးလိုက်တာပါပဲ။ အဲဒီကျင့်စဉ်ကို ကျင့်လို့ အောင်မြင်ပြီးတဲ့နောက်မှာ ကျုပ်အဲဒီလို ဂမ္ဘီရပညာရပ်တွေကို တတ်မြောက်လာတာပါပဲ။ အံ့ဩစရာတော့ အင်မတန်ကောင်းတယ်"

"ဘယ်လိုတတ်မြောက်လာတာလဲ။ သူ့အလိုအလျောက် တတ်မြောက်လာတာလား"

ကျုပ်က စိတ်ဝင်တစား မေးလိုက်မိတယ်။

"ဟုတ်တယ်။ အဲဒီလိုပဲ ဆိုပါတော့။ ပြီးတော့ အိပ်မက်ထဲက နေပြီး တစ်ယောက်ယောက်က လာသင်ပေးသလိုလည်း ကြုံရတယ်"

"ဇရပ်ပေါ်မှာတွေ့ခဲ့ရတဲ့ ရသေ့ကြီးက အိပ်မက်ထဲကနေ လာသင်ပေးတာလား"

"မဟုတ်ပါဘူး ... လူပုဂ္ဂိုလ်တွေက လာသင်ပေးတာပါ"

"အဲဒီလို လာသင်ပေးတဲ့လူ ဘယ်နှစ်ယောက်ရှိသလဲ"

"လေးငါးယောက်လောက် ရှိပါတယ်။ သူတို့က အမြဲတမ်းတော့ လာမသင်ပေးပါဘူး။ အရေးကြုံရင်တော့ ရောက်လာတတ်ပါတယ်"

"ဘယ်လိုအရေးကြုံရင်လဲ"





"စောစောက ခင်ဗျားတို့ရှေ့မှာပဲ လူတစ်ယောက်ကို ကျုပ် မောင်းတစ်လုံးနဲ့ ဘုကလေးတစ်ခုပေးလိုက်တာ ခင်ဗျားတို့ တွေ့မှာပေါ့"

"တွေ့လိုက်ပါတယ်"

"အဲ ... အဲဒီလူက ... ကျုပ်ဆီကို လွန်ခဲ့တဲ့သုံးရက်လောက်ကတည်းက လာပြီး အကူအညီတောင်းနေတာဗျ"

"သူက ဘယ်လို အကူအညီတောင်းလို့လဲ"

"သူ့မှာ အိမ်ပိုင်ခြံပိုင် မရှိဘူးလေ။ ဒီတော့ သူက အိမ်ပိုင် ခြံပိုင် လိုချင်တယ်။ အဲဒါ ကျုပ်ကိုလာပြီး အကူအညီတောင်းတာပဲ။ ဒါနဲ့ ကျုပ်လည်း ခင်ဗျားတောင်းတဲ့ အကူအညီကိုပေးမယ်။ နောက်နှစ်ရက်လောက်နေရင် ပြန်လာခဲ့လို့ပြောပြီး ပြန်လွှတ်လိုက်တယ်။

ဒါပေမဲ့ သူ့ အိမ်ပိုင်ခြံပိုင်ဖြစ်အောင် ဘယ်လိုအကူအညီ ပေးရမှန်းမသိအောင် စဉ်းစားလို့မရသေးဘူး။ ဒါနဲ့ ညကျတော့ ကျုပ် အိပ်မက်မက်တယ်။ အိပ်မက်ထဲမှ လူကြီးတစ်ယောက် ကျုပ်ဆီကို ရောက်လာတယ်။ လူပုံသဏ္ဌာန်က ခန့်ခန့်ချောချောကြီးဗျ။ သူက ကျုပ်ကို စေ့စေ့ကြည့်ပြီး ...

"ဒီမှာ ... မောင်ရင် ... မောင်ရင့်မှာ အခက်အခဲတစ်ခု ကြုံနေရတယ်မဟုတ်လား"

"ဟုတ်ပါတယ် ... ဦး"

"အိမ်ပိုင်ခြံပိုင်ဖြစ်ချင်ရင် ကျုပ်ပြောသလို လုပ်ပေတော့"

လို့ပြောပြီး လုပ်ရမည့်နည်းကို ပြောပြသွားတယ်။

အဲ ... စောစောကတော့ အိမ်ပိုင်ခြံပိုင်ဖြစ်ချင်တဲ့ ရွာထဲကလူ ကျုပ်ဆီရောက်လာတယ်။ စောစောက ခင်ဗျားတို့တွေ့လိုက်ရတဲ့ လူပေါ့။ အဲဒါနဲ့ ကျုပ်လည်း အိပ်မက်ထဲကလူကြီး ပြောပြသွားတဲ့ အိမ်ပိုင်ခြံပိုင်ဖြစ်စေတဲ့ အစီအရင်ကို ပြောပြလိုက်ပြီး အဲဒီမောင်းကလေးတစ်လုံး၊ ချူကလေးကိုးခုနဲ့၊ မောင်းထုဖို့ လက်ကိုင်ဘုလေးတစ်ခုကို ပေးလိုက်တာပါပဲဗျာ"



www.burmeseclassic.com

www.burmeseclassic.com



''အိမ်ပိုင်ခြံပိုင်ဖြစ်စေတဲ့ အစီအရင်နဲ့ အဲဒီမောင်းကလေးတစ်လုံး၊ ချူကလေးကိုးခုနဲ့ လက်ကိုင်ဘုကလေးတစ်ခုက ဘယ်လို ပတ်သက်နေလို့လဲဗျ''

''ပတ်သက်နေတာပေါ့ဗျာ။ အဲဒါက အစိက။ ပြောတဲ့အတိုင်း ယုံယုံကြည်ကြည်သာလုပ်။ မကြာခင် အိမ်ပိုင်ခြံပိုင်ဖြစ်စေရမယ်လို့ အိပ်မက်ထဲကလူကြီးက ပြောသွားတယ်။ အဲဒီလိုလုပ်ရင် မူလကံအင်အားကြီးတဲ့လူက အိမ်ပိုင်ခြံပိုင် ကြီးကြီးရမယ်။ မူလကံအင်အားနည်းတဲ့ သူက အိမ်ပိုင်ခြံပိုင် သေးသေးရမယ်။ ဘယ်ကရမှာလဲဆိုတာကို မစဉ်းစားနဲ့၊ ရကိုရလာရမယ်လို့ လူကြီးက ပြောသွားတယ်''

''ဒါဆို ကိုအန္တော့က အဲဒီနည်းအတိုင်း စောစောကလူကို ပေးလိုက်တာပေါ့''

''ဟုတ်ပါ့ဗျာ''

''ဒါဆိုရင် အဲဒီနည်းကို ကျုပ်တို့ကို ပြောမပြနိုင်ဘူးလား''

ကိုတောက်ထိန်က ဝင်ပြောသည်။

''ဘာလဲဗျ . . . ခင်ဗျားမိတ်ဆွေ ကိုနေဒရအတွက်လား။ ကိုနေဒရက ဒီလိုဂမ္ဘီရပညာရပ်တွေကို စိတ်ဝင်စားတယ်ထင်တယ်''

''စိတ်ဝင်စားတာပေါ့ဗျာ။ သူက ဂမ္ဘီရစာရေးဆရာပဲ။ ခင်ဗျားအကြောင်းတွေကိုလည်း သူက စာရေးချင်နေတာ။ ဒါကြောင့် ကျုပ်တို့ရွာကို သူလိုက်လာတာပေါ့''

''ဩော် . . . ကိုနေဒရက ဂမ္ဘီရစာရေးဆရာကိုး။ ရေးဗျာ။ ရေးနိုင်ပါတယ်။ ဒါပေမဲ့ ကျုပ်နာမည်အရင်းကိုတော့ ထည့်မရေးနဲ့။ ကျုပ်နေထိုင်တဲ့ ရွာအမည်ကိုလည်း ထည့်မရေးနဲ့။ ကျုပ်ကို လူတွေ သိပ်မသိစေချင်ဘူး''

''(၇) ရက်သားသမီးတွေကို ခင်ဗျားက ဂမ္ဘီရပညာရပ်တွေနဲ့ ကူညီနေတာဆိုဗျ''

''ကူညီတာတော့ ကူညီတာပေါ့။ ခေတ်ရှိမှ ကူညီလို့ကောင်းတယ်''





''ဘာခေတ်လဲဗျ''

''သူ့ခေတ်နဲ့ကိုယ့်ခေတ် စပ်ဟပ်ဖို့ပါဗျာ။ ကျုပ်ခေတ်နဲ့ စပ်ဟပ်တဲ့လူတွေ ကျုပ်ဆီကို သူ့အလိုလို ရောက်လာပါလိမ့်မယ်။ အခုတောင် ခင်ဗျားက ကျုပ်ခေတ်နဲ့စပ်ဟပ်လို့ ကျုပ်ဆီကိုတောင် ရောက်လာခဲ့ပြီမဟုတ်လား''

''ဟုတ်ပါ့ . . . ကိုအန္တော့ရာ''

ကျုပ်က တရင်းတနှီး ပြောလိုက်တယ်။

''လောကမှာ တစ်ယောက်နဲ့တစ်ယောက် ခေတ်ချင်းဟပ်မိဖို့ အရေးကြီးတယ်။ တစ်ယောက်နဲ့တစ်ယောက် ခေတ်ချင်းဟပ်မိရင် လင်မယားဖြစ်သွားနိုင်တယ်။ မိတ်ဆွေတွေ ဖြစ်သွားနိုင်တယ်။ ဆရာတပည့်တွေ ဖြစ်သွားနိုင်တယ်။ ခေတ်ချင်းမဟပ်မိရင်တော့ အဲဒီလို မဖြစ်နိုင်ဘူးလေ။ လူဆိုတာက ခေတ်ပဲမဟုတ်လား''

''ဟုတ်ပါတယ်ဗျာ။ ဒါနဲ့ စောစောက အိမ်ပိုင်ခြံပိုင်ရစေနိုင်တဲ့နည်းကို ပြောပြပါဦး''

''နောက်တော့ ပြောပြပါ့မယ်။ ခင်ဗျား ဒီရွာက မပြန်သေးဘူးမဟုတ်လား''

''မပြန်သေးပါဘူးဗျာ''

ဒါနဲ့ ကျုပ်နဲ့ကိုတောက်ထိန်လည်း ကိုအန္တော့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ကြတယ်။

ကျုပ် အဲဒီရွာမှာရောက်နေတာ ရက်အတော်ကြာလာတော့ ကိုအန္တော့နဲ့ ရင်းနှီးခင်မင်လာတယ်။ ကျုပ်က ကိုတောက်ထိန်တို့ရွာကိုသွားပြီး လုံးချင်းဝတ္ထုတွေ ရေးနေတာဆိုတော့ ညနေစောင်းကျရင် စာရေးတာခဏနားပြီး လမ်းလျှောက်ထွက်တတ်တယ်။

ကိုတောက်ထိန်ကလည်း လူပျိုကြီးဆိုတော့ သူ့အိမ်မှာနေရတာအေးချမ်းတယ်။ သူက ခြံစိုက်တယ်။ ခြံထဲက အသီးအနှံတွေကို ရောင်းစားနေပဲ။



www.burmeseclassic.com

www.burmeseclassic.com



တစ်နေ့ ကိုအန္တော ကျုပ်တို့ဆီ ရောက်လာတယ်။ သူ့နောက်မှာ လူတစ်ယောက်ပါလာတယ်။

"ကဲ ... ကိုတောက်ထိန်နဲ့ ကိုနေဒရရော ခင်ဗျားတို့နှစ်ယောက် ကျုပ်နဲ့ လိုက်ခဲ့ကြဦးမလား"

"ဘယ်သွားမလို့လဲဗျ"

ကိုတောက်ထိန်က မေးလိုက်တော့ ...

ကိုအန္တောက သူ့နောက်ပါလာတဲ့သူကို လှည့်ကြည့်ပြီး ...

"ဒီက ကိုတင်မောင်တို့အိမ်လေ။ အိမ်အသစ်ပြန်ဆောက်မလို့တဲ့။ ကျုပ်ကိုလာခေါ်တာနဲ့"

"ဘာလဲဗျ ... ကိုအန္တော။ ခင်ဗျားက အိမ်ဆောက်တဲ့ လက်သမားအလုပ်ကို လုပ်သလား"

ကိုတောက်ထိန်ကမေးလိုက်တော့ ...

"လက်သမားအလုပ်တော့ မလုပ်ပါဘူးဗျာ။ သူတို့အိမ်ဆောက်တဲ့နေရာမှာ အစီအရင်ကလေးတစ်ခု လုပ်ပေးရမှာပါ"

"ဘယ်လိုအစီအရင်လဲ ... ကိုအန္တော"

ကျုပ်က စိတ်ဝင်တစား မေးလိုက်မိသည်။

"သိချင်လိုက်ကြည့်ပေါ့ စာရေးဆရာ"

ဒါနဲ့ ကျုပ်တို့ အိမ်ဆောက်လုပ်မဲ့နေရာကို လိုက်ကြည့်ကြတယ်။ နေရာက ရွာအနောက်ပိုင်းမှာပါ။ ဟိုရောက်တော့ အိမ်ဆောက်မယ့် လက်သမားတွေက အိမ်တိုင်ထူဖို့ အသင့်ဖြစ်နေပြီ။ တိုင်တူးဖို့ တွင်းတွေကို တောင် အသင့်တူးပြီးနေကြပြီ။

လက်သမားအဖွဲ့က သစ်ပင်ရိပ်တစ်ရိပ်အောက်မှာ ထိုင်ပြီး ရေနွေးကြမ်းသောက်နေကြတယ်။ ထန်းလျက်ခဲနဲ့ ပဲပြုတ်နှိုကိုလည်း စားနေကြတယ်။

ကိုအန္တောရောက်သွားတော့ လက်သမားအဖွဲ့က လှမ်းပြီး နှုတ်ဆက်ကြတယ်။





"ကဲ ... ကိုတင်မောင်၊ ဟိုမှာ လက်သမားအဖွဲ့က ကျုပ် အစီရင် လုပ်ပြီးမှ အိမ်တိုင်ထူကြမှာဆိုတော့ ကျုပ်ကိုစောင့်နေကြတာ အားနာစရာကောင်းနေပြီ။ ကဲ ... အဲဒီတော့ ကျုပ်ကို ပဲကြီးစေ့ (၄) စေ့လောက်ပေးစမ်းပါ"

ကိုတင်မောင်က ယာယီဆောက်ထားတဲ့ အမိုးအောက်ကို ဝင်သွားပြီး ပုလင်းတစ်လုံးယူလာတယ်။ ပုလင်းထဲမှာ ပဲကြီးစေ့တွေ။

"လေးလုံးပဲပေး ... ကိုတင်မောင်"

ကိုတင်မောင်က ကိုအန္တောကို ပဲကြီးစေ့ (၄) လုံး လှမ်းပေးလိုက်တယ်။ ကိုအန္တောက ပဲကြီးစေ့ (၄) စေ့ကိုယူပြီး အမိုးအောက်မှာ ယာယီပြုလုပ်ထားတဲ့ ဘုရားစင်ရှေ့မှာ သွားထိုင်တယ်။

တစ်အောင့်ကြာတော့ ဘုရားစင်ရှေ့က ထလာပြီး အိမ်တိုင်ထူဖို့ တူးထားတဲ့ ထောင့်လေးထောင့်က တွင်းရှေ့ထဲမှာ ပဲကြီးစေ့တစ်စေ့စီကို သွားရောက်မြှုပ်နှံလိုက်တယ်။

ပြီးမှ လက်သမားတွေကိုခေါ်ပြီး အိမ်တိုင် ထူစေတယ်။

"ဒီမှာ ... ကိုအန္တော ..."

"ဘာလဲဗျ စာရေးဆရာ။ ခင်ဗျားကျုပ်ကို မေးတော့မယ်မဟုတ်လား"

"မေးတော့မှာဗျ။ ခင်ဗျားလုပ်နေတာတွေက ဘာအဓိပ္ပာယ်တွေလဲ။ ပဲကြီးစေ့ (၄)စေ့ကိုယူပြီး ဘုရားရှေ့သွားထိုင်တယ်။ ပြီးတော့ နှုတ်ကလည်း ဘာတွေရွတ်နေမှန်းမသိ။ ပြီးတော့ လက်ကလည်း ရေးနေသေးတယ်။ ဘာတွေရေးနေမှန်းမသိဘူး။

ပြီးတော့ ဘုရားစင်ရှေ့က ထလာပြီး အရှေ့မြောက်ထောင့်၊ အရှေ့တောင်ထောင့်၊ အနောက်တောင်ထောင့်၊ အနောက်မြောက်ထောင့်က တွင်းတွေထဲမှာ မြှုပ်တယ်။ ပြီးမှ အိမ်တိုင်ထူစေတယ်။ အဲဒါက ဘာအဓိပ္ပာယ်လဲ ... ကိုအန္တော"

"နောက်တော့ ပြောပြမှာပေါ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦးဗျ။ ကျုပ်မေးပါရစေဦး။ ခင်ဗျားရဲ့ ဂမ္ဘီရပညာတွေဟာ ဟိုလူ့ဂုဏ်ကျင့်စဉ်ကို ကျင့်ပြီးမှ ရလာတာလား"

"ဟုတ်တယ်လို့ပဲ ပြောရမှာပေါ့ဗျာ။ ကျုပ် အရင်တုန်းက ဘာဂမ္ဘီရပညာကိုမှ တတ်တာမဟုတ်ဘူးဗျ။ အဲဒီ လူ့ဂုဏ်ကျင့်စဉ်ကို ကျင့်ပြီးမှ တတ်လာတာ။ ကျုပ်ပြောခဲ့ပြီးပြီပဲ။ တချို့ဂမ္ဘီရပညာရပ်တွေနဲ့ အစီအရင်တွေကိုတော့ အိပ်မက်ထဲမှာမက်တာလို့။ အိပ်မက်ထဲမှာ ဂမ္ဘီရပုဂ္ဂိုလ်တစ်ယောက်ယောက်က ကျုပ်ကို လာပြီးပြောသွားတာပဲ"

"အေးဗျာ ... ခင်ဗျားအဖြစ်ကလည်း တော်တော်ထူးဆန်းတာပဲ"

ကျုပ်တို့ စကားကောင်းနေတုန်းမှာပဲ အိမ်တိုင်ထူလို့ ပြီးသွားတယ်။ အိမ်ရှင်က ကျုပ်တို့ကို နံနက်စာနဲ့ ညှိဝတ်ပြုတယ်။

နံနက်စာစားပြီးတော့မှ ကျုပ်တို့ ပြန်ခဲ့ကြတယ်။

✿ ✿ ✿

[၂]

ဒါနဲ့ ကျုပ်ဟာ ကိုတောက်ထိန်တို့ရွာမှာ ရက်ပေါင်းအတော်ကြာသွားတယ်။ ပြောရရင် သုံးလကျော်လောက် ကြာသွားတယ်ဆိုပါတော့။ ကျုပ်လည်း အဲဒီသုံးလအတွင်း အားကြိုးမာန်တက်ရေးလိုက်တာ လုံးချင်းဝတ္ထု သုံးအုပ်ပြီးသွားတယ်။

ဒါနဲ့ကျုပ်လည်း ရန်ကုန်ကို ပြန်တော့မယ်ပေါ့။ ရန်ကုန်ရောက်ရင် ထုတ်ဝေသူကို လုံးချင်းဝတ္ထုသုံးအုပ် အပ်ရမယ်လေ။

အဲဒါနဲ့ ကျုပ်လည်း ခရီးဆောင်အိတ်ကိုလွယ်ပြီး ကိုတောက်ထိန်နဲ့အတူ ကိုတောက်ထိန်တို့အိမ်က ထွက်လာခဲ့တယ်။ မနက်စောစောထွက်လာတော့ အချိန်ရတယ်။ ကိုတောက်ထိန်က ကျုပ်ကို ကားဂိတ်အထိ လိုက်ပို့မှာလေ။

ကားဂိတ်မသွားခင် ကိုအန္တော့တို့အိမ်ကို အရင်ဝင်ရမယ်။ ကျုပ်က မြို့ကိုပြန်တော့မယ်ဆိုလို့ သူက သူ့ရဲ့ဂမ္ဘီရပညာ အစီအရင်အကြောင်းတွေကို ကျုပ်ကို ပြောပြတော့မယ်လေ။ အဲဒါကတော့ ကျုပ်ပြန်တဲ့နေ့မှာ ပြောပြမယ်လို့ လွန်ခဲ့တဲ့တစ်ပတ်ကတည်းက သူကတိပေးခဲ့လို့ပေါ့။

ကျုပ်တို့ သူ့အိမ်ရောက်သွားတော့ ကိုအန္တော့က ဝမ်းသာအားရ ဆီးကြိုတယ်။



www.burmeseclassic.com

www.burmeseclassic.com



"လာဗျို့ . . . ကိုတောက်ထိန်နဲ့ စာရေးဆရာ။ ကျုပ် ခင်ဗျားတို့ကို ပြောပြဖို့ အသင့်စောင့်နေပါတယ်။ ဒါပေမဲ့ ခင်ဗျားတို့ကို မနက်စာနဲ့ ဧည့်ဝတ်ပြုပါရစေဦး"

လို့ပြောပြီး မနက်စာကို သူကိုယ်တိုင် ပြင်ဆင်ကျွေးမွေးပါတယ်။ ပြီးမှ . . .

"ကျုပ်ကို ရေပ်ပေါ်မှာတွေ့ခဲ့တဲ့ ရသေ့ကြီးပေးခဲ့တဲ့ လျှို့ဝှက်ကျင့်စဉ်ကို ပြောပြပါမယ်။ ကျင့်စဉ်က ဒီလိုဗျ . . ."

ဆိုပြီး စတင်ပြောပါတော့တယ်။

"ဒီကျင့်စဉ်ကို ကျင့်မယ်ဆိုရင် ဘုန်းကြီးကျောင်းတစ်ကျောင်းမှာ ဥပုသ်ရက်ရှည် စောင့်ပြီး ကျင့်နိုင်ရင် အကောင်းဆုံးပါပဲ။ ကျင့်ရမယ့် ရက်ပေါင်းကတော့ (၃၃)ရက်ပေါ့။ တကယ်လို့ မှားယွင်းခဲ့ရင်ဖြစ်စေ၊ မလုပ်ခဲ့မိရင်ဖြစ်စေ ကျင့်စဉ်ကို အစက ပြန်စရပါမယ်။

ကျင့်စဉ်ကတော့ . . . နံနက်အိပ်ရာထ၊ အရုဏ်တက်ချိန်မှာ မျက်နှာသစ်၊ သွားတိုက်၊ ကိုယ်လက်သန့်စင်ပြီး ရရာသစ်သီးတစ်လုံးကို မန္တန်နဲ့ (၃)ခေါက်ရွတ်ရမယ်။ မန္တန်ကတော့ . . .

"(က) ကာရော မေ အကွရံ
ကေရုပဠ ဗုဒ္ဓရုပံ သမ္ဘသီယာ။
တတွာဟိ ပဏ္ဍိတော ပေါသော၊
လိကျေယျ ဝိရူကာတ္တယံ။
တိဋ္ဌတု နမော ဗုဒ္ဓါယ (က) ။
အဓိပ္ပာယ်ကတော့ . . .

(က) အက္ခရာသည် ဘုရားတစ်ဆူနှင့် တူ၏။ ထို့ကြောင့် ပညာရှိသောပဟောကျမ်းသည် ပိဋကတ် (၃)ပုံကို ရေး၏။ ဘုရား၏ (က) အက္ခရာကို ရှိခိုးပါ၏။ (က)အက္ခရာသည် တည်တံ့ပါစေသော။

လို့ အဓိပ္ပာယ်ရပါတယ်။ စာရွတ်တဲ့အချိန်မှာ (က) အက္ခရာကို စတင်ပြီးရေး၊ မန္တန် (၃)ခေါက်ဆုံးတာနဲ့ ရေးနေတာကို အဆုံးသတ်လိုက်





ရမယ်။ ပြီးရင် သစ်သီးကို အားလုံးကုန်အောင် စားပစ်လိုက်ရမယ်။ အဲဒီလိုဆိုင်ရင် အကောင်းဆုံးသစ်သီးကတော့ ငှက်ပျောသီးပါပဲ။ ငှက်ပျောသီးက အလွယ်တကူရနိုင်တယ်လေ။

ပြီးတော့ (ငှက်ပျော) ဆိုတာ (တနင်္လာ + ကြာသပတေး)ဆိုတော့ ဂမ္ဘီရဓာတ်ပေါ့။ တည်တံ့ခိုင်မြဲစေတဲ့ ဓာတ်ပေါ့။ ဒီဓာတ်ပေါ်မှာ စီရင်တဲ့အတွက် ရရှိလာတဲ့ပညာရပ်တွေကလည်း ခိုင်မြဲစေတယ်။

အဲဒီလို မိမိအသုံးပြုမယ့် ငှက်ပျောသီးဟာ ပွဲတင်ပြီးသားနဲ့ မီးအုံးငှက်ပျော မဖြစ်စေရဘူး။ ပင်မှည့်သာဖြစ်ရမယ်။ ဆီးဖြူသီးနဲ့ ပြုလုပ်နိုင်ပါတယ်။ (ဆီးဖြူ)ဆိုတော့ စိန်ပန်းဓာတ်ပေါ့။ အစေ့ပါတဲ့အသီးနဲ့ စီရင်ရင် အစေ့ကိုပါ ဝါးစားပစ်ရမယ်။

သစ်သီးပေါ်မှာ (က)အက္ခရာကို ရေးသားတဲ့အခါ ဘောပင်၊ ခဲတံ အဆင်ပြေရာတစ်ခုခုနဲ့ ရေးသားနိုင်တယ်။

နောက်ရက်တွေမှာလည်း အဲဒီနည်းအတိုင်း ပထမရက်ကစားခဲ့တဲ့ သစ်သီးမျိုးပေါ်မှာ (က) အစား၊ (ခ) – (ဂ) – (ဃ) – (င) စသည်ဖြင့် တစ်နေ့ကို အက္ခရာတစ်လုံးရေးပြီး မန္တန်ရွတ်။ ရွတ်ပြီးရင် စားသွားရမယ်။ ဗျည်းအက္ခရာ (၃၃)လုံးဆိုတော့ (၃၃)ရက် ကျင့်ရမယ်။

ကျင့်နေတဲ့ရက်အတွင်းမှာ အထူးစောင့်ထိန်းရမှာကတော့ ဒေါသပဲ။ ဒေါသ လုံးဝ မထွက်စေနဲ့။ ဒေါသထွက်ရင် ကျင့်စဉ်ပျက်ပါတယ်။ ကျင့်စဉ်ပျက်ရင် အစကပြန်ပြီး ကျင့်ရတယ်။

ပြီးတော့ အိပ်မက်ထဲမှာ မိန်းမတွေကိုမြင်မက်ခဲ့ရင်၊ ထမင်း စားသောက်ရတဲ့ အိပ်မက်တွေကို မြင်မက်ခဲ့ရင် ကျင့်စဉ်ပျက်ပါတယ်။ အဲဒါဆိုရင် အစက ပြန်ကျင့်ရမယ်။

(၃၃) ရက်ကျင့်လို့ အောင်မြင်သွားရင် ဘဝဟောင်းက သင်ခဲ့ဖူးတဲ့ ပညာရပ်တွေ ပေါ်လာလိမ့်မယ်။ ကျင့်စဉ်မပြီးဆုံးခင် တစ်ရက်အလိုမှာ ထူးခြားတဲ့ အိပ်မက်တစ်ခုကို မြင်မက်ခဲ့ရင် အလွန်နက်နဲတဲ့ ပညာရပ်တစ်ခုခုကို အလိုအလျောက် တတ်မြောက်လာလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အိပ်မက်ထဲမှာ ပုဂ္ဂိုလ်ပိုင်းဆိုင်ရာတွေ ရောက်လာပြီး ပညာရပ်ဆိုင်ရာတွေကို သင်ကြားပေးသွားတတ်တယ်။ ရသေ့ကြီးရဲ့ တပည့်တစ်ယောက်ဟာ ဒီကျင့်စဉ်ကို ကျင့်ခဲ့တယ်။ သူ အဲဒီလိုကျင့်လို့ (၉) အက္ခရာ ကျင့်ပြီးတဲ့နေ့မှာပဲ အိပ်မက်မက်တယ်။

အိပ်မက်ထဲမှာ ဆင်ဖြူတော်တွေ ပိဋကတ်ကျမ်းစာတွေကို ယူဆောင်လာကြတယ်။

ဒါပေမဲ့ နောက်တစ်နေ့ (အ) အက္ခရာကျင့်တဲ့နေ့မှာ အကြောင်းတစ်စုံတစ်ရာကြောင့် ဒေါသထွက်သွားမိတဲ့အတွက် အဲဒီညမှာပဲ အိပ်မက်မက်ပြန်တယ်။ အိပ်မက်ထဲမှာ ဆင်ဖြူတော်တွေ ပြန်လှည့်ထွက်သွားကြတယ်။ ဒါကြောင့် သူ့ရဲ့ကျင့်စဉ် ပျက်သွားခဲ့ရတယ်။

အဲဒီတော့ ဒီကျင့်စဉ်မှာ ဒေါသမထွက်စေနဲ့။ ဒေါသကို အထူးသတိထား။ ဒေါသထွက်မိရင် ကျင့်စဉ်ပျက်တာပဲ။ ဒါကြောင့် ကျုပ်ဟာ ဒီကျင့်စဉ်ကိုကျင့်တော့ ဘုန်းကြီးကျောင်းမှာ သွားကျင့်ခဲ့ရတယ်။

ကဲ ... ကျင့်စဉ်ကတော့ အဲဒါပဲ။ စာရေးဆရာ ကျင့်ချင်ရင် ကျင့်ပေတော့"

"ကိုအန္တောက ဒီကျင့်စဉ်ကိုအောင်မြင်ပြီးမှ ဂမ္ဘီရပညာရပ်တွေကို တတ်မြောက်လာတာပေါ့"

ကျုပ်က မေးလိုက်တော့ ကိုအန္တောက ...

"တတ်တာပေါ့ဗျာ။ အခု ကျုပ်တတ်မြောက်နေတဲ့ ပညာရပ်တွေဟာ ဘဝဟောင်းကသင်ခဲ့ဖူးတဲ့ ပညာရပ်တွေပေါ့။ ဒီကျင့်စဉ် အောင်မြင်ခဲ့လို့ ကျုပ် အခုဘဝမှာ မသင်ရပဲ တတ်မြောက်နေခဲ့တာပေါ့။ ပြောရရင် ဒီကျင့်စဉ်ဟာ 'မသင်မီက တတ်နှင့်မည်' ဆိုတဲ့ ကျင့်စဉ်ပါပဲ"

"တော်တော်ထူးဆန်းတဲ့ ကျင့်စဉ်ပဲဗျာ"

"ဒီကျင့်စဉ်ကျင့်ရင် ဒေါသနဲ့အိပ်မက်ကြောင့် ပျက်တတ်တာ များတယ်။ ဒါပေမဲ့ အားမလျှော့နဲ့။ ပျက်ရင် အစကပြန်ကျင့်။ အောင်မြင်မှုရမှာ ကျိန်းသေတယ်။ ဒီကျင့်စဉ်အောင်မြင်ရင် ဉာဏ် အင်မတန်ကောင်းလာ





မယ်။ ဉာဏ် အင်မတန်ထက်လာမယ်။ ဒါကြောင့် စာမေးပွဲဖြေဆိုရာမှာ ထိပ်ဆုံးက အောင်မြင်နိုင်တယ်။

ဉာဏ်က အင်မတန်ကောင်းလာတဲ့အတွက် ဝီရိယလေးစိုက်ပြီး ဝိပဿနာတရားအားထုတ်လိုက်ရင် မကြာခင် ခရီးပေါက်နိုင်တယ်။ အင်မတန်အကျိုးရှိစေတဲ့ ကျင့်စဉ်ပါ။

ကဲ ... ကျုပ် ခင်ဗျားတို့ကို လျှို့ဝှက်ကျင့်စဉ် ပြောပြလိုက်ပြီ။ ရအောင်သာ ကျင့်ကြပေတော့"

အဲဒီနောက် ကိုတောက်ထိန်က ...

"ဒါနဲ့ လုပ်ပါဦး ... ကိုအန္တောရ။ ခင်ဗျား ကျုပ်ကို ချီးမြှင့်ထားတဲ့ ဆေးနွားရုပ်ကလေးအကြောင်းကို ပြောပြပါဦး"

"အင်း ... ခင်ဗျားတို့နှစ်ယောက်ကတော့ ကျုပ်ဆီက အကုန်နှိုက်ထုတ်နေတော့တာပဲ။ အေးလေ ... ပြောပြရတာပေါ့။ စာရေးဆရာကလည်း ဒီအကြောင်းတွေကို ရေးပေါ့ဗျာ။ ဖတ်မိတဲ့သူတွေ အကျိုးရှိစေနိုင်တာပေါ့။ ပညာဆိုတာ တစ်ဦးတည်းမှုပိုင် မဟုတ်ဘူး။ အားလုံးပိုင်တဲ့ အရာတစ်ခုပါ။ ဒီနေရာမှာ ဥစ္စာနဲ့ပညာ မတူတဲ့အချက်ဟာ အဲဒါပဲ။ ဥစ္စာဆိုတာက တစ်ဦးတစ်ယောက်ပိုင်ဖြစ်ပြီး ခွဲဝေပေးလို့ မရနိုင်ဘူး။ ခွဲဝေပေးလိုက်ရင် လျော့သွားနိုင်တယ်။ ပညာဆိုတာက အများပိုင်ဖြစ်တယ်။ ဘယ်လိုပင် ခွဲဝေပေးသော်လည်း လျော့သွားတယ်လို့ မရှိနိုင်ဘူး။

ဒါကြောင့် ကျုပ်လည်း ခင်ဗျားတို့ကို ပညာတွေ ခွဲဝေပေးနေတာပေါ့"

"ကဲ .. လုပ်စမ်းပါဦးဗျာ။ ခင်ဗျားရဲ့ ဆေးနွားရုပ်အကြောင်း"

"ဒီလိုဗျ ... သူလည်း ဂမ္ဘီရ အစီအရင်တစ်ခုပဲ။ သူ့ကို စီရင်နည်းကတော့ သိပ်မခက်လှပါဘူး။ တောင်ပို့ရွှံ့ (၇)မျိုးကို ယူပြီး နွားထီးရုပ်ကလေးလုပ်၊ ပြီးရင် သိဒ္ဓိတင်ပြီး ဆောင်လိုက်ရုံပါပဲ"

"တောင်ပို့ရွှံ့ဆိုတာ ဘာလဲ ... ကိုအန္တော"

"တောင်ပို့ရွှံ့ဆိုတာ ခြတောင်ပို့ပေါ့ဗျာ။ ခြတောင်ပို့ထိပ်က မြေသားကို တောင်ပို့ရွှံ့လို့ ခေါ်တယ်။ အဲဒီ မြေသားနည်းနည်းစီကို စနေနေ့

www.burmeseclassic.com



ကာစပြီး တစ်နေ့ကို တောင်ပို့တစ်ခုက ယူရမယ်။ စနေ၊ တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ ကြာသပတေး၊ သောကြာ (၇) ရက်တိတိပေါ့ဗျာ။ စနေနေ့မှာ တောင်ပို့တစ်ခုကယူရင် တနင်္ဂနွေနေ့မှာ နောက်တောင်ပို့တစ်ခုက ယူပေါ့ဗျာ။ တနင်္လာနေ့ကျတော့ နောက်တောင်ပို့ တစ်ခုပေါ့"

"အင်း ... တောင်ပို့ (၇)ခုကတော့ တွေ့အောင်ရှာဖို့ မလွယ်ဘူး ထင်တယ်"

"တွေ့အောင် ရှာပေါ့ဗျာ။ အဲဒီလိုယူတဲ့အခါ တောင်ပို့မြေရင်းမှာ ဖယောင်းတိုင်တစ်တိုင်ထွန်းပြီး ရေတစ်ခွက်ပါ ထားပေးရမယ်။ (၇)ရက်စာ ယူထားတဲ့ မြေသားကို စနေနေ့မှာပြန်စုပြီး အနေတော်ဖြစ်အောင် နယ်ရမယ်။ နွားရုပ်ကလေးကို နေခြောက်အောင်လှန်းပြီး လင်ဗန်းမှာ ရေတစ်ခွက်နဲ့ မြေဇာမြက် (၇)ပင်ထည့်၊ အစာကျွေးတဲ့ သဘောပေါ့။

ပြီးရင် လင်ဗန်းကိုကိုင်ပြီး သိဒ္ဓိတင်မန္တန်ကို (၃၇)ခေါက် ရွတ်ဆိုရမယ်။ မန္တန်ကတော့ ...

"ဥ အ ဝိဉာဏက
ဩသမံ သ ဝိဉာဏက
သွာအံအံ"

အဲဒါဆိုရင် ဆေးနွားရုပ်အစီအရင် ပြီးပြီပေါ့ဗျာ။ အဲဒီဆေးနွားရုပ်ကို အိမ်မှာဆောင်ထားချင်ရင်တော့ ဘုရားစင်ရှေ့ တစ်ဆင့်နိမ့်ရာစင်မှာ ရေတစ်ခွက်၊ မြေစာမြက် (၇)ပင်နဲ့ ထားပေါ့"

ကျုပ်နဲ့ ကိုတောက်ထိန်တို့ဟာ ကိုအန္တောပြောသမျှကို တအံ့တဩ နားထောင်နေမိကြတယ်။ အဲဒီနောက် ကိုတောက်ထိန်က ဆက်မေးလိုက်ပြန်တယ်။

"ဒါနဲ့ ခင်ဗျား ဟိုလူတစ်ယောက်ကို မောင်းကလေးတစ်လုံး၊ ချူကလေးကိုးလုံးနဲ့ လက်ကိုင်ဘုကလေးပေးလိုက်တဲ့ အစီအရင်ကရော ဘာလဲဗျ"

"အဲဒါကတော့ အိမ်ပိုင်ခြံပိုင်ရစေနိုင်တဲ့ အစီအရင်ပေါ့ဗျာ"

"စီရင်ပုံ စီရင်နည်းလည်း ပြောပြဦးလေဗျာ"





"ဒီလိုဗျ ... မောင်းကို ဆေးအနက်ရောင်သုတ်ပြီး အပေါ်နှုတ်ခမ်းစပ်မှာ 'အောင်မောင်းချူ' လို့ စာလုံးသုံးလုံးကို ဆေးအဖြူနဲ့ ရေးရမယ်။ မောင်းရဲ့ အောက်နှုတ်ခမ်းစပ်မှာတော့ 'အိမ်ခြံမြေ' လို့ စာလုံးသုံးကို ဆေးအဖြူနဲ့ရေးရမယ်။

မောင်းဆိုတာ ဟိုတုန်းက တိုင်းခန်းလှည့်လည်တဲ့နေရာမှာ အသုံးပြုကြတဲ့ ပစ္စည်းပေါ့။ မောင်းကြေးနင်းလည်ခတ်တဲ့ ပစ္စည်း။ လူအများ သိစေချင်တာကို မောင်းခတ်ပြီး ကြေငြာတဲ့သဘောပေါ့။ အခုခေတ် လူတကာ သိအောင် လျှောက်ပြောတတ်တဲ့လူကို လူအများက 'အဲဒီလူဟာ မောင်းပဲ' လို့ ပြောတတ်ကြတယ်မဟုတ်လား။ ဒီလောက် အရပ်လည်တဲ့မောင်းကို တတ်နဲ့ အထိုင်နိုင်းရမယ်"

"ဘယ်လို အထိုင်နိုင်းမှာလဲ ... ကိုအန္တောရ"

"ပက်လက်ကုလားထိုင်မှာ အဓိုင်နိုင်းမယ်လေ။ ကုလားထိုင် နောက်မှီရဲ့နောက်ဘက်မှာ မောင်းကို ကြိုးနဲ့ချည်ဆွဲထားရမယ်။ မောင်းရဲ့ကြိုးမှာ ချူကို တစ်ဖက်လေးလုံးစီပြီ ဆွဲထားရမယ်။ တစ်ဖက်လေးလုံးစီဆိုတော့ နှစ်ဖက်ရှစ်လုံးပေါ့။ မောင်းရဲ့ တစ်ဖက်တစ်ချက်စီမှာ လေးလုံးစီဆိုတဲ့ သဘောပေါ့။ ပြီးတော့ အဲဒီမောင်းကို ပုဆိုးတစ်ထည်နဲ့ အုပ်ထားပေးရမယ်"

"အင်း ... အစီအရင်ကလည်း ဆန်းပါ့ဗျာ"

"ဒါဟာ ပညတ်နံ့တွေကို စီရင်နေတာဆိုတော့ ဒီလိုပဲ ဆန်းမှာပေါ့ဗျာ။ ပညတ်နယ်ပယ်ဆိုတာ သေသေချာချာလေ့လာကြည့်ရင် အင်မတန် ဆန်းကြယ်တဲ့ နယ်ပယ်ဗျ။ ပြီးတော့ ပညတ်နယ်ပယ်မှာ စွမ်းအားတွေရှိတယ်။ အခု ဒီအစီအရင်ဟာ ပညတ်နယ်ပယ်ထဲက စွမ်းအားတွေကို ထုတ်ယူအသုံးချပေးရတဲ့ ပညာရပ်ပဲ'

"ပြောပြပါဦးဗျာ"

"ပြီးရင် မောင်းကိုထုဖို့ စိန်ပန်းသားနဲ့လုပ်ထားတဲ့ လက်ကိုင်ဘုမှာ ချူတစ်လုံးချည်ဆွဲထားရမယ်။ လက်ကိုင်ရိုးမှာ ဆွဲထားရ။ ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒီ လက်ကိုင်ရိုးမှာ အဖျားဘက်ကနေပြီး အရင်းဘက်ကို ကြိုက်ရာဆေးနဲ့ စာတစ်ကြောင်းတန်းပြီး ရေးထားရမယ်။ ရေးရမယ့်စာကတော့ . . .

'အိမ်ပိုင်ခြံပိုင်ဖြစ်အောင် အမြန်ပေး' လို့ ရေးရမယ်။ အဲဒီလိုအားလုံးပြုလုပ် စီရင်တာကို စိတ်အေးလက်အေး ပြုလုပ်ရမယ်။ ဗျာယာမခတ်ရဘူး။ မလောရဘူး။ ပြီးရင် မောင်းကို နေ့တိုင်းမှန်မှန် ထုပေးရမယ်။ အချိန်မှန်မှန် မထုနိုင်ရင်တောင် တစ်နေ့တစ်ကြိမ်တော့ ထုပေး။ ထုပေးတဲ့အခါ ဘယ်နှစ်ချက်ထုထု စိတ်ပါသလောက်ထု၊ ထုတဲ့အခါတိုင်း 'အိမ်ပိုင်ခြံပိုင်ဖြစ်အောင်ပေး၊ အိမ်ပိုင်ခြံပိုင်ဖြစ်အောင်ပေး' လို့ ပြောပြောပေးရမယ်။ ဘယ်သူလာပေးမှာလဲ လျှောက်မတွေးနဲ့။ ရမှာက အပိုင်ရမှာဆိုတော့ ဘယ်လိုပဲရရ ရဖို့သာလိုရင်းပဲ။ ပိုက်ဆံငွေကြေးလည်း အဆင်ပြေလာလိမ့်မယ်။ အိမ်ပိုင်ခြံပိုင်ရလာတဲ့အခါ အိမ်တက်မင်္ဂလာရက် အလှူအတန်းလုပ်။ ဒါနပြုဖို့ မမေ့နဲ့။

အဲဒီအစီအရင်ကြောင့် ဘဝကပါလာတဲ့ ကံနဲ့ အခုဉာဏ်ပညာ၊ ဝီရိယပေါင်းစပ်ပြီး ထိုက်တန်တာရလိမ့်မယ်။ လူဆိုတာ ကံမပါလာဘဲနဲ့ လူဖြစ်မလာဘူး။ ဟိုဘဝကကံဆိုတာ မြင်ရတဲ့ကိစ္စမဟုတ်ဘူး ဆိုပေမယ့် မမြင်ရတဲ့ကံကို မြင်ရတဲ့ကံနဲ့ ဆက်ရတယ်။ အဲဒီဆက်ရမယ့်ကံက စေတနာကုသိုလ်နဲ့ ဆက်ရတယ်။ ကဲ . . . ဘာသိချင်သေးသလဲ . . စာရေးဆရာ''

''ဒီအစီအရင်ရဲ့ အဓိပ္ပာယ်ရော . . . ကိုအန္တော''

''ဩော် . . . ဒါလား (အိမ်ခြံမြေ) နဲ့ (အောင်မောင်းချူ) ဟာ ဓာတ်တူနံတူ ကက်ကင်းကျနေတယ်''

| အိမ် | မြေ | ခြံ |
|---|---|---|
| (တနင်္ဂနွေ) | (ကြာသပတေး) | (တနင်္လာ) |
| ↓ | ↓ | ↓ |
| အောင် | မောင်း | ချူ |
| (တနင်္ဂနွေ) | (ကြာသပတေး) | (တနင်္လာ) |





''ဓာတ်တူနံတူ ဆေးဖက်ယူ၊ နံတူသတ်က အသေရ၊ အိမ်မြေခြံရဖို့အတွက် အောင်မောင်းချူကိုစီရင်ပြီး ဓာတ်တူနံတူနဲ့ အသေသတ်ထားတာ။ အဲဒီတော့ အိမ်မြေခြံရပြီပေါ့။ ပြီးတော့ အိမ်မြေခြံနဲ့ အောင်မောင်းချူဟာ ကက်ကင်းဓာတ်လည်း ကျနေတဲ့အတွက် ကက်ကင်း – ချက်ချင်း–လက်ငင်းအကျိုးပေးဆိုတဲ့အတိုင်း ကက်ကင်းဓာတ်က ချက်ချင်းအကျိုးပေးပြီး အိမ်ခြံမြေကို ရစေတာပဲ။

ပြီးတော့ မောင်းကို (ပုဆိုး)နဲ့အုပ်ပြီး (စိန်ပန်း) သားလက်ကိုင်ဘုနဲ့ ထုခိုင်းတာ''

| ပု | ဆိုး |
|---|---|
| (ကြာသပတေး) | (အင်္ဂါ) |
| ↓ | ↓ |
| စိန် | ပန်း |
| (အင်္ဂါ) | (ကြာသပတေး) |

''အဲ့ဒါလည်း ကက်ကင်းဓာတ်ပဲ . . . စာရေးဆရာရဲ့။ ပြီးတော့ (စိန်ပန်း)က စိန်ပန်းဓာတ်ဆိုတဲ့ အတွင်းမိတ်၊ (ပုဆိုး)ဆိုတာက ပန်းစိန်ဓာတ်ဆိုတဲ့ အပြင်ရန်။ အဲဒီတော့ အတွင်းမိတ်နဲ့ အပြင်ရန်ကို တွဲဖက်အသုံးပြုထားတာပဲပေါ့''

''အခု ကိုအန္တောပေးလိုက်တဲ့ အစီအရင်ကြောင့် ဟိုလူ သုံးလအတွင်း အိမ်ပိုင်ခြံပိုင် ဖြစ်သွားပြီလို့ ကြားတယ်''

ကိုတောက်ထိန်ကပြောလိုက်တော့ ကိုအန္တောက . . .

''ဟုတ်တယ် . . . ကျုပ်လည်းကြားတယ်။ မြို့ပေါ်က သူ့ရဲ့ မွေးစားအဖေဆိုလား၊ ဘာလားမသိဘူး ရောက်လာပြီး အိမ်ပိုင်ခြံပိုင် ဝယ်ပေးလိုက်တာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



"ကိုအန္တောရဲ့ အစီအရင်က တော်တော်ခွမ်းတာပဲ။ ကျုပ်လည်း လုပ်ကြည့်ဦးမှပျာ"

"လုပ်ပါ ...စာရေးဆရာရဲ့၊ လုပ်ကြည့်ပါ။ လုပ်ကြည့်တော့ သိတာပေါ့။ လောကီဂမ္ဘီရ ပညာနယ်ပယ်ဆိုတာ သိသူဖော်စား၊ မသိသူ ကျော်သွားပဲ။ ယုံကြည်သူစား၊ မယုံကြည်သူသွားပဲ"

"ဟုတ်ပါ့ ...ကိုအန္တောရယ်။ ဒါနဲ့ ကိုတင်မောင်တို့ အိမ်သစ် ဆောက်တုန်းကလည်း ခင်ဗျား ဘာတွေ စီရင်ပေးလိုက်တာလဲဗျ"

"ဒါကတော့ အန္တရာယ်ကင်းပြီး ကြီးပွားတိုးတက်စေတဲ့ အစီအရင် ပေါ့ဗျာ"

"ခင်ဗျား အစီအရင်လုပ်ခဲ့ပုံတွေ ပြောပြပါဦး"

"ဒီလိုဗျ ...ကျုပ် ပဲကြီးစေ့ (၄) စေ့ယူပြီး အဲဒီလေးစေ့ပေါ်မှာ ကြီးလေးကြီးကို ခဲတံနဲ့ ရေးလိုက်တယ်"

"ဘာလဲဗျ ...ကြီးလေးကြီး"

"စာရေးဆရာကလည်း အ,ရန်ကောဗျာ။ ကြီးလေးကြီးဆိုတာ (ကကြီး၊ ဃကြီး၊ ဏကြီး၊ ဋကြီး) အက္ခရာလေးလုံးဟာ ကြီးလေးကြီးပေါ့ ဗျာ။ ကျုပ်ဟာ အဲဒီကြီးလေးကြီးရေးထားတဲ့ ပဲကြီးစေ့ (၄) စေ့ကို ယူပြီး ဘုရားရှေ့မှာ ငါးပါးသီလခံယူဆောက်တည်တယ်။

ပြီးတော့ ပဌာန်းပစ္စယော အစချီတဲ့ (၂၄)ပစ္စည်း ပဌာန်းကို (၂၄) ခေါက်ရွတ်ဆိုပြီး ပဲကြီးစေ့ (၄)စေ့ကို သိဒ္ဓိတင်တယ်။

ပြီးတော့မှ (က) ကြီး အက္ခရာပါတဲ့ ပဲကြီးစေ့ကို အရှေ့မြောက် ထောင့်ကတွင်း၊ (ဃ) ကြီးအက္ခရာပါတဲ့ ပဲကြီးစေ့ကို အရှေ့တောင်ထောင့် ကတွင်း၊ (ဏ) အက္ခရာပါတဲ့ ပဲကြီးစေ့ကို အနောက်တောင်ထောင့်က တွင်း၊ (ဋ) အက္ခရာပါတဲ့ ပဲကြီးစေ့ကို အအနောက်မြောက်ထောင့်ကတွင်း အသီးသီးမှာ မြှုပ်နှံပြီး အိမ်တိုင်တွေကို ထူစေတာပေါ့။ အကျိုးကျေးဇူးက တော့ မကောင်းဆိုးဝါးတွေနဲ့ မြေကြမ်းတာတွေကို သန့်ရှင်းစေတယ်။

အိမ်ဆောက်တဲ့သစ်တွေထဲ သစ်ဆိုး၊ သစ်ဖျက်တွေပါရင်လည်း အပြစ်ပြေပျောက်စေတယ်။ မကောင်းတဲ့ ဘေးရန်မှန်သမျှ ကင်းပျောက်





စေနိုင်တယ်။ အိမ်သူအိမ်သားတွေကို ကျန်းမာချမ်းသာပြီး ကြီးပွားတိုး တက်စေနိုင်တယ်။

ဒီအစီအရင်က ပဲကြီးစေ့ဆိုတဲ့ (ကြီး)မှာ ကြီးလေးကြီး စမလေး လုံးကို စီရင်လိုက်တဲ့ အစီအရင်ပါပဲ။ အင်မတန်ထူးခြားပြီး ထိရောက်တဲ့ အစီအရင်ပေါ့ဗျာ။ ကဲ ...ခင်ဗျားတို့ ဘာတွေ ထပ်သိချင်သေးသလဲ"

"သိချင်တာကတော့ အကုန်လုံးပဲ ...ကိုအန္တော"

"ခင်ဗျားကတော့ စာရေးဆရာရယ်လို့ မပြောရဘူး အကုန်သိချင် နေတော့တာပဲ။ ဒီပညာရပ်တွေ အကုန်သိချင်ရင် ကျုပ်ကို ရသေ့ကြီး ပေးခဲ့တဲ့ ဗျည်း ၃၃ လုံးကျင့်စဉ်ကို ကျင့်ဗျာ။ ဒီကျင့်စဉ်ကို အောင်မြင်ရင် ခင်ဗျား ထူးခြားတဲ့ပညာရပ်တစ်ခုခုကို ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက် မှာ သေချာတယ်"

"ကျင့်တာပေါ့ ...ကိုအန္တောရာ"

အဲဒါနဲ့ ကျုပ်တို့လည်း ကိုအန္တောကိုနှုတ်ဆက်ပြီး ကားဂိတ်ကို ထွက်လာခဲ့ကြတော့တယ်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

|၃|

❑

ကျူပ် ရန်ကုန်ပြန်ရောက်တော့ ဒီဗျည်း ၃၃ လုံးကျင့်စဥ်ကို ပညာလိုလားတဲ့သူတွေကို လက်ဆင့်ကမ်းပေးအပ်ခဲ့ပါတယ်။ ဒီကျင့်စဥ်ကို ကျင့်ပြီးတဲ့နောက် ကျူပ်မိတ်ဆွေတစ်ယောက်ရဲ့သားဟာ (၃) လအတွင်း ဂျပန်စကားကို ထုံးလိုချေ ရေလိုနောက် တတ်မြောက်သွားပြီး အခု ဂျပန်နိုင်ငံကို သွားရောက် အလုပ်လုပ်နေပါပြီ။

ဒီကျင့်စဥ်ကို ကျင့်ပြီးသွားတဲ့ လူငယ်တစ်ယောက်ကတော့ အီလက်ထရောနစ် လျှပ်စစ်ပစ္စည်းပြုပြင်တဲ့ပညာကို (၄)လအတွင်း သင်ကြားပြီး အံ့ဩစရာကောင်းအောင် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားခဲ့ပါတယ်။

သင်ပေးတဲ့ဆရာကတောင် သူ့ကို အံ့ဩနေပါတယ်။ ဆရာ မသိတဲ့၊ မမြင်တဲ့ ပညာပိုင်းတွေကိုပါ သူက မြင်သိပြုပြင်နိုင်ပါတယ်။

ဒီကျင့်စဥ်ကို ကျင့်ပြီးသွားတဲ့ ဗေဒင်ဆရာတစ်ယောက်ကတော့ ဗေဒင်ပညာမှာ အရင်ကနဲ့မတူ ထူးထူးခြားခြား သိမြင်တတ်မြောက်သွားခဲ့ပါတယ်။ သူ့ရဲ့အစီအရင် ယတြာတွေဆိုရင် အင်မတန်စွမ်းတယ်လို့ သိရပါတယ်။






ဂမ္ဘီရ စာရေးဆရာတစ်ယောက်ကတော့ ဒီကျင့်စဥ်ကို ကျင့်ပြီးမှ ထူးထူးဆန်းဆန်း ဂမ္ဘီရဇာတ်လမ်းတွေကို ရေးသားလာနိုင်တယ်လို့ ဆိုပါတယ်။

စိတ်ဝင်စားတဲ့သူတွေ ကိုအန္တောရဲ့ကျင့်စဥ်ကို ကျင့်ကြည့်ပါ။ ကိုအန္တောရဲ့ အစီအရင်တွေကို ဆောင်ရွက်ကြည့်ပါ။ ထူးထူးခြားခြား အကျိုးထူးခံစားရပါလိမ့်မယ်။

“သိသူဖော်စား မသိသူကျော်သွား
မယုံသူမစား ယုံသူစားပေါ့ဗျာ။
ကိုယ်လုပ်ကိုယ်ရ ကိုယ်စားကိုယ်ဝ
ဒါပဲမဟုတ်လား”

မြဘုန်းထက်

www.burmeseclassic.com



❑

ပန်းပင်၊ ပန်းပွင့်များနှင့်ပတ်သက်၍ လူအတော်များများသည် အယူအစွဲများ ရှိကြလေ၏။ 'စကားပန်း' ဆိုပါစို့။ စကားပန်းကို နတ်ပန်းဟု ခေါ်ဆိုကြပြီး မည်သူမျှ ပန်ဆင်သမှုမပြုကြ။ ပန်ဆင်သူ ကလေးသူငယ်များကို လူကြီးသူမတွေက ...

"ဟဲ့ ... ကလေးမ မလုပ်ကောင်းတာတွေ မလုပ်နဲ့။ နတ်စီးဖြစ်တတ်တယ်"

ဟု ပြောဆိုဆုံးမလေ့ ရှိကြလေ၏။

ထိုသို့ ပြောဆိုဆုံးမကြသည်မှာလည်း ထင်ရာမြင်ရာ ပြောဆိုဆုံးမခြင်းမဟုတ်။ မင်းမဟာဂီရိနှင့် နှမဖြစ်သူတို့သေဆုံး၍ နတ်ဖြစ်ကာ စကားပင်၌နေခြင်းကို အစွဲပြု ပြောဆိုခြင်းပင်ဖြစ်ပါ၏။

ထို့ပြင် မင်းမဟာဂီရိနတ်အုန်း (အိမ်တွင်းနတ်အုန်း) အနီးတွင် လင်စုံမယားဖက်အိပ်မှုမပြုရခြင်း၊ ခေါင်ရမ်းပန်း၊ စကားပန်းတို့ကို မပူဇော်ရ မဆက်သရဟူသော အကြောင်းခြင်းရာအရ စကားပန်းသည် အိမ်တွင်းနတ်မကြိုက်သော ပန်းဖြစ်လေ၍ မပန်ဆင်စေခြင်းလည်း ဖြစ်နိုင်လေ၏။

လူတို့မုန်းသော နောက်ပန်းတစ်မျိုးသည်ကား 'ခေါင်ရမ်းပန်း' ဖြစ်လေ၏။ ခေါင်ရမ်းပန်းသည် လူသေတွေပန်သည့်ပန်းဟု ဆိုကြလေ၏။

ရှေးလူကြီးသူမတို့ ပြောသည့်စကားအရ ရှေးအခါက အချို့သော ရွာများတွင် လူသေသည့်အခါ လူသေကို အလောင်းစင်ဖြင့်မထား။ လူသေ



www.burmeseclassic.com

www.burmeseclassic.com



ကောင်ကြီးကို သနပ်ခါးများလိမ်းကျံကာ ရင်လျားထဘီ၊ အင်္ကျီ နောက်
ပြန်ဝတ်စေပြီး သင့်လျော်ရာ ထောင့်တစ်ထောင့်တွင် နံရံ (သို့) တိုင်ကြီး
တစ်တိုင်(သို့မဟုတ်) သစ်ပင်ကြီးတစ်ပင်အောက်တွင် ကျောကိုမှီကာ ခြေတံ
ဆန့်စေလျက် ထားသည်ဆို၏။

လူသေအလောင်းကြီးသည် ဖုတ်ဝင်နေဘိသို့ ရှိနေလေ၏။ ခန္ဓာ
ကိုယ်ကြီးက မည်သို့မျှ လှုပ်ရှားမှုတစ်စုံတစ်ရာ မရှိသော်ငြားလည်း မျက်လုံး
အစုံက လှုပ်ရှားနေပြီး ဟိုကြည့်သည်ကြည့် နေတတ်၏။ တစ်ခါတစ်ခါ
မျက်လုံးကြီးတွေက ပြူးထွက်ပြီး လည်နေလေ၏။ လူသေကောင်ကြီး၏
နားနှစ်ဖက်တွင်မှာတော့ ခေါင်ရမ်းပန်းတစ်ပွင့်စီ ရှိနေလေ၏။

လူတို့အယူအစွဲရှိသော ပန်းပွင့်တစ်မျိုးမှာ 'ပေဒါပန်း' ဖြစ်လေ
၏။ ပေဒါပန်းကို အချို့သောသူတို့မှ လူသေအလောင်း၊ လူသေအခေါင်း
သေတ္တာအထက်တွင် ပန်းအိုးတစ်ခုဖြင့် ထိုးစိုက်တင်ထားသည်ဟုဆို၏။
ထိုသို့ ပေဒါပန်းကို ထိုးစိုက်တင်ထားခြင်းအားဖြင့် လူသေအလောင်းအား
ဆေးဆရာ(အောက်လမ်းဆရာ)တို့မှ အစီအမံများမပြုနိုင်၊ ပြိတ္တာ၊ ဂုမ္ဘာဏ်
စသည်တို့မှ အလောင်းကောင်အား လာရောက်မစားနိုင်ဟု ပြောဆိုကြ
လေ၏။

အနှီဖြစ်စဉ် ဖြစ်ရပ်နှင့်ပတ်သက်၍ ဇာတ်လမ်းတစ်ပုဒ် ကြားဖူး
ဖူးလေ၏။ ဇာတ်ကြောင်းပြောပြခဲ့သူကား ကျွန်ုပ်၏အဘိုး ဦးမောင်စိန်ဖြစ်
လေ၏။ အဘိုးပြောပြခဲ့သည်မှာ လွန်ခဲ့သောအနှစ် (၃၀) ခန့်က ဖြစ်သော်
လည်း ကျွန်ုပ်မှတ်မိနေသေးသည့်အတွက် ပြန်လည်ပြောဆို ရေးပြနိုင်ခြင်း
ဖြစ်လေ၏။

တစ်ခါက ကိုကျော်စိန်ဟူသော ရိုးသားကြိုးစားသည့် ပုဂ္ဂိုလ်တစ်ဦး
ရှိလေ၏။ မိခင်အိုကြီးကို သမ္မာအာဇီဝကျသော လုပ်ငန်းများ လုပ်ကိုင်၍
ကျွေးမွေးပြုစုနေသည့် လူပျိုလူလွတ်ကြီးတစ်ဦးလည်း ဖြစ်လေ၏။

မိခင်အိုကြီးသည် လူကြီးရောဂါဖြင့် ကွယ်လွန်သွားသောအခါ
ကိုကျော်စိန်သည် လူ့ဘောင်ဘဝတွင် မနေလိုတော့သည့်စိတ်ဖြစ်ကာ အိမ်ခြံ
မြေတို့ကိုရောင်းချပြီး သာသနာ့ဘောင်သို့ အပြီးဝင်ရောက်လေတော့၏။





ရဟန်းဘဝတွင် ဦးပဥ္ဇင်းကျော်စိန်သည် ဓုတင်အကျင့်များကို ကျင့်
လေ၏။ သုသာန်များသို့သွား၍ တရားရှုမှတ်သကဲ့သို့ တောထဲတောင်ထဲ
တွင် တစ်ပါးတည်းသွား၍ ရသမျှနှင့်ရောင့်ရဲကာ ကျင့်ကြံအားထုတ်လေ
တော့၏။

တောထဲတောင်ထဲတွင် ကျား၊ ကျားသစ်၊ မြွေဆိုးကြီးများနှင့် တွေ့
ခဲ့ရ၏။ ဒုက္ခမျိုးစုံ ကြုံခဲ့ရ၏။ မေတ္တာပါရမီထူးကြောင့် မည်သို့မျှ အန္တရာယ်
မကျရောက်ခဲ့ဟု ဆိုလေ၏။

တစ်နေ့သောအခါ တောကြီးမျက်မည်းထဲတွင် တရားကျင့်ရာ
လမ်းစပျောက်ခဲ့လေ၏။ ခြေဦးတည့်ရာသွားလေရာ ရဟန်းလိုလို၊ ရသေ့
လိုလို ပုဂ္ဂိုလ်တစ်ဦးကို တွေ့ရလေ၏။ ဆံပင်မှာ ရှည်လျားနေပြီး နီညို
ရောင်သင်္ကန်းကို ဝတ်ရုံထားလေ၏။

ဦးပဥ္ဇင်းကျော်စိန်မှ ထိုရဟန်းလိုလို ပုဂ္ဂိုလ်ကြီးအား မိမိသည်
လမ်းပျောက်၍ နေသူဖြစ်ကြောင်း ဤနေရာတွင် ခေတ္တခဏ တည်းခိုပါရ
စေဟုဆိုလေရာ ထိုရဟန်းလိုပုဂ္ဂိုလ်မှ . . .

''အရှင်ဘုရား . . . ရှေ့မလှမ်းမကမ်းမှာ ရွာရှိတယ်။ ဆွမ်းကွမ်း
ကိစ္စ အဆင်ပြေပါလိမ့်မယ်။ ဆက်သာသွားပါ''

ဟု ဆိုလေ၏။

ဦးပဥ္ဇင်းကျော်စိန်လည်း ရွာရှိသည်ဆိုရာ နေမဝင်ခင် ခပ်သုတ်
သုတ်သွားလေတော့၏။ နာရီဝက်ခန့်ရောက်သော် ရွာတစ်ရွာကို တွေ့ရလေ
၏။ ရွာမှာ ရွာတန်းရှည်ဖြစ်လေ၏။ အိမ်ခြေသိပ်မများလှ။ ရွာသူရွာသား
တို့သည် ပစ္စည်းများကို ထုပ်ပိုးသူထုပ်ပိုးနေကြသလို သယ်မယူငင်သွား
ကြသူတွေကိုလည်း တွေ့ရလေ၏။

''အရှင်ဘုရား . . . ဘယ်ကကြွလာပါသလဲ ဘုရား။ တပည့်တော်
အိမ် ကြွတော်မူပါဘုရား''

ဟုပင့်လေရာ ထိုဒကာ၏နောက်သို့ လိုက်သွားလေ၏။ ထိုဒကာ၏
အိမ်သည် အသုဘအိမ်ဖြစ်လေ၏။

''သေသူက ဒကာနဲ့ ဘာတော်သလဲ''



www.burmeseclassic.com

www.burmeseclassic.com



ဟုမေးရာ ဒကာမှ …

"သေသူက တပည့်တော်ရဲ့ ဖခင်ကြီးဖြစ်ပါတယ်ဘုရား။ တပည့်တော်ဖခင်ကြီးဟာ ဒီရွာရဲ့ သူကြီးတစ်ယောက်ဖြစ်ပါတယ်။ ယခု ဖခင်မရှိတော့ တပည့်တော်ဟာ ရွာသူကြီး ဖြစ်သွားပါပြီဘုရား"

ဟု လျှောက်လေ၏။

ဒကာသူကြီးသည် ရေနွေးကြမ်း၊ ထန်းလျက်ဖြင့် တည်ခင်းညွှန်ခံလေ၏။ ဦးပဉ္ဇင်းကျော်စိန်သည် ဝမ်းဟာနေသဖြင့် ထန်းလျက်နှင့် ရေနွေးကို တခုတ်တရ သောက်လိုက်ပြီး …

"ဒါနဲ့ ဒကာရဲ့ … လူတွေ သယ်ကြပိုးကြနဲ့ ဘာတွေဖြစ်နေကြတာလဲ … ဒကာရဲ့"

"ဒီလိုပါ ဘုရား …"

ဟု ဒကာသူကြီးက အောက်ပါအတိုင်း လျှောက်တင်လေတော့၏။

"ဤရွာတွင် ယခင်ကာလများ၌ ဘုန်းတော်ကြီးတစ်ပါးကိုသာ အားထားကိုးကွယ်မှု ပြုခဲ့ရပါ၏။ ယခုအခါ အဆိုပါ ဘုန်းတော်ကြီးသည် ပျောက်ချင်းမလှ ပျောက်သွားသည်မှာ နှစ်အတော်ကြာပါပြီ။ ထို့ကြောင့် ရွာတွင် ဘာသာရေး၊ သာသနာရေးကိစ္စများ မလုပ်နိုင်ခဲ့သည်မှာ ကြာခဲ့ပါပြီ။ လူတစ်ယောက်သေလို့မှ ဘုန်းကြီးပင့်ပြီး သင်္ချိုင်းဆွမ်း မကပ်နိုင်၊ သရဏဂုံပင်တင်ခြင်း မပြုလုပ်နိုင်တော့ပါ။ အရှင်ဘုရား ရောက်လာသည့်အတွက် တပည့်တော်အပါအဝင် တစ်ရွာလုံးက ဝမ်းသာကြပါသည်ဘုရား။ သို့သော်လည်း တပည့်တော်တို့တစ်ရွာလုံး ဒီတစ်နေ့ည ရွာနှင့်ဝေးဝေးနေရာကို ပြောင်းရွှေ့နေထိုင်ရမည်ဖြစ်ပါသည်။

နေမဝင်မီ ပြောင်းရမည်ဖြစ်သဖြင့် အရှင်ဘုရားအား သင်္ချိုင်းဆွမ်း ကပ်နိုင်မည်မဟုတ်ပါ။ အရှင်ဘုရားသာ သင်္ချိုင်းသင့်သင်္ချိုင်းသာ သီတင်းသုံး နေထိုင်တော်မူပါဘုရား။ တပည့်တော်တို့ မနက်ဖြန်နေ့လယ်လောက် ရွာပြန်ရောက်ပါမည်ဘုရား။ မည်သို့မည်ပုံကြောင့် ပြောင်းရွှေ့ရသည်ကိုတော့ နောက်နေ့ကျမှ ပြန်လည်လျှောက်တင်ပါမည် ဘုရား"





"အိမ်း … သွားကြပါ။ ဘုန်းကြီး ဒီမှာပဲ အသုဘရှုတရားထိုင်ရင်း နေနေပါ့မယ်"

ဟု ဆိုရလေတော့၏။ ဤသို့မှမမိန့်ကြားလျှင် ဦးပဉ္ဇင်း ကျော်စိန်ည်သို့မှ မတတ်နိုင်။ သူတို့အဖြစ်က ဘာတွေမှန်းမသိ။ အခု တစ်ပါးတည်း နေနေရပေဦးတော့မည်တည်း။

ညနေ စောင်းလေပြီ။ အမှောင်ထုက တဖြည်းဖြည်း လွှမ်းခြုံလာ၏။ ရွာအတွင်း၌ကား အပ်ကျသံပင် မကြားရတော့။ ခွေးတစ်ကောင် ကြောင်တစ်မြီးမှလည်း ရှိဟန်မတူ။ ထို့ကြောင့် ခွေးဟောင်ခွေးအူသံပင် မကြားရတော့။

ဦးပဉ္ဇင်းကျော်စိန်သည် အသုဘအလောင်း၏ထိပ်တွင် အလင်းတိုင်သုံးတိုင် ထွန်းညှိလိုက်ပြီး အသုဘအလောင်း၏ထိပ်တွင် ထိုင်ကာ အာနာပါန ကမ္မဋ္ဌာန်းကို စီးဖြန်းလေ၏။

ကမ္မဋ္ဌာန်းမစီးဖြန်းခင် ပဋ္ဌာန်းဒေသနာရွတ်ဆိုပြီး စည်းချခြင်း၊ မေတ္တာသုတ်များရွတ်ဆိုခြင်း အမှုကိုပြုလေ၏။

ကမ္မဋ္ဌာန်းစီးဖြန်းစဉ် ချိုးချိုးချွတ်ချွတ်အသံများကို ကြားရလေ၏။ လေတိုက်သံကဲ့သို့ တရှဲရှဲမြည်သံကို ကြားရလေ၏။ တရှဲရှဲမြည်သံသည် တဖြည်းဖြည်းနှင့် မိမိ၏အနားဆီသို့ တိုးကပ်လာသည့်သို့ ရှိလေ၏။ မိမိအနားသို့ အရိပ်မည်းကြီးတစ်ခု ကျလာလေ၏။ အရိပ်မည်းကြီးသည် အတော်ကြာသည်အထိ လွှမ်းခြုံထားရှိလေ၏။

ဦးပဉ္ဇင်းကျော်စိန်သည် ကမ္မဋ္ဌာန်းစီးဖြန်းနေရင်းကပင် စိတ်အတွင်း၌ သင်ဘယ်သူလဲ၊ ဘယ်ကလဲ ကျုပ်တရားအလုပ် လုပ်နေခြင်းကို မနှောင့်ယှက်ပါနှင့်။ ကျုပ်အထင် သင်သည် လူသားစင်စစ်မဟုတ် နာနာဘာဝ တစ်ကောင်၊ ပြိတ္တာတစ်ကောင်ကောင်သာ ဖြစ်ပေလိမ့်မည်။ ဤသို့ဆိုလျှင် သင်သည် ပြိတ္တာဘာ့ကြောင့်ဖြစ်တည်ရသလဲ စဉ်းစားပါလေ။

ပြိတ္တာ၊ တစ္ဆေဘဝနေရခြင်း၏ အနေမှန်းကြုံမှုတွေကို သင် သိမည်ဖြစ်သည်။ သင်၏ အကုသိုလ်အမှုသည် အတော်ကြီးလေးပါ၏။ သင့်



www.burmeseclassic.com

www.burmeseclassic.com



ဘဝ ကျွတ်လွတ်ချင်စိတ်ရှိပါက ကျွန်ုပ်တာဝန်ယူမည်ဟု စိတ်အတွင်းမှ ပြောမိလေရာ လွှမ်းမိုးထားသော အရိပ်မည်းကြီးသည် ရုတ်တရက် ပျောက်ကွယ်သွားလေတော့၏။

မိုးသောက်ချိန်ရောက်လေတော့ ဦးပဥ္စင်းကျော်စိန်သည် ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှုကို ရပ်လေ၏။ မတ်တတ်ရပ် အညောင်းဆန့်သည့်အနေဖြင့် အိမ်ပေါ်မှဆင်းကာ အိမ်ရှေ့တွင် ဟိုသည်လျှောက်နေရင်း မေတ္တာသုတ်တော်ကို ရွတ်ဖတ်သရဇ္ဈာယ်လေ၏။

နေမြင့်လာသောအခါ ခွေးဟောင်သံတို့နှင့်အတူ ရွာအတွင်းသို့ လူတချို့ ဝင်ရောက်လာကြလေ၏။ ထိုလူစုအထဲမှ . . .

"ဟာ . . . ဟို . . . ဟိုမှာ ဆရာတော် ရှိနေသေးတယ်။ ဘာမှ မဖြစ်ဘူး။ အံ့သြစရာပဲ"

ဟု ဆိုလေ၏။ ထိုစဉ် အိမ်ရှင်ဒကာသူကြီး ရောက်လာလေ၏။

"ဆရာတော်ကို ရွာသားတွေက အံ့သြနေကြတယ်ဘုရား။ ဆရာတော် ဘာမှမဖြစ်ဘူးလား။ တစ်စုံတစ်ရာလည်း မတွေ့ဘူးလား"

ဟု မေးလျှောက်လေ၏။

"ဘာမှ ထူးခြားဖြစ်စဉ်မရှိပါဘူး . . . ဒကာရဲ့။ ဘုန်းကြီးက တောထဲတောင်ထဲမှာ တစ်ပါးတည်း တရားထိုင်လေ့ရှိပါတယ်။ တရားရှိလို့ ဘာမှလည်းမကြောက်ဘူး . . . ဒကာရဲ့"

ဟု ပြောလေရာ ဒကာသူကြီးမှ . . .

"တပည့်တော်တို့ရွာမှာ လူတစ်ယောက်သေရင် အဲဒီည ဘယ်သူမှ မနေရဲကြတော့ပါဘူးဘုရား။ အကြောင်းရင်းက အရပ်မြင့်မြင့်၊ အမွေးရှည်ရှည်နဲ့ သရဲဘီလူးလိုလိုကြီးက သေသူရဲ့အလောင်းကောင်ကို လာပြီး စားသောက်လေ့ရှိပါတယ်။ အဲဒါကိုကြောက်ကြလို့ ခပ်ဝေးဝေးကို ပြေးကြ ပြောင်းကြရတာပါပဲ ဘုရား"

ဒကာသူကြီးလျှောက်တင်ချက်ကို ဦးပဥ္စင်းကျော်စိန် သိလိုက်လေ၏။ ညကလာတဲ့ အကောင်ကြီးပဲ ဖြစ်လိမ့်မယ်ဟုလည်း မှန်းဆမိလိုက်လေ၏။





"ကဲ . . . ဒကာ ဘုန်းကြီးရောက်နေတဲ့အတွက် ဒကာတို့ ရေ့လျှောက် ဘာမှမဖြစ်တော့ဘူးလို့ ပြောရဲပါတယ်"

"ဝမ်းသာပါတယ် ဘုရား"

ထိုနေ့ ဒကာသူကြီးမှ ဦးပဥ္စင်းအား သက်ပျောက်ဆွမ်းကပ်လေ၏။ ဦးပဥ္စင်းမှလည်း ရွာသားတို့အား သီလပေးပြီး သရဏဂုံတင်ခြင်းအမှု ပြုလေ၏။ ရွာသားတို့ယူလာကြသော ဗေဒါပန်းတို့ကို အသုဘအခေါင်းသေတ္တာပေါ်သို့ တင်စေပြီး . . .

"အဲဒီဗေဒါပန်းတွေကို သေသူရဲ့ ခေါင်းရင်းမှာထား။ ဘယ် ဖုတ်၊ ဘယ်ကောင်တွေမှ မလာစေရဘူး။ ရွာသားအားလုံးလည်း ရတနာသုံးပါး လုံးဝမမေ့ကြနဲ့ . . . ဟုတ်လား"

ဟု ဆိုလေရာ ရွာသားအားလုံးကလည်း . . .

"တင်ပါ့ ဘုရား"

ဟု ဝန်ခံကတိပြုကြလေ၏။

ထို့နောက် ရွာသားနှစ်ဦးအား သင်္ကန်းစည်းပေးလိုက်၏။ မိမိမှာ ပါလာသောသင်္ကန်းနှစ်စုံဖြင့် စည်းပေးလိုက်ခြင်းဖြစ်၏။ ထိုသင်္ကန်းစည်း ပေးသူနှစ်ဦးအားလည်း သံဃာတို့၏ စည်းမျဉ်း၊ စည်းကမ်းတို့ကို ရက် သတ္တပတ်တစ်ပတ်မျှ သင်ကြားပေးလေရာ တရားပေးနိုင်သည့်အဆင့်သို့ ရောက်ခဲ့လေတော့၏။

ရက်သတ္တပတ်တစ်ပတ်အကြာ ဦးပဥ္စင်းကျော်စိန်သည် မိမိနေရပ်သို့ ပြန်ကြွခဲ့လေ၏။ လမ်းခုလတ်တွင် လာစဉ်က တွေ့ခဲ့ရသော ရဟန်းလိုလို၊ ရသေ့လိုလို ဆံရှည်ပုဂ္ဂိုလ်ကို တွေ့ရလေ၏။ ထိုပုဂ္ဂိုလ်မှ လက်အုပ်ချီမိုးပြီး . . .

"ဦးပဥ္စင်းခင်ဗျား . . . ခေတ္တ ကြွတော်မူပါ"

ဟုပင့်ခေါ်လေရာ ဦးပဥ္စင်းကျော်စိန်လည်း ခေတ္တဝင်၍ ကြွရလေ၏။

ထိုအခါ ရဟန်းလိုပုဂ္ဂိုလ်မှ သူသည် ယခင်ကာလက သင်္ကန်းဝတ်၍ ဘုန်းတော်ကြီးတစ်ပါးကဲ့သို့ ကျင့်ကြံခဲ့ပါ၏။ ရိုးသားသောရွာသားတို့



www.burmeseclassic.com

www.burmeseclassic.com



အတွက် သာရေးနာရေးကိစ္စရပ်များကို ဆောင်ရွက်ပေးခဲ့ပါ၏။ ရွာသားတို့၏အသုဘ၌ သင်္ဂြိုဟ်ခြင်းကိစ္စ၊ သရဏဂုံတင်ခြင်းကိစ္စ၊ ပရိတ်ရွတ်ခြင်းကိစ္စတို့ကို ဆောင်ရွက်ပေးခဲ့ပါ၏။ ထို့ကြောင့် လှူဖွယ်ပစ္စည်း များစွာကို ရခဲ့ပါ၏။

တကယ်တော့ တပည့်တော်ဆောင်ရွက်ခဲ့ခြင်းမှာ စေတနာမပါ လာဘ်လာဘတို့ကိုသာမျှော်ကိုး၍ တတ်သ၍မှတ်သ၍သာ ဖြီးဖြန်းဆောင်ရွက်ခဲ့ခြင်းသာဖြစ်ပါ၏။ တပည့်တော်သည် အတ္တလွန်စွာကြီးသူဖြစ်ပါ၏။

အတ္တဟိတကိုသာ ကြည့်၍ လုပ်ဆောင်ခဲ့ခြင်းကြောင့် တပည့်တော် ကွယ်လွန်သည့်အခါ ယက္ခိုဏ်ပြိတ္တာဖြစ်ခဲ့ရပါ၏။ ဤပြိတ္တာဘဝ၌ ဤရွာရှိ အသုဘအလောင်းကောင်တို့ကို စားသောက်ရသောအခြေသို့ ဆိုက်ရောက်ခဲ့ရပါ၏။

ယင်းသို့ စားသောက်ရန်လာစဉ် အရှင်ဘုရားနှင့် တွေ့ခဲ့ရပါ၏။ အရှင်ဘုရား၏ ကျင့်စဉ်အား တန်ခိုးတော်ဘုန်းတော်များကြောင့် ကပ်၍မရဖြစ်ခဲ့ရပါ၏။ အရှင်ဘုရားမှ တပည့်တော်အား ကျွတ်လွတ်အောင် လုပ်ပေးမည်ဟုဆိုသဖြင့် တပည့်တော် ဘဝင်ကျစွာပြန်ခဲ့ပြီး အရှင်ဘုရား အပြန်လမ်းမှာ စောင့်မျှော်နေခဲ့ပါ၏။

တပည့်တော်အား ဤပြိတ္တာဘဝမှ ကျွတ်ပါစေရန် ရည်သန်၍ ဆုတောင်းမေတ္တာ ပို့ပေးတော်မူပါ။ တပည့်တော်သည် အရှင်ဘုရားပြုသော ကုသိုလ်ကောင်းမှုအဖို့ကို အမျှယူကာ ရပါလျှင်မူ ဤဘဝမှ အမှန်ပင် ကျွတ်လွတ်မည်ဖြစ်ပါလိမ့်မည်ဟု လျှောက်တင်လေ၏။

ဦးပဍ္ဍင်းကျော်စိန်သည် သစ်ပင်ရင်းတွင်ထိုင်ကာ ကမ္မဋ္ဌာန်းတရားစီးဖြန်းလေ၏။ မိမိပြုခဲ့သော ကုသိုလ်အမှုများကို သစ္စာပြုလေ၏။ ထို့နောက် မေတ္တာသုတ်တော်ကို ရွတ်ပွားပြီး ပြိတ္တာဘဝမှ ကျွတ်လွတ်စေရန် ရည်သန်ဆုတောင်းလေ၏။ ထိုစဉ် သာဓုခေါ်သံကြားရသဖြင့် ဝေ့ဝဲကြည့်မိလေရာ ပြိတ္တာကြီးမရှိလေတော့။ သူနေသောကျောင်းဆောင်သည်လည်း ပျောက်ကွယ်သွားလေသည်။

**စိတ်ကူးသစ်စာပေ**



ဦးပဍ္ဍင်းကျော်စိန်သည်လည်း သာဓုသုံးကြိမ်ခေါ်ဆိုပြီး နေရပ်သို့ပြန်ကြွလေတော့၏။

ကျွန်ုပ်အား အဘိုးဦးမောင်စိန်ပြောပြသည့် ဇာတ်ကြောင်းချင်းရာကား ဤမျှသာတည်း။ အဘိုးပြောပြသည့်ဇာတ်လမ်းမှ ဦးပဍ္ဍင်းကျော်စိန်သည် လွန်ခဲ့သော အနှစ်(၆၀)ကျော်ခန့်က ပျဉ်းမနားတောနက်ကြီးထဲတွင် ပျံလွန်တော်မူခဲ့သည်ဆို၏။

"ဒါနဲ့ အဘိုးရယ် ... လူသေခေါင်းပေါ်မှာ ဗေဒါပန်းတွေ တင်ရင်ဖုတ်၊ တစ္ဆေသရဲ မလာနိုင်၊ မနှောင့်ယှက်နိုင်ဘူးလို့ဆိုတာ အမှန်ပဲလား"

ဟု ကျွန်ုပ်မှ စူးစမ်းလိုသည့်သဘောဖြင့် မေးလေရာ အဘိုးဦးမောင်စိန်မှ ...

"ဒါကတော့ စဉ်းစားစရာပဲကွယ့်။ သေသူရဲ့အခေါင်းပေါ် ဗေဒါပန်းတင်တဲ့ကိစ္စက ဥပါယ်တံမျဉ်နဲ့ လုပ်စေတာဖြစ်မယ်။ အမှန်တကယ်က ရွာသားတွေကို ရတနာသုံးပါးမမေ့ကြဖို့ ညွှန်ကြားတာက အဓိကဖြစ်မယ်။ အဘိုးပြောတဲ့ဇာတ်လမ်းမျိုးက အဆင်တူ မူကွဲတွေလည်း ပြောဆိုကြတယ်။ တစ်ကျောင်းတစ်ဂါထာ တစ်ရွာတစ်ပုဒ်ဆန်းဆိုသလို ပြောကြလိမ့်မယ်။ ပြောတဲ့အထဲမှာ ဗေဒါပန်းအကြောင်းတွေပါ ပါနေတော့ လူတွေက အယူအစွဲတစ်ခုလို ပြုလုပ်နေကြတာဖြစ်မှာပေါ့။ အခုတော့ ဒါတွေ မရှိတော့ပါဘူး"

ဟု အဘိုးဦးမောင်စိန်မှ နိဂုံးကပွတ်အဆုံးသတ်ကာ ပြောခဲ့ပါသတည်း။

ကိုမောင်သန်းဝင်း

www.burmeseclassic.com

www.burmeseclassic.com



|၁|

❑

လူအချင်းချင်း လှည့်ပတ်ခြင်း ကင်းရှင်းကြပါစေ ...။

အထင်သေးခြင်း အချင်းချင်း ကင်းရှင်းကြပါစေ ...။

ဆင်းရဲလိုခြင်း အချင်းချင်း ကင်းရှင်းကြပါစေ ...။

အဟိတာနုယန မေတ္တာဘာဝနာတွင် ဤသို့ ဆိုထားပါလျက်

လူအချင်းချင်း လှည့်ပတ်နေကြသည်။

လူအချင်းချင်း အထင်သေးနေကြသည်။

လူအချင်းချင်း ဆင်းရဲစေချင်နေကြသည်။

မေတ္တာစိတ်,ကရုဏာစိတ်,မုဒိတာစိတ်, ဥပေက္ခာစိတ် မထားနိုင်လျှင် လူမမည်တော့ပြီ။

လူ့ဘုံထက်,အောက် အဆင့်နိမ့်ကျသော ဘုံမှာ အပါယ်လေးဘုံ ငရဲ,ပြိတ္တာ,အသူရကာယ်,တိရစ္ဆာန်။

အပါယ်လေးဘုံ၌ပင် တိရစ္ဆာန်သည် နောက်ဆုံးဖြစ်၍ လူဖြစ်ပါလျက် လူစိတ်မမွေးသူ၊ လူလိုမကျင့်ကြသူများကို လူ့တိရစ္ဆာန်ဟု ပြောဆိုနိုင်းနှိုင်းကြပြန်သည်။

ယခုတော့ လူဖြစ်ပါလျက် ...



www.burmeseclassic.com

www.burmeseclassic.com



ဩဇာအာဏာရှိသူက ဩဇာအာဏာမဲ့သူကို …

ကြွယ်ဝချမ်းသာသူက ဆင်းရဲမွဲတေနိမ့်ကျသူကို

လက်နက်သင်းပင်းရှိသူတွေက လက်နက်အင်အားမဲ့သူတွေကို လူ့ဘုံလောကကြီး ဘာဖြစ်သွားပြီနည်း … ဘာဖြစ်သွားပြီနည်း။

✿ ✿ ✿

[၂]

❏

လက်သီးတစ်လုံး သူ့မျက်နှာကို အရှိန်ပြင်းစွာ ဝင်ဆောင့်သည်။

"ခွပ် …"

မျက်လုံးထဲမှာ မီးပွင့်လုမတတ် ခံစားလိုက်ရသည်။

သံမဏိမျက်နှာမဟုတ်တော့ နာကျင်မှုက အသည်းခိုက်မျှ။

ဒါပေမဲ့ သူမအော်မိ။

ပေ၍ ခံသည်။ ငြိမ်ပြီး နေခဲ့သည်။

မျက်စိနှင့် မျက်ရိုးကို ထိသဖြင့် မျက်ရိုးချက်ချင်း ဖူးရောင်လာသည်။ မျက်စိမှာ သွေးရောင်လွှမ်းပြီး ရဲတွတ်လာသည်။

"အလကား ရေမျောကမ်းတင်က မွေးတဲ့ကောင် မှတ်ပြီလား"

ရှေ့မှရပ်၍ အားရှိပါးရှိ အသားကုန်ထိုးသူက မေးပေမည့်သူ့ဆီက အဖြေမထွက်။ အဖြေထွက်မလာတော့ မေးသူမှာ ဒေါသပိုကြီးလာသည်။





"ဟော့ကောင် … ဗေဒါ … ငါမေးတာ ဖြေလေ"

ဗေဒါဆိုသော ကောင်လေးကို သူရိန်မင်းဆိုသော ကောင်လေးက မောက်မောက်မာမာနှင့် မေးနေခြင်းဖြစ်၏။

သူရိန်မင်းက ထွားထွားကျိုင်းကျိုင်း။ ဗေဒါက သေးသေးကွေးကွေး။

နှစ်ယောက်စလုံး ဆယ်ကျော်သက်ရွယ်တွေ။

သူရိန်မင်းက ဆယ့်ငါးနှစ်သား၊ ဗေဒါက ဆယ့်နှစ်နှစ်သား။

သူရိန်မင်းမှာ အသက်သုံးနှစ်ကြီးသလို ဗေဒါထက်ပါဝါလည်း မြင့်သည်။ အိမ်ကြီးရှင် သူဌေးသားနှင့် အခိုင်းအစေကောင်လေး။

"မင်း ငါလုပ်တာတွေ အဖေ့ကို ပြန်ပြောဦးမလား"

နောက်ထပ် အမေးကိုလည်း ကောင်လေးက မဖြေ။

ဒါကြောင့် သူဌေးသားသူရိန်မင်း ဒေါသပိုထွက်လာကာ ဗေဒါမျက်နှာဆီသို့ လက်သီးတစ်ချက် ပစ်သွင်းလိုက်ပြန်သည်။

"ခွပ် …"

မျက်နှာနှင့် လက်သီးချက် ထိတွေ့သံသာ ပေါ်ထွက်လာသည်။

ဗေဒါဆိုသော ကောင်လေးဆီမှ အော်သံမပြောနှင့် ညည်းညူသံ သဲ့သဲ့မျှပင် ပေါ်ထွက်မလာ။

ဒါပေမဲ့ ထိချက်ကတော့ ပြင်းသည်။

သည်တစ်ခါထိတာက ကောင်လေး၏ နှုတ်ခမ်းကို ဖြစ်၏။ ကံကောင်းထောက်မစွာ နှုတ်ခမ်းအပြင်ကွဲမကွဲဘဲ အတွင်းကွဲ့သွားအမာခံနှင့် ထိ၍ ကွဲသွားသဖြင့် ပါးစပ်ထဲမှ သွေးတွေ ထွက်လာသည်။

ဒါတောင် ဗေဒါတုတ်တုတ်မျှမလှုပ်။

သူရိန်မင်း ဒေါသပုန်ထနေသော မျက်နှာကိုမူသူလုံးဝ မကြည့်ဘဲ ခေါင်းကို ငုံ့ထားသည်။

သူ့မျက်လုံးတွေက သူရိန်မင်း၏ ခြေထောက်တွေကို ငိုက်စိုက်ကြည့်နေသည့်အနေအထား။ ပြန်လုပ်ရန် စဉ်းစားထားသည်တော့ မဟုတ်။

သူရိန်မင်း ဘာလုပ်လုပ် ငုံ့ခံနေမည့် ပုံစံမျိုး။

www.burmeseclassic.com



"မင်းဟာ ... အလကားကောင်၊ နောက် ငါလုပ်သမျှ အဖေမေး ရင် ဖြေဦးမလား"

တတိယအကြိမ်မြောက် သူရိန်မင်း၏ မေးခွန်းကိုလည်း ဗေဒါဆီ မှ ပြန်လည်အဖြေပေးသည့် အသံထွက်မလာ။

သူရိန်မင်း ပို၍ ဒေါသကြီးလာသည်။

ဒီတစ်ခါ အစွမ်းကုန် ပေါက်ကွဲတော့မည့်ဟန်။

သူရိန်မင်း ခြေထောက်ကို ခပ်ချွဲချွဲ ရပ်လိုက်သည်။

လက်ပါမက သူသင်ထားသော ကရာတေးကန်ချက်နှင့် ခုန်ကန် တော့မည့်ပုံစံ။

သို့သော် သူရိန်မင်းမကာန်ဖြစ်ပါ။

ကားဂိုဒေါင်တံခါးဝကို တွန်းဖွင့်ပြီး ဝင်လာသူတစ်ယောက်ကြောင့် ဖြစ်၏။ ထိုသူမှာ မြန်နန္ဒာခြံကြီး၏ ရှင်သခင်သူဌေးကြီးဦးဘသောင်း။

"သား ... သူရိန်မင်း ... ဒီလို ကြီးနိုင်ငယ်ညှဉ်း မလုပ်ရဘူး လေ"

အသံကြောင့် သူရိန်မင်းနောက်သို့ လှည့်သည်။

သူ့အဖေ ဦးဘကောင်းကို မြင်လိုက်သည်။ လီဆယ်ပြောရန် ချက် ချင်း ပြင်ဆင်ပြီးသား။

"ဒီကောင် အကျင့်မကောင်းဘူး ... ဖေဖေ၊ ဒါ့ကြောင့် ဒီကောင့် ကိုသား ဆုံးမနေတာပါ"

"ဘယ်လိုများ အကျင့်မကောင်းတာလဲ ... သားရယ်"

"မနက်ကသား အခန်းထဲဝင်ပြီး ပိုက်ဆံခိုးတယ် အဖေ"

"သားတွေ့လို့လား၊ သားကို ဘယ်သူကပြောလဲ"

"သူ့အိပ်ခန်းထဲမှာသား သွားရှာလို့ တွေ့တာပါ။ ဟောဒီမှာ .. ဖေဖေ"

သူရိန်မင်း သူ့ဘောင်းဘီအိတ်ထဲမှာ ငွေတစ်ထောင်တန်အရွက် ထပ်ကို ထုတ်ပြသည်။

ဦးဘကောင်း ဗေဒါမျက်နှာအား တစ်ချက်လှမ်းကြည့်သည်။





မျက်နှာတစ်ပြင်လုံး ဖူးရောင်လျက် ပါးစပ်မှ သွေးများစီးကျနေ သည်ကို မြင်ရပြီး စိတ်မကောင်းဖြစ်သွားသည်။

"ဒါနဲ့များ ဒီလောက်လုပ်ရသလား ... သားရယ်"

"ဒီလောက်တင်မဟုတ်ဘူး။ ဒီကောင့်ကို ဒီထက်လုပ်ပြီး ပေါ် အောင်စစ်မလို့"

"အို ... သားရယ် ... မတော်တဆ ခြေလွန်လက်လွန် ဖြစ် ကုန်မှဖြင့်ကွယ်။ ဖေဖေတစ်ယောက်လုံး ရှိသေးတာပဲ။ ဖေဖေ့ကို လာပြော မှပေါ့ ... သားရယ်"

"ဖေဖေက ဒီလိုချည်းပဲ။ ဒီအုတ်ကြားမြွက်ပေါက် ကလေကလွင့် ကောင်ဘက်က အမြဲတမ်း ဝင်ကာကွယ်ပေးနေတာပဲ"

သူရိန်မင်း မကျေမနပ်နှင့်ပြောပြီး ကားဂိုဒေါင်အတွင်းမှ ထွက် သွားသည်။

သူရိန်မင်းကားဂိုဒေါင်အတွင်းမှ ဒေါသအရှိန်မပြေသေးဘဲ ထွက်လာ စဉ် ဂိုဒေါင်အပြင်မှာ ရှိနေသော ကိုမောင်ငြိမ်းသူ့ကိုတွေ့မသွားစေရန် ဂိုဒေါင် နံဘေးမှာ အလျင်အမြန် ပုန်းလိုက်ရသည်။

ကိုမောင်ငြိမ်း မပုန်း၍လည်း မဖြစ်။

ဗေဒါကို ကားဂိုဒေါင်ထဲဝင်ပြီး သူရိန်မင်းနှိပ်စက်နေစဉ် မကြည့် ရက်၍ ဦးဘကောင်းအား ပြေးခေါ်ခဲ့သူမဟုတ်လား။

မပြေးသော်ကန်ရာရှိ မတော်လို့ သူ့ကိုပါ ရန်ဆက်ပြီး ရှာနေမှ ဖြင့် ...

သူရိန်မင်းက ကားဂိုဒေါင်တံခါးကို နောက်ပြန်တစ်ချက်ပင် ကန် ကာ သူ့ဖေဖေ ဦးဘကောင်းအား ကျေနပ်မှုမရှိကြောင်း ပြသသွားသေး သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ကားဂိုဒေါင်အတွင်းမှာ ကျန်ရစ်ခဲ့သော ဦးဘကောင်းက ဖေဒါ့ကို စိတ်မကောင်းစွာနှင့် ကြည့်ပြီး မေးသည်။

"ဖေဒါ ... မင်း သူ့ပိုက်ဆံကို ခိုးတယ်ဆိုတာ .. ဟုတ်လား"

"ကျွန်တော် မခိုးဘူး ဘဘကြီး"

"မင်း မနက်က ကျောင်းသွားခါနီး အိမ်ကြီးပေါ်ကို တက်တယ် မဟုတ်လား"

"ဘဘကြီးက ကျောင်းသွားဖို့ အချိန်နီးနေပြီ။ မင်းအစ်ကိုကို သွားခေါ်ဆိုလို့ ကျွန်တော် သွားခေါ်တာပဲ ရှိပါတယ် ... ဘဘကြီး"

"အဲ့ဒီအချိန်မှာ သူ့ အိပ်ခန်းထဲမှာ ရှိမနေဘူးလား"

"ရှိနေပါတယ် ... ဘဘကြီး ... အိပ်ရာကတောင် မထသေးပါဘူး"

"နောက်ပြီး မင်း ဘာလုပ်သေးလဲ"

"ကျွန်တော် အခန်းဝကနေ သူ့ကို နှိုးပြီး ချက်ချင်း ပြန်လာတာပါ"





"အေး ... အေး ... ဘဘကြီး သိပါပြီ။ ဘယ်လိုပဲဖြစ်ဖြစ်ပေါ့ .. ဖေဒါ။ မင်းအစ်ကို သူရိန်မင်းကို မင်းသည်းခံပါကွာ။ သူက ဒေါသကြီးတတ်တယ်ကွယ့်"

ဦးဘကောင်းစကားကို ဖေဒါ ဘာမှပြန်မပြော။

ပြန်ပြောချင်စိတ်လည်း မရှိ။

သူရိန်မင်းက ဖေဒါအပေါ် အနိုင်ကျင့်ပြသနာရှာလျှင် ထိုစကားမျိုးနှင့် ဘဘကြီး ဦးဘကောင်း ဖေဒါ့အား နှစ်သိမ့်နေသည့်စကား။

ဦးဘကောင်း ဖေဒါ့ကို စိတ်မကောင်းစွာနှင့် ကြည့်ပြီး နောက်လှည့်ကာ ကားဂိုဒေါင်အပြင်ဘက်မှာ ပုန်းနေသော ကိုမောင်ငြိမ်းအား လှမ်းခေါ်သည်။

"မောင်ငြိမ်းရေ ... မောင်ငြိမ်း ..."

"ဟုတ်ကဲ့ ... ဆရာကြီး ... လာပါပြီ ခင်ဗျာ့"

ကိုမောင်ငြိမ်း ကားဂိုဒေါင်အတွင်းသို့ ဝင်လာသည်။

"မင်းက ငါ့နောက်က လိုက်လာရာက ပါလာပြီး ဘယ်ပျောက်သွားတာလဲ"

"ဟာ ... ဆရာကြီး ... ဆရာကြီးနဲ့ တစ်ပါတည်း ပါလာလို့ကတော့ ဆရာကြီးသားက ဆရာကြီးကို ကျွန်တော်သွားခေါ်လို့ ဆရာကြီးလိုက်လာတာလို့ ... ပေါက်သွားရင် ကျွန်တော့်ကိုပါ ငြိုးတော့မှာပေါ့"

"ကဲ ... ကဲ ... ဒါတွေ အသာထား၊ ဖေဒါ့ဒဏ်ရာတွေကို ကြည့်ကျက်ပြီး လုပ်ပေးလိုက်ပါဦး၊ ဆေးဖိုးလိုအပ်ရင် ငါ့ကိုပြော"

"ဟုတ်ကဲ့ ... ပြောပါ့မယ် ... ဆရာကြီး။ ဟိုတစ်ခါ ဝယ်ထားတဲ့ ဆေးတွေလည်း ရှိပါသေးတယ်"

"ဒါဆို ဖေဒါကို မင်းတို့နေတဲ့ ကားဂိုဒေါင်အပေါ်ထပ်ကို ခေါ်သွား။ မင်းနဲ့ဖေဒါလည်း ဒီနေ့အနားယူကြ။ ဖေဒါရေ ... ဒီလိုဖြစ်ရတာ ဘဘစိတ်မကောင်းပါဘူးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဘဘဦးဘကောင်းက မြနန္ဒာခြံကြီး၏ ပိုင်ရှင်သူဌေးကြီးတန်မဲ့ သူ့လို အခိုင်းအစေခံ အညတြကောင်လေးတစ်ယောက်အား အရေးထားပြော ဆိုနေသဖြင့် ဗေဒါမနေတတ် မထိုင်တတ်အောင် ဖြစ်သွားရသည်။

သို့သော် ဗေဒါသည် ဘာစကားနှင့်မျှ မတုန့်ပြန်ဘဲ ကိုမောင်ငြိမ်း ခေါ်လာရာသို့ အသာလိုက်ခဲ့သည်။

ဦးဘကောင်းမှာ စိတ်ထိခိုက်စွာနှင့် ကားဂိုဒေါင်အပြင်ဘက်သို့ ထွက်လာခဲ့၏။

ကားဂိုဒေါင်အပြင်ဘက်သို့ရောက်တော့ နာကျင်ဆွေးမြည့်စွာနှင့် ဦးခေါင်းကို လေးတွဲ့စွာနှင့် ယမ်းခါလိုက်မိလေသည်။

✿ ✿ ✿

|၄|

❑

ဗေဒါတို့နေသော နေရာကလေးမှာ မြနန္ဒာခြံကြီး၏ ကားဂိုဒေါင် ဆောက်ထားရာ ခြံအနောက်ဘက်ထောင့်မှ သေသပ်စွာ ဆောက်ထားသော အဆောက်အဦးဖြစ်သည်။

ကားဂိုဒေါင်ဆိုသည့်အတိုင်း ကားသုံးစီး ချောင်ချောင်လေးထား နိုင်သည်။

ကားနှစ်စီးမှာ ဦးဘကောင်းစီးသော ကားကတစ်စီး။





သူရိန်မင်းတို့အတွက် ကျောင်းကြိုကျောင်းပို့ကားတစ်စီး။

နောက်တစ်စီးက ဦးဘကောင်းမဟေသီ ဒေါ်မကြည်ပြာစီးသော ကား။

ကား ဂိုဒေါင်ကို တစ်ထပ်ခွဲပုံစံဆောက်ထားပြီး ရှေ့ပိုင်းတွင် ကား များထားသည်။ ကားသုံးစီးတောင်မက လေးစီးတောင် ထားနိုင်၏။

နောက်ပိုင်းတွင် ၁၅ ပေ၊ ပေ ၂၀ ထပ်ခိုးမြင့်ဆောက်၍ ထိုထပ် ခိုးကလေးကို ဆယ်ပေစီအခန်းဖွဲ့လျက် တစ်ခန်းတွင် ကိုမောင်ငြိမ်းကနေ သည်။

ကိုမောင်ငြိမ်းသည် ဤမြနန္ဒာအိမ်ကြီး၏ ဒရိုက်ဘာဖြစ်သလို အခြား တောက်တိုမည်ရ လိုအပ်လျှင် လုပ်ရသူဖြစ်၏။ ချာတိတ်ကလေးဘဝက ပင် ဦးဘကောင်းတို့အိမ် ရောက်နေသူ။

ဗေဒါကမူ ကိုမောင်ငြိမ်း၏ ကူဖော်လောင်ဘက်အဖြစ် ဂျိုကာလို နေရာတကာ ဝင်ပါရသူဖြစ်၏။

ယင်းကြောင့် ဗေဒါနှင့် ကိုမောင်ငြိမ်းတို့မှာ အတူနေ အတူစား တပူး တွဲတွဲ ရှိနေသူများဖြစ်၏။ ဗေဒါ ဤမြနန္ဒာခြံကြီးသို့ ရောက်လာကတည်းက စောင့်ရှောက်ခဲ့သူ။

ကိုမောင်ငြိမ်းက ထွန်းရွှေဝါဒဏ်ကြေလိမ်းဆေးဖြင့် နားထင်ပါးရိုး များ ရောင်ရမ်းသည်ကို လူးပေးသည်။

လက်သီးဒဏ်ကြောင့် ဗေဒါမအော်ဘဲ ပေခံသည်။

ထိုသို့ လူးပေးရင်း ကိုမောင်ငြိမ်းက တတွတ်တွတ် ပြောသည်။

"မင်းကလည်း မင်းပဲ၊ သူ့အပေါင်းအသင်းတွေနဲ့ ခိုးလုပ်တာ ဆရာကြီးကို ဘာကြောင့် ပြောရတာလဲ။ ငါတောင် မပြောဘူး"

"ဘဘကြီးက ကျွန်တော့်ကို အစ်ကိုသူရိန်မင်း မဟုတ်တာလုပ် ရင် ပြန်ပြောဖို့ တာဝန်ပေးထားတာကို"

"သူက ဆရာကြီးမသိအောင် နံပါတ်ဖိုးဝင်ထိုးတာကို မင်းက တိုင်တော့ မင်းကိုငြိုးပြီး သူ့အိပ်ခန်းထဲက ပိုက်ဆံခိုးတယ်လို့ ရမယ်ရှာ အနိုင်ကျင့် နှိပ်စက်တော့တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"သူ ကျွန်တော့်ကို အနိုင်ကျင့်နှိပ်စက်နေကျဗျာ။ နှိပ်စက်ပါစေ။ ဘဘကြီးပေးတဲ့ တာဝန်တော့ ကျွန်တော် ကျေရမှာပေါ့။ ကျွန်တော့်ကို ဘဘကြီး ဆွေမတော်မျိုးမစပ် ကျွေးမွေးစောင့်ရှောက်ပြီး ကျောင်းထားပေးတာပဲ။ အစ်ကိုလေး သူရိန်မင်း နှိပ်စက်သမျှ ကျွန်တော်ခံရမှာပေါ့ဗျာ"

"အင်း ... ဗေဒါရယ်၊ မင်း ဒီမြန်နန်းခြံကြီးထဲကို ရောက်လာတာကိုက သူရိန်မင်းရဲ့ အနှိပ်စက်ခံဖို့ ရောက်လာတာကျနေတာပါပဲကွာ"

✿ ✿ ✿

[၅]

❑

ပုံပြင်ဒဏ္ဍာရီမဟုတ်ပါ။ ဤနိုင်ငံအတွင်း တကယ်ဖြစ်ပျက်နေသော အဖြစ်အပျက်ပင်။

"ဒိုင်း ... ဒိုင်း ... ဒိုင်း ..."

"ဒက် ... ဒက် ... ဒက် ... ဒက် ..."

တောင်ယံတကြောမှာ သေနတ်သံတွေ ဆူညံလျက်ရှိ၏။

ရွှေမောင်းနှင့် အောင်မောင်းသည် သေနတ်သံများကြောင့် တစ်ယောက်မျက်နှာတစ်ယောက် လှမ်းကြည့်လိုက်ကြသည်။

"ဒါ ... တို့အဖွဲ့နဲ့ ကျားမောင်တို့အဖွဲ့ သွားဆုံပြီး ပစ်ကြခတ်ကြတဲ့ ပုံပဲ"





"ဒီ ကျားမောင်တို့အဖွဲ့ဟာ တရားအတော် လွန်နေပြီ။ တို့အဖွဲ့က နှိုးရိုးသားသား ရှာဖွေတွေ့ရှိသမျှ သူတို့က ခေါင်းပုံဖြတ်ပြီး တရားမဝင် ယူယူနေတာပဲ"

"ဒီကောင်တွေကို ငါတို့ အပြတ်ရှင်းမှဖြစ်မယ်ကွ။ လာကွာ ... တို့သွားချကြမယ်"

ရွှေမောင်းက လက်တစ်ကမ်းမှာရှိနေသော သေနတ်ကို ထဆွဲသည်။ အောင်မောင်းက ခေါင်းခါလိုက်သည်။

"ဒီပွဲက မင်းပါစရာတောင် မလိုဘူး။ ငါ တစ်ယောက်တည်းသွားမယ်။ ဟိုမှာရှိတဲ့ ငါတို့အဖွဲ့ကို စိမ်ခန့်ခွဲပြီးပြန်တိုက်ရင် ကျားမောင်တို့ ခံနိုင်မှာ မဟုတ်ပါဘူး။ ပြန်ဆုတ်သွားမှာပါ။ မင်းသာ ရွာကို ပြန်ပြီး ကာကွယ်ပါ"

"ခုတလော တိုက်ပွဲဖြစ်တိုင်း မင်း ငါ့ကို ရွာပြန်လွှတ်လွှတ်နေတာ ဘာသဘောလဲ။ ငါ့ကို တိုက်ရည်ခိုက်ရည် ညံ့လို့ သေမှာစိုးလို့လားကွာ"

"မဟုတ်ဘူးလေကွာ၊ မင်းမှာက နောက်ဆံတင်းစရာ သံယောဇဉ်နှယ်ဖနေပြီလေကွာ။ ငါ့ညီမရယ် ... ပြီးတော့ ငါ့ညီမမှာ ကိုယ်ဝန်ကြီးနဲ့ဆိုတော့ ..."

"အေး ... အေး ... ငါ သိပါပြီကွာ။ မင်းက တိုက်ပွဲဖြစ်တဲ့ဆီကို ဆက်သွား။ ငါက ရွာကို ကာကွယ်ဖို့ ပြန်သွားမယ်"

သို့နှင့် ရွှေမောင်းနှင့်အောင်မောင်းတို့ ယာယီစခန်းမှ လမ်းခွဲခဲ့ကြသည်။

အောင်မောင်း သူ့လူတွေနှင့် ကျားမောင်တို့အဖွဲ့ တိုက်ပွဲဖြစ်ရာဆီ ...

ရွှေမောင်းက သူ့ဇနီးလေးရှိရာ တောင်ခြေရင်းဥရုရွာကလေးသို့။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၆]

❑

"ရွှီ ... ဒိုင်း ... ဒိုင်း ..."

"ရွှီး ... ဒက် ... ဒက် ..."

အောင်မောင်း သူတို့ရွှေလုပ်ကွက်တောင်ကြောဆီသို့ ရောက်သွားတော့ ကျားမောင်တို့အဖွဲ့က အထက်စီးရ၍ သူလူတွေကို မလှန်နိုင်အောင် ပစ်ခတ်လျက်ရှိချေပြီ။

သူ့လူတွေက တောင်ခါးပန်းအလယ်လောက်မှာ အကာအကွယ်ယူ၍ ပြန်လှန်ပစ်ခတ်နေရခြင်းဖြစ်၏။

အပေါ်စည်းနှင့် အောက်စည်း။

မကြာခင် သူတို့ ရွှေလုပ်ကွက်စခန်း ကျတော့မည်။

"ဒိုင်း ... ဒိုင်း ... ရွှီး ... ဒိုင်း ... ဩောင့် ..."

ရွှေလုပ်ကွက်မှ လူတွေ ရွှေလုပ်ကွက်ရှေ့ တောင်ပူစာတွေ ရှိနေ၍ အကာအကွယ်ရနေသောကြောင့် ကျားမောင်တို့ ချက်ချင်း သူတို့စခန်းကို အပိုင်မစီးနိုင်ခြင်းဖြစ်၏။

သို့သော် အပေါ်စီးရနေ၍ ကြာကြာခံနိုင်လိမ့်မည်မထင်။





အောင်မောင်း ရောက်နေသောနေရာမှာ ကျားမောင်တို့အဖွဲ့ နောက်ကျောဘက်တွင်ဖြစ်၏။

အောင်မောင်းက နယ်ကျွမ်းသူဖြစ်၍ ထိုသို့ နေရာယူနိုင်ရန် လှည့်ပတ်နေရာယူခဲ့ခြင်းဖြစ်၏။

ကျားမောင်ကတော့ ထိုအဖြစ်ကိုမသိ။

ရွှေတွင်းလုပ်ကွက်ထဲတွင် ခေါင်းဆောင် ဗိုလ်ရွှေမောင်းနှင့် အောင်မောင်းတို့ကို ပိတ်မိနေပြီအထင်နှင့် လှမ်းအော်သည်။

"ဟေ့ ... ဗိုလ်ရွှေမောင်းနဲ့ အောင်မောင်း မင်းတို့ ဆက်ပြီး တိုက်ဖို့ မကြံစည်နဲ့။ တို့အဖွဲ့က မင်းတို့ကို ဝိုင်းမိထားပြီ။ မင်းတို့ ဆက်ပြီး ခုခံရင် သေဖို့သာပြင်"

ကျားမောင်အော်ရင်း ရှေ့ကိုတိုးရန် တောင်ကမူတစ်ခုသို့ အကာအကွယ်ယူ ပြေးကပ်သည်။

ရှေ့မှပစ်သော ကျည်ဆန်များအတွက် ရှေ့မှ တောင်ကမူမှာ ကျားမောင်အတွက် အကာအကွယ်ကောင်းတစ်ခု ဖြစ်ပေသည်။

"ရွှီ ... ဒိုင်း ..."

"အား ..."

နောက်မှ ပစ်ခတ်လိုက်သော အောင်မောင်း၏ ကျည်ဆန်က ကျားမောင်၏ နောက်ကျောပြင်ကိုဖောက်၍ ရင်အုံကို ပွင့်ထွက်သွားစေတော့သည်။

"ဟာ ... တို့ .. ဗိုလ်ကျား ကျသွားပြီ"

"အင်း ... ရန်သူက တို့နောက်က ထပ်ရောက်လာတာပဲ"

"ဒါဆို မဖြစ်ဘူး"

"ဘာလို့မဖြစ်ရမှာလဲ ... ဒီလောက်နယ်မြေကို စီးမိပြီးမှ ဆက်တိုက်ရမယ်။ သူတို့ စခန်းကို သိမ်းဖို့ပဲ ကျန်တော့တယ်"

"ခေါင်းဆောင် ဗိုလ်ကျားမရှိဘဲ ဆက်တိုက်ရင် အားလုံးမသာတွေ ဖြစ်ကုန်ရုံပဲရှိတယ်။ ငါတို့တော့ လွယ်အောင်ဖောက်ထွက်ပြီး ပြေးတော့မယ်။ မင်းတို့ဘာသာ ဆက်ပြီးတိုက်ချင်တိုက်၊ မတိုက်ချင်နေ။ ခေါင်းဆောင် ကျသွားပြီဆိုတော့ အအုပ်အစီး မဲ့သွားလေပြီး ခေါင်းဆောင်ကလည်း တိုက်



www.burmeseclassic.com

www.burmeseclassic.com



ရှည်နိုက်ရှည်ဝနေသူမို့ ကျားမောင်၏ အဖွဲ့နောက်ကျောကနေ အကာအကွယ်ကောင်းများကို ရအောင်ယူပြီး ဟိုနေရာက ပစ်လိုက် . . .

"ဒိုင် . . . ဒိုင်း . . ."

ဒီဘက်နေရာက ပစ်လိုက် . . .

"ဒိုင်း . . . ဒိုင်း . . ."

သူတို့ကို စိတ်ချောက်ချားအောင် လူတွေအများကြီး ထင်အောင် ပရိယာယ်ဆင် ပစ်ခတ်သည်။

ကျားမောင်တို့အဖွဲ့ သူတို့ခေါင်းဆောင်ဗိုလ်ကျားမောင်၏ အလောင်းကိုတောင် မကောက်နိုင်တော့ဘဲ တောင်ကြောတစ်ဖက်သို့ ဖရိုဖရဲဆင်းပြေးလေ၏။

✿ ✿ ✿

|၇|

❑

ဗိုလ်ရွှေမောင်း ဖနီးရှိရာ တောင်အောက်ရွာကလေးမှာ ထမံသီနယ်အတွင်းမှာရှိသော ဥရုရွာကလေးပင်။

ဥရုရွာကလေးမှာ ဥရုချောင်းဖျား ဟူးကောင်းတောင်ကြား တောင်အောက်ရွာကလေးတွေထဲမှ ရှေးဆန်သော ရွာကလေးတစ်ရွာဖြစ်၏။ သစ်ရိုပ်ဝါးရိပ် ထူထပ်ပြီး သီးခြားကမ္ဘာလေးလို တည်နေ၏။





ထိုရွာကလေးတွေထဲမှာ လွန်ခဲ့သော လွန်ခဲ့သော နှစ်ပေါင်းသုံးလေးဆယ်ကျော်အထိ ရှေးရိုးအစွဲကြီး လွှမ်းမိုးထားလေသည်။

လူစင့်စစ်က ကျားဖြစ်ခြင်း။

သမန်းကျားဟုလည်း ခေါ်ကြသည်။

မိရိုးဖလာ အစဉ်အဆက်ပြောဆိုနေကြသလို တကယ်လည်း ရှိခဲ့ဖူးသည့်အဖြစ် သာဓကတွေနှင့် မှတ်တမ်းပြုထားသည်ဟု ဆိုကြ၏။

ဒါကို တစ်နယ်သား ရွှေမောင်းအစကတော့ ကိုယ်တွေ့မဟုတ်၍ မယုံတစ်ဝက်ယုံတစ်ဝက်။

ဟူးကောင်းတောင်ကြားနယ်မြေကလည်း ထိုခေတ်ထိုအချိန်က ကျားဆိုးများ သောင်းကျန်းလွန်းသည်ဟု နာမည်ကြီးနေသော နယ်မြေမို့ ကျားရန်ကို အထူးသတိထားကြရသည်။

ရွှေမောင်းဥရုရွာကလေးသို့ ပြန်လာစဉ် တောနက်လျှိုတစ်ခုမှ အဖြတ်တွင် ထူးဆန်းသော အရာတစ်ခုနှင့် ကြုံလိုက်ရသည်။

သူ့ရှေ့ ကိုက်နှစ်ဆယ်ခန့်အကွာ အပေါ်ပိုင်းဗလာကျင်း၍ ဆေးမင်ကြောင်ရုပ်များ ထိုးထားသူတစ်ယောက်သည် ယောကျ်ားလေးဖက်စာမျှရှိသော ကျွန်းပင်ကြီးအောက်တွင် လက်အုပ်ချီ၍ ဂါထာမန္တန်များကို ရွတ်ဆိုနေလေသည်။

ရွှေမောင်းမှာ လျှိုကြီး၏အစပ် ဒီမှာဘက်တွင်ရှိ၍ ချုံနွယ်ပိတ်ပေါင်းများကြောင့် ထိုသူက ရွှေမောင်းကို မမြင်။

ရွှေမောင်းကသာ မြင်ပြီး ချုံကွယ်အစပ်မှာ ပုန်းကွယ်၍ ထိုသူ့အရိပ်အခြည်ကို ကြည့်နေလိုက်သည်။

ထိုသူသည် ဂါထာမန္တရားတွေကို တတွတ်တွတ်ရွတ်ဆိုရာက သူ့ကိုယ်ပေါ်မှတစ်ခုတည်းသော အဝတ်ဖြစ်သော ပုဆိုးကို ချွတ်ချလိုက်သည်။

ပုဆိုးကို ကျွန်းပင်ကြီး၏ ခြေရင်းမြစ်ပျဉ်းကြီးတွေပေါ် တင်ခဲ့ပြီးနောက် မကြားစဖူး အော်သံနက်ကြီးနှင့်အော်၍ တစ်ဖက်တောအုပ်အတွင်းသို့ ကျွမ်းပစ်ပြီး ဝင်ရောက်လျှောက်ကွယ်သွား၏။

"ဝေါင်း . . . ဝေါင်း . . . ဝေါင်း . . ."



www.burmeseclassic.com

www.burmeseclassic.com



ထိုသူဝင်ရောက်ပျောက်ကွယ်သွားပြီး၍ တစ်ခဏအတွင်း ကျားဟိန်းသံကြီး ထိုတောကြီးဘက်မှ ထွက်ပေါ်လာသည်။

ရွှေမောင်းသွားရမည့် လမ်းမှာလည်း ထိုကျားဟိန်းသံကြီး ပေါ်ထွက်လာသော တောကြီးကို ဖြတ်သွားရမည့်လမ်းဖြစ်နေ၏။

ရွှေမောင်း၏ မျက်လုံးထဲမှာ ကိုယ်ဝန် နေ့စေ့လစေ့နှင့် ဖနီးကို မြင်နေ၏။ သူ ယခုသွားပါမှ သုံးရက်ခရီးနှင့် ရောက်နိုင်သောနေရာ။

ဖနီးသည် မနှင်းနု၏အစ်ကိုဖြစ်သော အောင်မောင်းက သူ့ကို တိုက်ပွဲအရေးကြီးသော်လည်း သူ့နှမအတွက် စိတ်မချ၍ ဖနီးသည်ရှိရာ ရွာသို့ အမြန်ပြန်စေခဲ့သည်။ သူ့ဖနီးသည်မှာ ကိုယ်ဝန်အရင့်အမာနှင့် ကျန်ခဲ့၏။

ဒီတော့ သူ အမြန်ပြန်ဖို့ပဲ စဉ်းစားရမည်။

သူက လက်ထဲမှာ သေနတ်ရှိသည်။

ကျားဆိုးအန္တရာယ်ကို ကြောက်စရာမမြင်။ ဖနီးသည် မနှင်းနုဆီသို့ ရောက်ရှိရေးသာလျှင် အဓိက။

ရွှေမောင်းသည် သေနတ်ကို အသင့်မောင်းပြင်၍ သူ့ရှေ့တူရူရှိ တောကြီးအတွင်းသို့ တိုးဝင်လာခဲ့သည်။

တောစပ်ရှိ ကျွန်းပင်ကြီး၏ မြစ်ပျဉ်းကြီးတွေကြားမှ စောစောက လူချွတ်ထားခဲ့သော ပုဆိုးကိုပင် သူက သတိထားကြည့်လိုက်မိသေးသည်။

လူအသွားအလာ နည်းပါးသဖြင့် တောလမ်းကလေးမှာ ပျောက်လုမတတ် ချုံနွယ်ပိတ်ပေါင်းတွေ အုပ်ဆိုင်းလျက်ရှိ၏။

ရွှေမောင်းသေနတ်ကို အသင့်ပြင်သတိထား၍ တောတိုးပြီး ဥရုရွာကလေးဆီ အမြန်ရောက်အောင် လာခဲ့သည်။

"ဝေါင်း ... ဝေါင်း ... ဝေါင်း ..."

တောတွင်းတစ်နေရာဆီမှ ကျားကြီးတစ်ကောင် မာန်ဖီဟိန်းဟောက်သံကြီးကို ကြားနေရဆဲ။

✿ ✿ ✿

[၈]

❑

ဗိုလ်ရွှေမောင်းအဖို့ ကံကောင်းသွားသည်ဟု ဆိုရမည်။

ဥရုရွာကလေးသို့ ကျားရန်နှင့်မကြုံရဘဲ ရွှေမောင်း ချောချောမောမော ရောက်လာခဲ့သည်။

ရွှေမောင်း ရွာအစပ်ရှိ သူတို့ အိမ်ဝိုင်းကို ရောက်သွားတော့ ခြံတွင်းအဝင်မှာပင် ကလေးငိုသံသဲ့သဲ့ကို ကြားလိုက်ရ၍ ဝမ်းအသာကြီးသာသွားသည်။

"အူဝဲ ... အူဝဲ ... အူဝဲ ..."

အိမ်နားကပ်လိုက်မိသည်နှင့် အရပ်ဝမ်းဆွဲလက်သည်ကြီးဖြစ်သော အမေဂျမ်းက အိမ်အပေါ်ထပ်ကပြင်ကနေ ရွှေမောင်းအား တွေ့သွားပြီးနောက် မီးဖိုတွေကြား လှူလှုံမကျွဲ၍ လှမ်းမေးသည်။

"ဟဲ့ ... ဘယ်သူလဲ"

"ရွှေမောင်းပါ ..."

"အဲ ... မိနှင်းနု ယောက်ျား ရွှေမောင်းကိုး၊ နင့်မိန်းမ မိနှင်းနု ကလေးမွေးတာ တစ်ပတ်တောင်ရှိသွားပြီ။ ဒီက လူလွှတ်ပြောတာ နင်တို့ဆီ မရောက်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးက လှမ်းသကိုးဗျာ။ အသွားအပြန် တစ်ပတ်လောက်ကြာတဲ့ခရီးကိုး။ ဒါထက် အရေးကြီးတာပြောဗျာ။ ကလေးက ဘာလေးလဲဗျာ။ ယောကျ်ားလေးလား၊ မိန်းကလေးလား"

"ယောကျ်ားလေးပေါ့ ... ယောကျ်ားလေး၊ ဘယ်ကမှန်းမသိ လေလွင့်လာတဲ့ သူ့အဖေနှင့်ကို အကြောင်းပြုပြီး ဒီကလေးကို မနက်ကပဲ နာမည်ပေးလိုက်သေးတယ်။ တို့အရပ်မှာက ခုနစ်ရက်စေ့ရင် နာမည်ပေးရတာကိုး"

"ဘယ်လိုများ နာမည်ပေးလိုက်ကြသလဲ"

"ဘယ်ကမှန်းမသိ၊ အစုန်အဆန်ရေမှာ မျောနေတဲ့ ဗေဒါလို သူ့အဖေကိုယ်ပွား ဗေဒါ ... တဲ့လေ"

"ဗျာ ... ဗေဒါ ... ဟုတ်လား ..."

ရွှေမောင်း ပါးစပ်က ရေရွတ်ရင်း ခေါင်းတညိတ်ညိတ် ဖြစ်သွား၏။

"ခင်ဗျားတို့က မြို့ကြီးမှာဆိုရင် ကဗျာဆန်သလိုလို၊ တောဆန်သလိုလို ပြောရခက်တဲ့ အဓိပ္ပာယ်နဲ့ မှည့်တဲ့နာမည်မျိုးပဲ။ ဘာပဲဖြစ်ဖြစ် ခင်ဗျားတို့ရွာမှာဆိုတော့ ရွာလေ့နဲ့ ခင်ဗျားတို့သဘောပေါ့။ ကဲ ... ကျုပ်သားကို ကျုပ် ကြည့်ချင်တယ်"

"ကြည့်လို့ရပါပြီ။ ခုနစ်ရက်စေ့ပြီတော့ မီးနေခန်းကိုတောင် ဝင်လို့ရမှာပဲ။ ကဲ ... ကဲ ... အထဲကို ဝင်ပေတော့"

ကိုယ့်အိမ်ပေမဲ့ ဝမ်းဆွဲသည်ကြီးက အခရာမို့ ဝမ်းဆွဲသည်အမေဂျမ်း၏ ခွင့်ပြုချက်နှင့် ရွှေမောင်း မီးနေခန်းသို့ ဝင်ခဲ့ရသည်။

အမေဂျမ်းက ရပ်ရွာဓလေ့ထုံးစံအတိုင်း အပြင်မှာ ထင်းမီးမွှေးရင်း ကျန်ခဲ့၏။ ရွှေမောင်းမီးနေခန်းသို့ ရောက်သွားတော့ အပြုံးကြည်ကြည်စင်စင်နှင့် ဖနီးသည် မနှင်းနုကို ကျန်းကျန်းမာမာ တွေ့လိုက်ရသည်။

ရွှေမောင်းအသံကြားကတည်းက မနှင်းနုသည် ထယိုင်ကာ ကလေးအား နို့တိုက်ရင်း ရွှေမောင်းကို စောင့်နေခြင်းဖြစ်၏။

"ကလေး ... အစ်ကို့ကို ပေးနော်"





မနှင်းနုလက်ထဲမှ မွေးကာစ ကလေးလေးကို ရွှေမောင်းလှမ်းယူပြီး ပွေ့ထားလိုက်သည်။

"အစ်ကိုရယ် ... အစ်ကိုမရှိဘဲ သားလေးကို မွေးရတာ နှင်းနု အားငယ်လိုက်တာ"

"အခု အစ်ကိုရှိနေပြီပဲ ... နှင်းနုရယ်၊ ဘာမှ အားမငယ်နဲ့တော့နော်"

"ဒါပေမဲ့ အစ်ကိုရယ် ... နှင်းနု တစ်သက်လုံး အားမငယ်ဘဲနေသွားချင်တယ်။ အစ်ကို မတော်လို့ မြို့ပြန်သွားရင်"

"ဒါတွေ မတွေးနဲ့လေ ... နှင်းနု။ ခုအချိန်မှာ စိတ်ချမ်းချမ်းသာသာ နေရမယ့်အချိန်ပဲကွယ်။ အစ်ကို့သားလေးဟာ အစ်ကိုနဲ့ နှင်းနုကြားမှာ သံယောဇဉ်ကြိုးတစ်ကြိုးကို ခိုင်မာအောင် ချည်နှောင်ပေးလိုက်ပါပြီကွယ်"

"တကယ်လား ... အစ်ကိုရယ်၊ နှင်းနုတစ်သက်လုံး စိတ်ချမ်းသာသွားချင်တာပါ"

နှင်းနု ကိုယ်လုံးနုနုကလေးဖြင့် ရွှေမောင်း၏ လက်မောင်းသားကို အားကိုတကြီးတိုးဝှေ့ ဖေးမှီထားလိုက်မိသည်လေ။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

# [၉]

❑

ခံယူချက်နှစ်ပြားတစ်ပဲနှင့် ဝေလေလေကောင်တွေထဲမှာ ဘကောင်း လိုကောင်မျိုးတွေ ဘယ်နှယောက်ပါလေမည်မသိ။

နိုင်ငံတစ်နိုင်ငံ၏ မငြိမ်သက်မှုက အရေးအခင်းတွေကို ဖန်တီး၏

နိုင်ငံအုပ်ချုပ်မင်းလုပ်သူ မတရားလေ အရေးအခင်းတွေ များလေ ပင်ဖြစ်သည်။

ထိုအရေးအခင်းတွေက လူတော်လူကောင်း ဒေါင်ဒေါင်မြည်နိုင်ငံ ရေးသမားကောင်းတွေ မွေးဖွားသလို ခံယူချက်တစ်ခြမ်းပဲ့နှင့် ဝေလေလေ ကောင်တွေကိုလည်း မွေးဖွား၏။

တစ်ပါတီအာဏာရှင်စနစ် ဗိုလ်ချုပ်ကြီးနေဝင်း၏ အုပ်ချုပ်မှုအောက် မှာ ဆိုရှယ်လစ်စနစ်ဟု အမည်ခံပြီး လုပ်ငန်းရှင်ကြီးတွေ သူဌေးကြီးတွေ ဆီက စက်ရုံအလုပ်ရုံကြီးတွေ အသိမ်းခံစီးပွားဥစ္စာတွေ ပျက်စီးဆုံးရှုံး လို့ မကျေမနပ်ဖြစ်ပြီး တိုင်းတစ်ပါးသို့ အမျိုးမျိုးသောနည်းနှင့် ဆန့်ကျင်





ထွက်ပြေးတိမ်းရှောင်သွားသည့် ခေတ်တစ်ခေတ်၊ အရေးအခင်းတစ်ခု ဖြစ် ပေါ်ခဲ့ဖူးသည်။

ထိုစဉ်က ဘကောင်းမှာ တက္ကသိုလ်ကျောင်းသား။

အရင်းရှင်စက်ရုံလုပ်ငန်းရှင်ကြီး၏ သားတစ်ယောက်ပီပီ နိုင်ငံရေး ကို ထဲထဲဝင်ဝင် လေ့လာခဲ့ခြင်းလည်း မရှိ။

သို့သော် အိမ်ထောင်ရေးကျမ်းတော့ ကျေခဲ့ပြီ။

လူကြီးချင်း ပေးစားထားသော သူဌေးသမီးကျောင်းသူနှင့် ဘီအေ ဘွဲ့တစ်ခုယူပြီး ဘီအီးဒီဘွဲ့ဆက်၍ တက်နေသည်။

ဘကောင်းဘဝသည် ရွှေပေါ်မြတင်။

ငယ်စဉ်က မပူမပင်နေရပြီး ကျောင်းကောင်းကောင်း နေခဲ့ရ သည်။

တက္ကသိုလ်သို့ ချောချောမောမော ရောက်ရှိကာ ချစ်သူရည်းစား နှင့်ပင် ဘွဲ့တစ်ဘွဲ့ရယူပြီးနောက် ပျော်ရွှင်ကြည်နူးစွာ လက်ထပ်နိုင်ခဲ့သည်။ သားလေးတစ်ယောက်ပင် မွေးဖွားနေကြလေပြီ။

ကျောင်းသားတွေ ဖွဲ့သောအဖွဲ့တွေမှာ ဝင်ပါမည်။

နိုင်ငံရေးကြောင့်မဟုတ်။ ပေါ်ပြူလာဖြစ်ရေး၊ ထင်ပေါ်ရေး အတွက်။

သူ့မိဘတွေကလည်း သူတို့သား ဘကောင်း ထင်ပေါ်ရေးအတွက် အလှူငွေတွေ ရက်ရက်ရောရော ထောက်ပံ့ပေးသည်။

ဘကောင်းသည် တက္ကသိုလ်ကျောင်းသား နိုင်ငံရေးသမား ဒါပေ မည့် နိုင်ငံရေးကို နားမလည်။ နားလည်အောင်လည်း မလေ့လာ။ အလေး အနက်လည်း ရှိသည်မဟုတ်။

သို့သော် ငွေရေးကြေးရေး ရက်ရောမှုတို့ကြောင့် ထိုထိုသော ကျောင်းသားနိုင်ငံရေးအဖွဲ့အစည်းအချို့မှာ နေရာတစ်နေရာတော့ ရပြီ။

ထိုစဉ် သူ့ဖခင်နှင့် ဆွေစဉ်မျိုးဆက် စက်ရုံအလုပ်ရုံ ကုမ္ပဏီကြီး



www.burmeseclassic.com

www.burmeseclassic.com



တွေကို ဆိုရှယ်လစ်နာမည်ခံစစ်အစိုးရက သိမ်းယူသောအခါ အတွင်းကြိတ် လက်သီးပုန်းလှုံ့ဆော်မှုတွေ ရှိလာသည်။

ဘကောင်းအဖေ ဦးဘထက်ကား ပါးသည်။ လျှင်သည်။ သူကိုယ် တိုင်လည်း ဟိုတစ်ခေတ်က နိုင်ငံရေးသမားအသိုင်းအဝိုင်းတွင် ဝင်ဆံ့ အောင်တိုးခဲ့သူမို့ အရင်းရှင်တစ်ခေတ် နိဒ္ဒိတံပြီဆိုခြင်းကို မယုံကြည်။

အရင်းရှင်မရှိဘဲ ဘာမှလုပ်၍မရ။

အနည်းဆုံး ရှာလပတ်ရည် (သံပုရာသီးနှင့် သကြားဖျော်၍ရောင်း သော ထိုစဉ်က ယခုရေသန့်လိုတွင် ကျယ်သည့်အရည်) ရောင်းတာတောင် မှ နှစ်ပြားတစ်ပဲ အရင်းမရှိဘဲ မရောင်းနိုင်။

ယုတ်စွအဆုံး ဘာသာရေးအထွတ်အမြတ်ဖြစ်သော ရွှေတိဂုံ ဘုရားတည်တာတောင်မှ အရင်းရှင်ကုန်သည် တဖုဿ၊ ဘလ္လိကညီနောင် မပါဘဲ ဖြစ်လာမည်မဟုတ်။

ထိုသို့သော အတွေးအခေါ်တွေနှင့် နာစေးနေလိုက်သည်။

တချို့မခံချင်သူလုပ်ငန်းရှင်ကြီးတွေ သူဌေးကြီးတွေ ရာထူးရာခံ ကြီးတွေ ပြည်ပသို့ ကိုယ်နည်းကိုယ့်ဟန်ဖြင့် ကြံဖန်ထွက်ပြေးကြသည်။

ပြည်ပရောက်မှ တော်လှန်ရေးတို့ ဘာတို့အော်ကြသည်။

လက်သီးလက်မောင်း တန်းကြသည်။ ပြည်ပက အထောက်အပံ့ တွေနှင့် လုပ်စားကြသည်။

သို့သော် ဘကောင်း၏အဖေဦးဗထက်ကတော့ နေသာသလိုကြည့် နေသည်။ အကွက်ကောင်းကို စောင့်စားလျက် ပြည်တွင်းမှာ လောလော ဆယ် အာဏာရသူတွေနှင့် အဆင်ပြေအောင် ကြိုးစားအားထုတ်သည်။

သို့သော် နိုင်ငံရေး ဟိုမရောက် ဒီမရောက်၊ မနူးမနပ် ကျောင်း သားခေါင်းဆောင် အမည်ခံသူ့သား 'ဘကောင်း' ခေါ် ဘကောင်းကတော့ တောခိုသွားသည်။

သူတို့သည် လျှို့ဝှက် အဆက်အသွယ်နှင့် အိန္ဒိယနိုင်ငံဘက်သို့ ထွက်သွားခြင်းဖြစ်၏။





သူတို့အဖွဲ့တွင် ဒေသခံလမ်းပြအဖြစ် ဥရုချောင်းဖျားသား အောင် မောင်းတို့တတွေကို ငှားရမ်းခဲ့ရာမှ အောင်မောင်းနှင့်ဘကောင်းတို့အခင်ကြီး ခင်မင်သွားသည်။ အောင်မောင်းသည် ဘကောင်း၏ စည်းရုံးမှုမှာ နစ်မြော သွားခဲ့သည်။

စစ်တပ်က သူတို့ သတင်းကိုကြားပြီး လိုက်လံတိုက်ခိုက်သော အခါ သူတို့အဖွဲ့ ကစဉ့်ကလျား ထွက်ပြေးရတော့သည်။

အချို့က ရည်မှန်းချက်အတိုင်း အိန္ဒိယနယ်မြေအတွင်းသို့ သူတို့ ယုံကြည်ချက်ခိုင်ခိုင်မာမာနှင့် ရောက်အောင် သွားနိုင်ကြသည်။

အချို့မှာ စစ်တပ်၏ တိုက်ခိုက်မှုကြောင့် ခရီးဆုံးမရောက်၊ ရည် မှန်းချက်မပြည့်ဘဲ လမ်းခရီးတစ်ဝက်မှာ သေကြေကျဆုံးခဲ့ရရှာသည်။

ထိုအထဲမှ အချောင်သမား ဘကောင်းသည် နယ်မြေခံ ရွှေမောင်း ကြောင့် ရှေ့ခရီးမဆက်ဖြစ်တော့ဘဲ မြန်မာနယ်မြေ တောကြီးတောင်ကြီး တွေထဲမှာ ပုန်းအောင်ကျန်ရစ်ခဲ့သည်။

ထိုသို့ ကျန်ရစ်ရာမှ လူမိုက်ကံကောင်းဖြစ်ကာ ဒုတိယကမ္ဘာစစ် အတွင်းက ဂျပန်တပ်များ ရွှေတူးခဲ့သော တောင်ကမ်းပါးယံ့မှုပျက်ကြီးထဲ ရောက်သွားကာ ရွှေကြောကြီးကို တွေ့ရှိသွားသည်။

သည်မှာတင် ပညာတတ်မြို့ကြီးသား ဘကောင်းက ထိုနယ်မြေခံ အရိုးခံ တောသားအောင်မောင်းကို စည်းရုံးအသုံးချတော့သည်။

သူက တော်လှန်ရေးသမားမိုလ်ရွှေမောင်။

ခေါင်းဆောင်လုပ်ပြီး အောင်မောင်းကို သူ့လက်ထောက်ဗိုလ်အောင် မောင်း အမည်ခံစေသည်။

ရန်ကုန်မြို့ပေါ်မှာ ကျန်နေခဲ့သော သူ့ဖခင် နိုင်ငံရေးသမား အရေ ခြုံဦးဗထက်နှင့် ရအောင်လျှို့ဝှက်ဆက်သွယ်နိုင်ခဲ့သည်။

ဥရု ချောင်းဖျား တောတောင်ကြောမှ ရသမျှ ရွှေများကို သူ့ဖခင် ဦးဗထက် အဆက်အသွယ်များအား အသုံးချကာ သူတို့သည် မည်သူမျှ



www.burmeseclassic.com

www.burmeseclassic.com



မျှော်လင့်ပြီး အိပ်မက်ပင်မမက်နိုင်သော စီးပွားရေးလမ်းကြောင်းကို အမှောင်လမ်းမှ ဖွင့်နိုင်ခဲ့ကြသည်။

"တို့က ဒီနယ်မြေမှာ တော်လှန်ရေးသမားဘဝနဲ့ ဖောက်ပြန်တဲ့ နေဝင်းအစိုးရကို တိုက်နေရတဲ့သူတွေဆိုတော့ ဒီက ရွှေကြောကုန်ရင်မြို့ပေါ်ပြန်တက်ကြရမဲ့ သူတွေပဲ။ ဒါကြောင့် တို့ချမ်းသာသမျှ ပေါ်ပေါ်ထင်ထင် နေပြလို့မဖြစ်သေးဘူး။ ပြီးတော့ တို့ရတဲ့ ရွှေတွေကိုလည်း မင်းတို့ ရွာမှာထားလို့ လုံခြုံမှာမဟုတ်ဘူး။ ဒါ့ကြောင့် စိတ်ချလုံခြုံတဲ့ ရန်ကုန်က ငါတို့ဌာနချုပ်ကို ပို့ထားရမယ်ကွ"

ဘကောင်း၏ ဆင်ခြေလက်တွေနှင့် စည်းရုံးရေးတွေကို လူရိုးကြီး အောင်မောင်း ယုံကြည်ခဲ့လေသည်။

ဘကောင်းသည် ရန်ကုန်သား၊ တက္ကသိုလ်ကျောင်းသားနိုင်ငံရေး အရေးခြုံလှုလည်ဖြစ်၍ နောက်လိုက်ငယ်သားတွေ ယုံအောင်နိုင်ငံရေးစကားလုံးတွေသုံးပြီး အယုံသွင်းထားနိုင်လေသည်။

ဘကောင်းအပေါ် အဘယ်မျှ သူ့နောက်လိုက်တွေက ယုံကြည်ကြသနည်းဟူမူ သူ၏ လက်ထောက်ခေါင်းဆောင် လူရိုးကြီးအောင်မောင်း၏ တစ်ဦးတည်းသော နမနှင်းနုကလေးကိုပင် ဘကောင်းကရအောင်ယူထားလိုက်နိုင်သော အဖြစ်က သာဓကပင်။

ဘကောင်း ကံကောင်းနေသည်ဟု ပြောရမည့်အဖြစ်မျိုး။

ဒါပေမဲ့ ဘကောင်းကြာကြာ ကံမကောင်းနိုင်ပါ။

ဘကောင်းတို့အရင် သူပုန်ဘွဲ့ခံနေသော ကျားမောင်တို့အဖွဲ့က ဘကောင်းတို့ လှုပ်ရှားမှုကို ခြေရာခံမိပြီး ဝင်ရောက်တိုက်ခိုက်မှုတွေနှင့် ကြုံကြိုလာရသည်မှာ ဘကောင်းတို့အတွက် တကယ့်အန္တရာယ်မှ အန္တရာယ်။

ပြောစို့ဆိုလျှင် ဘကောင်းနှင့် အောင်မောင်းတို့မှာ ကျောထောက်နောက်ခံအဖွဲ့အစည်းဟူ၍ မည်မည်ရရမရှိတာ ခက်နေသည်။

ဒါကြောင့် ဘကောင်းကျောထောက်နောက်ခံအဖွဲ့အစည်း ကောင်းကောင်းရှာဖို့ ခေါင်းသုံးရတော့သည်။





ထိုကျောထောက်နောက်ခံအဖွဲ့အစည်းကား ထက်ထက်မြက်မြက် အဖွဲ့အစည်းမျိုးမဟုတ်။ နိုင်ငံရေးခံယူချက် ယုံကြည်ချက် ဘာမှမရှိသော အဖွဲ့ဖြစ်ရမည်။

လာဘ်လာဘ ဥစ္စာဓနနှင့် မြူဆွယ်လျှင် ရနိုင်သော အဖွဲ့မျိုးဖြစ်ရမည်။

ထိုအဖွဲ့မျိုးသည် မည်ကဲ့သို့ အဖွဲ့မျိုးဖြစ်နိုင်မည်နည်း။

ဒါကလည်း လွယ်ပါသည်။ ရန်ကုန်မြို့ကြီးပေါ်တွင် အဆက်အသွယ်ကောင်းပြီး ပေါက်ပေါက်ရောက်ရောက်ရှိသော သူ့ဖခင်ကြီးပေါ်တွင် အဆက်အသွယ်အာဏာရှိသူတွေထဲမှ တစ်ဦးသော ပုဂ္ဂိုလ်ကြီးကို အကွယ်ယူထားလိုက်သည်။

ပြီးတော့ မှူတား၊ ပေါင်းတား

✿ ✿ ✿

## [၁၀]

❑

ဝမ်းခွဲသည်အမေကျမ်းမှာ ဒေါ်ဂျမ်းဆိုသည့်အတိုင်း ခပ်ကြမ်းကြမ်းအစားထဲက ဖြစ်သည်။

လင်မရှုံး၍ လင်ကို အားကိုးတကြီးရှိနေသောနှင်းနု လင်တော်မောင်၏ လက်မောင်းအား ခေါင်းကလေးနှင့် မှေးမှီနေသည်ကိုပင် အမြင်မတော်သလို လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... နှင်းနု၊ ခုမှ သွေးနုသားနု ခုနစ်ရက်ပဲ ရသေးတာ။ ယောက်ျားနားကပ်ပြီး ချွဲမနေနဲ့။ ပြောစရာပြောပြီး မီးနေခန်းက မြန်မြန်နှင်ထုတ်လိုက်။ ယောက်ျားဆိုတာ ဘာမှ စဉ်းစားတာမဟုတ်ဘူး။ နင်က ကပ်ချွဲနေရင် အဆိပ်တက်လာလို့ နင် ဒုက္ခရောက်နေဦးမယ်။ ယောက်ျားကို ချွဲချင်ရင် လေးဆယ့်ငါးရက်ကျော်မှ ကပ်ချွဲ။ ခုတော့ မီးနေခန်းအပြင်ကို ထုတ်လိုက်။ မီးနေခန်း အပြင်မှာပဲ အိပ်ပါစေ"

မညှာမထောက်ပြောဆိုနေသော အမေကျွမ်းကြောင့် တော်လှန်ရေးသမား ဘကောင်းခေါ် ဗိုလ်ရွှေမောင်းသည် သူ့ဘေး၌ ချထားသော သေနတ်ကို ဆတ်ခနဲ ကောက်ကိုင်ကာ မီးနေခန်းအပြင်သို့ ထွက်ရန် ပြင်ဆင်ရတော့သည်။

"နှင်းနုလေးရေ ... ခုတော့ အမေကျွမ်းကြီးပြောတဲ့အတိုင်း အစ်ကိုတို့ ခွဲနေကြတာပေါ့။ အစ်ကို အိမ်ရှေ့ခန်းမှာ စောင့်အိပ်ပါ့မယ်။ လိုအပ်ရင် အစ်ကို့ကို ခေါ်နိုင်းနော်"

"အမယ်လေး ... ဘသားချော ဗိုလ်ကြီးရွှေမောင်းရယ် ... လိုအပ်တာမှန်သမျှ တော်လုပ်ပေးဖို့ မီးနေခန်းကို ဒီနေ့ညအဖို့ ထပ်ဝင်လာဖို့ မလိုတော့ပါဘူး။ ခု ညနေစောင်းတာနဲ့ နှင်းနု လိုအပ်တာတွေ့နိုင်းဖို့စေဖို့ ရွာထဲက ညီမဝမ်းကွဲနှစ်ယောက် ရောက်လာပါလိမ့်မယ်ရှင်။ သူတို့ကပဲ ဗိုလ်ကြီးအတွက် ညနေစာစားဖို့သောက်ဖို့ အသင့်စီစဉ်ပြီး ယူလာကြပါလိမ့်မယ်"

သူတို့အရပ် သူတို့ရွာ ထုံးစံအရ မီးနေသည်အိမ် မီးတွင်းလေးဆယ့်ငါးရက်တိုင်တိုင် ဘာမျှ မချက်ပြုတ်စေရဘဲ ရပ်ရွာရှိ ဆွေနီးမျိုးစပ်အိမ်များက တစ်အိမ်တစ်လှည့် ပို့ဆောင်ပေးကြရသည်။

အိမ်မှာမူ မီးနေသည်အတွက် မပြတ်ထင်းတုံးမီးဖိုကို မီးဆက်အောင် ဖိုပေးထားရသည်။

ထိုမီးဖိုထဲသို့ မီးနေသည်ရှူရန် ဆေးအဖြစ် အစဉ်အလာသုံး ဆေးရွက်ဆေးမြစ်၊ ဆေးဥများကို အလျဉ်းသင့်သလို ထည့်ပေးရသည်။





အမေကျွမ်းပြောသည့်အတိုင်း ညနေစောင်းတွင် ရွာထဲမှ နှင်းနု၏ ညီမလေးနှစ်ယောက် ထမင်းအုပ်ကလေးများဖြင့် အော်ဟစ်ပြီး ခြံထဲဝင်လာသည်။

"တို့ ခဲအိုနောက်နေတာကို အမေကျွမ်းအကြောင်းကြားလို့ ငါတို့ သိတာနဲ့ ဆတ်သားခြောက်ဟင်း ချက်ယူလာတယ်။ အားချင်း စီစဉ်လာရတာ။ နောက်နေ့မှ ဟင်းကောင်းကျွေးကောင်း စားပေတော့ ခဲအိုကြီးရေ"

အငယ်မ နှုတ်သွက်လျှာသွက် ပြောနေစဉ် အမေကျွမ်းကလည်း ဂျူတီလဲရန် ချိန်းလေပြီ။

"ကဲ ... ညည်းတို့ရောက်လာမှ ငါ ပြန်မယ်လို့ဟာ။ ခုတော့ ညည်းတို့ရောက်လာလို့ ငါ ပြန်တော့မှာပ အေ"

ပြောရင်း အခန်းထဲမှ နှင်းနုရှိရာသို့ လှမ်း၍ ...

"ဟဲ့ ... နှင်းနု၊ ငါပြောတာ မှတ်ထားနော်။ အသက်ရှည်ချင်ရင် ကြပ်ကြပ်ဂရုစိုက်။ ငါ မနက်စောစောပြန်လာမှ ဒီဟာမတွေ ပြန်ကြနော"

အိမ်ပြန်ရမည့်အရေးမို့လားမသိ။ အမေကျွမ်း အာသွက်နေ၏။

အမေကျွမ်း အိမ်ပေါ်ထပ်က ဆင်းသွားသည့်တိုင် စကားကိုမရပ်။

"ဗိုလ်ကြီး ... အိမ်ပေါ်လှေကားကို ဆွဲတင်ထားလိုက်တော့၊ တော်ကြာ တောကောင်တွေဘာတွေ တက်လာမှဖြင့် မီးနေသည်အတွက် မကောင်းဘူး"

"ဟုတ်ကဲ့ပါဗျား ..."

သူတို့ရွာမှ အိမ်များမှာ တောကောင်ဆိုးများရန်ကြောင့် မြေတန်ရှည်လူ့လက်ခုပ်တစ်ဖောင်ကျော်ခန့် ဆောက်လုပ်ထားကြရသည်။

ညညဆိုလျှင် အိမ်လှေကားများကို အိမ်ပေါ်ဆွဲ၍ အိမ်ရှေ့ကပြင်ကြီးပေါ် တင်ထားကြရသည်။

ထိုကပြင်မှာ သူတို့အရပ်ဒေသ၏ ဧည့်ခန်းပင်ဖြစ်လေသည်။

အိမ်အဆင်းအတက်လှေကားကို ခယ်မလေးတစ်ယောက်ကအင်အလွယ်တကူ ဆွဲတင်လိုက်သည်။ လှေကားမှာ ဖါးပိုးဝါးကို ဆင့်ခြင်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



ထားသဖြင့် ကြိုးနှင့်ဆွဲ၍ အတင်အချလုပ်ရသည်မှာ အလွယ်တကူပင် ရှိလေသည်။

အမေဂျမ်းသည် အိမ်အောက်ရောက်ပြီးနောက် မြို့အပြင်သို့ သွက်လက်သော ခြေလှမ်းများနှင့် လှမ်းသွားလေသည်။

အမေဂျမ်းအတွက် ထိုခြေလှမ်းများသည် သေမင်းပြည်သို့ လှမ်းသွားနေသော ခြေလှမ်းများဟု ရိပ်စားသိရှိနိုင်စွမ်း မရှိခဲ့လေပါ။

✿ ✿ ✿

[ ၁၁ ]

❑

မျက်စိတစ်မှိတ် လျှပ်တပြက် ...

တကယ့်ကို မျက်စိတစ်မှိတ် လျှပ်တစ်ပြက် ...

ခြံစပ်အဝ သစ်ပင်ချုံနွယ်အုပ်တွေကြားမှာ ဘယ်တုန်းက ပုန်းအောင်းချောင်းနေမှန်းမသိသော ကျားကြီးတစ်ကောင်။

ပြန်းခနဲပေါ်လာကာ အမေဂျမ်းကို လှမ်း၍ ခုန်အုပ်ပြီး ကိုက်ချီပြေးလေတော့သည်။

"အား ...အမယ်လေး ..."

"ဝေါင်း ...ဂရား ....ဂူး ..."

အမေဂျမ်း၏ ကြောက်လန့်တကြားအော်သံနှင့် ကျားကြီး၏ မာန်ဖီအာခေါင်ခြစ်အော်သံကြီး ပေါ်ထွက်လာပြီး တဒင်္ဂမြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။





အိမ်ကြီးပေါ်မှ ဗိုလ်ရွှေမောင်းသည်ပင် သေနတ်နှင့် လှမ်းပစ်ချိန် မရလိုက်။

ဗိုလ်ရွှေမောင်းသည် အမေဂျမ်း၏အသက်ကို ကယ်ဆယ်ရန် စိတ်ကူးပြီး သေနတ်ကို ကောက်ကိုင်ပြီးမှ သူလိုက်သွားလည်း နောက်ကျသွားပြီးဖြစ်ကြောင်း အတွေးဝင်မိကာ ကျားကြီးထွက်သွားရာဘက်ကို မချင့်မရဲ လှမ်းကြည့်နေလိုက်သည်။

"ဟင် ... အစ်ကိုကြီးရွှေမောင်း၊ အမေဂျမ်းကို ကျားဆွဲသံကြီး ကြားလိုက်ရတယ်။ အစ်ကိုကြီးရွှေမောင်းမှာ သေနတ်ရှိတာပဲ၊ လိုက်ပြီးပစ်လေ"

"ဟုတ်သားပဲ ... ကိုကြီးရွှေမောင်းရယ် ... အမေဂျမ်းအသက်ကို ကယ်ပါဦး"

ခယ်မဝမ်းကွဲနှစ်ယောက်က တိုက်တိုက်တွန်းတွန်း ပြောတာကောင် ရွှေမောင်း အလှုပ်ရှားမဲ့ တွေဝေနေသည်။

ထိုအခိုက် ကျားကြီး ထွက်ပြေးရာဘက်မှ လူသံတွေ ဆူဆူညံညံ ကြားလိုက်ရသည်။

"ဝေး ... ကျား ... ကျားကြီး ...."

"မိန်းမတစ်ယောက်ကို ဆွဲလာတယ်ဟေ့"

"မလွတ်စေနဲ့ ... ဝေး ... ဟေး ... ဟေး ..."

"ဝုန်း ... ဂျမ်း ... ဂျမ်း ... ဂျမ်း ..."

ရွာသားတွေ၏ ဟစ်အော်သံများနှင့်တစ်ဆက်တည်း တွေ့ရာကြုံရာပစ္စည်းကို ရိုက်ပုတ်ခြောက်လှန့်သံတွေ ကြားရပြီးနောက် ကျားကြီးမှာ နောက်ပြန်လှည့်ပြီး ပြေးလာပုံရသည်။

ဗိုလ်ရွှေမောင်းတို့အိမ်ရှိရာ မြို့စည်းအစပ်မှ ဖြတ်ရန် တစ်ကြော့ပြန်အရောက် ...

"ဒိုင်း ..."

လက်ထဲမှာ သေနတ်ကိုင်လျက်ရှိသော ရွှေမောင်းက အိမ်ပေါ်မှပင် ပစ်ကွင်းကောင်းကိုရပြီး ပစ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဂူး ... ဂရား ..."

ကျားကြီး၏ ချက်ကောင်းကို ထိမှန်သွားပြီး ကျားကြီးမှာ အမေဂျမ်းအား ကိုက်ချီထားရာမှ လွှတ်ချပြီး ရှေ့ဘက် ယိုင်ဆင်းသွား၏။

ရွှေမောင်းကလည်း တောတွင်းမှာ အနေကြာပြီး အပစ်အခတ် ကျွမ်းကျင်နေသူပီပီ တစ်ပတ်လည်အလာ ဦးခေါင်းအလယ်တည့်တည့် ချက်ကောင်းကို ထပ်ပစ်လိုက်သည်။

"ဒိုင်း ..."

ကျားကြီး၏ဦးခေါင်းမှ ဦးခေါင်းခွံအပေါ်ပိုင်းတစ်ဝက် လွင့်ထွက်ပြီး ဦးနှောက်များပင် လွင့်စင်ထွက်ကျသွား၏။

ထိုမျှ ချက်ကောင်းကို ထိမှန်ပါလျက် ကျားကြီးမှာ ချက်ချင်း အသက်ထွက်မသွားသေးဘဲ အိမ်ကပြင်ပေါ်မှ သူ့ကို ပစ်ခတ်လိုက်သော ရွှေမောင်းဆီသို့ မျက်လုံးစိမ်းစိမ်းကြီးများနှင့် အတန်ကြာမျှ စိုက်ကြည့်နေပြီးမှ ဝုန်း'ခနဲ လဲကျသေဆုံးသွား၏။

ရွှေမောင်းသည် သေကာနီးကျားတစ်ကောင်၏ အကြည့်စိမ်းစိမ်းကြီးကြောင့် ထူးထူးခြားခြား ခံစားလိုက်ရသည်။

သူ မျက်လုံးထဲမှာ သူ့ရွာသို့လာစဉ် ကျွန်းပင်ကြီးအောက်မှာ အဝတ်အစားဗလာ ကိုယ်တုံးလုံးကျွတ်လျက် တောထဲကျွမ်းပစ်ဝင်သွားသော မြင်ကွင်းနှင့် တောထဲမှ ကျားဟိန်းသံများကို ပြန်လည်ကြားယောင်နေမိပြန်သည်။

သည်အခိုက် ကျားကြီး၏နောက်မှ ဓား၊ လှံ၊ လေး၊ မြား၊ တူမီး သေနတ်များနှင့်လိုက်လာသော ရွာသားများရောက်လာကာ ဗိုလ်ရွှေမောင်း အမည်ခံ ဘကောင်းအား ကောင်းချီးပြုကြကာ ပေးကြလေတော့သည်။

"ဟား ... ဗိုလ်ရွှေမောင်း ပြန်ရောက်နေတာကိုး။ ဗိုလ်ရွှေမောင်းက ငါတို့ရွာကို သူခိုးဓားပြရန်က ကာကွယ်ပေးသလို ကျားဆိုးရန်ကလည်း ကာကွယ်ပေးတယ်ဟေ့ ..."





"ဟုတ်ပါ့ ... ဟုတ်ပါ့ ... ဗိုလ်ရွှေမောင်းတို့ ရွာသားဖြစ်တာ ဂုဏ်ယူစရာပဲ"

အကြောင်းမသိသူ ရိုးသားသော ရွာသားတွေကြားတွင် ဗိုလ်ရွှေမောင်းအမည်ခံ ဘကောင်းသည် သူရဲကောင်းကြီး ဖြစ်နေပြန်၏။

✿ ✿ ✿

## [၁၂]

❑

ထိုညသည် ဗိုလ်ရွှေမောင်းအဖို့ အကုသိုလ်ညဆိုက မမှား။

သွားလေသူဝမ်းဆွဲသည်ကြီး အမေဂျမ်း၏ မိန့်မှာချက်အတိုင်း သူ့တစ်ယောက်တည်း မိန်းမ၏ မီးနေခန်းအပြင်ဘက် အိမ်ရှေ့ခန်းမှာ အိပ်ရလေသည်။

မီးနေသည်၏ အိပ်ခန်းထဲမှာ ဝမ်းကွဲခယ်မလေးတွေ စောင့်အိပ်သည်။

ထိုစဉ် တစ်အိမ်လုံး သိမ့်ခနဲ တုန်သွား၏။

ကျားကြီးတစ်ကောင် အိမ်ပေါ်သို့ ရောက်လာခြင်းပင်။

သူ့အလေ့အကျင့်အတိုင်း နံဘေးမှာချအိပ်သော သေနတ်ကို လှမ်းဆွဲလိုက်သည်။

သေနတ်လက်ထဲရောက်သည်နှင့် ကျားကြီး၏ ဦးခေါင်းတည့်တည့်ကို လှမ်းပစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ကျည်မထွက်။

"ချောက် ..."

"ချောက် ..."

"ချောက် ..."

ဗိုလ်ရွှေမောင်း ကြောက်လန့်ချောက်ချားသွား၏။

ဖောချွေးတွေ ပျံတက်လာ၏။

သူ့သေနတ်က ကျည်ဆန်မထွက်ပေမဲ့ ကျားကြီး၏ဦးခေါင်း ပွင့်ထွက်သွား၏။ ဦးနှောက်တွေ ပွင့်ထွက်ကာ သွေးတွေ ဖြာကျလာ၏။

ကျားကြီး၏ မျက်လုံးစိမ်းစိမ်းကြီးနှင့် စူးစူးရဲရဲကြည့်နေသော အကြည့်များ။ ထိုအကြည့်များက သူ့နှလုံးသားကို ဖောက်ထွင်းသွား၏။

သူ ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေစဉ်မှာပင် ကျားကြီးအသွင်မှ လူတစ်ယောက်အသွင် ပြောင်းသွား၏။

သို့သော် မျက်ခုံးအထက်မှ ဦးခေါင်းတစ်ဝက်ပြတ် ပျက်ပွင့်ထွက်နေသော မျက်နှာပြင်မှာ ပြူးထွက်နေသော မျက်လုံးစိမ်းစိမ်းကြီးနှင့် ပါးစပ်ကြီးက ရွဲ့စောင်းနေသော ပုံပျက်ပန်းပျက်လူကြီးတစ်ယောက်။

အဝတ်ဗလာနှင့် တစ်ကိုယ်လုံးလည်း ဆေးမင်ကြောင်တွေနှင့် ပြည့်ကာ အလွန်အကြည့်ရဆိုးသော ပုံသဏ္ဌာန်ကြီး။

ထိုအကြည့်ရဆိုးရွားလှသော ပုံသဏ္ဌာန်ကြီးက သူ့အား လက်ညှိုး ငေါက်ငေါက်ထိုးလျက် အသံဆိုးကြီးနှင့် လှမ်း၍ နားမခံသာအောင် ပြောသည်။

"မင်းဟာ ဒီရွာနဲ့ ရန်ငြိုးရန်စရှိလို့ ကလဲ့စားချေဖို့လာတဲ့ ငါ့ကို ဒီရွာနဲ့ ဘာမဆိုင်ညာမဆိုင် သတ်ခဲ့တဲ့ကောင်။ ငါ့ကိုသတ်ခဲ့လို့ ငါ့မယား ငါ့သားတွေနဲ့ ကွဲခဲ့ရသလို မင်းလည်း မကြာခင် မင်းသားမင်းမယားနဲ့ ကွဲရစေမယ်"

ထိုပုံသဏ္ဌာန်ဆိုးဆိုးလူက ကျိန်စာလိုလို၊ အခဲမကျေလိုလို ပြောပြီးနောက် သူ့ရှေ့မှာ ဝိုးတိုးဝါးတား မှိန်ပျောက် ပျောက်သွားလေသည်။

ဗိုလ်ရွှေမောင်းအဖို့ ထိုညတစ်ညလုံး အိပ်၍မပျော်နိုင်တော့။





"မင်းဟာ ဒီရွာနဲ့ ရန်ငြိုးရန်စရှိလို့ ကလဲ့စားချေဖို့ လာတဲ့ငါ့ကို ဒီရွာနဲ့ ဘာမဆိုင်ညာမဆိုင် သတ်ခဲ့တဲ့ကောင်။ ငါ့ကို သတ်ခဲ့လို့ ငါ့မယား ငါ့သားတွေနဲ့ ကွဲခဲ့ရသလို မင်းလည်းမကြာခင် မင်းသားမယားနဲ့ ကွဲရစေမယ်"

ထိုသူ့ကျိန်စာမှာ နားထဲမှာ ထပ်ပြန်မနားကြားနေရခြင်းက မခံချင်စရာ ကောင်းလှသည်။ ပြီးတော့ ဗိုလ်ရွှေမောင်းမှာ ဇနီးသည်နှင်းနုနှင့် သားကလေး ဇေဒါအတွက်လည်း စိတ်ပူသွားသည်။

သူအိပ်ရာနေရာကနေ မီးနေခန်းကို လှမ်းကြည့်တော့ ခယ်မဝမ်းကွဲကလေးနှစ်ယောက်နှင့် သူ့မိန်းမနှင်းနုတို့ ထိုအဖြစ်အပျက်ကို လုံးဝ သိရှိလိုက်ပုံမရဘဲ အိပ်မောကျလျက်သားရှိနေသည်ကို တွေ့ရ၏။

"မဟုတ်မှလွဲရော ငါဟာ သမန်းကျားနဲ့ တွေ့လာပြီး ငါ ညနေက ပစ်သတ်ခဲ့တာလည်း ငါတွေ့ခဲ့တဲ့ သမန်းကျားဖြစ်နေလို့ အဲဒီသမန်းကျားဟာ ငါ့အပေါ် အခဲမကျေဖြစ်ပြီး ကျိန်စာတိုက်သွားတာနဲ့တူတယ်"

သူ ကြောက်လန့်စိတ်နှင့် တွေးမိရာက တစ်ဖက်ကလည်း ဖြေသိမ့်စရာလှည့်၍ တွေးကာ သူကြောက်လန့်စိတ်အား ဖြေဖျောက်ရပြန်၏။

"အို ...ငါက လက်တွေ့သမားပဲ။ ဒီခေတ်ကြီးမှာ လက်တွေ့မကျ၊ သိပ္ပံနည်းမကျတာတွေ ဘာလို့ လျှောက်တွေးနေရမှာလဲ။ အလကား ခေတ်နောက်ကျနေတယ်။ ဘာသမန်းကျားလဲ၊ ဟား ...ဟား ...ဟား ...အယုံအကြည်မရှိတဲ့ ဟာတွေ"

သူက ထိုသို့ ရေရွတ်နေစဉ် မမျှော်လင့်ဘဲ သေနတ်သံတွေ ကြားလိုက်ရသည်။

"ဒိုင်း ...ဒိုင်း ...ဒိုင်း ..."

"ဒက် ...ဒက် ...ဒက် ..."

သေနတ်သံတွေမှာ ဗိုလ်ရွှေမောင်းအိမ်အနီးမှာဖြစ်၍ ဗိုလ်ရွှေမောင်း ဝေခွဲမရ ဖြစ်သွားသည်။

အခြေအနေက စဉ်းစားမရအောင် ရှုပ်ထွေးသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သည်ဥရုရှာကလေးမှာ သူ့အဖွဲ့သားတွေကို ပေါ်ပေါ်ထင်ထင် တပ်စွဲထားပေသည်မဟုတ်။ သင်တန်းပေး လက်နက်တပ်ဆင်ကာ အရေးကြုံမှ ထွက်တိုက်ရန် ပျောက်ကျားအသွင် တပ်ဖျောက်နေစေခဲ့ခြင်းပဲရှိ၏။

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . .''

သေနတ်သံတွေကြားကနေ ရွာခံတပ်သားတစ်ယောက် သူ့အိမ်ပေါ် တွဲလောင်းခိုတက်လာပြီး . . .

''ဗိုလ်ကြီးရွှေမောင်း . . . ဘယ်လိုလုပ်မလဲ၊ ဗိုလ်ကြီးရွှေမောင်း ရောက်နေတာကို ညနေက သူလျှိုတစ်ယောက် သိသွားပြီး တပ်ကို သွားသတင်းပေးလို့ လက်ရဖမ်းဖို့ လာတိုက်ကြတာပဲ''

''လာတိုက်မှတော့ ဘာတတ်နိုင်မှာလဲ။ သူတိုက် ကိုယ်တိုက်ပေါ့။ အညှံ့ခံလိုက်ရင် သူတို့ဘက်က အပေါ်စီးရသွားပြီး ဒီနယ်မြေမှာ လုပ်ချင်သလိုလုပ်၊ ချယ်လှယ်ကြမှာပေါ့။ ကဲ . . . ငါလည်း ထွက်တိုက်မယ်။ တို့တပ်သားတွေကို သတင်းအမြန်ပြန်ပို့လိုက်''

''ဟုတ် . . .''

''ဒိုင်း . . . ဒိုင်း . . . ဒိုင်း . . .''

''ဒက် . . . ဒက် . . . ဒက် . . .''

သေနတ်သံတွေကြားမှာ ဗိုလ်ရွှေမောင်း သေနတ်ဆွဲပြီးထသည်။

''အစ်ကို . . . အစ်ကို . . . ဘယ်သွားမလို့လဲ''

မီးနေခန်းမှ နှင်းနု၏ အသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ဗိုလ်ရွှေမောင်း နောက်ဆံတင်းသွားသည်။

ဒါပေမဲ့ တောထဲတောင်ထဲ လက်တွေ့တိုက်ပွဲတွေကြားမှာ အနေကြာလာတော့ ဘကောင်းသည် ဗိုလ်ရွှေမောင်းအဖြစ် တိုက်ပွဲရည်ဝနေလေပြီ။

''အစ်ကို ဘယ်သွားရမှာလဲ . . . နှင်းနုရယ် . . . တိုက်ပွဲပျော်အစ်ကိုဟာ တိုက်ပွဲရှိရာကို သွားရမှာပေါ့။ အစ်ကိုတို့ ပြည်သူ့လွတ်လပ်ရေးအတွက် အစ်ကိုတို့အနေနဲ့ တိုက်ပွဲကို ရှောင်လို့မရဘူး''





သူ ကျက်မှတ်ထားသော နိုင်ငံရေးဆန်ဆန်စကားလုံးတွေကို ပြောပြီး အိမ်ကြီး၏ နောက်ဖေးပေါက်မှ ခုန်ဆင်းပြေးတော့သည်။

သေနတ်သံတွေ သူ့အိမ်ပတ်ဝန်းကျင်မှာ ဆူညံစွာ ကြားနေရသဲ။

ရွာစပ်မှာလည်း သူ့လူတွေနှင့် တစ်ဖက်တပ်က လူတွေ အပြန်အလှန်တိုက်ခိုက်သံတွေ ကြားနေရတုန်း။

သူက အယောင်ဆောင်။ ခံယူချက်၊ ယုံကြည်ချက် အလေးအနက်မရှိသည့် အပေါ်စား တော်လှန်ရေးသမား။

ဒါကြောင့် နောက်ချန်နေရစ်ရာက နယ်မြေကောင်းတစ်ခုမှာ စီးပွားရေးအကွက်အကွင်းဟောင်း တွေ့သွား၍ မြို့ပေါ်က လုပ်ငန်းရှင်သူဌေးဘဝပြောင်းကာ ခရိုနီလက်သစ်ဖြစ်လာသော သူ့အဖေ ဦးဗထက်နှင့် ဆက်သွယ်ပြီး တစ်ကိုယ်တော်ကောင်းစားရေးအတွက် တော်လှန်ရေးသမားအမည်ခံနေသူ။

တစ်ဖက်မှ တိုက်ခိုက်သူများမှာ ဟိုဘက်ဒီဘက်မလိုက်သော တပ်မတော်သားများဖြစ်နေ၍ ဗိုလ်ရွှေမောင်းမလွယ်သာ မရှုန်းသာ ဖြစ်သွား၏။ တပ်မတော်သားများတွင်လည်း သူတို့အဖေ ခရိုနီကြီးတွေ အိပ်ထောင်ထဲထည့်၍ မရသော တပ်မတော်သားစစ်စစ်တွေရှိကြောင်း သူသိသွားသည်။

ထိုတိုက်ပွဲတွင် ဗိုလ်ရွှေမောင်း ကျဆုံးသွား၏။

သူ့လူတွေက အသက်ပေး တိုက်ပွဲဝင်နေစဉ် ကျည်မျက်ကွယ်နေရာတွင် ခိုကပ်နေသော သူ့ကို ကျည်ဆန်ထိပြီး ခြေထောက်ဒဏ်ရာနှင့် အဖမ်းခံလိုက်ရသည်။

ဤသည်ပင် ခံယူချက်ယုံကြည်ချက်ကြောင့် တောခိုသွားရာမှ တိုက်ပွဲတွင် ဒဏ်ရာရ၍ အမိခံလိုက်ရသော တိုက်ပွဲပျော် သူရဲကောင်းကြီးဗိုလ်ရွှေမောင်း သို့မဟုတ် တိုက်ပွဲကျော်သူရဲကောင်း ဘကောင်းဟု အမည်သည် တွင်ရစ်သွားလေတော့သည်တည်း။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

| ၁၃ |

❑

တိုက်ပွဲပျော်သူရဲကောင်း ဘကောင်းမှာ တိုက်ပွဲတွင် ဖမ်းမိပြီး ထောင်သုံးနှစ် ကျသွားသည်။

ဒါတောင်မှ ခေတ်အဆက်ဆက် တွင်ကျယ်နိုင်သော သူ့ဖခင် လုပ်ငန်းရှင် ခရိုနီကြီးပေးတန်ပေး၊ လိုက်တန်လိုက်၍ ထောင်ထဲမှာ ကောင်းကောင်းနေ၊ ကောင်းကောင်းစားဘဝနှင့် နှစ်နှစ်ပဲ နေလိုက်ရသည်။

ထောင်ကထွက်လာတော့ သူ့ဖခင် ဦးဘထက် အမြော်အမြင်ကြီးကြီးနှင့် စီမံထားမှုကြောင့် သူ့အဖို့ ရေကန်အသင့်ကြာအသင့်။

သို့သော် သူ ထောင်က မထွက်ခင်လေးတွင် သူ့အဖေ ဦးဘထက် ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ပြီး သေဆုံးသွားနှင့်သည်။

ခရိုနီလက်သစ်ကြီးမှာ ဩဇာအာဏာရှိသူတစ်ယောက်ယောက် အပြောင်းအလဲဖြစ်တိုင်း ကိုယ်ကျိုးစီးပွားထိတော့မည်ထင်၍ ရှော့ခ်ဖြစ်သွားခြင်းပင်။

တောမဆိုခင်က သူပစ်ထားခဲ့သော ပထမဇနီးမေကြည်ပြာနှင့် ပြန်ပေါင်းသည်။ သူ့အဖေ စီစဉ်ထားသော လုပ်ငန်းကြီးတစ်ခုတွင် အကြီးအကဲ





ဝင်လုပ်သည်။ ဦးဗထက် အကွက်စေ့အောင် စီစဉ်ထားခဲ့၍ သူ့အတွက် အခက်အခဲမရှိခဲ့။

တောထဲမှာ ကျန်ရစ်သော ဒုတိယဇနီးသည် နှင်းနုနှင့်သားလေး ဗေဒါကို မေ့ထားလိုက်သည်။

သို့သော် ...

သူ မေ့မရသည့် ဥရုချောင်းဖျား ထမံသီနယ်က သမန်းကျားဆိုသူ၏ ကျိန်စာတိုက်မှုကို သူ မေ့ပျောက်၍မရ။

"မင်းဟာ ဒီရွာနဲ့ ရန်ငြိုးရန်စရှိလို့ ကလဲ့စားချေဖို့ လာတဲ့ငါ့ကို ဒီရွာနဲ့ ဘာမဆိုင်ညာမဆိုင် သတ်ခဲ့တဲ့ကောင်။ ငါ့ကိုသတ်ခဲ့လို့ ငါ့မယား ငါ့သားတွေနဲ့ ကွဲခဲ့ရသလို မင်းလည်း မကြာခင် မင်းသားမင်းမယားနဲ့ ကွဲ ရစေမယ်"

သမန်းကျားကျိန်စာကို ပြန်လည်ကြားယောင်တိုင်း ဥရုရွာကလေးက သူ၏ ဒုတိယမိန်းမ နှင်းနုကလေးနှင့် သားလေးဗေဒါကို ကြိုးစားမေ့ ပျောက်ထားပေမဲ့ သူ သတိပြန်မရဘဲ မနေနိုင်။

သို့သော် သူက ခံယူချက်ယုံကြည်ချက်နှင့် တိုက်ပွဲပြန်သူရဲကောင်းကြီးဖြစ်၏။

တောခိုပြီး မိန်းမသွားယူခြင်းမဟုတ်။ တောပစ်မုဆိုးများလို အပျော် တမ်း တောလည်သွားခြင်းမဟုတ်။ ရွှေကြောကြီးကို မမျှော်လင့်ဘဲ တွေ့ ပြီး နိုင်နိုင်မာမာမရှိသော သူ့ပါတီ သူ့အဖွဲ့အတွက် ရန်ပုံငွေ စုဆောင်းသုံးစွဲ ခြင်းမဟုတ်။

သူကအနာဂတ်၊ သူ့ကိုယ်ကျိုးအတွက် တစ်ကိုယ်ကောင်း တော် လှန်ရေးသမား၊ ကောင်းစားဖို့ သူ့အဖေ. ခရိုနီလက်သစ်ကြီးနှင့် လျှို့ဝှက် အဆက်အသွယ်ပြု ပူးပေါင်းကြံစည်ခဲ့သူ။

သူ့အဖေ ခရိုနီလက်သစ်ကြီး ဦးနှောက်သွေးကြောပြတ်ကာ ရုတ် တရက် သေဆုံးသဖြင့် သူ့အတွက် ဦးခေါင်းတစ်လုံး ပျောက်သလို ဖြစ် သွားခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



နှင်းနုကလေးနှင့် သားလေးဗေဒါတို့ကို ပြန်လည်ဆက်သွယ်ဖို့ရာ ထိုထိုသော အခက်အခဲတွေကြားမှာ အကြီးဆုံးအခက်အခဲက မြို့ပေါ်မှာ ကျန်ရစ်ခဲ့သော သူ၏ တရားဝင်လက်ထပ်မယား မကြည်ပြာနှင့် သားကြီး သူရိန်မင်းရှိပါလျက် နောက်မိန်းမတစ်ယောက် ယူခဲ့ခြင်းပင်။

သူ့ဖနီး မကြည်ပြာ၏ဖခင်မှာ သူ့ဖခင်ဦးဗထက်ထက် ငွေကြေး ပို ချမ်းသာသလို တစ်စိတ်တစ်ပိုင်းက နိုင်ငံတော်၏ အုပ်ချုပ်ရေးပိုင်းတွင် ဩဇာအာဏာသက်ရောက်နေခြင်းပင်။ ထိုသို့သော ခေတ်မျိုးတွင် ဩဇာ အာဏာရှိလျှင် ငွေကြေးပြည့်စုံ ချမ်းသာရသည်ပင်။

သူ့ဇနီးမကြည်ပြာက မြို့မှာ ကျန်ရစ်ခဲ့သူမို့ သူတောတွင်းက ဆက်သွယ်ပေးပို့နေသမျှ သိထားသည်။ ထို့ကြောင့် သူ့အပေါ် နောက်အိမ် ထောင်ပြုခဲ့မှုကြောင့် မကျေမနပ်ဖြစ်ကာ ဖွင့်ချဖော်ထုတ်လိုက်လျှင် သူလုပ် ခဲ့သမျှ အဟောသိကံအလဟဿ ဖြစ်သွားနိုင်သည်။

ဘကောင်းအဖို့ အကြောင်းကြောင်းကြောင့် မိန်းမကြောက်ရသူလို ကိုယ့်လုပ်ရပ်နှင့်ကိုယ် အမိခံနေရသည်။

ထိုသို့သော မလူးသာမလွန့်သာ အခြေအနေမျိုးမှာ မမျှော်လင့် ဘဲ ထမံသိနယ် ဥရုရွာမှ သူ့ကိုယုံကြည်အားထား၍ ဒုဗိုလ်အဖြစ်ခံယူထား သော အောင်မောင်းသည် ရှစ်နှစ်သားအရွယ် သူ့သားလေး ဗေဒါနှင့်အတူ သူ့ဆီ လျှို့ဝှက်ဆက်သွယ် ရောက်ရှိလာခဲ့သည်။

ဘကောင်းက သူ့လက်ထက် အမည်ပြောင်းထားသော မြနန္ဒာ ခြံကြီးတွင် လျှို့ဝှက်လက်ခံပြီး သားကလေးဗေဒါနောင်ရေးကို သူ့လူယုံ ကိုမောင်ငြိမ်းအား သူ၏အသက်ကယ်တင်ရှင် အောင်မောင်း၏သားအဖြစ် လှည့်ပြောကာ စောင့်ရှောက်စေခဲ့သည်။

အောင်မောင်းရောက်လာစဉ် သေအံ့မူးမူး ငှက်ဖျားရောဂါဒဏ် ခံစားနေရချိန်ဖြစ်၏။ ကိုမောင်ငြိမ်းနှင့် ဗေဒါကို အပြင်သွားနေစေပြီး အောင် မောင်းဆီမှာ အကြောင်းစုံ နားထောင်သည်။

"နှင်းနုကတော့ ဗိုလ်ကြီးနဲ့စစ်တပ် နောက်ဆုံးတိုက်ပွဲတွေဖြစ်တဲ့ အချိန် မီးတွင်းမှာပဲ သွေးလန်ပြီး အသက်ဆုံးရှုံးသွားခဲ့တယ်။ ကျွန်တော်တို့





လည်း တပ်ဖျက်ပြီး သာမန်တောင်သူတွေဘဝနဲ့ နေခဲ့ကြတယ်။ ကျွန်တော် တို့ရဲ့ လျှို့ဝှက်ရွှေတွင်းကို သိမ်းလိုက်တယ်။ ကျွန်တော်တို့နယ်ကနေ ဗိုလ် ကြီးသတင်းကို စောင့်နားထောင်နေရာက ကျွန်တော့်ရောဂါကလည်း ကျွမ်း နေတော့ မနေရတော့မယ့်အတူတူ ဗိုလ်ကြီးသားလေးကို ဗိုလ်ကြီးဆီ အရောက် လာပို့တာပါ"

ဘကောင်းအဖို့ အောင်မောင်း ရောက်လာခြင်းအတွက် သူ့ဆန္ဒ ပြည့်ဝသလို ဖြစ်သွား၏။

"ကောင်းပြီ . . . အောင်မောင်း၊ မင်းရောဂါက တော်တော်သည်း နေတော့ မင်း ဆေးရုံကို ချက်ချင်းတက်မှ ဖြစ်မယ်။ ဒါတွေ ငါ အားလုံး စီစဉ် ပေးမယ် မင်း ဘာမှမပူနဲ့တော့"

ဘကောင်းက အောင်မောင်းကို အထူးစပယ်ရှယ် ဖွင့်လှစ်ထား သော ပုဂ္ဂလိက ဆေးရုံတစ်ခုသို့ တင်ပေးသည်။

ထိုဆေးရုံမှာပင် ရောဂါကျွမ်းနေသော အောင်မောင်း သုံးရက်မျှခံ ပြီး အသက်သေဆုံးသွားသည်။

သည့်အတွက် တစ်တောရှင်သွားပြီဖြစ်၍ ဘကောင်းအတွက် ခပ် ကောင်းကောင်း။

✿ ✿ ✿

www.burmeseclassic.com

## [၁၄]

❑

သားလေးဗေဒါ ရောက်လာပြီဖြစ်၍ ဘကောင်း အခြေအနေအရ ဝီစင်ကြည့်ကရန် ဆုံးဖြတ်ချက်ချရလေသည်။

တစ်နေ့ သူ့ဇနီးမကြည်ပြာ သူ့ပထမဆုံးသောသား သူရိန်မင်းတို့ သုံးယောက်သားအစုံမှာ ဗေဒါလေးအကြောင်း ဖွင့်ဟ အသိပေးရလေတော့သည်။

ဒါပေမဲ့ မှသားမပါ လက်ာမချောဆိုတာလို တစ်သက်လုံး ဟန်ဆောင်လိမ်လည်လှည့်ဖျားတတ်သော ဝက်တဉာဏ်ကိုတော့ သုံးဖြစ်အောင် သုံးခဲ့ပါ၏။

''ဗေဒါလေးကို လူတစ်လုံး သူတစ်လုံးဖြစ်အောင် စောင့်ရှောက်ကျွေးမွေးသွားဖို့ မောင့်မှာ တာဝန်ရှိတယ် ... ကြည်ပြာ။ ဘာကြောင့်လဲဆိုတော့ ဗေဒါလေးရဲ့အဖေဟာ မောင် တောခိုသွားတုန်းက မောင့်ကို အများကြီး အကူအညီအထောက်အပံ့ပေးခဲ့တဲ့ ရဲဘော်ရဲဘက်တစ်ယောက်ပဲ''

မကြည်ပြာက သူ့ယောကျ်ားဘကောင်းဆီမှ ထွက်ပေါ်လာသည့် စကားများကို ဘာမျှ ဝင်မပြောသေးဘဲ စောင့်ဆိုင်းနားထောင်နေလေသည်။





သူရိန်မင်းကတော့ အရေးမထားလေဟန် သူတို့အနီးမှာပင် တီဗီ ဂိမ်းဆက်၍ ဆော့နေလေ၏။

ဘကောင်းက သူ့စကားကို ဆက်သည်။

''အမှန်တော့ ဗိုလ်အောင်မောင်းဟာ ရဲဘော်ရဲဘက်ဆိုတာထက် မောင့်ရဲ့ အသက်သခင်ဆိုရင် ပိုမှန်မယ်။ တောထဲမှာ ရန်သူတွေနဲ့ တိုက်ပွဲတွေဖြစ်လို့ ဒဏ်ရာရပြီး မောင်သေမဲ့ဆဲဆဲမှာ သူက သူ့အသက်ကို စွန့်ပြီး မောင့်အသက်ကို ကယ်ဆယ်ခဲ့တဲ့ အသက်သခင်ကျေးဇူးရှင်ပဲ။ ပြီးတော့ သူ့ကြောင့် မောင်တို့ လျှို့ဝှက်ရွှေတွင်းတွေပြီး မြို့ပျက်လှုဆဲဆဲ ဖေဖေ့ရဲ့ လုပ်ငန်းကြီးတွေကို ဖွံ့ဖြိုးတိုးတက်လာအောင် အထောက်အကူပေးနိုင်ခဲ့တယ်''

''ဗိုလ်အောင်မောင်းရဲ့ တောထဲကကျေးဇူးတွေက ဟုတ်ပါပြီ။ အခု ဗိုလ်အောင်မောင်းလည်း သေသွားပြီဆိုတော့ သူ့သားလေးဗေဒါကို မောင်က ဆက်လက်စောင့်ရှောက် ကျွေးမွေးပြုစုပျိုးထောင်ချင်တယ် ဆိုပါတော့''

''ဟုတ်ပါတယ် ... ကြည်ပြာ၊ မောင်တို့မှာ သားကြီး သူရိန်မင်း တစ်ယောက်တည်း ရှိလေတော့ သားကြီးလည်း အဖော်ရအောင် ဗေဒါလေးကို သားလေးတစ်ယောက်အဖြစ် မွေးစားမလားလို့ကွယ်''

''အို ... မဟုတ်တာ မောင်ကလည်း၊ ကိုယ့်သားအရင်းနေရာကို ဘယ်သူ့မှ ခွဲဝေမပေးနိုင်ပါဘူး။ ကြည်ပြာနဲ့ မောင်တို့ရဲ့ တစ်ဦးတည်းသောသားဟာ သားအရင်းအချာပဲပေါ့။ ဒီမှာ မောင် တိုးတက်နေတဲ့ ဒီခေတ်ကြီးထဲမှာ သားကြီးသူရိန်မင်းအတွက် မောင့်သွေး ကြည်ပြာ့သွေးပေါင်းသားလေး နောက်တစ်ယောက် အရင်းအချာမွေးလို့ ရနိုင်သေးတယ်၊ သူစိမ်းသူရံရဲ့ သွေးကိုတော့ ကြည်ပြာတို့ အရင်းအချာလုပ်ပြီး မမွေးပါရစေနဲ့''

သည်တော့မှ ဂိမ်းကစားနေသော သူရိမ်မင်းက မနှစ်မြို့စွာနှင့် ဝင်ပြောလေသည်။

''ဒီ အလေအလွင့်တောသားကို သားရဲ့ညီလေးအဖြစ် မေမေက မွေးစားမလို့ပေါ့လေ။ အဲဒါတော့ သားသဘောမတူဘူး။ ဒီကောင်ဟာ



www.burmeseclassic.com

www.burmeseclassic.com



သားရဲ့ညီ ဘယ်တော့မှမဖြစ်နိုင်သလို သားကလည်း သူ့အစ်ကိုနေရာမှာ ဘယ်တော့မှ နေနိုင်မှာမဟုတ်ဘူး ဖေဖေ''

ဘကောင်းအဖို့ သူ့မိသားစု၏ ခါးခါးသီးသီး ငြင်းဆန်မှုကို ခံရပြီးနောက် သူ့သားအရင်းအချာ ဗေဒါလေးကို အိမ်ပေါ်ကိုတောင် ခေါ်မတင်နိုင်ခဲ့တော့။

သူ့မိဘတွေလက်ထက်က လှုယုံတော်ဖြစ်သော ကိုမောင်ငြိမ်းနေသော ကားဂိုဒေါင်မှာသာ အတူနေစေခဲ့သည်။

သို့သော် ကျောင်းတော့ သူရိန်မင်းတက်သော ကျောင်းမှာ အဆင့်မီမီ နေစေခဲ့သည်။

ထိုသို့ အခွင့်အရေးလေး ပေးသည်ကိုပင် သူရိန်မင်းက မကြိုက်။ အခွင့်သာတိုင်း အပြစ်ရှာသည်။

ရမယ်ရှာပြီး ကြံဖန်နှိပ်စက် ထိုးကြိတ်လေ့ရှိ၏။

ဤသည်မှာလည်း ဘကောင်း၏ဇနီး မေကြည်ပြာသည် ဘကောင်း၏ တောတွင်းဇာတ်လမ်း အရှုပ်တော်ပုံကို သက်ာမကင်းရာမှာ အခြေခံသည်ဟု ဘကောင်း ယူဆထားသည်။

သားနှစ်ယောက်၏ အခြေအနေကိုကြည့်ပြီး ဘကောင်း စိတ်ညစ်နေရလေပြီ။

ကျိုကျိုတက်အောင် ချမ်းသာနေပြီဖြစ်သော ဘကောင်း ...။

ပစ္စည်းဥစ္စာရတနာရွှေငွေ ပုံပေါ်မှာ အေးအေးဆေးဆေး မြိန်မြိန်ကြီးထိုင်၍ ဖိမ်ခံစံစားနေရမည့် ဘကောင်း။

ယခု မစံစားနိုင်တော့။

သည်တော့ နဂိုကတည်းက အရက်နှင့် ယဉ်ပါးနေသော ဘကောင်း နေ့မလင်း ညမလင်း အရက်ကို သောက်တော့သည်။

အရက်မူးရင်းကနေ သူ့အား ကျိန်စာတိုက်သွားသော သမန်းကျားဆိုသူ၏ ကျိန်စာကို မူးမူးနှင့် ပြန်လည် ကြားယောင်မိပြန်၏။

''မင်းဟာ ဒီရွာနဲ့ ရန်ငြိုးရန်စရှိလို့ ကလဲ့စားချေဖို့လာတဲ့ ငါ့ကို ဒီရွာနဲ့ ဘာမဆိုင်ညာမဆိုင် သတ်ခဲ့တဲ့ကောင်၊ ငါ့ကိုသတ်ခဲ့လို့ ငါ့မယား





ငါ့သားတွေနဲ့ ကွဲခဲ့ရသလို မင်းလည်း မကြာခင် မင်းသားမင်းမယားနဲ့ ကွဲရစေ့မယ်''

ထိုအသံကြီးကို ကြားယောင်ပြီးနောက် ဘကောင်းသည် မခံမရပ်နိုင်အောင်ဖြစ်ကာ လက်ထဲမှ သောက်လက်စအရက်ဖန်ခွက်ကို ပစ်ပေါက်ခွဲပစ်လိုက်သည်။

''ခွမ်း ...''

''လောကကြီးဟာ မတရားဘူး။ မင်းဟာ လူမဟုတ်လို့ မင်းအသက်သေရတာ။ မင်းကျိန်စာကြောင့် ငါ့မိန်းမ သေသွားခဲ့ပြီ။ မင်းကျိန်စာကြောင့် ငါ့မှာ သားလေးရှိပါလျက်နဲ့ ရှင်လျက်သေနေသလို ရှင်ကွဲကွဲနေရတယ်။ အဲ့ဒီဒုက္ခတွေဟာ မင်းရဲ့ကျိန်စာကြောင့်ရတဲ့ ဒုက္ခတွေကွ။ မင်းကို ငါ အခဲမကျေဘူး။ ဒီတစ်သက် ပြန်တွေ့ရင် ထပ်ပြီး သတ်လိုက်ချင်သေးတယ်''

သူ ပေါက်ကွဲပြီး သူတစ်ယောက်တည်း သောက်လေ့ရှိသော အိမ်တွင်းက ဘားကောင်တာမှာ သူရူးကြီးတစ်ယောက်လို အော်ဟစ်နေတော့သည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၁၅]

❑

မြန်နွာ အရှင်သခင်သူဌေးကြီး ဦးဘကောင်းတစ်ယောက် အရက်တွေမူးပြီး အိပ်ရာသို့ ဘယ်လိုရောက်သွားသည်မသိ။

မနက်တော်တော်လေးနေမြင့်တော့မှ အိမ်ဖော်တွေလာနှိုးမှ ထမြစ်တော့သည်။

"ဆရာ ... ဆရာကြီး ... ထပါဦး"

"ဘာလဲကွာ ... ဘာလဲ ... မင်းတို့ ခါတိုင်း ငါ အိပ်ပျော်နေရင်ခုလိုလာပြီး နိုးရဲကြတာမှမဟုတ်ဘဲ"

ပြောရင်း အိပ်ရာက အသာထလိုက်ရသည်။

"ခါတိုင်း မင်းတို့အန်တီကြည်ပြာ ငါ့အိပ်ခန်းထဲဝင်ပြီး နိုးနေကျ။ ခု သူဘယ်မှာလဲ"

"အန်တီကြည်ပြာ သူ့အခန်းထဲမှာပါ။ ဆရာကြီး လိုက်ကြည့်ပါဦး"

စကားအပြောအဆိုက ထူးခြားနေသဖြင့် ဦးဘကောင်း သူ့အိပ်ခန်းထဲမှ ကပျာကသီ ထလိုက်လာရသည်။





မေကြည်ပြာအခန်းကို ဝင်သွားစဉ် ပထမဆုံး တွေ့မြင်လိုက်ရသည်က ပြည်သူ့ရဲတွေ။

မေကြည်ပြာမှာ အိပ်ရာထဲတွင် လဲလျောင်းလျက် အိပ်ပျော်နေသည့်အနေအထား။

ရဲအုပ်တစ်ယောက်က ဦးဘကောင်းအား သိနေသဖြင့် ...

"ဆရာကြီး ... နိုးပြီလား။ ဆရာကြီးဇနီး ဒေါ်မေကြည်ပြာ ညက အဆိပ်မိပြီး ဆုံးသွားတယ် ... ဆရာကြီး။ ဟောဒီမှာ သူ ညအိပ်ရာဝင်ခါနီး သောက်လေ့ရှိတဲ့ နွားနို့ဖန်ခွက်"

"ဟာ ... နေ ... နေပါဦး ... ဒီမြန်နွာမှာ ကျုပ်က အကြီးအကဲပဲ။ ကျုပ်တောင် မသိရဘဲနဲ့ ခင်ဗျားတို့ရဲတွေကို ဘယ်သူက အကြောင်းကြားလို့ ခင်ဗျားတို့ ကျုပ် မနိုးခင် ရောက်နေရတာလဲ"

"ဆရာကြီးရဲ့သား သူရိန်မင်း ဆက်တာပါ။ ပြီးတော့ ဒီနွားနို့ခွက်ကို ဆရာကြီးကတော် မအိပ်ခင် ယူသွားတာက ဆရာကြီးတို့အိမ်က လူယုံအရိုင်းအစေ ဗေဒါဆိုတဲ့ ကောင်လေးလို့ ပြောလို့ ကျွန်တော့်အဖွဲ့သားတစ်ယောက် ဗေဒါနေတဲ့ ကားဂိုဒေါင်မှာ ဗေဒါ့ကို သွားဖမ်းနေကြပါပြီ"

"ဟင် ... မဟုတ်နိုင်တာ။ သား ... သား ... ရဲတွေကို ဘာတွေပြောနေတာလဲ။ ဒီကိစ္စတွေ ဖေဖေမသိရသေးဘဲ သားက ဘယ်နှယ့်ကြောင့် သိနေရတာတုန်း ... သားရယ်"

ဦးဘကောင်းတစ်ယောက် ထိတ်လန့်ချောက်ချားစွာ ရေရွတ်နေစဉ်မှာ ရဲနှစ်ယောက်ခြံရံ၍ ဗေဒါလေးအား သူတို့ဆီ ခေါ်ဆောင်လာ၏။

"ကျွန်တော်တို့ ဒီကလေးကို ဖမ်းတာမဟုတ်ပါဘူး။ စစ်မေးဖို့ ခေါ်သွားမှာပါ။ နောက် လိုအပ်ရင် တခြား မသင်္ကာတဲ့လူတွေကို ခေါ်ရဦးမှာပါ"

ရဲအုပ်၏စကားကြောင့် ဦးဘကောင်းအဖို့ ရှူးမတတ် ခံစားရလေပြီ။

ဇနီးတစ်ယောက်လုံး ထပ်မံသေဆုံးရသည့်အဖြစ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဗေဒါလေးကို ဖမ်းဆီးခေါ်ဆောင်ခံလိုက်ရသည့်အဖြစ်။

ထိုဖြစ်ရပ်ဆိုးကြီးအတွက် သူသည် အိပ်မက်ဆိုး မက်နေသလို လို။

ဤသို့သော ... အနိဋ္ဌာရုံများကြောင့် မြနန္ဒာအရှင်သခင်ကြီး ကိုဘကောင်း စိတ်တွေ တုန်လှုပ်ချောက်ချားသွားရသည်မှာ အမှန်။

ကုတင်အိပ်ရာထက်မှာ အိပ်ပျော်နေသည့် အနေအထားနှင့် သေဆုံးနေပြီဖြစ်သော ဇနီးသည် မေကြည်ပြာ၏ သက်မဲ့ခန္ဓာ။

သူ့ဇနီးသည်က သူ့ကို သေခွဲ ခွဲသွားခဲ့လေပြီ။

ရဲတွေနှင့်အတူ ပါသွားတော့မည့် သူ့သားလေးဗေဒါ။

သားလေးက အလွန်ကံဆိုးရှာသူလေး။

ဒီသားလေးနှင့်သူ ရှင်ကွဲ ကွဲရတော့မည်။

ကိုဘကောင်း ရင်ထဲမှာ အပူမီးတွေ ဗလောင်ဆူလျက် ရှိချေပြီး ထိုအပူမီးတွေ ကျွမ်းခြစ်လောင်မြိုက်နေသည့်ကြားကပင် သူ၏မြင်ကွင်းတွေ အကြားအာရုံတွေထဲမှာ ...

အကြည့်ရဆိုးလှစွာသော သမန်းကျား၏ ပုံသဏ္ဍာန်ကြီးက သူ့အား လက်ညှိုးငေါက်ငေါက်ထိုးလျက် အသံဆိုးကြီးနှင့် နားမခံသာအောင် ကျိန်စာတိုက်နေသော စကားလုံးများ ...

''မင်းဟာ ဒီရွာနဲ့ ရန်ငြိုးရန်စရှိလို့ ကလဲ့စားချေဖို့ လာတဲ့ငါ့ကို ဒီရွာနဲ့ ဘာမဆိုင်ညာမဆိုင် သတ်ခဲ့တဲ့ကောင်၊ ငါ့ကိုသတ်ခဲ့လို့ ငါ့မယား ငါ့သားတွေနဲ့ ကွဲခဲ့ရသလို မင်းလည်း မကြာခင် မင်းသားမင်းမယားနဲ့ ကွဲရစေ့မယ်''

ကျော်မင်းနိုင်



www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

စာရေးသူရဲ့ အဖေနှင့်အစ်မ ဆုံးသည်မှာ (၂) နှစ်ခန့်သာ ကွာခြား၏။ စာရေးသူ၏ ဖခင်မှာ လည်ချောင်းကင်ဆာနှင့် ဆုံးသွားခြင်းဖြစ်၏။ ဖခင်က စိတ်ရင်းကောင်းသော်လည်း ပြောပေါက်ဆိုပေါက် ဆိုးချင်ဆိုး၏။ ဝိသလေးနှင့် ဘေးပစ်လိုက်သလိုပဲ ပြောတတ်၏။ ဝစီကံကြောင့် လည်ချောင်းနှင့် ခံတွင်းကင်ဆာဖြစ်ပြီး ခြောက်လလောက် အလူးအလဲ ခံစားပြီးမှ ကွယ်လွန်သွားရခြင်းဖြစ်၏။

အပြောဆိုးတာ မကောင်းပါ။ ဝစီဗေဒ ထိတိုင်းရှဆိုသော စကားပုံလည်း ကြားဖူးကြမှာပါ။ အဖေ့ရဲ့ သမီးအကြီးဆုံးဖြစ်သော အစ်မမှာလည်း အဖေ့လိုပင် စိတ်ရင်းကောင်းပြီး အပေါက်ဆိုး၏။ မှန်တယ်ထင်ရင် ဖွတ်ပြောတော့၏။ ဘယ်သူ့မျက်နှာမှ မထောက်။ အပြောဆိုးသည်ဆိုရာ၌ ဖရုသဝါစာ ဆဲဆို၊ ကြိမ်း၊ မောင်း၊ ကျိန်စာတိုက်တာမျိုး မဟုတ်ပါ။ တစ်ဖက်လူ အထိနာအောင် ပိတ်ပြောတာမျိုး၊ အောင့်သက်သက်ဖြစ်စရာမျိုးတွေသာ ပြောကြခြင်းဖြစ်လေသည်။





အမေမဆုံးခင်က လည်ချောင်းကင်ဆာရောဂါကို အလူးအလိမ့် ခံစားလိုက်ရ၏။ အဖတ်စားလို့မရ။ အရည်သာ သောက်ရ၏။ အချိုရည်၊ ဖျော်ရည်လောက်သာ သောက်ရ၏။ အားဆေးတွေ သွင်းနေရ၏။ ရောဂါကတစ်မျိုးတည်းမဟုတ်။ ရေဖျဉ်းစွဲ၍ သုံးလေးခါ ဖောက်ထုတ်ထားရပြီးပြီ။

အဖေ့ အာခေါင်ထဲမှာ အသီးလေးတွေ ပြွတ်သိပ်နေသော အသားစိုင်အခိုင် ကွမ်းသီးလုံးခန့်ရှိ၏။ အဲ့ဒီအသားစကို နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးက ညှပ်ယူပြီး စစ်ဆေးရာက ကင်ဆာဟု သတ်မှတ်လိုက်ခြင်းဖြစ်၏။

စာရေးသူက အဖေ့လည်ချောင်းရှင်းစေရန် ထိုမြစ်သီးခိုင်ကို ခွဲထုတ်စေချင်၏။ ဆရာဝန်ကြီးတွေက ခွဲမပေး။ အသက် (၇၀) ကျော်နေပြီ။ သွေးချိုဆီးချိုကလည်း ရှိနေ၍ အနာမကျက်နိုင်ကြောင်း ရှင်းပြ၏။ ဆရာဝန်ကြီးတွေက အဖေ့ကို အိမ်ပြန်ခေါ်ပြီး စိတ်ချမ်းသာအောင် ထားပါတော့ဟု ပြောကာ ရန်ကုန် နား၊ နှာခေါင်း၊ လည်ချောင်းဆေးရုံကြီးက ဆင်းခွင့်ပြုလိုက်၏။

အဖေ့ကို အိမ်ကကားနှင့်ခေါ်ပြီး နယ်ပြန်ကြမည့်နေ့။ စာရေးသူလမ်းလျှောက်လာရင်း ငိုကြွေးခဲ့ရ၏။ ဘဝရဲ့ အားထားရာ ရွှေတောင်ကြီး ပြိုလဲတော့မည့်အရေးကို ဝမ်းနည်းပူဆွေးမိ၏။

စိတ်သောကကြီးပြီး လွင့်ချင်ရာလွင့် လျှောက်သွားမိရာ ဗဟန်းရှိ ပန်းဆိုး ပန်းပုကျောင်းရှေ့ မှတ်တိုင်ကို ရောက်လာ၏။ ဖြတ်သွားဖြတ်လာ လူတွေ၊ ကားတွေကို လိုက်ကြည့်နေမိ၏။ သူတို့ဘဝတွေများ အပူအပင်ကင်းလိုက်ကြတာ။ ကားပေါ်က လူတွေဆိုတော့ ပြည့်စုံနေတော့ မြူးလို့ရှင်လို့။

စားရေသူသာ ငွေကြေးတတ်နိုင်လျှင် နိုင်ငံခြားထွက်ပြီး အဖေ့ရောဂါကို ကုသမိမှာအမှန်။ ငွေကြေးကလည်း မတတ်နိုင်။ မှိုင်တွေ့ဆွေးပြီး ငွေကြေးမချမ်းသာသည့်ဘဝကို တွေးတွေးပြီး စိတ်နာနေမိ၏။



www.burmeseclassic.com

www.burmeseclassic.com



စာပေလိုင်းမှာ နာမည်ကြီး စာရေးဆရာတစ်ယောက်ဖြစ်အောင် ရပ်နိုင်ခဲ့သော်လည်း အကျိုးအမြတ်မှန်သမျှကို ထုတ်ဝေသူက စားသွား၏။ စာရေးသူက ငွေကြေးနှင့်ပတ်သက်ပြီး စကားပြောရတာမျိုး မလုပ်ချင်။ ထုတ်ဝေသူပေးသမျှ နေထိုင်စားသောက်ဖြစ်ရုံ ငွေကြေးနှင့် ဘဝကို ရပ်တည်ခဲ့ရ၏။ စာရေးသူ ကိုယ့်ဘဝကို ပြန်တွေးနေစဉ် . . .

စာရေးသူရဲ့ ပထမဆုံး လုံးချင်းဝတ္ထုကို ရိုက်သည့် ဗီဒီယိုကားမှာ သရုပ်ဆောင်ခဲ့သော နာမည်ကြီးမင်းသမီးရဲ့နောက်ဆုံးပေါ် ဖိမ်ခံကားလေး စာရေးသူထိုင်နေရာ မှတ်တိုင်ရှေ့ကနေ ဖြတ်မောင်းသွား၏။

စာရေးသူရဲ့ ဝတ္ထုမှာလည်း နာမည်ကြီးခဲ့၏။ စာရေးသူဝတ္ထုကို ရိုက်ပြီး အဲ့ဒီမင်းသမီးလည်း နာမည် တဟုန်ထိုး ကြီးသွားခဲ့၏။ မင်းသားရော မင်းသမီးပါ စာရေးသူရဲ့ဝတ္ထုကို မရိုက်ခင်က နာမည်မကြီးကြ။ စာရေးသူရဲ့ ဝတ္ထုကိုရိုက်ပြီးမှ တဟုန်ထိုးနာမည်ကြီးသွားကြခြင်း ဖြစ်၏။ ဝတ္ထုကလည်း တစ်နှစ်လောက်အထိ ဗီဒီယိုနှင့် ရုပ်ရှင်ထုတ်လုပ်ရေးတိုက်မှာ အရောင်းသွက်နေခဲ့၏။

စာရေးသူ ကံကောင်းပြီး ချက်ချင်း ကံပြန်ဆိုးသလို ဖြစ်ခဲ့ရ၏။ စာရေးသူရဲ့ဝတ္ထုကို ရိုက်ကူးသော ဒါရိုက်တာကလည်း အသစ်။ စာရေးသူရဲ့ ဝတ္ထုကိုရိုက်ပြီး ပေါက်သွားကာမှ ရုတ်တရက် သေဆုံးသွားရ၏။ နို့မို့ အဲ့ဒီဒါရိုက်တာက စာရေးသူရဲ့ ဝတ္ထုထွက်သမျှ အကုန်ကြိုဖတ်ထားသူ။ စာရေးသူနာမည်က ကောက်ရိုးမီးလို ဖြစ်ခဲ့ရ၏။

မင်းသမီးလေး ဖိမ်ခံကားပေါ် ပါသွားတာကိုကြည့်ပြီး မုဒိတာ ပွားမိသလို သံဝေဂလည်း ရမိ၏။

"ကောင်းစားသွားပြီပေါ့ ရွှေမင်းသမီးလေးရယ်။ ငါ့ဘဝလို အပူအပင်တွေမရှိတာ ဝမ်းသာပါတယ်ကွယ်။ ဩော် . . . ဘဝဆိုတာ . . ."

ကိုယ်ခင်းပေးလိုက်တဲ့ တံတားပေါ် သူတို့လျှောက်သွားတာ ဖြောင့်ဖြူးပြီး ခလုတ်မထိ၊ ဆူးမငြိကြဘူးပေါ့။ တံတားဆောက်သူ ကိုယ့်မှာတော့ ဖွက်ထဲကနေ တံတားတိုင်တွေစိုက်၊ သစ်သားကို သံတွေရိုက်နှင့် ဒုက္ခများ





ခဲ့ရ၏။ အခုထိလည်း ဗွက်ထဲက ဆင်းလျှောက်ပြီး တံတားအသစ်တွေ ဆောက်နေရတုန်းပါလား။

ရင်ဖွင့်ပြောပြချင်လိုက်တာ။ အဲ့လို ပြောချင်လွန်းလို့ စာရေးဆရာ လုပ်ခဲ့တာပါ။ တကယ်တမ်း စာရေးဆရာဖြစ်လာတော့ ကိုယ့်အကြောင်း ကိုယ် သိပ်မပြောရဲ။ အခုတော့ ရင့်ကျက်လာပြီမို့ ပြောရတော့မည်။ နာမည်ကြီးပြီး ငွေကြေးမချမ်းသာသည့် စာရေးဆရာတစ်ယောက်၊ ဖခင်ရဲ့ အသက်ကိုလည်း မတတ်နိုင်။ မှတ်တိုင်မှာ လင်းတမှိုင် မှိုင်နေရတဲ့အဖြစ်။

ရင်ထဲမှာ မခံစားနိုင်တော့ဘူး။ တာမွေ ရှုပ်ပါကူရှေ့က နား၊ နားခေါင်း၊ လည်ချောင်းဆေးရုံကြီးကို အပြေးပြန်လာမိ၏။ အဖေ့ကို ကင်ဆာဖြစ်သည်ဟု မပြောကြသော်လည်း ပြောသံဆိုသံတွေ နားထောင်ပြီး အဖေသဘောပေါက်နေ၏။ ကားပေါ်မှာ ငုတ်တုတ်လေးထိုင်ပြီး ငိုင်နေသော အဖေ့ကိုကြည့်ပြီး ရင်ကွဲမတတ် ခံစားနေ၏။

သားသမီးခုနှစ်ယောက်ကို လူလားမြောက်သည်အထိ မျက်နှာမငယ်ရအောင် နယ်အတိုင်းအတာနှင့် လူတန်းစေ့နေနိုင်အောင် ထားပေးခဲ့သော အဖေ၊ ရွာကျွေးခဲ့သော အဖေ၊ မုန့်ဖိုးပါ ပေးတတ်သော အဖေ၊ သေလုမျောပါး ရောဂါဝေဒနာတွေ ခံစားရတိုင်း ရှေ့ကနေ မားမားမတ်မတ် ရပ်ပြီး ဆရာဝန်တွေထံမှာ ဆေးကုသပေးသော အဖေ။

သားသမီးတွေဆီက ဘာမှ ပြန်မတောင်းဆိုသော အဖေ။

အဖေ့ရောဂါကို ကုရင်း အိမ်တွေ၊ ကားတွေ၊ အတွင်းပစ္စည်းတွေ ကုန်မှာစိုးလို့ အကုန်အကျသက်သာတဲ့ ဆရာဝန်နဲ့ပဲ ကုသဖို့ ကြိတ်ပြီး ဆုံးဖြတ်ချက်ချလိုက်သည့် အဖေ။နယ်ကိုပြန်သွားတော့ ရန်ကုန်မှာ ကိုယ့်မိသားစုနှင့် ကိုယ်နေထိုင်သည့် ကျွန်တော်က လက်ပြနှုတ်ဆက်ပြီး မျက်ရည် မြိုင်မြိုင်ကျမိရ၏။

ကျွန်တော် ဘာများတတ်နိုင်ဦးမှာလဲ အဖေရယ် . . .။ ၂၀

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## [၂]

❑

အဖေ့အတွက် ဆေးကုသစရိတ်တွေ များလာ၏။ အဖေကလည်း အထူးတလည် ဆေးကုသခံမနေတော့။ သေမည့်ရောဂါမှန်း သိနေရှာ၏။ ဝေဒနာကို ကြိတ်မှိတ်သည်းခံရှာ၏။ သား၊ သမီး၊ မြေး၊ မြစ် တပြုံတမကြီးလည်း သူ့ကို မကယ်နိုင်တော့။ ရှေ့ရှည်ကြတော့ ငြိုငြင်လာကြ၏။ အာဟာရ ကျွေးကြသော်လည်း အဖေ မစားနိုင်။ ပိန်လိန်လိုက်လာ၏။ အသက်ကြီးတော့ သူငယ်ပြန်သလိုဖြစ်လာ၏။ အဲဒါကို အိမ်ကလူတွေက ဖုတ်ဝင်သည်ဟု ထင်ကုန်ကြ၏။ ဖုတ်ထုတ်သည့်လူကလည်း အိမ်ရှေ့ လက်ဖက်ရည်ဆိုင်က တတ်ယောင်ကား စိန်ရွှေဆိုသည့် အကုသိုလ်ကောင်ကြီး။

''ညကျရင် တော်တော်နဲ့ မအိပ်ဘူး။ ခြင်ထောင်ထဲကနေ သူများ ရယ်သံကြားရင် လိုက်ရယ်တယ်။ သူ့ကို အမြဲနှိပ်ပေးမှ ကြိုက်တာ။ သူ့အနားမှာ ဘယ်သူမှမရှိရင် အော်တော့တာပဲ''

''ဟာ . . . အဲဒါ သွေးစုတ်ဖုတ်ဟ။ ဆက်မမွေးထားသင့်ဘူး။ မွေးရင် အိမ်သားတွေ သေကုန်မယ်။ ဘာမှတ်နေလဲ''





''ဦးစိန်ရွှေ၊ အစွယ်လည်း မပေါက်၊ လည်ချောင်းလည်း မဖောက်ပဲနဲ့ ဘာလို့ သွေးစုပ်ဖုတ်လို့ ပြောရတာလဲ''

''လက်နဲ့ သူ့အသားကို ထိပေးရင် သူ သွေးစုပ်လို့ရပြီ။ အဲ့ဒါကြောင့် အမြဲတမ်း နှိပ်ခိုင်းနေတာပေါ့''

''ဟာဗျာ . . . ညောင်းညာကိုက်ခဲလို့ နှိပ်ခိုင်းတာလည်း ဖြစ်မှာပါ။ ခင်ဗျားတောင် မကြာခဏ အနှိပ်ခံနေသေးတာလဲ'

''မတူဘူးကွ။ သူ့ဟာက အမြဲတမ်းနှိပ်ပေးနေမှ ကြိုက်တာ။ အဲ့ဒါ သွေးစုပ်ဖုတ် မှုယာမာယာ သိပ်များတယ်။ ဖုတ်ထုတ်ဆေး ငါတိုက်ပေးမယ်။ သူ့ဘာသာ ကြိုက်သလိုအော်နေပါစေ။ အနားကို ဘယ်သူမှ မကပ်ကြနဲ့ ကြားလား''

စိန်ရွှေက ဖားပြုတ်အဆိပ်တို့ တခြားအဆိပ်တို့ စုစည်းထားသော ဆေးလုံးတိုက်လိုက်၍လားမသိ။ ဖခင်ကြီးမှာ တစ်ရက်ခွဲလောက် မချိမဆန့် အော်ဟစ်လူးလိမ့်နေပြီး သေသွားရရှာ၏။ စာရေးသူရဲ့ အိမ်သားတွေကိုက စိန်ရွှေလို ဆရာအတုအယောင်ရဲ့ စကားကို ယုံစားမိတာ မဟာအမှား။

စိန်ရွှေက အကုသိုလ်မျိုးစုံလုပ်ပြီး အသက်မွေးနေသူ။ ဖခင်ကြီး ကောင်းစဉ်အခါက အကြောမတည့်။ ဖခင်ကြီးကလည်း စိန်ရွှေကို ပိတ်ပိတ်ပြောပစ်တတ်၏။ စိန်ရွှေက မလှန်ရဲ၍ ငုံခံရှာ၏။ အခွင့်သာသည်နှင့် အိမ်သားတွေကို အယုံသွင်းပြီးဆော်တော့၏။ စာရေးသူလည်း အစကဖြင့် မသိ။ ဖခင်ကြီးရဲ့ အသုဘကို သွားပို့မှ ဘေးလူတွေပြောပြ၍ သိရခြင်းဖြစ်၏။

စိန်ရွှေကို စာရေးသူလည်း ဒေါသနှင့် သတ်မည်ဖြတ်မည်လုပ်မိသေး၏။ ဘေးက အမျိုးအဆွေတွေ ဝိုင်းတား၍ လက်လျှော့လိုက်ရ၏။ အိမ်သားတွေက လေးလကျော်လောက် ချီးသေးကအစ ပြုစုနေရသော ဖခင်ကြီးကိုကြာတော့ ငြိုငြင်ပြီး သူများက ဖုတ်ဆိုတာနှင့် လိုက်ဖုတ်လိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူရဲ့ ဖခင်ကြီးလို အခြား သက်ကြီးရွယ်အို နာမကျန်းသူတွေလည်း သူတို့ဖာသာ ဝေဒနာကြောင့် ညည်းတွားနေကြတာကို ဖုတ်ဝင်သည်ဆိုပြီး ဖုတ်ထုတ်ဆေးတွေ စိန်ရွှေတိုက်လိုက်၍ အကုန်သေကုန်၏။ စိန်ရွှေလို ဆရာယောင်ဆောင်သော လူယုတ်မာတွေရဲ့ စကားကို မယုံမိကြဖို့ စာရေးသူရဲ့ ကိုယ်တွေ့ဖြစ်ရပ်နှင့် နှိုင်းယှဉ်အသိပေးရခြင်း ဖြစ်ပါသည်။

အဖေသေပြီးတော့ တစ်အိမ်လုံး ကြောက်နေကြ၏။ အဖေ သေခါနီးမှာ အားကိုးရာ လက်ကလေးတစ်ဖက်ပင် ဆုပ်ကိုင်မသွားရရှာ။ သူတို့ ရက်စက်ထားမိတာတွေ သူတို့ ပြန်လန့်နေကြခြင်းဖြစ်ပင်။ အဖေက ဖခင်ကောင်းပီပီ သေတာတောင် ခြောက်လှန့်မသွား။ သူတို့ကို ကုတ်ချိုးသတ်ဖို့ နေနေသာသာ ချိုးခနဲ ရွှတ်ခနဲပင် မလုပ်ပြ။ ရက်လည်ဆွမ်းကျွေးသည့် ညကတစ်အိမ်လုံးညေ့ခန်းမှာပင် စုပြုံအိပ်ကြ၏။ အပေါ်ထပ်ကို မတက်ရဲကြ။ စာရေးသူက အဖေ့အသုဘ မြေချသည့်နေ့တည်းက ရန်ကုန်ပြန်လာလိုက်၏။ သူတို့တစ်တွေရဲ့ မျက်နှာတွေကို မတွေ့ချင်တော့ သောကြောင့်ဖြစ်၏။ အဖေ့အကြောင်းတွေကို နောက်မှ ပြန်ကြားရခြင်းဖြစ်၏။

အဖေက နှတ်ဆက်ညမှာပင် သူတို့အားလုံးကို စောင်မြဲပေးသွား၏။ ဖွင့်အိပ်သော ပြတင်းတံခါးကို ပိတ်ပေးသွား၏။ အဖေ ဘာမှ ယူမသွား။ တမလွန်ဘဝအထိ မယား၊ သား၊ သမီး၊ မြေးတွေအပေါ်မှာ ယုယကြင်နာပြသွား၏။ ဩော် ... စံပြအဖေကောင်းပါတကား။ စာရေးသူ တွေးမိတိုင်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရ၏။

အဖေဆုံးပြီးသည့်နောက် အိမ်ပေါ်ထပ်ကို ဘယ်သူမှ တက်မအိပ်ရဲကြ။ အဖေကလည်း သူ့သမီးအငယ်ဆုံးမကို အိပ်မက်ပေး၏။

"သမီး အပျိုပေါက်ဖြစ်နေပေမဲ့ အဖေ စိတ်မချဆုံး။ အိပ်အပေါ်ထပ်က သမီးရဲ့ အခန်းမှာပဲနေတယ် ... သိလား။ အဖေ စောင့်ရှောက်နေတယ်။ ဘာမှ အားမငယ်နဲ့ သမီးလေး"





အငယ်ဆုံးမ အိပ်မက်ကို အဟုတ်ထင်ပြီး အဲဒီအခန်းကိုပါ သော့ပိတ်ပစ်လိုက်ကြ၏။ နေ့လယ်ဖက် အပေါ်ထပ် ဘုရားစင်ကို ဆွမ်းတော်ကပ်၊ ရေချမ်းကပ်ရင်တောင် အဖော်တစ်ယောက်လောက်ပါမှ သွားရဲကြ၏။

အဖေက လုံးဝ မခြောက်ပါ။ မသေခင်ကတည်းက သူ့သားသမီးတွေ ကြောက်တတ်မှန်း အဖေ သိပြီးသား။ အဲ့ဒါတောင် သူတို့မှာ အဖြစ်သည်းနေကြ၏။ အဖေသာ ကိုယ်ထင်ပြလိုက်လို့ကတော့ အကုန် လိပ်ပြာလွင့် သေကုန်နိုင်၏။

✿ ✿ ✿

[၃]

❑

အဖေ သေငယ်ဇောနှင့် မျောနေချိန်မှာ ရန်ကုန်က စာရေးသူရဲ့ အိမ်မှာ ထူးဆန်းတာတွေဖြစ်နေ၏။ အဖေ့ရဲ့ခေါ်သံမျိုး စာရေးသူရဲ့ နာမည်ကို ခေါ်လိုက်သံကြားရ၏။ တံခါးဖွင့်ကြည့်တော့ ဘယ်သူမှမရှိ။ နားကြားများတာ မဖြစ်နိုင်။ ဖနိုးသည့်ကိုယ်တိုင်လည်း ကြားလိုက်ရ၏။ အိမ်ခန်းထဲက နံရံကို လက်နှင့်ပုတ်သံသုံးချက် ကြားလိုက်ရ၏။ နာရီတိုင်းလုံးက နာရီဝက်နှင့် ထမြည်နေ၏။

စာရေးသူ စိတ်ထဲလေးလာ၍ ဖုန်းဆက်ကြည့်၏။ အဖေဆုံးပြီဆိုတာ ကြားလိုက်ရ၏။ အဖေ့အသုဘပြီးတော့လည်း အိမ်ကို အဖေ လိုက်လာပုံရ၏။ ဟိုနေရာမှာ လှစ်ခနဲ၊ ဒီနေရာမှာ ဖျတ်ခနဲ အဖေ့ကို တွေ့လိုက်ရ၏။ စိတ်ထင်၍များလား၊ စိတ်စွဲနေ၍များလား။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူလည်း ဘုရားစင်ရှေ့မှာ အဲဖေ့ဓာတ်ပုံလေးကိုချပြီး အဖေ ကောင်းမွန်ရာရောက်ဖို့ အာရုံပြုပြီး ဆုတောင်းပေးနေမိ၏။

"ဟင် ... အ ... အဖေ ..."

"ယောက်ျား ... ရှင် ဘာဖြစ်လို့လဲ"

"ဓာတ်ပုံထဲမှာ အဖေ ငါ့ကို ပြုံးပြတယ်ကွ။ သေသေချာချာကို တွေ့လိုက်ရတာ"

စာရေးသူ အမြင်လုံးဝမမှားပါ။ အဖေ့ဓာတ်ပုံက ကြည့်နေရာက တဖြည်းဖြည်းပြုံးလာခြင်းဖြစ်၏။ မိန်းမက ...

"ပြုံးတာ ကောင်းတာပေါ့။ ကောင်းရာမွန်ရာ ရောက်သွားတဲ့သူ တိုင်း ပြုံးကြတယ်လေ"

စာရေးသူလည်း ထိုကဲ့သို့ပင် ယူဆလိုက်တော့၏။ နောင် (၂) နှစ်ခွဲ ကြာသည်အထိ အိမ်ပြန်မရောက်မိ။ စာပေလောကထဲမှာ မြှုပ်လိုက်၊ ပေါ်လိုက်နှင့် ကူးခတ်ရင်း အသက်ဆက်နေမိ၏။ အစ်မဖြစ်သူ ဆုံးသည့် သတင်းရောက်လာ၏။

"အကောင်းသားကြီးကနေ ဆုံးသွားတာပါ ... သားရယ်။ အမေ့ မျက်စိထဲကကို မထွက်ဘူး။ မုန့်ဟင်းခါးစားပြီး ခဏဝင်အိပ်ဦးမယ်ဆိုပြီး အိပ်လိုက်တာ နှစ်နာရီလောက်ကြာတာနဲ့ ပြန်နှိုးကြည့်တော့ အသက်မရှိ တော့ဘူး"

အမေက ဖုန်းထဲမှာ ရှင်းပြ၏။ အစ်မက နှလုံးရောဂါအခံရှိ၊ အသက်ငါးဆယ်နားကပ်နေတော့ ရောဂါတွေက ဟိုကဝင်၊ ဒီကဝင်ပေါ့။ စာရေးသူရဲ့အထက် လေးယောက်ခြား အစ်မအကြီးဆုံးကြီးဖြစ်၏။ အရွယ် ရောက်ကာစ သားသမီးသုံးယောက် ကျန်ရစ်၏။ ယောက်ဖဖြစ်သူကလည်း နားအေးပါးအေးသမား။ အစ်မကြီးက ဆူဆူပူပူသမား။ သူ့မိန်းမ မရှိတော့ သူလည်း ငူငူငိုင်ငိုင်။

အစ်မကြီးမသေခင်က တိုက်ခန်းကိစ္စ (အမွေကိစ္စ)ကို အစ်ကို လတ်နှင့် စကားများသွား၏။ အစ်ကိုလတ်နှင့် ညီမအငယ်ဆုံးသာ လူပျို





လူလွတ်ရှိတော့၏။ အစ်ကိုလတ်က အဖေဆုံးပြီး (၂) လအကြာမှာ အိမ်ပေါ် တက် အိပ်ရဲသေး၏။ အစ်မဆုံးတော့ တက်မအိပ်ရဲတော့။

အစ်မကလည်း အမွေကိစ္စနှင့် စကားများတိုင်း လည်ပင်းညှစ် မယ်ချည်း လုပ်နေတတ်၏။

"အစ်မ ... နင်ပဲ အဲ့ဒီလောဘဇောနဲ့ သေမှာပဲ"

"သေသေ ငါသေရင် နင့်ကို လည်ပင်းညှစ်သတ်မယ်"

ဟု ကြိမ်းဝါးထားသေး၏။

အစ်မဆုံး၍ နယ်က အိမ်ကိုရောက်သွားမိ၏။ အစ်မကတော့ အဖေ့လိုမဟုတ်။ စိတ်ကြီး၊ စိတ်ထက်၏။ သူ့သားသမီးတွေအပေါ်မှာလည်း သံယောဇဉ်ကြီး၏။ ကျွတ်မည်မထင်။ သူအမွေရသော တိုက်ခန်းကိုလည်း စိတ်စွဲသွား၏။ အဲ့ဒီအခန်းကို မနက်ဖြန်လို ပြောင်းဖို့အပြင် ဒီနေ့လိုမှာ သေ သွားခြင်းဖြစ်၏။

အစ်မရဲ့ ရုပ်အလောင်းကို လှပစွာ ပြင်ဆင်ထား၏။ မပုပ်မသိုး ရအောင် ဆေးထိုးထား၏။ အစ်မပုံစံက အိပ်နေသည့်အတိုင်းပင်။

"မထင်ဘူးကွာ ... အကောင်းသားကြီးကနေ ရုတ်တရက် ဆုံး သွားတာ ဟုတ်မှဟုတ်ရဲ့လားလို့တောင် ထင်မိနေတယ်"

ယောက်ဖက အံကြိတ်သံဖြင့် ပြောလာ၏။ တစ်အိမ်သားလုံး လည်း ငိုလို့အားမရ။ ငယ်ငယ်ကတည်းက ခရေပန်းကြိုက်တတ်သော အစ်မ ကိုယ်ပေါ်ကို ခရေပန်းအများကြီး အလောင်းပေါ်တင်ပေးပြီး ...

"အမေ့သမီး ခရေမလေးရေ ... နောက်ဘဝတွေမှာ ခရေလိုပဲ မွှေးပါစေ၊ ခရေလိုလည်း လှပါစေ၊ မြတ်ဗုဒ္ဓရဲ့ တရားမွှ အဆုံးအမတွေ ရရှိ ပြီး နိဗ္ဗာန်သို့တိုင် ကျွတ်တန်းဝင်နိုင်ပါစေ။ သမီးလေးရေ ဒီဘဝတော့ ဒီမျှ နဲ့ ကံကုန်ပြီ။ အမေ့ရင်တွေ မချိတော့ပါဘူးကွယ်"

အမေငိုတော့ စာရေးသူလည်း လူကွယ်ရာမှာ ရှိုက်ကြီးတငင် လှိုက် လှိုက်လှဲလှဲ ငိုကြွေးမိ၏။ အမေ မွေးထားသည့် သား၊ သမီးတွေအတွက် အနစ်နာခံပြီး ကူညီထိန်းကျောင်းပေးခဲ့သည့် အစ်မ။



www.burmeseclassic.com

www.burmeseclassic.com



မောင်၊ ညီမတွေ ပညာရေး လမ်းပွင့်စေဖို့ ရှေ့ကနေ ဘေးဖယ်ပေးခဲ့သည့် အစ်မ။

မောင်၊ ညီမတွေရဲ့ ဝတ္တရားမှန်သမျှ ဒိုင်ခံဆောင်ရွက်ပေးခဲ့သည့် အစ်မအကြောင်းတွေ ပြန်တွေးပြီး စိတ်ထဲကနေ ရှိခိုးကာ ကောင်းရာ၊ မွန်ရာ ရောက်စေဖို့ ဆုတောင်းပေးနေမိ၏။

ဩော် ... စာရေးသူ ငယ်ငယ် (၁၀) နှစ်သားလောက်က ဒီအဖေ၊ ဒီအမေ၊ ဒီညီအစ်ကို၊ မောင်နှမတွေနဲ့ ရာသက်ပန် နေသွားရမယ်။ ဘယ်တော့မှ မသေတော့ဘူးလို့ ထင်ထားခဲ့တာ။ အသက် (၁၃) နှစ်သားလောက်မှာ တရားသဘော နားလည်လာခဲ့။ တစ်နေ့တော့ မိသားစုတွေ ခွဲရမှာပဲဆိုတာ သိလာခဲ့ရ၏။ ရပ်ကွက်ထဲက အိမ်တွေ အိမ်တိုင်း သေဆုံးကြ၏။ စာရေးသူတို့ အိမ်သားတွေက အိမ်သစ်ဆောက်ပြီးကတည်းက လူသေထားတာမရှိ။

စာရေးသူလည်း အခါခါ ဆုတောင်းထားမိ၏။ မိဘ၊ ညီအစ်ကို မောင်နှမ၊ ဆွေမျိုးမိတ်သင်္ဂဟတွေကို စာရေးသူကသာ အရင်ခွဲသွားရသောသူ ဖြစ်ရပါလို၏ ... ဟု။

တကယ်တမ်းခွဲသွားတော့ အဖေက အရင်ခွဲသွား၏။ ပြီးတော့ အစ်မ၊ မျက်နှာငယ်လေးတွေနှင့် တူ၊ တူမတွေကို ကြည့်မိတော့လည်း ရင်ထဲမကောင်းပြန်။ စာရေးသူတစ်ယောက်တည်း ဘယ်သူမှ မတက်ရဲသည့် အိမ်ပေါ်မှာ ညဆက်တက်နေလိုက်၏။ ဘုရားစင်မီးကလွဲလျှင် အမှောင်ချထား၏။ ဘုရားဝတ်ပြုပြီးသောအခါ အစ်မနေခဲ့ဖူးသော အခန်းထဲကို ဝင်နေလိုက်၏။

"အစ်မ ... ငါ မကြောက်ဘူး။ ငါ့ကို ကြိုက်သလို ကိုယ်ထင်ပြ။ အစ်မကို ငါ စကားတွေ အများကြီး ပြောချင်တယ်။ ငါ အစ်မရဲ့ ဝိညာဉ်ကို တွေ့ချင်တယ်။ ငါ့ကို ပြပါဟာ"

စာရေးသူ ကြောက်စိတ်ရှိသော်လည်း ဆန္ဒရှိရာ ပြောနေမိ၏။ အစ်မနှင့်တွေ့လျှင် ကောင်းရာမွန်ရာ ရောက်ဖို့ ဘာလုပ်ပေးရမလဲဆိုတာကို အရင်မေးကြည့်ချင်၏။





အစ်မကို ရေရွတ်ပြီးပြောလိုက်တိုင်း ကြက်သီးမွှေးကြီးတွေ ထပြီး ခေါင်းနပန်း ကြီးကြီးထွက်သွား၏။

အမှောင်ထဲမှာ စာရေးသူရဲ့ အာရုံတွေကို ကြိုးစားစုစည်းသော်လည်း စုစည်းလို့မရ။ အပြင်ဘက်က ခြေသံရှပ်ရှပ်ကို ကြားရ၏။ ဒါတွေက ကြားရိုးကြားစဉ်တွေပါ။

"ဝုန်း"

"အောင်မလေးဗျ ..."

စာရေးသူအပေါ် တစ်စုံတစ်ရာ ခုန်ချလိုက်၍ လန့်ခုန်ပြီး အခန်းထဲက ပြေးထွက်လိုက်၏။

"ညောင် ... ညောင် ..."

"ဟင် ... ကြောင်စုတ်ကြောင်နှာ"

အပေါ်ထပ်က ဆူညံသံကြောင့် အောက်ထပ်က လူတွေ လေးငါးယောက် ပြေးတက်လာကြ၏။ စာရေးသူတစ်ယောက်တည်းကို တွေ့ရသောအခါ အံ့အားသင့်ကုန်ကြ၏။ အစ်ကိုကြီးက ...

"မင်းတစ်ယောက်တည်း ဘာလုပ်နေတာလဲ"

"အခန်းထဲမှာ ထိုင်နေတာ။ ကြောင်ခုန်ချလို့"

"မင်းကွာ ... တစ်ယောက်တည်း ဘာတွေ ဖြစ်ကုန်ပြီလဲလို့ အမေသိရင် မေးနေဦးမယ်။ အောက်ပြန်ဆင်းနေ"

အကြီးစကားမို့ မဖယ်ရှားဘဲ အောက်ပြန်ဆင်းနေလိုက်၏။ မနက်ဖြန်ဆို အလောင်းကို ခေါင်းသွင်းပြီး မြေချတော့မည်။ အစ်မကို သေချာ စိုက်ကြည့်နေမိ၏။

အိပ်နေသလိုပင် ... တကယ်ကို အိပ်နေတာပါ။ အစ်မ သေနေတာမဟုတ်ပါဘူး။ စာရေးသူရဲ့စိတ်ကို စူးစိုက်လိုက်တာနှင့် အစ်မရဲ့လက်သန်းလေး လှုပ်ခနဲ ဖြစ်သွား၏။ သေချာစောင့်ကြည့်၏။ အစ်မရဲ့ လက်ချောင်းလေး ထပ်လှုပ်ပြန်၏။ အစ်မရဲ့ မျက်နှာကို ကြည့်လိုက်သည့်အခါ ...

မျက်လုံး ပွင့်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . အစ်မ . . . အစ်မ မသေဘူးဟေ့၊ မသေဘူး။ အစ်မ ပြန်ရှင်လာပြီ"

စာရေးသူက အစ်မအလောင်းနား ကပ်ကြည့်ပြီး အော်ပြောလိုက်၏။ တချို့က နောက်ဆုတ်သွား၏။ တချို့က ရှေ့တိုးလာ၏။ အမေနှင့် အစ်ကိုကြီး၊ ယောက်ဖတို့သာ အနားရောက်လာ၏။

"ဘယ်မှာ မျက်လုံးပွင့်လို့လဲ"

"မင်းကွာ အထိတ်တလန့်တွေ မလုပ်ပါနဲ့။ အမေ့မှာ သွေးတိုးရှိတယ်ကွ"

"မင်း တကယ်မြင်လိုက်တာလား"

"ဟုတ်တယ် ယောက်ဖ၊ အစ်မမျက်လုံး ဖွင့်ကြည့်တယ်။ လက်ချောင်းတွေလည်း နစ်ခါတောင် လှုပ်ပြတယ်"

ယောက်ဖက နှာခေါင်းဝ လက်ကပ်ကြည့်၏။ နှလုံးခုန်သံ နားထောင်ကြည့်၏။ ဝမ်းပိုက်ကို ပုတ်ကြည့်မိ၏။

ဝမ်းဗိုက်က အသားဆိုင် ပြည့်တင်းတင်းကြီးကို ပုတ်ရသလိုပင်။ အသားတွေကလည်း အေးစက်ကျစ်ခဲနေ၏။ ဆေးထိုးထား၍ ရုပ်ဖော့က် ပြန်မှု မမြန်သေး။

ယောက်ဖက အလောင်းဘေးမှာ ထိုင်ကြည့်နေတော့၏။

စာရေးသူခရီးဝေးကလာရ၍ အိပ်ရေးပျက်ပြီး တောထင်တောင်ထင်ထင်နေ၍ တစ်ရေးအိပ်ခိုင်းလိုက်၏။ စာရေးသူ မှေးခနဲ အိပ်ပျော်သွား၏။ အစ်မကို အိပ်မက်မက်ပြန်၏။

✿ ✿ ✿

|၄|

❑

"မောင်လေး . . ."

"ဟင် . . . အစ်မ . . . အစ်မ မသေဘူးနော်"

"ဟင့်အင်း . . . ငါ ဘာလို့သေရမှာလဲ။ ငါ မုန့်ဟင်းခါး စားတာလေ။ လှေကားအဆင်းဆိုင်ကဟာ့။ စားလို့ကောင်းတယ်။ စားပြီး အိပ်လိုက်တာ အိပ်ရေးဝမှ ပြန်နိုးလာတယ်။ ငါ နိုးလာတော့ အိမ်မှာ လူတွေ အများကြီးပဲ။ ငါ့ကို ဘယ်သူမှ အရေးမလုပ်ကြဘူး။ အဲ့ဒါကို ငါ စိတ်တိုနေတာ။ သူတို့ကပဲ အသားကြီးနေရသေးတယ်။ မခေါ်နေပေါ့ ငါ့ဘာသာ ခပ်တင်းတင်းပဲ နေလိုက်တယ်။ ငါ့သားသမီးတွေ"

အစ်မစကားမဆုံးခင်မှာ တစ်ရေးလန့်နိုးသွား၏။ ဇနီးသည်က လှုပ်နှိုးလိုက်၍ ဖြစ်၏။

"ဘာဖြစ်လို့လဲ၊ ဘာလို့နှိုးရတာလဲ"

"ရှင် ကယောင်ကတမ်းနဲ့ ထအော်နေလို့ ဘေးလူတွေ ကြည့်မကောင်းဘူး။ အဲ့ဒါကြောင့် နှိုးတာ"

"ဟင် . . . ဟုတ်လား။ ငါ ဘာတွေ အော်မိသေးလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဗလုံးဗထွေးနဲ့၊ ဘာမှ မသဲကွဲဘူး။ ဘာတွေ မက်နေတာလဲ။

အစ်မကို မက်သည့်အကြောင်း ပြောပြလိုက်၏။ ဇနီးသည်လည်း မအိပ်ရဲတော့။ သူလည်း အစ်မကို ကြောက်နေ၏။ သူ့ အိမ်သာဘက် ညမှောင်ရိပ်ပျိုးစက ထွက်လိုက်တော့ လှစ်ခနဲ အစ်မပုံစံကို မြင်လိုက်ရသတဲ့။

အစ်မက အစွဲကြီးတော့ ကျွတ်ဖို့ဆိုတာ . . .

အို . . . အလောင်းတောင် မြေမကျရသေးဘူးလေ။

✿ ✿ ✿

| ၅ |

❑

အစ်မအလောင်းကို မြေမြှုပ်လိုက်သည့်ညက အစ်မသားသမီးတွေလည်း ငိုရလွန်းလို့ မျက်ရည်ခမ်းနေပြီ။ အစ်မ အလောင်းမရှိတော့၍ အနည်းငယ် စိတ်သက်သာရာ ရသွားကြပုံရ၏။ သားသမီးအရင်းတွေကိုယ်၌က သူတို့အမေကို ကြောက်နေကြ၏။

မသေခင်ချစ်၊ သေလျှင်ပစ်ဆိုသော စကားကို မသေခင်ချစ်၊ သေလျှင်ကြောက်ဟု ပြောင်းရမလိုပင်။ အိမ်ပေါ်ထပ်မှာ အမေရဲ့တူဖြစ်သော ကိုကြီးတင်မောင်နှင့် မငြိမ်းတို့လင်မယားကို အိပ်စေ၏။ လင်မယားနှစ်ယောက် တက်အိပ်ရုံပဲရှိသေး၏။ ဝရန်းသုန်းကားနှင့် မျက်စိပျက်မျက်နှာပျက် ပြေးဆင်းလာပြီး အခြားအမျိုးအိမ်မှာ သွားအိပ်ကုန်ကြ၏။ ကိုကြီးတင်မောင်က အစ်မငယ်ငယ်က ထိန်းခဲ့သော အစ်ကိုဝမ်းကွဲဖြစ်၏။





အစ်မအမည်မှာ ခင်အေးဝင်းဖြစ်၏။ ရက်လည်ဆွမ်းသွတ်ညမှာတော့ ခေါင်မိုးပေါ်ကသွပ်တွေကို လက်နှင့် တဘုန်းဘုန်းရိုက်သံပေါ်လာ၏။ အပေါ်ထပ်လှေကား တံခါးပေါက်၊ တံခါး တကျွီကျွီနှင့် မြည်နေ၏။ အားလုံး အိမ်အောက်ထပ် ဧည့်ခန်းမှာ စုအိပ်ကြ၏။ ဘယ်သူမှ တုပ်တုပ်မလှုပ်ရဲ။ အမေက အခန်းထဲမှာ စာရေးသူအနေနှင့် ဘဝင်မကျ၍ ကြောက်စိတ်ကို ချိုးနှိမ်ပြီး အပေါ်ထပ်ကို ဓာတ်မီးနှင့် တက်လာလိုက်၏။ အားလုံး ဝိုင်းတားနေသည့်ကြား တက်လာလိုက်၏။

"အစ်မ . . . နင် . . . နှုတ်ဆက်နေတာလား"

ဘာမှမတုံ့ပြန်။ အနားက တစ်စုံတစ်ရာ ထိုးဖောက်ဖြတ်သွားသလို စိမ့်ခနဲအေးပြီး ကြက်သီးဖျန်းထွက်သွား၏။ ဘုရားစင်ရှိနေ၍ ရှေ့ဘက်အခန်းတွေမှာ သူ ပြန်ထူးပြနိုင်မည်မဟုတ်။ အမှောင်ကျသော အခန်းဘက် ထဲဝင်လာလိုက်မိ၏။ ည (၁၁) နာရီအချိန်မှာ အခန်းထဲရောက်ခါမှ ပြောမပြတတ်အောင် အိပ်ချင်လာ၏။ ခေါင်းထူလို့မရ။ မျက်ခွံပင့်လို့မရ။ ဘဝတစ်သက်တာမှာ ဒီလောက်အိပ်ချင်တာမျိုးကို တစ်ခါမှ မဆုံဖူးခဲ့။

အခန်းထောင့်လမ်း အမှောင်ထဲကနေ အစ်မ ပေါ်ထွက်လာ၏။ စာရေးသူကို စေ့စေ့ကြည့်နေ၏။ အစ်မမျက်လုံးထဲမှာ မျက်ရည်တွေ အပြည့်။

ဘာစကားမှလည်း မပြော။ စာရေးသူက တကြော်ကြော် အော်ခေါ်သော်လည်း အသံထွက်ပေါ်မလာ။ ထမင်းလုံးတစ္ဆေ ခြောက်ခံနေရသလိုပင်။ စာရေးသူ လှဲနေရာက ရုန်းထလိုက်၏။ အရာရာရေထဲမှာ လှုပ်ရှားသွားလာရသလို နှေးကွေးလေးလံလွန်း၏။

အစ်မက စေ့စေ့ကြည့်နေရာက ခေါင်းကို ချာခနဲ လှည့်သွား၏။ အမှောင်ထုထဲကို တိုးဝင်ပျောက်ကွယ်သွား၏။ စာရေးသူ အားရပါးရ ကျုံးအော်လိုက်မိ၏။

"အ . . . အစ်မ . . . အစ်မရေ . . ."

စာရေးသူရဲ့ ပါးတွေ တဆတ်ဆတ်ဖြစ်လာ၏။ အတင်းလှုပ်နှိုးခံလိုက်ရ၏။ သတိရလို့ကြည့်လိုက်တော့ အခန်းမီးဖွင့်ထား၏။ ညီအစ်ကို



www.burmeseclassic.com

www.burmeseclassic.com



မောင်နှမနှင့် ဖနီးသည်ကို တွေ့လိုက်ရ၏။ အစ်ကိုတွေက စာရေးသူကို မ,ပြီး အောက်ထပ် ပြန်သယ်လာကြ၏။ တစ်ယောက်တစ်ပေါက် ဖျစ်တောက်ဖျစ်တောက်နှင့် အပြစ်တွေ ပြောဆိုကြ၏။ ပရိတ်ရေမန်းသောက်လိုက်မှ မူးဝေယိမ်းထိုးနေရာက ခေါင်းပြန်ကြည်လင်လာတော့၏။

အားလုံးက တစ်ရေးပြန်အိပ်နိုင်း၍ အိပ်လိုက်ရာ မိုးစင်စင်လင်းသွား၏။ အစ်မနှင့် အဖေ အတူနေရသည်ဟု အမေက အိပ်မက်မက်ခဲ့တာကို ပြောပြ၏။ မိသားစုနှင့် ပတ်သက်သော ကိုယ်တွေ့အဖြစ်အပျက်မို့ အမေ့စကားကို ယုံကြည်မိ၏။ အဖေနှင့်အစ်မတို့ ကောင်းရာသုဂတိ လားပါစေကြောင်း ဤစာစုရေးသားရင်း ဆုတောင်းမေတ္တာ ပို့သလိုက်မိပါတော့သတည်း။။

ညြိမ်သ




www.burmeseclassic.com

www.burmeseclassic.com

[၁]

❑

သူတော်တစ်ယောက် ဦးသျှစ်လှိုင်းရွာမှဆိုးကြီး ဦးစံမောင်ဆီကို ရောက်တော့ အသက်က (၈)နှစ်သားခန့် အရွယ်ဖြစ်သည်။

ဖခင်ဖြစ်သူ ချိုတူးနှင့် မိခင်ဖြစ်သူ တင်ကြည်မတို့က ထိုရွာနှင့် တစ်ဆက်ထဲ ဝက်ပုတ်ရွာမှ ဖြစ်ကြသည်။ အလုပ်အကိုင် အတည်တကျ မရှိ။ ရိုးမကြီးအတွင်း သယံဇာတပစ္စည်းများကို ကြုံသလို ရှာဖွေစားသောက် ကြရင်း မွေးဖွားလာသူတို့ပင်၊ တစ်နေ့ တောထဲတွင် မီးသွေးဖုတ်လို့အပြီး အိမ်ရှိရာသို့အပြန်၊ မမျှော်လင့်ဘဲ အစာရှာတောခွေးအုပ်နှင့်တိုးကာ ဝိုင်းလိုက် ခံရစဉ် တောတွင်းမှ သားကောင်ကိုထမ်းကာပြန်လာသော မုဆိုးကြီးဦးစံမောင် နှင့် တွေ့သဖြင့် တောခွေးအုပ်ကို ပစ်ခတ်မောင်းနှင်ကာ သူတော်ကလေးကို ကောက်ယူကျွေးမွေး စောင့်ရှောက်ထားခဲ့သဖြင့် ယခုအခါ သားအရင်းလို ချစ်ခင်နေရသူလေးပင်။

"လူလေး . . . သူတော် . . . မင်းလည်း အထိုက်အလျောက် အရွယ် ရောက်လာပြီ မဟုတ်လား။ အဖေကြီးမှာ မင်းကို ပေးစရာဘာမှမရှိဘူးလေ ဒါကြောင့် အဖေကြီး တတ်သိနားလည်ထားတဲ့ မုဆိုးပညာရပ်ကို အမွေအဖြစ် ဆက်ခံနိုင်အောင် နောက်နေ့ကစပြီး တောထဲကို လိုက်ခဲ့ရမယ် . . ကြားလား ဟိုမှာ မင်းအတွက် ဒူးလေးနဲ့ မြားကျည်တောက်"





"ကျေးဇူးပါပဲ . . . အဖေကြီးရယ်၊ ခုလိုအဖေကြီးနဲ့အတူ နေရတာ ကိုပဲ ကျွန်တော့်ဘဝက ပြည့်စုံနေသလိုပါပဲ။ အဖေကြီးကလည်း အသက်က ကြီးပြီဆိုတော့ ကျွန်တော် ရှာဖွေကျွေးမွေးပြုစုချင်နေတာပါ"

"အေးကွယ် . . . သာဓုပါ . . . သာဓု . . . သာဓု"

မုဆိုးကြီးဦးစံမောင်က သားတော်မောင်အား စူးစူးစိုက်စိုက်ကြည့် ကာ ပြန်ပြောလိုက်သည်က

"ဒါနဲ့ . . . လူလေးကို အဖေပေးစရာ တစ်ခုကျန်သေးတယ်။ မင်း အတွက် တစ်နေ့နေ့တစ်ချိန်ချိန် အသုံးတည့်မယ်လို့ ထင်တယ်ကွာ။ လာ ငါနဲ့လိုက်ခဲ့"

မုဆိုးကြီးခေါ်ဆောင်ရာသို့ လိုက်ပါသွားခဲ့သည်။ ဝေးဝေးဆီတော့ ဖြင့် မဟုတ်။ ခြံနောက်ဘက်တွင် ထီးထီးကြီးပေါက်နေသည့် မဈ္ဈိုသက နတ်ပန်းပင်ကြီးအောက်ဆီသို့။ အပင်ကြီးအောက်ကိုရောက်တော့ သူ အမှတ် အသားပြုထားသည့် နေရာကို ဓားနှင့်တူးဆွလိုက်ရာ တစ်တောင်သာသာ အနက်တွင် ဗူးသီးခြောက်တစ်လုံး တွေ့သဖြင့် အတွင်းမှ နှိုက်ယူငင်လိုက်ရာ အဝတ်ဖြင့်ထုပ်ထားသော သစ်ကနက်သားဖြင့် ထုလုပ်ထားသော ယမင်း ရုပ်ကလေးတစ်ရုပ်ကို တွေ့လိုက်ရပေသည်။

"လူလေးသူတော် . . . ဒီအရုပ်ကလေးဟာ အဖေကြီး တန်ဘိုးထား တဲ့ ပစ္စည်းဖြစ်တယ်။ တစ်ချိန်ချိန်မှာ သူ့ကိုစောင့်ရှောက်တဲ့ မင်းကို သူက လည်း ပြန်စောင့်ရှောက်မယ်လို့ အဖေကြီး ယုံကြည်တယ်။ ဒါကြောင့် ဒီ အရုပ်ကလေးကို လူလေး သိမ်းထားနော်"

ဦးစံမောင်က ထိုကဲ့သို့ပြောပြီး ယမင်းရုပ်ကလေးကို သူတော်လက် ကိုပေးအပ်ကာ စိတ်ချမ်းဖြင့် အိမ်ကိုပြန်သွားသည်။ သူတော်က ယမင်း ရုပ်ကလေးကိုကိုင်လျက် တဲဆီသို့ယူခဲ့ပြီး သန့်စင်ကာ ထိုအရုပ်ကလေး ကို ကြည့်လိုက်တော့ အလွန်တစ်ရာ ချောမောပြေပြစ်သော မိန်းကလေး တစ်ဦးအသွင်ကို တွေ့မြင်လိုက်ရပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

## ၂

❑

“ကိုသူတော် . . . ကိုသူတော်”

“ဟင် . . . ခင်ဗျား . . . ခင်ဗျား ဘယ်သူလဲဟင်”

အိပ်ပျော်နေရင်း သူ၏နာမည်ကို အတန်ကြာအောင် ဆင့်ကာခေါ်နေသည့် အသံကို ကြားလိုက်ရသဖြင့် မျက်စိအစုံကို ဖွင့်ကြည့်လိုက်ရာ အလွန်တရာ နုနယ်ပျိုပျစ်လှသည့် မိန်းကလေးတစ်ဦးကို တွေ့မြင်လိုက်ရပေသည်။ သူတော်တစ်ယောက် မိန်းမပျိုကိုကြည့်ရင်း အံ့သြသွားမိလေသည်။ ဖခင်ကြီးပေးခဲ့သော သစ်သားယမင်းရုပ်ကလေးမှာ ထိုမိန်းမပျိုကလေးနှင့် ချွတ်စွပ်တူလွန်းသဖြင့် ထိုမိန်းကလေးကို ကြည့်နေရင်း ကြက်သီးမွေးညင်းထကာ ခပ်ရှံ့ရှံ့ဖြစ်သွားမိသည်။

“ခင်ဗျား . . . ခင်ဗျား . . . ဟို . . . ဟိုမိန်းကလေး . . . မဟုတ်လား”

“ဟုတ်တယ်လေ . . . ကိုသူတော်ရဲ့၊ ကျွန်မ ခင်မျိုးမြင့်ပါ”

သူတော်က တအံ့တသြ ပြောလိုက်သံနှင့်အတူ မိန်းမပျို၏ ပြုံးစစနှင့် ဖြေဆိုလိုက်သံကိုလည်း ကြားလိုက်မိသည်။ သူစဉ်းစားလို့ မရတော့





လောက်အောင် အံ့သြသွားမိသည်။ အဘယ့်ကြောင့်ဆိုသော် သူနှင့်ဖခင်ကြီး သစ်ပင်အောက်တွင်တူးကာ ယမင်းရုပ်ကလေးကို သူ့လက်ထဲထည့်ပြီး ပြန်အသွား၊ ပွတ်တိုက်သန့်ရှင်းလိုက်စဉ် ထူးထူးခြားခြား ရေးထားသည့် စာတန်းလေးက ခင်မျိုးမြင့်ဟူသော အမည်စာတမ်းကလေး ဖြစ်နေခြင်းကြောင့်ပင်။

ခင်မျိုးမြင့်ဆိုသည့် အမျိုးသမီးငယ်က သူ့ကို စကားဆက်မပြောတော့ဘဲ လက်ဟန့်ပြခေါ်ငင်နေသည့်အတွက် နေရာမှထကာ လိုက်သွားရင်း ပတ်ဝန်းကျင်ကိုကြည့်လိုက်ရာ လျှိုမြောင်စိမ့်စမ်းများနှင့် အလွန်တရာ ပျော်မွေ့ဖွယ်ရာကောင်းသည့် တောတောင်သဘာဝ ရှုခင်းများနှင့်အတူ မျှော်လင့်မထားဘဲ တွေ့လိုက်ရသည့် မြင်ကွင်းကြောင့် ရပ်တန့်ငေးမောကြည့်လိုက်ရင်း ရင်သပ်ရှုမော ဖြစ်သွားမိပေသည်။

“ကိုသူတော် . . . လာလေ၊ ဘာမှ မကြောက်နဲ့ ခင်မျိုးမြင့် အနားမှာ ရှိနေတာပဲဟာ”

သူတော်တစ်ယောက် ရပ်တန့်လျက် တအံ့တသြနှင့် မည်မျှလောက် ငေးမောကြည့်နေလိုက်မိသည် မသိ၊ ခင်မျိုးမြင့်၏ သွက်လက်သော ခြေလှမ်းများနှင့်အတူ သူ့လက်မောင်းကို ရဲရဲဝံ့ဝံ့ညင်သာစွာ ဆွဲခေါ်နေသည့်အတွက် လိုက်ပါသွားနေမိခဲ့ပေသည်။ သူတို့ ကျဉ်းမြောင်းမတ်စောက်သည့် ကျောက်လှေကားအတိုင်း အောက်ကိုဆင်းခဲ့ကြရာ အောက်ဖက်တွင် အလင်းရောင်များနှင့်အတူ ကျယ်ပြန့်သောအခန်းကြီးတစ်ခုကို တွေ့လိုက်ရပေသည်။

“ခဏထိုင်နော် . . . ကိုသူတော်၊ အဘိုး ပုတီးစိပ်နေတယ်နဲ့ တူတယ်။ လှူယောင်ပြလိုက်ဦးမယ်”

ခင်မျိုးမြင့်က သူတော်ကို ပြောလိုက်ပြီး အခန်းထဲ ဝင်ရောက်သွားလေသည်။ ထိုအခန်းကား ဘုရားကျောင်းဆောင်ရှိရာအခန်း ဖြစ်ပေမည်။ သူထိုင်နေသည့် ကျောက်တုံးကို ကြည့်လိုက်တော့ အံ့သြသွားမိသည်။ အဘယ်ကြောင့်ဆိုသော် ရိုးရိုးကျောက်တုံးမဟုတ်ဘဲ ကျောက်စိမ်းအနုစ်အားတုံးကြီးဖြစ်နေသည်ကို သတိပြုလိုက်မိသည်။ ဝန်းကျင်အလင်းရောင်များ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ကျောက်သားတို့မှ အလင်းပြန်ခြင်းဖြစ်ပြီး အရောင်တို့က အပြင်ကလာသည်မဟုတ်ဘဲ ကျောက်ဆိုင်ကျောက်သားတို့မှ ထွက်ပေါ်လာကြသည့် အလင်းများဖြစ်သည်ကို တအံ့တသြ တွေ့လိုက်ရသည်။

အချိန်မည်မျှ ကြာသွားသည်ကိုတော့ဖြင့် သူမသိ၊ စိတ်ရှည်ရှည်ထားစောင့်စားနေလိုက်စဉ် ရုတ်ခြည်းဆိုသလို သင်းပျံ့သောရနံ့များကို ရှူလိုက်မိသည်။ ထိုရနံ့ကြောင့် ခေါင်းတစ်ခုလုံး မူးနောက်ရီဝေလာပြီး စောစောက လင်းထိန်နေသော အလင်းရောင်တွေပျောက်ကာ အမှောင်ဖုံးသွားပေတော့သည်။

''ကိုသူတော် . . . စောင့်ရတာကြာလို့ အိပ်တောင်ပျော်နေလားဟင်''

ခင်မျိုးမြင့် ရောက်ရှိလာပြီး သူ့ကိုနှိုးကာ ပြောလိုက်သည့်စကားကြောင့် သူမမျက်နှာလှလှကလေးကို ငေးစိုက်ကြည့်နေစဉ် . . .

''သွားကြမယ်လေ . . . အဘိုးနဲ့ တွေ့ခဲ့ပြီးပြီ။ သူ အဓိဋ္ဌာန်ဝင်နေလို့ ပြီးမဲ့ရက်နောက်ပိုင်းမှ ကိုသူတော်နဲ့ တွေ့နိုင်မယ်တဲ့လေ။ သွားလိုက်ကြရအောင်နော်''

သူမ၏ ဖေးမကူညီတွဲခေါ်မှုကြောင့် အမှောင်ကျနေသည့်အခန်းတွင်းမှ သူမကိုဖက်ကာ လှမ်းထွက်ခဲ့စဉ် . . . .

''ကိုသူတော် . . . ပါဏာတိပါတကံကို ထိန်းနိုင်ပါ့မလားဟင်''

''ဘာလဲဟင် . . . ပါဏာတိပါတကံဆိုတာ ဘာကိုပြောတာလဲ''

''သြော် . . . သူကလည်းကွယ် . . . သူတစ်ပါးအသက်ကို သတ်ခြင်းကိုပေါ့''

''ခင်မျိုးမြင့်ရယ် . . . သူတစ်ပါးအသက်ကို သတ်ပြီး ရှာဖွေစားသောက်နေကြရတဲ့ ကျွန်တော်နဲ့အဖေ့အတွက် ဘယ်လို ရှာဖွေစားသောက်ရမှာလဲဟင်''

''ဟိုလေ . . . ဟို . . . ယမင်းရုပ်ကလေးကို တူးတဲ့ နတ်ပန်းပင်အောက်ကို ဆက်တူးလေ။ ငွေစတွေရမှာပေါ့။ အလှူအတန်းလုပ်နော်''





ပြောနေရင်း သူ့ဘေးမှ ဘယ်ကိုရောက်သွားမှန်းပင် မသိလိုက်ရသော ခင်မျိုးမြင့်ကို သံယောဇဉ်ကြီးစွာဖြင့် နာမည်ကို အကြိမ်ကြိမ်ခေါ်နေလိုက်စဉ် . . .

''လူလေး . . . သူတော်၊ ဘာတွေ အိမ်မက်မက်ပြီး ယောင်အော်နေတာလဲ''

''ခင်မျိုးမြင့် . . . အဖေကြီး၊ ခင်မျိုးမြင့်လေ''

အဖေကြီးက သူပြောလိုက်သည့် စကားကြောင့် တအံ့တသြနှင့် ပြောလိုက်ပုံက

''ဘာ . . လူလေး၊ ခင်မျိုးမြင့်တဲ့လား၊ ခင်မျိုးမြင့်လို့ ပြောတယ်ဟုတ်လား''

''ဟုတ်ပါတယ် . . . အဖေကြီး၊ ခင်မျိုးမြင့်က ကျွန်တော့်ကို ခေါ်တုန်းကခေါ်ပြီး ခုတော့ ပစ်သွားတယ် . . . အဖေကြီးရယ်''

သူတော်ပြောလိုက်သည့်စကားကို ကြားလိုက်ရသော မုဆိုးကြီးဦးစံမောင်မျက်နှာတွင် ဝေဒနာတစ်ခု ဖြတ်သန်းသွားသည်ကို သူတော်တစ်ယောက် မဝေခွဲနိုင်အောင်ဖြစ်သွားသည်က အမှန်ပင်ဖြစ်ပေသည်။ ထိုအတူ . . .

''လူလေး . . . သတိထားပါဦးကွယ်။ လူလေးအနားမှာ အဖေကြီးရှိနေတာပဲလေ။ ဘယ်က ခင်မျိုးမြင့်လည်း အဖေကြီးကို ပြောစမ်းပါဦး။ လူလေး စိတ်စွဲလမ်းပြီး အိမ်မက်မက်နေတာပါ။ သတိထားဦး . . . လူလေး။ ဘုရားရှိခိုးလိုက်နော်''

သူတော်တစ်ယောက် ဖခင်မုဆိုးကြီးပြောသည့်အတိုင်း ရှင်တော်ဘုရားအား အလင်းတိုင် သောက်တော်ရေကို ကပ်လှူပူဇော်ကာ ဝတ်ဖြည့်လို့အပြီး အိပ်ရာဘေးရှိ ခုံကလေးပေါ်တင်ထားသော ယမင်းရုပ်ကလေးကို ကြည့်လိုက်သည်။ ပြုံးပြနေသည်ဟု ခံစားလိုက်မိပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၃]

❑

ဦးသျှစ်လှိုင်းရွာဆိုသည်က ယခုအခါ နေပြည်တော်မြို့အဖြစ် ခန့်ငြား ထည်ဝါစွာ ရှိနေသည့် ဝန်းကျင်ပင်။ ပြောရမည်ဆိုလျှင် လယ်ဝေးမြို့၏ အနောက်ဘက် ဝေးလံသီခေါင်သည့်နေရာတွင် ပုလွေးချောင်းဟုခေါ်သော ချောင်းကြီးရှိသည်။ ထိုချောင်းအဖျားတွင် ဦးသျှစ်လှိုင်းရွာရှိသည်။ ထိုရွာ နှင့် တစ်ဆက်ထဲတွင် ကျောက်မီးတူရွာ၊ ဝက်ပုတ်ရွာ၊ လယ်ဒကြီးရွာတွေ ရှိ၏။ ထိုသုံးရွာအဆုံးတွင် အခြားသော ရွာများမရှိတော့။ သို့သော် တဲစု များသာ ရှိသည်။

ထိုတဲစုများတွင် ပုလွေးချောင်းထဲသို့ ငါးရံ့ဖြူချောင်းက စီးဝင်ပြီး ဦးတလုပ်ဖြူတဲစုရှိကာ အထက်ဘက်ချောင်းဖျားပိုင်းတွင် တဲစုများမရှိတော့ ဘဲ ပန်းညိုစမ်း၊ ပတ်လည်ကြီး၊ ဘိုးတော်တောက်တဲ့ဆိုသည့် စမ်းများရှိပြီး သားငါးအလွှန့်ပေါများသည့် နေရာဖြစ်သလို သားကောင်တို့လည်း အလွန် ပေါများသည့် နေရာဖြစ်ပေသည်။

အဖေကြီးက ရွာဘက်ဆီကို သွားနေပြီမို့ သူတော်တစ်ယောက် တောပုန်းခြောင်းထွက်ရန် စဉ်းစားပြီး ဟာနေသောဗိုက်ကို ဖြည့်ရန် မီးဖိုခန်း





ကို ဝင်လိုက်တော့ ဟင်းစားက ဘာမှမရှိ။ ကြွေခုကို ပြုတ်ထားသည်ကို တွေ့လိုက်ရသဖြင့် လိုသလောက် ယူငင်ဗိုက်ဖြည့်လိုက်ပြီး ထရံတွင်ချိတ် ဆွဲထားသည့် ဒူးလေးတွေကို လိုက်လံကြည့်လိုက်သည်။

ဒူးလေးအကြီးက ဖခင်ကိုင်သည့် ဒူးလေးဖြစ်ပြီး သေးငယ်သည့် ဒူးလေးက ဟိုတစ်လောကမှ ယူလာခဲ့သည့် မိမိအတွက်ပင် ဖြစ်ပေသည်။ ဖခင်ကြီးကား မုဆိုးစစ်စစ်ကြီးမို့ စည်းစနစ်ကျစွာနှင့် လုပ်ကိုင်ဆောင်ရွက် ထားသည့် ဒူးလေးများပင်။

ဖခင်ကြီးမှာ ဒူးလေးကို (၂)မျိုး ကိုင်ဆောင်သည်။ တစ်မျိုးက ဆင်သမားတွေ ကိုင်ဆောင်ပစ်ခတ်သည့် လေးကိုင်းတစ်ဘက်တစ်ချက် တစ် တောင်သာသာရှည်လျားသည့် ကိုင်းတံနှင့်ဖြစ်ပြီး နောက်တစ်မျိုးက လေးကိုင်း က နှစ်တောင်သာသာရှည့်သည့် ကိုင်းတံမျိုးပင်ဖြစ်သည်။ လေးညှို့ကြိုးကို တော့ လျှော်ဖြူအတွင်းသားနှင့် စနစ်တကျ ကျစ်ထားသည်။ ဒူးလေးကြိုး ကို တောတွင်းသားမုဆိုးတိုင်း မကျစ်တတ်၊ ကျစ်လျှင်လည်း ဒူးလေးကိုင်းတံ နှင့် အဆင်ပြေခဲသည်။

မြားတံခုတ်ရန်ကိုတော့ သီးသန့်ဝါးကို ရှာရသည်။ ဝါးရင့်ရင့် အဖြောင့်ဝါး၊ ဒေါင်ထဲတွန်ဝါး (တောင်ထဲတွန်) ဝါးမျိုးကိုတွေ့လျှင် အပင်ခြေ မှ အထက်ကိုမော့ကြည့်၊ ဖြောင့်ပြီး အကင်းထူထူဝါးကိုသာ ရွေးခုတ်ဖြတ်ပြီး အရင်းကို ညီအောင်ခုတ်၊ မြားတံလုံးအနေတော်လျှင် အချောသပ်၊ အဖျား ပိုင်းကို သုံးမြှောင့်ချွန်၊ အမြီးပိုင်းတွင် ဒစ်ပြုလုပ်ပြီး ကြိမ်ရွက်တပ်ကာ အခြောက် လှန်း၊ မှိုင်းခံရပေသည်။

ဖခင်ကြီးကိုင်သော ဒူးလေး(၂)လက်သည် ကိုင်းတံအတိုနှင့် အရှည် ဖြစ်သည့်အတွက် မေးကြည့်တော့ ကိုင်းတံအတိုမှာ လင့်ထက်ဆီမှ သား ကောင်ကိုလည်းကောင်း၊ ပုန်းအုံအတွင်းမှ ပစ်လျှင်သော်လည်းကောင်း၊ လွတ် လပ်စွာ ရွှေ့ပြောင်းပစ်ခတ်လို့ ရသည်ဟု ပြောပြသဖြင့် မှတ်သားထားခဲ့ဖူး သည်။ ဒူးလေးကိုယ်ထည်ကတော့ သိပ်မကွာလှပေ။

သားကောင်ကို ပစ်သည့်အခါ မြားတံကိုတော့ အဆိပ်သုတ်ရသည်။ တစ်ချေ့ခုန်အဆိပ် ဖြစ်သည်ကိုလည်း ပြောပြသည်။ အဆိပ်ဖော်ရာ မြား



www.burmeseclassic.com

www.burmeseclassic.com



ဆိပ်ပင်၏ အစေးနှင့် အခြားဆေးဖက်ဝင်အပင်အချို့၏ အစေးတွေရောစပ်ပြီး အဆိပ်အပြင်းစားဖြစ်အောင် ဖော်စပ်ထားကြသည်။ ထိုအဆိပ်ဖြင့် ပစ်ခတ်ခံလိုက်ရပါက အပစ်ခံရသော သားကောင်မှာ ခြေတစ်လှမ်းပင် မတိုးနိုင်ဟု ပြောပြပေသည်။

နောက် သူတော်ပစ်ခတ်ရန် ပေးထားသည့် ဒူးလေးက တစ်မျိုး။ တောင်ပေါ်သားကိုင် ဒူးလေး၊ ဒူးလေးက သေးသေးကလေး၊ ကလေးတွေကိုင်ဆောင်ပြီး ဆော့ကစားကြသည့် တစ်တောင်ခန့်အရွယ် သို့သော် ကိုင်းတံက မာကျောပြီး မြားထွက်က ပြင်းသည်။ မြားတံက ခဲတံအတွင်းမှ ခံဆံလောက်သာ အလုံးရှိပြီး အရှည်က တစ်ထွာသာသာခန့်ရယ်သာ။ ထိုမြားတံက အလွန်မာကျောပြီး ချိုးလို့ပင် မရပေ။

ထူးထူးဆန်းဆန်း ထိုမြားတံက အဆိပ်ချောင်းသည်။ အာနိသင်က ဖခင်ကြီးဖော်စပ်သည့် တစ်ဆွေ့ခုန်အဆိပ်ဖြစ်သည်။ သားကောင်ကို ပစ်ခတ်လိုက်ပါက သွေးအမဲရောင် ပြန့်ထွက်လာသည်။ သွေးမဲများကုန်မှသာလျှင် ထိုအသားကို စားသုံးပါက လူကို အန္တရာယ်မဖြစ်စေနိုင်ပေ။

မည်ကဲ့သို့သော အဆိပ်ချောင်းဖြစ်သည်ကို သိလိုသဖြင့် ဖခင်ကြီးကို မေးကြည့်တော့ နာဂအခေါ် အလုံလရှင်းပင်၏ အတွင်းမှ အနှစ်သားဖြစ်ကြောင်း ပြောပြသဖြင့် သိရှိထားသော်လည်း ထိုအဆိပ်ပင်ကို သူ မမြင်ဖူးခဲ့သည်က အမှန်ပင်။ ထိုဒူးလေးကို ဖခင်ကြီး တောင်ပေါ်သား မုဆိုးတစ်ယောက်ကို တောဆင်ရိုင်း (ရွှယ်စုံဆင်)ကြီးတစ်ကောင်နှင့် ထိပ်တိုက်တိုးကြရာ ဝင်ရောက်ကယ်တင်ပေးပြီး အသက်မသေရသည့်အတွက် လက်ဆောင်ပေးလိုက်သော ဒူးလေးပင်ဖြစ်ပေသည်။

မြားတံကိုတော့ (၁၀)ချောင်းသာ ပေးလိုက်သည်မို့ ပစ်ခတ်ပြီးသောမြားတံကို သားကောင်ထံမှ ပြန်ယူကာ အသုံးပြုရသည့် မြားတံမျိုးဖြစ်ပေသည်။ ထူးထူးခြားခြား သူတောလည်ထွက်ရန် စိတ်ကူးလိုက်သော်လည်း သားကောင်တွေ့တိုင်း ပစ်ခတ်ပြီး အသားကိုရောင်းချစားလို့ မရသည့် နေရာဒေသမျိုးဖြစ်နေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဝန်းကျင်





တွင် ငါးများ အလွန်ပေါများသလို သားကောင်တွေလည်း လွန်စွာပေါများသည်။ သို့အတွက် သူလိုက်လံပစ်ခတ်ပြီး ထိုအသားများကို ပြန်လည်ရောင်းချလို့မရသည့် နေရာဖြစ်ပေသည်။

တစ်ခါတစ်ရံ ကိုယ်လိုချင်သည့် ဆန်၊ ကြွေးဥ၊ သက်ငယ်၊ ခနဲ့တောင်ထန်း၊ ကြိမ်တို့နှင့် လဲလှယ်ကြခြင်းမျိုးသာရှိသည်။ ရရှိသည့် သားကောင်ကို အရည်ချ၊ တုံးတစ်ပိုင်းဖြတ်၍ အခြောက်လှမ်းကာ စားသောက်ကြသည့် နေရာမျိုးဖြစ်သည့်အတွက် လိုအပ်သလောက်ကိုသာ ပစ်ခတ်ကြသည့် နေရာမျိုး။

ဝေးလံသီခေါင်ပြီး လူသူအရောက်အပေါက်နည်းသည့် နေရာဖြစ်သလို ရိုးသားကြသည့် လူများဖြစ်ကြကာ ထိုနေရာတွင် နေထိုင်ကြသည့် လူများမှာ မီးရထား၊ ကား၊ သင်္ဘောနှင့် လေယဉ်တို့ကို တွေ့မြင်ဖူးကြသူများမဟုတ်ပေ။

သူတော်တစ်ယောက် ဝိုက်ဖြည့်လို့အပြီး တောင်ပေါ်သားကိုင် ဒူးလေးနှင့် မြားကျည်တောက်ကိုဆွဲကာ တောလယ်ရန် ထွက်ခဲ့ပေသည်။ သူတော်တစ်ယောက်တောလမ်းအတိုင်း လျှောက်လှမ်းနေရင်း စဉ်းစားမိသည်က ဖခင်ကြီးထံမှ ရရှိလိုက်သည့် ယမင်းရုပ်ကလေးအပြင် ထူးထူးခြားခြား အရုပ်ကလေးအသွင်နှင့် တစ်ထပ်တည်းဖြစ်နေသည့် အိမ်မက်အတွင်းမှ ခင်မျိုးမြင့်ဟုသော မိန်းမပျိုကလေးကို မသိမသာစိတ်တွင်းက သံယောဇဉ်ငြိတွယ်နေမိသည်က အမှန်။

သူ့တွင်ဖြစ်ပေါ်နေသည့် ခံစားချက်ကို ဖခင်ကြီးသိရှိပါလျှင် ယုံကြည်နိုင်မည်လားဆိုသည်ကိုတော့ သူ မဝေခွဲနိုင်အောင်ဖြစ်နေသလို ထို ယမင်းရုပ်ကလေးသည် ဖခင်ကြီးနှင့် တစ်နည်းနည်း ဆက်စပ်ပတ်သက်နေမည်ကိုလည်း စဉ်းစားတွေး တောနေလိုက်မိပေသည်။ မည်သို့ပင် ဆက်စပ်ပတ်သက်ခဲ့သည်ဖြစ်ပါစေ သူ့အနေနှင့် အသက်မရှိသည့် ယမင်းရုပ်ကလေးကို ချစ်ခင်စွဲလမ်းမှု၊ စိတ်အထင် ခင်မျိုးမြင့်အသွင်ဖြင့် သံယောဇဉ်တွယ်ကာ နှစ်ဉ်တွေ့ရှုနိုး မျှော်ကိုးငံ့လင့်နေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



သူတော်တစ်ယောက် အတွေးတို့ဖြင့် လျှောက်လှမ်းနေရင်း ရှေ့တွင် စိမ်းစိုလန်းဆန်းသော သစ်ရိုင်းတောကြီးကို လှမ်းမြင်တွေ့လိုက်ရသလို ကြည်စင်သည့် ကောင်းကင်ပြာကြီးကိုလည်း သတိပြုလိုက်မိသည်။

နေလုံးနီနီ၏ အလင်းရောင်ကို ရသော်လည်း နံနက်ခင်းနှင်းကြွင်းကလေးများကြောင့် စိမ်းစိုလန်းဆန်း ဂန္ထဝင်ကြီးတစ်ခွင်ရှိ ရွက်ဖားဝေဝေတို့မှာ နှင်းစက်ကြွင်းကလေးတို့နှင့် နေရောင်ကြောင့် တဖိတ်ဖိတ်တလက်လက်နှင့် တောကြီးရှိရာကို လှမ်းကြည့်လိုက်ရင်း သူတော်တစ်ယောက် မြေညီလူသွားလမ်းကလေးအတိုင်း လျှောက်လှမ်းနေလိုက်ပေသည်။

ဒူးလေးကို ကိုင်လျက် လျှောက်လှမ်းနေစဉ်အတွင်း သူတော်တစ်ယောက်စိတ်အစဉ်တွင် ရှေ့တွင် လှမ်းမြင်တွေ့နေရသော တပြန့်တပြောပေါက်ရောက်နေသည့် ရွက်ဖားစိမ်းစိမ်းကြီးများကဲ့သို့ လန်းဆန်းတက်ကြွနေမိသည်။ နှင်းစက်နှင်းပြောက်ကလေးများနှင့် မြေသင်းနံ့ကလေးတွေကို သယ်ဆောင်လာသည့် လေပြည်တို့၏ ကလူကျီစယ်မှုကြောင့် တက်ကြွနေဆဲ။

သူတော်တစ်ယောက် ရှူရှိုက်လိုက်ရသော မြေသင်းနံ့ကလေးများနှင့်အတူ ဒူးလေးကိုကိုင်စွဲရင်း ကြွကြွရွရွကလေး လျှောက်လှမ်းနေသည်မှာ ကိုယ်ပဲ ပျော်နေပါဟန်။ အိမ်မှထွက်လာပြီး နာရီဝက်သာသာခန့်ကြာမှ တောင်ခြေပန်း။ ခင်ကျောရှိရာဆီကို ရောက်လာခဲ့သည်။ ရှေ့တွင် အင်တိုင်းဆန်သော တောပြုတ်တစ်ခုကို လှမ်းမြင်တွေ့နေရသည်မို့ ရှေ့ကို ဆက်မတိုးသေးဘဲ အခြေအနေကို လှမ်းအကဲခတ်နေလိုက်သည်။ မြေပြင်တွင် တောတက်အုပ်ခြေရာများနှင့် တောယုန်ချေးတို့ကို မြင်တွေ့နေရသည်။

ဝန်းကျင်အခြေအနေကို အကဲခပ်နားစွင့်လိုက်တော့ တောက ငြိမ်နေသည်။ ခါတွန်သံ၊ ချေဟောက်သံ၊ ရစ်အတောင်ခါသံတို့ကိုပင် မကြားရ။ သူတော်က ဒူးလေးညို့ကြိုးကို ဆွဲတင်လျက် မြားလမ်းကြောင်းတွင် ခဲဆံလုံးမျှသာရှိသော မြားတံကိုတပ်လိုက်ပြီး အရေးရှိတာနှင့် ပစ်သတ်ရန်အနေအထားဖြင့် တောချုံပင်တို့အကြား တစ်လှမ်းချင်း တိုးကာပ်လိုက်သည်။ တောသည် ပကတိငြိမ်လျက်ဆိုသော်လည်း လက်ဝဲဘက် ဝါးရုံထိပ်များ





ဆီမှ သံပြတ်နှင့် တွန်သံပေးနေသော တောကြက်ငယ်တစ်ကောင်၏အသံတယခုမှ ပြတ်တောင်းတောင်းအသံကို ကြားလာရသည်။

သူတော်က ဒူးလေးကို အသင့်ပစ်ခတ်ရန် ကိုင်ဆောင်ရင်း တစ်လှမ်းချင်း တိုးကပ်သွားရာမှ တစ်နေရာအရောက်တွင် သူ့ကိုယ်နှံ့ကို ရလိုက်သဖြင့် ရှောင်ထွက်သွားသော သားကောင်ခြေရာ ဝိုင်းဝိုင်းကလေးတွေကို သစ်လွင်လတ်ဆတ်သော မြေဖုံဖုံကလေးတို့အပေါ် တွေ့မြင်လိုက်ရသည်။

သူတော် ခြေရာကို စိုက်ကြည့်လိုက်သည်။ ကျားခြေရာလည်း မဟုတ်။ ကျားသစ်(သစ်ဆင်)ကောင်ခြေရာလည်း မဟုတ်။ အဘယ့်ကြောင့်ဆိုသော် သိပ်ကြီးမားသည့် ခြေရာမျိုးမဟုတ်။ အလွန်ကြီးလှမှ ကျပ်စေ့ဝိုင်းသာသာခန့်ရယ်သာ။ ကျား၊ ကျားသစ်ခြေရာနှင့်ဆင်သော်လည်း မဖြစ်နိုင်။ သူတို့မျိုးစိတ်ဝင် တောကြောင်တစ်ကောင်၏ ခြေရာမျိုးတော့ ဖြစ်နိုင်သည်ဟု တွက်ဆလိုက်သည်။ ခြေရာက မြေလမ်းဖုံဖုံတွေင် အရှည်လိုက်သွားထားပြီး အထင်အရှားမို့ အကောင်ကလည်း သိပ်ကြီးမည်မဟုတ်ဟု သူတွက်ဆနေလိုက်သည်။

ခြေရာကို ကြည့်ခြင်းအားဖြင့် သိပ်ဝေးမည်လည်း မဟုတ်သေး။ လမ်းအတိုင်းလည်း စုန်ပြီးသွားနေသည်မို့ လိုက်ကြည့်ရန် ဆုံးဖြတ်ချက်နှင့်အတူ ဖြည်းဖြည်းချင်း လျှောက်လှမ်းခဲ့ရာ လက်ဝဲဘက်တွင် သစ်ခုတ်သမားတို့၏ ခုတ်ဖြတ်ပြီးသော သစ်ပင်တစ်ပင်၏ အကိုင်းအခက်တို့ စုပြုံလျက် ဆူးရစ်ချုံနွယ်၊ မြက်ရိုင်းပင်တို့နှင့် ရှုပ်ထွေးပြီး စုပုံနေသော အပုံကြီးတစ်ပုံကို တွေ့လိုက်ရသဖြင့် အသာပင် မှဆိုးဒူးထောက်ထိုင်ချလိုက်ပြီး ထိုအပုံကြီးကို အကဲခတ် ကြည့်နေလိုက်သည်။

သားကောင်ခြေရာကိုသာ ကောက်ပြီး လိုက်ခဲ့ရသည်။ ယခုအချိန်ထိ ဘာကောင်ဖြစ်သည်မှန်းကို မသိရသေး။ သူ့အသိတွင် တောကြောင်တစ်ကောင်၏ခြေရာမို့ စောစောကလောက် စိတ်မလော်တော့။ စိတ်ကို ခပ်အေးအေးထားလျက် အမှိုက်ပုံကြီးဘေး ဘယ်ညာကို လိုက်လံကြည့်နေမှ ထိုအပုံကြီးအထက်ဆီသို့ သူ့အကြည့်က ရောက်သွားသည်။ တွေ့လိုက်ရသည်က အကောင်တစ်ကောင် ...



www.burmeseclassic.com

www.burmeseclassic.com



"အို . . . တောကြောင်လို့ ထင်နေတာ။ ခုတော့ ကျားသစ်ပေါက်စကလေး တစ်ကောင်ပါလား"

အသံကတော့ ထွက်မလာ။ စိတ်တွင်းက ပြောနေလိုက်မိခြင်းပင်။ ဝပ်နေသည့် ထိုအကောင်ကလေးမှာ သစ်ရွက်အကြိုအကြားမှ ထိုးထွက်နေသည့် နေရောင်အောက်တွင် အောက်ခံလွှာက အဝါရောင်ဖြစ်ပြီး ခပ်မွဲမွဲ နှင့်နို့ အပြာရောင်ဘက်ကို သမ်းနေသလို၊ ထိုအထက်တွင် အနက်ရောင်အစက်အပျောက်တို့က နှင်းဆီအနက်ရောင် ပွင့်ချပ်များသဖွယ်။ အကွက်ရိုက်ထားသဖြင့် လှပနက်စိုနေသည်။

ဦးခေါင်းက ဝိုင်းဝိုင်းဖြစ်ပြီး နားရွက်ကလည်း တိုဝိုင်းဝိုင်း၊ ပါးတွင် အမွေးများ ထွက်နေပြီး ကိုယ်ထည်ကသေးသွယ်၍ အမြီးက ရှည်သည်။ ကိုယ်ထည်အရှည်က တောင်ဆုပ်ခန့်၊ အမြီးပါထည့်တွက်ကြည့်လျှင် တစ်တောင်သာသာ။ အလေးချိန်က သိပ်ရှိလှမည့်ပုံမပေါ်၊ အလွန်ဆုံးရှိပါမှ တစ်ပိဿာကျော်ကျော်မျှ ကျားသစ်ပေါက်စကလေး အသွင်အတိုင်း။

မုဆိုးပညာရပ်ကို ဖခင်ကြီး သင်ကြားပြသပေးစဉ်အခါက မှာကြားခဲ့သည့်စကားကိုလဲ ပြန်လည်ကြားယောင်မိသည်က . . .

"လူလေး . . . ဟိုအကောင်က ဘာကောင်တုံးကွ။ သေသေချာချာကြည့်စမ်း"

သစ်ပင်ခွဆုံကိုင်းကြီးတွင် သူတို့သားအဖကို လှမ်းမျှော်ကြည့်နေသည့် အကောင်ကြီးကို ဖခင်ကြီးက လက်ညှိုးထိုးပြကာ မေးလိုက်သဖြင့် သူတော် လှမ်းကြည့်လိုက်ရင်း . . .

"အဲဒါ ကျားသစ်ကြီးလေ . . . အဖေကြီးရဲ့"

"သေသေချာချာလည်း ကြည့်လိုက်စမ်းပါဦးကွ"

"ဟုတ်တယ် . . . အဖေကြီးရဲ့၊ တစ်ကိုယ်လုံး အနက်အစက် အပြောက် အမွှန်းတွေနဲ့ပဲ"

သူ့စကားကြောင့် ဖခင်ကြီးဦးစံမောင်က ပြုံးပြလျက် ဖြေလိုက်သည်က . . .





"အေး . . . မုဆိုးလုပ်တော့မဲ့ သူတစ်ယောက်အတွက် အဲဒီအချက် က အဓိကအရေးကြီးတဲ့ အချက်ပဲကွ။ ခု မင်းပြောတဲ့အကောင်ဟာ ကျားသစ် မဟုတ်ဘူး"

"ဟာ . . . အဖေကြီးကလည်း ကျားသစ်မို့ အနက်အစက်အပြောက် ရှိတာပေါ့"

"အနက်အစက်အပြောက်တွေ့တိုင်း လူတွေက ကျားသစ်လို့ပဲ သိကြတာလေကွာ။ အဲဒီအချက်က သာမန်လူတွေရဲ့အသိပဲ။ လူလေးက သာမန် လူမဟုတ်ဘူးလေ၊ မုဆိုးတစ်ယောက်ဖြစ်မဲ့လူဆိုတော့ မုဆိုးအသိမျိုး ရှိရ မယ်ကွ"

"ဘယ်လို မုဆိုးအသိမျိုးလဲဟင်"

"အေး . . . မှတ်ထားကွ။ ဒို့တောသူတောင်သားတွေဟာ တော ကိုမှီပြီး ရှာဖွေစားသောက်နေကြရတဲ့ သူတွေဆိုတော့ သစ်ခုတ်၊ ဝါးခုတ်၊ မီးသွေးဖုတ်၊ တောင်ထန်း၊ လက်မဲ၊ နေ့၊ ကြိမ်ဖန်ခုတ် သွားကြရင်း တောထဲ မှာ ခုလို အနက်အစက်ပျောက်နဲ့ အကောင်မျိုးကို တွေ့လေတိုင်း ကျားသစ် လို့ထင်ပြီး မှောက်မှားတတ်ကြတယ်ကွ။

အမှန်တော့ သစ်ဆင်နဲ့ကျားသစ်ကလည်း ခုလို အနက်စက်တွေ ရှိကြသလို ဝါးယောင်းကြောင်ပျောက် (နွယ်တန်းလျှောက်ကြောင်) ကြီးတွေ လည်း ခုလို အနက်အစက်ပျောက်တွေ ရှိကြပြီး။ ခွေးဆွဲကျားသစ်ဆိုတာ လည်း ခုလို အနက်စက်တွေရှိကြတယ်။ ယုတ်စွအဆုံး ပြောရရင် ကြောင် ဝံပိုက်လို့ခေါ်တဲ့အကောင်မျိုး၊ အချို့က ကျားမင်းလို့ခေါ်တဲ့ အကောင်မျိုး ကလည်း ခုလို အနက်အစက်အပျောက်တွေ ရှိကြတော့ မှားတတ်ကြတာ ပေါ့ကွာ"

ဒါကြောင့် လူလေးက သာမန်လူမျိုး မဟုတ်ဘူးလေ၊ မုဆိုးတစ် ယောက်ဆိုတော့ အကောင်ကို မြင်လိုက်တာနဲ့ ဘယ်လိုအကောင်မျိုးဆိုတာ ခွဲခြားသိဖို့ လိုအပ်တာပေါ့။ ခု မင်းမြင်နေရတဲ့အကောင်က ကျားသစ်လို့ ထင် ကောင်းထင်မယ်။ တစ်ကယ်တော့ ကျားသစ်မဟုတ်ဘူး။ အဲဒါ ဝါးယောင်း



www.burmeseclassic.com

www.burmeseclassic.com



ကြောင်ပျောက်တစ်ကောင်ပဲ။ ကျားသစ်သာဆိုရင် ခုလို ဘယ်နေမလဲကွ။ ငါတို့ကို ရန်ပြုတိုက်ခိုက်မှာပေါ့။

တစ်ခုတော့ရှိတယ်ကွ။ မင်းသိထားဖို့က ကြောင်ဝံပိုက် (ကျားမင်း) ဆိုတဲ့ အကောင်ကလေးတွေက အောက်ခံမီးခိုးရောင်၊ အဝါရောင်တွေပေါ်မှာ အနက်ကွက်တွေရှိပြီး အကောင်ကလည်း သိပ်မကြီးဘူး။ အလွန်ဆုံးရှိမှ တစ်ပိဿာကောင်လောက် ကလေးရယ်ပဲ။ ဒါပေမဲ့ အကောင်သေးလို့ အထင်တော့ မသေးနဲ့။ ကျားလိုအကောင်တောင် သူက တိုက်ခိုက်သတ်ဖြတ်ပစ်တတ်ကြတယ်ကွ''

တစ်ချိန်က ဖခင်မုဆိုးကြီးပြောကြားခဲ့သည့် စကားတွေကို သူတော်ပြန်လည်ကြားယောင်မိသဖြင့် ချုံပုတ်ကြီးအထက်မှ သူ့ကို စူးစိုက်ကြည့်နေသည့် ကျားသစ်ပေါက်ကလေးဟု ထင်မှတ်ထားသော ထို အကောင်ငယ်ကလေးကို ကြည့်လိုက်ရာ ပါးစပ်ဘေးနှစ်ဘက်တွင် ရှည်လျားစွာ အထက်အောက်ကောက်ကွေးနေသည့် သွားစွယ်ကြီးတို့ကို မြင်တွေ့လိုက်ရသည့်အတွက် ခေါင်းမှ ဆံပင်မွေးတို့ပင် ထိုးထိုးထောင်ထောင် ဖြစ်သွားမိသည်နှင့်အတူ ကိုင်ဆောင်ထားသည့် ဒူးလေးဖြင့် ချိန်ရွယ်လိုက်ပေသည်။

စောစောက ချုံပုတ်အထက်မှ သူ့ကိုဝပ်လျက် လိုက်လံကြည့်နေသည့် ကျားသစ်ပေါက်ကလေးဟု ထင်မှတ်ထားသည့် ထိုအကောင်ငယ်ကလေးမှာ ဒူးလေးဖြင့် ပစ်ခတ်ရန် ချိန်ရွယ်လိုက်စဉ် နားရွက်တိုဝိုင်းဝိုင်းကလေးနှစ်ဖက်ကို ဦးခေါင်းနောက်ပြားနေအောင် ကပ်၍ ပါးစပ်ကို ဖြဲမာန်သွင်း၍ သွားစွယ်ကြီးတို့ဖြဲလျက် ရှေ့လက်နှစ်ဖက်ကို အားယူပြီး ခုန်အုပ်ရန် ပြင်လိုက်စဉ် တောင်ပေါ်သားကိုင်ဒူးလေး၏လေးညို့ကို လွှတ်လိုက်သည့်အတွက် ခဲဆံအရွယ် (အလုံလရှင်းအဆိပ်) မြားတံချောင်းကလေးက မျက်လုံးနှစ်လုံးအကြား ထိုးဖောက်စိုက်ဝင်သွားပေတော့သည်။ သို့တိုင်အောင် ခုန်ဖြစ်အောင်ခုန်လိုက်သော ထိုအကောင်ကလေး သူ့ဆီသို့ ရောက်လာသည်မို့ မြေတွင်လိမ့်ကာ ရှောင်တိမ်းလိုက်ရင်း လှမ်းကြည့်လိုက်စဉ်





မြေပြင်တွင် လူးလိမ့်ကာ ရဲရွက်သည့်အော်သံမျိုးဖြင့် အော်ဟစ်လိုက်ပြီး ငြိမ်သက်သွားသည်ကို တွေ့လိုက်ရပေသည်။

သားကောင်၏ မျက်စိနှစ်လုံးကြား မြားတံစိုက်ဝင်ရာဆီမှ သွေးမဲများကျနေသည့်အထိ စောင့်စားလျက် မြားတံကိုဆွဲထုတ်ကာ သားကောင်ကိုဆွဲ၍ ပြန်လာခဲ့သည့်တိုင် ထိုအကောင်ကို ဘာကောင်ဖြစ်သည်ဟု သူမသိသေး။ ဖခင်မုဆိုးကြီးကို မေးရပေဦးမည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[၄]

❑

တဲရေ့ကပျဉ်တွင်ထိုင်လျက် အဖန်ရည်သောက်နေသော ဖခင်ကြီး ဦးစံမောင်တစ်ယောက် သားကောင်ကိုဆွဲကာ ဝင်လာသော သားဖြစ်သူကို ကြည့်ရင်းက ...

"လူလေး ... မင်း ရှားရှားပါးပါးနဲ့ အလွန်အန္တရာယ်ကြီးတဲ့အကောင်ကို ပစ်လာခဲ့ပါလားကွ။ တော်သေးပါရဲ့ကွာ ... ဘာအန္တရာယ်မှမဖြစ်တာ တော်သေးရဲ့"

လက်မှဆွဲလာသည့် အကောင်ကိုကြည့်ကာ ပြောလိုက်သည့်စကားကြောင့် သူတော်က ...

"ဟုတ်တယ် ... အဖေကြီးရဲ့၊ လူကို အန္တရာယ်ပေးတော့မှာမို့ ပစ်သာပစ်ခဲ့ရတယ် ခုအချိန်ထိ ဘာကောင်မှန်းလည်း မသိဘူး။ သွားစွယ်ကြီးတွေက အကောင်နဲ့တောင် မလိုက်ဘူး။ ကြောက်စရာကြီးနော်"

"တစ်ခါတုန်းက မင်းကို ငါ ပြောခဲ့ဖူးပါတယ်။ ကျားမင်းဆိုတာ အဲဒီအကောင်မျိုးပေါ့။ ကျားလိုအကောင်မျိုးတောင် ကိုက်သတ်တာကို ငါ တွေ့ခဲ့ဖူးတယ်ကွ"

"ဟုတ်လား ... အဖေကြီး။ ဘယ်လိုမျိုးလဲဟင် ... ပြောပြပါလား"





"ဒီလိုကွ ... ကျားက အစားလာစားမဲ့ အကောင်ကို ချုံထောကြီးအတွင်းကနေ ချောင်းနေတာကွ။ အဲဒီအချိန် သစ်ဆိမ့်ပင်အောက်ကို ဆတ်ကြီးဝင်လာတော့ ပုံးနေတဲ့ကျားက ထွက်အကိုက်၊ သစ်ဆိမ့်ပင်ပေါ် တက်နေတဲ့ အဲဒီကျားမင်းက ကျားကြီးရဲ့ဇက်ရင်းကို အစွယ်ကြီးတွေနဲ့ ကိုက်ပြီး သူ့လက်သည်းတွေနဲ့ မျက်နှာနဲ့ မျက်လုံးတွေကို ကုတ်ခြစ်ဆွဲဖဲ့တာပဲ။ ကျားကြီးကလည်း အတင်းရုန်းပေမဲ့ မလွတ်တော့ဘဲ အသက်ပျောက်တော့မှ လွှတ်တော့တယ်လေ။ ငါလည်း ကျားမင်းကို ဒူးလေးနဲ့ ပစ်လိုက်တော့ တစ်နေရာထဲ (၃)ကောင် ရလိုက်တာပေါ့ကွာ"

ဦးစံမောင်က ကျားမင်းလို အကောင်မျိုးသည် ကြောက်စရာကောင်းသည့် သတ္တဝါတစ်ကောင်ဖြစ်သည်ကို ပြောပြကာ အဖန်ရည်နှင့် ဂျီသားခြောက်ကင်ကို စားနေစဉ် သူသိလိုသည့် အချက်ကို မေးလိုက်မိပေသည်။

"ဒါနဲ့ အဖေကြီး ကျွန်တော့်ကို လက်ဆောင်ပေးထားတဲ့ ယမင်းရုပ်ကလေးနဲ့ ဘယ်လိုဆက်နွယ်ပတ်သက်မှုရှိလဲဆိုတာ သိပါရစေ ... အဖေကြီး"

သူတော်တစ်ယောက် ဖခင်ကြီးပေးခဲ့သည့် ယမင်းရုပ်ကလေးကို လက်ခံယူခဲ့ပြီးနောက် ညဘက်အိပ်မက်ထဲတွင် ထူးထူးခြားခြား တွေ့မြင်ခဲ့ရသည့် ခင်မျိုးမြင့်အမည်ရှိသော မိန်းမပျိုကို တွေ့ခဲ့ရပြီး သံယောဇဉ်ငြိကာ သူများအသက်ကို မသတ်ရန်နှင့် သူ့ကိုဖော်ယူသည့်နေရာ အောက်ဖက်ကို ဆက်တူးလျှင် ငွေပြားများရှိသဖြင့် ဆက်လက်တူးဖော်ရန် မှာကြားလိုက်သည့် အိမ်မက်အကြောင်းကို သတိရသဖြင့် မေးမြန်းကြည့်လိုက်ရာ ဖခင်ကြီးမှာ သူ့အမေးကြောင့် တောင်မကြီးဘက်ဆီသို့ အတန်ကြာ ငေးမျှော်ကြည့်လိုက်ရင်း သက်ပြင်းတစ်ချက်ကို ရှိုက်ထုတ်ကာ ...

"ရှိပြီလား ... လူလေးရယ်၊ ရှိသပေါ့ ... ဒီလိုကွယ့် ... လူလေးရဲ့။ အဖေကြီး တစ်နေ့ သားကောင်တစ်ကောင်နောက် ခြေရာခံလိုက်ရင်း ဝိန္ဓာတောင်ဘက်ကို ရောက်သွားခဲ့တယ်လေ။ အဲဒီမှာ မျက်စိလည်လမ်းမှားပြီး ဂူကြီးတစ်ဂူထဲကို ရောက်သွားခဲ့တယ်။ ဂူထဲကိုရောက်တော့ တစ်နေရာမှာ ရတနာတွေကိုတွေ့လို့ ယူငင်ရုံတင်မက၊ ယမင်းရုပ်ကလေးတိုပါ လို



www.burmeseclassic.com

www.burmeseclassic.com



ချင်လွန်းလို့ ယူခဲ့မိတယ်ကွယ်။ အပြန်လမ်းကို ခက်ခက်ခဲခဲ ပြန်ခဲ့ရင်း လမ်းမှာ အန္တရာယ်အမျိုးမျိုးနဲ့ ကြုံခဲ့ရပြီး ရတနာပစ္စည်းတွေကို မသယ်နိုင်ဘဲ ထားခဲ့ရပေမဲ့ ယမင်းရုပ်ကလေးကတော့ အဖေကြီးနဲ့ ပါလာခဲ့တယ်ကွ။

အဲဒီမှာ ညဘက် အိပ်မက်ခဲ့တယ်။ ယမင်းရုပ်ကလေးကို ပြန်ပေးဖို့နဲ့ ငါ့အတွက် လိုအပ်မဲ့ ကျောက်သံပတ္တမြားတွေနဲ့ လဲပေးဖို့ အိပ်မက်ပါကွ။ အဲဒီအိပ်မက်ကို တစ်ရက်ခြား၊ နှစ်ရက်ခြားနဲ့ (၇)ကြိမ်လောက် မက်ခဲ့တယ်။ ငါလည်း သွေးလေခြောက်ခြားပြီး မက်တဲ့အိပ်မက်လို့ ထင်ပြီး ဒီအတိုင်း နေလာခဲ့တာ ခုထိဆိုပါတော့ကွာ။ ခုတော့ ငါ့စိတ်က ဒီယမင်းရုပ်ကလေးကို မင်းကိုပေးချင်တဲ့စိတ်က ကြီးစိုးနေတယ်လေ။ ဒါကြောင့် ငါတန်ဖိုးထားတဲ့ ဒီအရုပ်ကလေးကို အမွေအဖြစ် လက်ခံထိန်းသိမ်းဖို့ စောင့်ရှောက်ဖို့ မင်းကို အမွေအဖြစ်ပေးခဲ့တာပဲကွ။ မင်းလက်ထဲရောက်တော့ ဘာများထူးလို့လဲ … လူလေးရဲ့။

ဖခင်ကြီး ပြန်မေးလိုက်သည့်အတွက် သူတော် ဟိုနေ့က အိပ်မက်အကြောင်း ပြန်လည်ပြောပြလိုက်သည်။ ဖခင်ကြီးက …

"အေး … ဒီယမင်းရုပ်ကလေး မင်းဆီကိုရောက်ရင် တစ်ခုခုထူးမယ်လို့ ငါထင်ထားတဲ့ အတိုင်းပါလားကွာ။ ဟုတ်မဟုတ် သွားတူးကြည့်လိုက်ကြရအောင်ဟေ့"

သားအဖနှစ်ယောက် ဟိုနေ့က ယမင်းရုပ်ကလေးကို တူးဖော်ယူခဲ့ကြသည့် အပင်ကြီးအောက်ကို သွားရောက်ပြီး အောက်ဖက်ကို တူးကြည့်လိုက်ကြရာ တစ်တောင်သာသာ အောက်ဖက်တွင် အိုးတစ်လုံးအထဲ၌ တွေ့ရပြီး ငွေကိုအရည်ကျိုပြီး အပြားလုပ်ထားတဲ့ ငွေပြားတွေကို တွေ့လိုက်ကြရပေတော့သည်။

ငွေပြားတွေက ဂုံညင်းစိုးအပြားအရွယ်ခန့် တစ်ပြားကို သုံးကျပ်သားခန့် အလေးချိန်စီးမည်။ ရေတွက်ကြည့်တော့ အပြား (၂၀၀၀) ခန့်။

သားအဖနှစ်ဦးသား ငွေပြားထည့်ထားသည့် အိုးကို မ,ယူကာ အိမ်သို့ ပြန်ခဲ့ကြပေတော့သည်။

✿ ✿ ✿

[၅]

❑

သူတော်တစ်ယောက် ငွေပြားများကို ရရှိလိုက်သည့်အတွက် ခင်မျိုးမြင့်ဆိုသူ မိန်းမပျိုကလေးကို ပိုမိုသတိရ တမ်းတလိုက်မိပေသည်။ သူ့နှလုံးသားတွင် ထင်ယောင်ပိုးဝါးဖြစ်နေခဲ့ရာမှ အလေးသာသွားခဲ့သော ခင်မျိုးမြင့်စိတ်ကြောင့် သူတော်တစ်ယောက်အဖို့ ထိုဝိဇ္ဇာတောင်ရှိရာဆီသို့ သွားလိုစိတ်များ တဖွားဖွားပေါ်ပေါက်လာခဲ့ပေသည်။ ထိုသို့ ဖြစ်ပေါ်လာသည့်စိတ်နှင့်အတူ ယမင်းရုပ်ကလေးကိုလည်း မူလပိုင်ရှင်လက်ထဲသို့ လက်ဆောင်အဖြစ် ပြန်လည်ပေးအပ်ချင်စိတ် ပြင်းပြလာသည်က အမှန်ပင်။

"အဖေကြီး … အဲဒီတောင်ကြီးရှိရာဘက်ဆီကို ကျွန်တော်သွားချင်တယ်"

သူတော်ပြောလိုက်သည့် စကားကြောင့် မုဆိုးကြီးဦးစံမောင် အံ့သြလို့ မဆုံးနိုင်အောင် ဖြစ်သွားမိပေသည်။ တားမည်လုပ်သော်လည်း သားဖြစ်သူ၏နှလုံးသားတွင် အလေးသာနေသည့် ခင်မျိုးမြင့်အမည်ခံ ယမင်းရုပ်ကလေးက သားတော်မောင်နှလုံးသားကို ဆွဲကိုင်လှုပ်နေပြီဖြစ်သည်ကို သဘောပေါက်လိုက်သဖြင့် မတားရက်ရှာ။ သူ၏ စွန့်စားချင်သည့်စိတ်သည် အချိုးအနှီးမဖြစ်၊ တစ်ခုခုတော့ ပဋ္ဌာန်းဆက်ရှိနေပြီဟူသော အသိကြောင့် သွားခွင့်တောင်းသည်ကို မကန့်ကွက်လိုက်တော့ပေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်နေ့နံနက်ပိုင်းတွင် သူတော်တစ်ယောက် မသိုးထမင်း၊ မသိုးဟင်းတို့ကိုထည့်ကာ ယမင်းရုပ်ကလေးကို ရင်ခွင်ဝယ်ထားလျက် ဒူး လေးယူကာ ခရီးထွက်ခဲ့တော့သည်။

"ကိုသူတော် . . . ခင်မျိုးမြင့်ဆီ လိုက်လာခဲ့တယ်နော်၊ လမ်းမမှား အောင်နဲ့ အန္တရာယ်မရှိအောင် လမ်းပြပေးမယ်နော်"

သူတော်တစ်ယောက် လျှောက်လှမ်းနေရင်း လွယ်အိပ်အတွင်းမှ ယမင်းရုပ်ကလေးကို ထုတ်ကာကြည့်လိုက်စဉ် နားဆီတွင် တိုးညှင်းစွာ ကပ် ပြောနေသည့် ခင်မျိုးမြင့် အသံကလေးကို ကြားလိုက်ရသဖြင့် သွားလိုသည့် ဝိဇ္ဇာတောင်တန်းကြီးရှိရာဘက်ဆီသို့ လှမ်းမျှော်ကြည့်နေလိုက်မိပေသည်။

ညို့မှိုင်းအုံ့ဆိုင်းသော သစ်ပင်ကြီးငယ်မျိုးစုံနှင့် ဝါးရုံတောကြီးများ၊ ချုံနွယ်တောကြီးတို့အပြင် တောင်တန်းတောင်သွယ်၊ မြင့်နှင့်လွင်တို့ ဝန်းရံ ထားသော တောတန်းအတိုင်း သူတော်တစ်ယောက် တရွေ့ရွေ့ လျှောက် လှမ်းနေလိုက်ပေသည်။ အချိန်မည်မျှ ကြာသွားသည်ကိုတော့ မသိ၊ တော များ၊ လျှိုနှင့် မြောင်အဆင့်ဆင့်ကို ဖြတ်သန်းရင်း ဗိုက်ဆာလာသဖြင့် ဦးစွာ တောပိုင်တောင်ပိုင်တို့ကို တင်မြှောက်လျက် ပသပြီး စားသောက်လိုက်သည်။

ဗိုက်ပြည့်သွားပြီး ပင်ပန်းခဲ့သည့်အတွက် ပင်ရိပ်အောက်တွင် မှီထိုင် ရင်း ငိုက်မြည်းသွားမိပေသည်။ ထိုသို့ ငိုက်မြည်းနေစဉ် မွှေးပျံ့သော ရနံ့ တစ်မျိုးကို ရှူရှိုက်လိုက်မိသည်။

"ဒီရနံ့မျိုးကို ဟိုတစ်ခါကလည်း ရှူမိဖူးပါတယ်၊ ဟုတ်ပြီ . . . ဟိုတစ်ချိန်က . . ."

စိတ်တွင်းမှ ပြောနေမိသလို ကြက်သီးတဖြန်းဖြန်း ထသွားသည်။ ဘေးဘီကြည့်လိုက်တော့ အဆောက်အဦးကြီးတစ်ခု၊ အလင်းရောင်တို့ အကြား ကျဉ်းမြောင်းသော အောက်ဖက်ဆင်းသည့် ကျောက်လှေကား တစ်ခု . . .

"ဒီနေရာ ငါရောက်ဖူးတယ်၊ ဘယ်မှာပါလိမ့်၊ ဟုတ်ပြီဟုတ်ပြီ ဒါ . . . အိပ်မက်ထဲက ခင်မျိုးမြင့်ခေါ်သွားဖူးတဲ့ နေရာ ဟင် . . . ခင်မျိုး မြင့်ပါလား"





သူတော် တွေ့မြင်လိုက်ရသည့် ခင်မျိုးမြင့်က ယခင်တွေ့မြင်ခဲ့ရ သလို ရိုးရိုးဝတ်စားဆင်ယဉ်မှုမျိုးနှင့်မဟုတ်၊ ယခုအခါ ရွှေခေတ်နန်းဝတ် နန်းစားများကို ဝတ်ဆင်ထားသည်မို့ တအံ့တဩဖြင့် အနီးဆီသို့ တိုးကာ ကြည့်လိုက်ရာ သူ့ရင်တစ်ခုလုံး မည်ဟီးရိုက်ခတ်သွားသည့်နှယ် ခံစားလိုက် ရပေသည်။

အဘယ့်ကြောင့်ဆိုသော် ကျောက်စိမ်းပုလ္လင်ထက်တွင် သိက္ခာ အပြည့်ဖြင့်ထိုင်နေသည့် ခင်မျိုးမြင့်။ သူတော် ဘယ်လိုမှ မယုံကြည်နိုင်၊ ခင် မျိုးမြင့်၏ လက်ယာဘက်သလွန် ညောင်စောင်းထက်တွင် သျှောင်တစောင်း နှင့် စိပ်ပုတီးကို လည်ပင်းတွင်ဆွဲကာ အပေါ်နှင့်အောက်ပိတ်ဖြူကို ဝတ် ဆင်ထားသည့် ခန့်ညားထည်ဝါသော အဘိုးအိုတစ်ဦးကိုလည်း တွေ့လိုက် ရသည်။ ယခင်အိမ်မက်အတွင်း သူမနှင့်ရောက်လာခဲ့စဉ်က အဓိဋ္ဌာန်ဝင်နေ သဖြင့် မတွေ့ခဲ့ရသော သူမအဘိုးပင် ဖြစ်ပေမည်ဟု တွေးထင်လိုက်မိ သည်။

အဘိုးအိုက သူတော်ကို တွေ့လိုက်ရသဖြင့် ပြုံးရွှင်ကာ နှစ်လို အားရ နှုတ်ဆက်သော အပြုံးနှင့် ဆီးကြိုနေသည်။ သူတော်တစ်ယောက် အဘိုးအိုကိုတစ်လှည့်၊ ခင်မျိုးမြင့်ကို တစ်လှည့်ကြည့်ကာ စိတ်တွင်းက မျှော် ရွှင်စွာ နှုတ်ဆက်မည်အပြု . . .

"မောင်သူတော်မို့လား . . . ဟိုတစ်ခါ ရောက်လာတုန်းက အဘိုး အဓိဋ္ဌာန်ဝင်ရက်နဲ့ ကြုံနေလို့ မတွေ့လိုက်ရဘူးကွယ်။ ခုတစ်ခါ ဘယ်လို အကြောင်းနဲ့ ငါတို့ဆီကို ရောက်လာခဲ့ရတာလဲဆိုတာ ပြောပါဦးကွယ်"

"အဘိုးခင်ဗျာ . . . ကျွန်တော် ခင်မျိုးမြင့်ကို လက်ဆောင်လည်း ပေးချင်လို့ရယ်၊ သည်နေရာကိုလည်း ရောက်ဖူးချင်တဲ့အတွက် စွန့်စားလာ ခဲ့ရင်း ပင်ပန်းလွန်းလို့ သစ်ပင်ကြီးကို မှီပြီး အိပ်ပျော်သွားတုန်း ခင်မျိုးမြင့် လာခေါ်လို့ ဒီနေရာကို ရောက်ခဲ့ရတာပါ . . . အဘိုးရယ်"

သူတော်က အဘိုးကို ပြောလိုက်ရင်း လွယ်အိတ်အတွင်းမှ ယူ ဆောင်လာသည့် ယမင်းရုပ်ကလေးကို ထုတ်ကာ တရိုတသေ ပေးလိုက် သည်။ အဘိုးက ယမင်းရုပ်ကလေးကိုယူကာ အသေအချာကြည့်လိုက်ပြီး ပြောလိုက်သည်က . . .



www.burmeseclassic.com

www.burmeseclassic.com



"အဘိုးနာမည်က ဘိုးစကြာလို့ ခေါ်တယ်ကွယ့်။ အဘိုးမြေးလေးကို ခုလို အရေးပါတဲ့ ယမင်းရုပ်ကလေးကို ပြန်ပြီးပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ပဋ္ဌာန်းဆက်တွေရှိကြတယ်ဆိုပေမဲ့ ကိုယ့်ဘဝနဲ့ကိုယ်နေကြရတာမို့ ပေါင်းဆုံလို့ မရကြသေးဘူးကွယ့်။ အချိန်ယူ စောင့်ကြရဦးမယ်ကွယ်။ လူလေးသူတော်ကို အဘိုးမှာလိုက်ချင်တာကတော့ သားသတ်လုပ်ငန်းကို အပြီးတိုင်စွန့်ပြီး အလှူဒါနကောင်းမှုတွေကို များများလုပ်ဖို့ရယ်။ နောက်ပြီး လူလေးရောက်လာခဲ့တဲ့ ဒီဝိဇ္ဇာတောင်မှာ အဘိုးတို့မြေးအဘိုး ရှိတယ်ဆိုတာကို ဘယ်သူ့ကိုမှမပြောဖို့ ကတိပေးနိုင်မလား"

"ကတိပေးပါတယ် ... အဘိုးရယ်။ ကျွန်တော့်ကို ခင်မျိုးမြင့်နဲ့ ခေတ္တ စကားပြောခွင့်ပြုပါလားဟင် ... အဘိုး"

သူတော်က ကတိပေးပြီး စကားပြောခွင့်တောင်းခံလိုက်ရာ အဘိုးအိုသည် ကျောက်စိမ်းပလ္လင်ထက်တွင် နန်းဝတ်နန်းစား သိင်္ကာအပြည့်နှင့် ထိုင်နေသော ခင်မျိုးမြင့်(ခ)ဖူးငုံချစ်ကို ကြည့်လိုက်ပြီး ပြုံးရွှင်စွာနဲ့ ...

"ကဲ ... ငါ့မြေး။ သူတော်နဲ့ စကားပြောရင်း အပြန်လမ်းကို လိုက်ပို့ပေးလိုက်ပါကွယ်။ ခဏနေလိုက်ဦး ... သူတော်လေး။ ကောင်းမှုကုသိုလ် လုပ်နိုင်ဖို့အတွက် လက်ဆောင်တစ်ခု ပေးလိုက်မယ်။ ထုခွဲရောင်းချပြီး ကောင်းမှုကုသိုလ်လုပ်ပေါ့ ... လူလေးရယ်"

အဘိုးသည် သူတော်ပေးသည့် ယမင်းရုပ်ကလေးကိုယူပြီး အခန်းထဲသို့ ဝင်သွားသည်။ ခင်မျိုးမြင့်နှင့်အတူ စောင့်စားနေလိုက်စဉ် ...

"အင်း ... ဘဝ ... ဘဝဟောင်းက ပဋ္ဌာန်းဆက်ပါခဲ့သူတွေဆိုတော့ ဘဝတွေဘယ်လိုခြားခြား ဆုံသင့်တဲ့အချိန် တစ်နည်းနည်းနဲ့ ဆုံကြရတာပါပဲလေ။ နောင်ဘဝမှာလည်း မလွဲမသွေဆုံကြရမဲ့ နိမိတ်ပြချက်ပါပဲ။ ခု အဘိုးမြေးကို လက်ဆောင်ပေးခဲ့လို့ အဘိုးပြန်ပေးတဲ့ လက်ဆောင်ကိုလည်း လက်ခံပါလို့ အဘိုး တောင်းပန်ချင်ပါတယ်။ ဘာကြောင့်ဆိုတော့ လူလေး ရှေ့လုပ်ရမဲ့ ကုသိုလ်ကောင်းမှုတွေအတွက် အထောက်အပံ့ပေးနိုင်အောင်လို့ပါ။ လက်ခံပေးပါ ... လူလေး"

---

စိတ်ကူးသစ်စာပေ



နောက်ကျောဘက်ဆီမှ အဘိုးပြောလိုက်သည့် စကားသံကို ကြားလိုက်ရသဖြင့် နောက်ကိုလှည့်ကြည့်လိုက်ရာ အဘိုး၏လက်ထဲတွင် ရဲရဲတောက်ပပြီး ကြက်ဥနှစ်အလုံးခန့်ရှိ ပတ္တမြားတစ်လုံးကို တွေ့လိုက်ရ၍ သူတော် အံ့အားသင့်သွားသည်။ ခင်မျိုးမြင့်က ...

"ယူလိုက်ပါ ... ကိုသူတော်။ ကိုသူတော်တို့ သားအဖနှစ်ယောက်အတွက် ပေးခဲ့တဲ့ငွေပြားတွေနဲ့ မလောက်ပါဘူး။ ပတ္တမြားကို ထုခွဲရောင်းချပြီး စားလည်းစား။ လှူလည်း လှူပါ။ ဒါမှ နောက်ဘဝမှာ ကျွန်မတို့ ပြန်လည်ဆုံဆည်းကြရမှာပါ"

သူတော်က အဘိုးပေးသည့် ပတ္တမြားကို လက်မခံလိုသော်လည်း နောင်ဘဝတွင် ခင်မျိုးမြင့်(ခ)ဖူးငုံချစ်အပြင် အဘိုးနှင့် ပြန်လည်ဆုံတွေ့ဖို့ အလှူအတန်းလုပ်နိုင်ဖို့ လက်ခံယူလိုက်သည်။

အဘိုးက သူပေးလိုက်သည့် ပတ္တမြားကို လက်ခံယူလိုက်သည့်အတွက် ကျေနပ်ပီတိဖြင့် ...

"ကဲ ... ငါ့မြေး .. မောင်သူတော်ကို လမ်းပြပေးလိုက်ပါကွယ်"

မှာကြားပြောဆိုကာ အခန်းထဲသို့ ပြန်ဝင်သွားသည့်အချိန်၊ ခင်မျိုးမြင့်က သူတော်၏လက်ကိုဆွဲကာ ကျောက်လှေခါးမှတစ်ဆင့် အထက်ဆီသို့ ပြန်တက်လိုက်သည့်အချိန်၊ မှေးခနဲ သစ်ပင်ကိုမှီကာ အိပ်ပျော်သွားသော သူတော်တစ်ယောက် အိပ်နေရာမှ လန့်နိုးသွားခဲ့ပေသည်။

ထူးထူးခြားခြား လက်တွင်ဆုပ်ကိုင်ထားမိသည်က ပတ္တမြားကြီး။ သတိတရဖြစ်သွားကာ လွယ်အိတ်အတွင်းထည့်ကာ ယူဆောင်လာသည့် ယမင်းရုပ်ကို စမ်းသပ်ရှာဖွေကြည့်လိုက်ရာ ပျောက်ဆုံးနေသည်ကို တွေ့လိုက်ရပေတော့သည်။ အဘိုးကို ပေးလိုက်သည်ကို သူသတိရလိုက်သလို ပတ္တမြားကြီးကိုလည်း အဘိုးက လက်ဆောင်ပေးလိုက်သည်ဆိုသည်ကို သူသိလိုက်သဖြင့် လွယ်အိတ်အတွင်းထည့်ကာ လာလမ်းအတိုင်း ပြန်ဖို့အတွက် ဦးတည်လိုက်ပေသည်။

✿ ✿ ✿

www.burmeseclassic.com

www.burmeseclassic.com

[ ၆ ]

❑

"ဝိစိ ... ဒီးဒုတ်"

ရှေ့ခရီးကိုဆက်ရန် မလိုတော့သည့်အတွက် နောက်ကြောင်းပြန်လှည့်ရန် စဉ်းစားလိုက်စဉ် ကျောမှီကာအိပ်ပျော်သွားသည့် သစ်ပင်ကြီးထက်ဆီမှ ဒီးဒုတ်ဖိုမနှစ်ကောင်၏ အော်မည်သံကို ကြားလိုက်တော့မှ အချိန်လင့်ပြီဆိုသည်ကို သူတော် သတိရလိုက်သည်မို့ တစ်ညတာ အိပ်စက်နားခိုဖို့အတွက် စဉ်းစားရတော့သည်။ မထူးတော့ပြီမို့ သစ်ပင်ကြီးထက် ခွဆုံကိုင်းတွင် တက်ရောက်အိပ်စက်နားခိုရန် ဆုံးဖြတ်လိုက်သည်။

သူတော်တစ်ယောက် သစ်ပင်ကြီးခွဆုံကိုင်းတွင် နေရာယူလိုက်ရင်းတစ်ညတာ ကုန်လွန်ဖို့အရေး စဉ်းစားနေလိုက်ရင်း အစာရှာငှက်တို့၏ အော်မည်သံကို နားစွင့်နေလိုက်မိပေသည်။ အတော်ကလေး မှောင်လာသောအချိန်တွင် စောစောက ငှက်အော်သံများသာမကတော့ တောသတ္တဝါမျိုးစုံတို့၏ ဟိန်းသံ၊ ဟောက်သံ၊ အသံဆိုး အသံနက်ကြီးများ၊ ပုစဉ်း၊ ပုရစ်အော်သံများက တုန်လှုပ်ခြောက်ခြားစရာအတိနှင့် နောက်တစ်ချက်စိုးရိမ်ပူပန်မိသည်က သစ်ပင်ပေါ်တက်၍ ရန်မူနိုင်သော သတ္တဝါဆိုးများ၏ ရန်ကို ကြောက်ရသေးသည်။ အနီးဝန်းကျင်ကို အလွယ်တကူ မြင်နိုင်ရန်အတွက် လရောင်ကိုသာ အားကိုးရပေသည်။





အထူးသဖြင့် ကျားသစ်(သစ်ဆင်)၊ ဝံ၊ တောကောင်ကြီးများရန်မူမည်ကို အထူးစိုးရိမ်နေမိသည်။ တောသတ္တဝါများအနီး မကပ်နိုင်ရန် အောက်တွင်လည်း မီးမဖိုမိခဲ့။ သို့အတွက် ခွဆုံထက်တွင် စိတ်ချလက်ချ မအိပ်နိုင်ခဲ့။ သူ စဉ်းစားနေမိသည်က သည်တောကြီးအတွင်းဖြတ်ကာ လာခဲ့သော်လည်း နေ့ပိုင်းတွင် ထူးထူးခြားခြား ဘာကိုမှမတွေ့ခဲ့ဘဲ ညပိုင်းကိုရောက်မှ မျိုးစုံကို ထိတ်လန့်အောင် ကြားနေရသည်ကို သူနားမလည်မိသည်က အမှန်။ အိမ်ကိုရောက်တော့မှ ဖခင်ကြီးကို မေးမြန်းရပေဦးတော့မည်။

တစ်ညတာ ကုန်လွန်ရေးကို သက်တောင့်သက်သာ ဖြတ်သန်းခဲ့ရသည့်မဟုတ်ဘဲ စိုးတထိတ်ထိတ်နှင့် လွန်မြောက်ခဲ့ပြီး နောက်တစ်နေ့နံနက်မိုးသောက်၍ အလင်းရောက်သည်နှင့် အောက်ကိုဆင်းကာ ဝါးဆစ်ဘူးနှင့် ရေနွေးကြိုသောက်ကာ ဗိုက်ဖြည့်လိုက်ပြီး ခရီးဆက်ခဲ့ပေသည်။

ခရီးကို စတင်ထွက်ခဲ့ပြီး နာရီဝက်ခန့်အကြာတွင် တအိန်အိန်နှင့် အော်မည်ကာ တောခွေးတစ်အုပ် ရောက်လာသည်။ ခွေးအုပ်မှာ ကောင်ရေများသည့်အတွက် သစ်ပင်ထက်သို့တက်ကာ ရှောင်ပုန်းရပြန်သည်။ အတန်ကြာတော့မှ ခရီးကို ဆက်ခဲ့ရသည်။ နေ့လယ်ပိုင်းလောက်တွင် တောင်ခါးပန်းတစ်ခုအနီး ရောက်လာသည်နှင့် တောဆင်ရိုင်းတစ်အုပ်နှင့် တွေ့လိုက်ရသည်။ တောဆင်ရိုင်းအုပ်မှာ မျှော်လင့်မထားဘဲ သူတော်ကို တွေ့မြင်လိုက်ရသဖြင့် နားရွက်များကို ခတ်လျက် ရှေ့ကိုထိုးထွက်လာကြပြီး ဆူညံစွာ အော်ဟစ်မာန်သွင်းနေကြသည်။

မည်သို့မှ တစ်ဦးတည်း ခုခံနိုင်အားမရှိသည့်အတွက် ရှောင်ပုန်းရင်း အသက်လုကာ ပြေးလွှားခဲ့ရပေသည်။

တောဆင်ရိုင်းအုပ်ကို လွတ်အောင် ရှောင်ပုန်းပြေးလွှားခဲ့ရသည်မို့ တစ်နေရာအရောက်တွင် စိတ်မောလူမော နားနေခိုက် ရူးရူးဝါးဝါး အော်ဟစ်သံများကြောင့် လှမ်းကြည့်လိုက်ရာ ကျောက်ဂူအကြားမှ မျောက်ကြီးများထွက်လာကြသည်ကို တွေ့မြင်လိုက်ရပြန်သည်။ တောဆင်ရိုင်းအုပ်၏ ရူးရူးဝါးဝါး အော်ဟစ်လိုက်သံများကြောင့် အထိတ်တလန့် ပြေးထွက်လာကြ



www.burmeseclassic.com

www.burmeseclassic.com



သော မျောက်တို့မှာ ရုတ်တရက်ကြည့်လျှင် မျောက်နှင့်တူသော်လည်း မျောက်များ မဟုတ်ပါ။ လူပုံသဏ္ဌာန်နှင့် ဆင်ဆင်တူသဖြင့် မတ်တတ်ရပ် သွားတတ်ကြပြီး အမွေးအမျှင်များထူထဲကာ အရပ်က(၆)ခန့် မြင့်၍ ခြေတံတိုပြီး ရင်အုပ်ကားလျက် လက်နှစ်ဖက်က ကြီးမားသန်စွမ်းသည့်အတွက် လူဝံများဟု ထင်လိုက်မိသည်။

တောင်ကုန်းအထက်မှ လှမ်းကြည့်လိုက်ရာ သူတော်ကိုတွေ့မြင်သွားသော်လည်း ရန်မပြု။ သစ်ပင်ကြီးများကို ဖက်တွယ်တက်ရင်း နောက်ကျော တောကြီးအတွင်း တိုးဝင်ပျောက်ကွယ်သွားကြပေတော့သည်။

သူတော်တစ်ယောက် ယခုမှ ပြန်လည်စဉ်းစားနေလိုက်မိသည်။ သည်ခရီးကိုလာခဲ့စဉ်က ဒီမျှလောက် အန္တရာယ်မကြီးဘဲ အပြန်ခရီးမှ ယခုလို တစ်ခုပြီးတစ်ခု အန္တရာယ်ကြုံတွေ့နေရသည်မှာ ဘယ်ကဲ့သို့ဆိုသည်ကို စဉ်းစားနေလိုက်မိပေသည်။ ထိုအချိန် အပြန်လမ်းကို ရှာရင်း လျှောက်လှမ်းခဲ့ရာ တောင်စောင်းတစ်နေရာဆီသို့ အရောက်တွင် အလွန်မွှေးကြိုင် သင်းပျံ့သော ပန်းရနံ့တစ်မျိုးကို ရှူရှိုက်လိုက်မိသည်။ သူတော်တစ်ယောက် သင်းပျံ့သော ပန်းရနံ့ကြောင့် ပြေးလွှားရှောင်ပုန်းခဲ့ရသည့် မောပန်းမှုတို့ ပြေပျောက်ကာ အားသစ်တစ်မျိုးကိုလည်း ခံစားလိုက်ရပြီး ခွန်အားသစ်တို့ဖြင့် စိတ်က ကြည်လင်လန်းဆန်းသွားသည်။

ဆက်လက်လျှောက်လှမ်းခဲ့ရာ တောင်ကုန်းအောက်ဘက်ဆီကို ရောက်ရှိလာသည်မှို စမ်းချောင်းကလေးအတွင်း စီးဆင်းနေသည့် စမ်းရေကို သောက်လိုက်ပြီး မျက်နှာသစ်၍ ဆာနေသော ဗိုက်ကိုဖြည့်ကာ ရှေ့ခရီးကို ထွက်မည့်အလုပ် စောစောက ရရှိလိုက်သည့် ပန်းရနံ့က တိုးဝင်လာပြန်သည်။ သင်းပျံ့မွှေးကြိုင်လှသော ထိုပန်းရနံ့တို့ကြောင့် ရောက်တုန်းရောက်ခိုက် ဘယ်ပန်းမျိုးမှ သည်လောက်မွှေးရသည်ကို သိလိုစိတ်က ဆွဲဆောင်နေမှုကြောင့် ပန်းရနံ့ရှိရာ နောက်ကို လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်ပေသည်။

ပန်းရနံ့သင်းပျံ့ရာဆီကို လျှောက်လှမ်းရင်း ရှိနိုင်မည့်နေရာဆီကို မျှော်ကြည့်နေစဉ် သူ့နှာခေါင်းဝဆီသို့ ရနံ့တို့က စောစောက ရှူရှိုက်လိုက်





ရသည့်ထက် ပိုမိုမွှေးပျံ့လာသည်မို့ ပန်းပင်ရှိရာဆီသို့ ရောက်လုနီးပါးသော အသိဖြင့် (၆)ဖာလုံခန့် ဆက်လက်လျှောက်လှမ်းခဲ့ရာ တစ်နေရာ အရောက်တွင် တောပန်းတောင်ပန်းတို့ စီကာရီကာ ပွင့်ဖူးနေကြသည့် နေရာဆီတွင် အရောင်အသွေးစုံလင် များပြားလှသော လိပ်ပြာကလေးများ၊ ပိတုန်းတောင်များ၊ ပုဇဉ်းများတို့ ပျော်မြူးနေကြသည့်နေရာကို တွေ့လိုက်ရပေသည်။ ထိုပန်းများအထဲတွင် သူရှူရှိုက်လိုက်ရသော ပန်းရနံ့က အစိမ်းရောင်ပန်းပွင့်များဆီမှ ထွက်လာသည့်ရနံ့ဖြစ်သည့်အတွက် ယမင်းရုပ်ကလေးဆီ စိတ်က ရောက်သွားမိပေသည်။ သို့အတွက် ပန်းဆုပ်များကို လက်နှင့်ကိုင်ကာ အားပါးတရပင် ရှူရှိုက်လိုက်မိပေသည်။

သူတော်တစ်ယောက် ပင်ပန်းနွမ်းနယ်မှုတို့မှာ ထိုပန်းရနံ့ကြောင့် ကုန်ခမ်းသွားသော အားအင်တို့ ပြန်လည်ပြည့်ဖြိုးလာသည် ဆိုသော်လည်း မျက်စိနှစ်ကွင်းကမူကား အိပ်ချင်စိတ်က လွှမ်းမိုးလာခဲ့ပြန်သည်မို့ ခေတ္တအနားယူလိုက်စဉ် မှေးခနဲ အိပ်ပျော်သွားခဲ့ပြန်သည်။

"ကိုသူတော် ... ကိုသူတော် ... ပြေးလွှားရလွန်းလို့ ပင်ပန်းနေပြီလား"

နားစည်တွင် သူ့အမည်ကို ခေါ်လိုက်သံကြားလိုက်ရသည်ကြောင့် လှမ်းကြည့်လိုက်တော့ တွေ့မြင်လိုက်ရသည်က ဝင်းဝါစိုပြေသော အသားအရည်နှင့်အတူ နန်းဝတ်နန်းစားများကို ဝန်ဆင်ထားသည့် ခင်မျိုးမြင့် (ခ) ဖူးငုံချစ်ဖြစ်နေသဖြင့် အိပ်နေရာမှ လူးလဲထလိုက်ရင်း ရင်တစ်ခုလုံး ပြင်းထန်စွာ မြည်ဟီးရိုက်ခတ်သွားသည့်နှယ် ခံစားလိုက်ရပေသည်။

"အို ... ခင်မျိုးမြင့်လို့ခေါ်တဲ့ ဖူးငုံချစ်ကလေးပါလား။ ကျွန်တော့်နောက်ကိုလိုက်လာတယ် ... ဟုတ်လား"

"ဟုတ်ပါတယ် ... သတိပေးစရာလေးရှိလို့ အဘိုးဆီ ခွင့်ပန်ပြီးလိုက်ခဲ့တာပါ"

"ဟုတ်လား ... ဘာတွေများ သတိပေးချင်လို့လဲ ဟင်"



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုပါ . . . ကိုသူတော်၊ ဝိဇ္ဇာတောင်ရှိရာ အဘိုးနဲ့ကျွန်မဆီကို လာခဲ့တုန်းက အခက်အခဲမရှိခဲ့ပေမဲ့ ခု ပြန်တဲ့ခရီးမှာတော့ အန္တရာယ်များတာကို သတိထားမိမယ်နော် . . . ကိုသူတော်"

"ဟုတ်ပါရဲ့ . . . အန္တရာယ်တွေကြားက မနည်းကို ဖြတ်သန်းခဲ့ရ၊ ကျော်လွှားခဲ့ရတယ်။ ဒါတောင် ဘယ်ဆီကို ရောက်နေပြီး ဘယ်လမ်းကို ပြန်ရမယ်မှန်းကို မသိသေးဘူးလေ"

သူတော်က ညည်းညည်းညူညူ ပြောလိုက်သည့်စကားကြောင့် သူမက ပြုံးလိုက်ရင်း . . .

"ဒီကို အလာတုန်းက သယ်ဆောင်လာခဲ့တဲ့ ယမင်းရုပ်ကလေး စွမ်းအားနဲ့မို့ ဘေးမသိရန်မခ ရောက်လာခဲ့ရတာပါ။ ခုပြန်တော့လည်း အခက်အခဲတွေကိုကျော်ပြီးမှ ပြန်ရောက်မှာပါ။ ဘာကြောင့်လဲဆိုတော့ အဘိုး ပေးလိုက်တဲ့ ပတ္တမြားကြောင့်ပါ။ ဒါနဲ့ ကိုသူတော်ကို မေးရဦးမယ်။ သူများ အသက်တွေကို သတ်ဖြတ်တဲ့အတွက် ငရဲကိုကျခံရတဲ့ ဘဝအကြောင်းကို သိရဲ့လားဟင်"

"အသေးစိပ်တော့ မသိပါဘူးလေ။ ဖခင်ကြီးပြောပြတဲ့ ငရဲကြီး (၈)ထပ် ရှိတယ်ဆိုတဲ့ စကားကိုတော့ ကြားနာခဲ့ဖူးတယ်"

"ငရဲကြီးရှစ်ထပ်ရှိတာကို သိထားရင် ငရဲကို ကျရောက်နိုင်သူတွေက ဘယ်လိုလူတွေဆိုတာရော သိရဲ့လားဟင် . . . ကိုသူတော်"

"ကျွန်တော် ဒီလောက်ထိ ဉာဏ်မမှီပါဘူး။ သိရင်ပြောပြပါလားဟင်"

"ကိုသူတော်ရဲ့ လက်ရှိလူ့ဘဝမှာ ရပ်တည်နေရတာ အလွန်ကုသိုလ် ထူးလှပါတယ်ရှင်။ ဒါကြောင့် နောင်တမလွန်ဘဝရောက်ရင် ကောင်းချီးချမ်းသာ ရရှိဖို့အတွက် လုပ်နိုင်တဲ့ အခွင့်အလမ်းတွေ အများကြီးရှိပါတယ်။ လုပ်နိုင် အောင်လို့လည်း အဘိုးက ကိုသူတော်ကို ပေးကမ်းစွန့်ကြဲ ချီးမြှင့်ထားပါတယ်။ ဉာဏ်နဲ့ ယှဉ်သုံးပေါ့လေ။ ကောင်းမှုကုသိုလ်တွေကိုပေါ့။

ငရဲဆိုတာကတော့ မကောင်းမှုအကုသိုလ်အမှုတွေကို ပြုလုပ်ကြ





သူများခံကြရတဲ့ ဘုံတစ်ခုဖြစ်ပါတယ်။ အဲဒီ ငရဲဘုံကို ရောက်နိုင်တဲ့သူတွေ က . . .

သူများအသက်ကို သတ်ဖြတ်သူ၊ သူများပစ္စည်းကို ခိုးသူ၊ သူများ သားမယားကို မှားယွင်းသူ၊ မုသားစကားကို ပြောသူ၊ အနှစ်သာရမရှိတဲ့ စကားကိုပြောသူ၊ ကုန်းတိုက်စကား ပြောသူ၊ ကြမ်းတမ်းတဲ့ စကားတွေကို ပြောသူ၊ သူတစ်ပါးစည်းစိမ်ဥစ္စာကို ပျက်စီးအောင်လုပ်သူ၊ သူတစ်ပါးကို သေကြောင်းကြံ၊ ဥစ္စာပျက်အောင်ကြံသူ၊ ချွတ်ယွင်းဖောက်ပြန်၊ မိစ္ဆာအယူ အဆရှိသူတွေအပြင် ဆယ်ပါးသော ဒုစရိုက်တရားနဲ့ပြည့်စုံသူ၊ အနန္တော အနန္တငါးပါးနဲ့ ပစ္စေကဗုဒ္ဓါ၊ ရဟန္တာ စသော အရိယာသူတော်ကောင်းတို့ ကို ကံသုံးပါးနဲ့ ပြစ်မှားသူတို့ဟာ ငရဲကိုကျတတ်တယ် ကိုသူတော်။

လူ့ပြည်ကနေ ငရဲဘုံကိုကျရောက်တတ်တဲ့ သူတွေက (၂) မျိုးရှိ တယ်။ အကုသိုလ်အလွန်ကြီးသူတို့ဟာ သေတာနဲ့ ငရဲကိုရောက်ကြတယ်။ အကုသိုလ်နည်းသူတွေကတော့ တစ်ခါထဲ မရောက်ကြဘူး။ ယမမင်းကြီး ထံ အစစ်ဆေးခံပြီးမှ အပြစ်နဲ့အကျိုးကို ခံစားကြရတယ်။ ယုံသလား . . . ဟင် . . . ကိုသူတော်။ ငရဲကို လိမ်လို့မရပါဘူးလေ"

လူ့ပြည်မှာ စကားတတ်တိုင်း လိမ်လည်လှည့်ဖျား ပြောဆိုလို့ရပေမဲ့ ငရဲပြည်မှာ ဘယ်ငရဲသားမှ ရှေ့နေငှားပြီး လိမ်လို့မရသလို အမှန်အတိုင်း အစစ်ခံရပါတယ်။

ဒီစကားတွေကို ကျွန်မ ဘာကြောင့် ရှင်းပြနေရတယ်ဆိုတဲ့အကြောင်း က ကိုသူတော့်ဖခင်ကြီး ရောက်လာပြီး ကျောက်သံပတ္တမြားတွေအပြင် ကျွန်မ တို့အတွက် အရေးပါတဲ့ ယမင်းရုပ်ကလေးပါ ခိုးဝှက်ယူဆောင်သွားခဲ့တယ်။ အဲဒီအပြစ်ကြောင့် ဘာတစ်ခုမှမခံစားရဘဲ လက်လွှတ်ဆုံးရှုံးသွားခဲ့ရတယ် လေ။ နှစ်ပေါင်းအတော်ကြာတော့မှ အဲဒီအရုပ်ကလေးကို ကိုသူတော်ကို လက်ဆောင်ပေးလိုက်တယ်လေ။

အဲဒါကိုသိလို့ ကျွန်မ ကိုသူတော်ကို အိပ်မက်နဲ့ အသိပေးလို့ လိုက်ခဲ့တယ်။ အဆုံးပြောရရင် ဒီအရေးပါတဲ့ အရုပ်ကလေးကို စိတ်ကောင်း

www.burmeseclassic.com



စေတနာနဲ့ ကျွန်မဆီကို စွန့်စွန့်စားစားနဲ့ ပြန်ပို့ပေးခဲ့တယ်။ သားအဖခြင်း ဖြစ်ပေမဲ့ စိတ်ထားဖြူစင်တာ ကွာခြားတယ်။ ဒီကျေးဇူးကြောင့် အဘိုးက ကိုသူတော် ဘာဝနာကုသိုလ်လုပ်တွေကို လုပ်နိုင်အောင် ပတ္တမြားလက်ဆောင် ပေးခဲ့တယ်လေ။

ကိုသူတော့်ဖခင်ကြီးအတွက်တော့ သူနဲ့ထိုက်တန်တဲ့ ငွေဒင်္ဂါးပြား တွေပဲ ပေးလိုက်ရပါတယ်။ ဒီငွေတွေနဲ့ သူ့အပြစ်ကို ကောင်းမှုကုသိုလ်လုပ် ပြီး ဆေးကျောမယ်ဆိုရင် အထိုက်အလျောက် သက်သာပေမပေါ့လေ။

ကိုသူတော်လို စိတ်ကောင်းရှိသူ တစ်ယောက်ကိုတော့ မဖြစ်သင့် တာ ဖြစ်မှာစိုးတဲ့အတွက် ကျွန်မအဘိုးထံမှာ ခွင့်တောင်းပြီး ခုလို လိုက် သတိပေးရတာပါပဲ။

ဒီနေရာမှာ စောစောက ပြောတဲ့စကားအရ ငရဲကြီး (၈) ထပ်ရှိ တယ်။ ဘယ်မှာလဲလို့ မေးရင် ဒီစကြာဝဠာကမ္ဘာကြီးဟာ တောတောင်၊ သမုဒ္ဒရာ၊ မြင့်မိုရ်တောင်စတဲ့ သက်မဲ့ အဝိညာဏက ဝတ္ထုတို့နဲ့ တည်ရာ ကြီးဖြစ်သကဲ့သို့ လူနတ်ပြဟ္မာစတဲ့ သက်ရှိသဝိညာဏကတို့ ဖြစ်တည် ရာကျင်လည်ကျက်စားလဲ ဖြစ်တယ်လေ။

ကမ္ဘာမြေပြင်ကြီးရဲ့ အောက်၊ ယူဇနာပေါင်းကိုးသိန်းခြောက်သောင်း အထုရှိတဲ့ လေထုရှိတယ်။ ထိုလေထုရဲ့ အောက်မှာ ရေထုရှိနေပြန်တယ်။ ယူဇနာပေါင်းလေးသိန်းရှစ်သောင်း အထုရှိတယ်လေ။

အဲဒီ ရေထုရဲ့ အထက်မှာ သီလာမြေ၊ ပံသုမြေ နှစ်ခုပါဝင်နေတဲ့ မြေထုရှိနေပြန်တယ်။ ထိုမြေထုနှစ်လွှာဟာ ယူဇနာပေါင်းတစ်သိန်းနှစ်သောင်း ရှိတယ်လေ။ ပြောရရင် အဲဒီပံသုမြေမှာ ငရဲကြီးရှစ်ထပ်နဲ့ ငရဲငယ်တွေ အထက်အောက်အဆင့်ဆင့် ရှိနေကြတယ်။ လူ့ဘုံ၊ တိရစ္ဆာန်ဘုံ၊ ပြိတ္တာဘုံ နဲ့ အသူရကာယ်ဘုံဆိုတာတွေက မြေပြင်မှာ တည်ရှိနေကြတယ်။

လူ့ဘုံရဲ့ အထက်မှာ နတ်ပြည်ခြောက်ထပ် အဆင့်ဆင့်နဲ့ ဗြဟ္မာဘုံ နှစ်ဆယ်တိုင်အောင် အစဉ်အတိုင်း (၃၁)ဘုံရှိနေကြတယ်။

ထို(၃၁)ဘုံအတွင်း ငရဲဘုံကို နိရယဘုံ (ချမ်းသာခွင့်သုခကို ရခွင့် မရှိ။ ဆင်းရဲခြင်းအတိနှင့်ပြီးသော ဘုံကို ငရဲဘုံလို့ ခေါ်တာပဲလေ။ အရည်





အတွက်အားဖြင့် သဉ္ဇိုင်း၊ ကာဠ သယ်တ၊ ယောရုဝနှစ်၊ တာပနနှင့်မဟာ အဝီစိငရဲရှာဆိုပြီး (၈)ထပ် ရှိတယ်။

ငရဲကြီး (၈) ထပ်ရဲ့ အထပ်တိုင်းမှာ ဘင်၊ ပြာ၊ လက်၊ သန်း ကြိမ် ပိုက်ရဲ၊ ငါးတန်ဥဿဒရှိလို့ ဆိုထားတယ်။ ဆိုလိုတာက ဘင်ပုတ်ငရဲ၊ ပြာပူ ငရဲ၊ လက်ပံတောငရဲ၊ သံလျက်ရွက်တောငရဲ၊ ကြိမ်ပိုက်ချောင်းငရဲဆိုပြီး ဥဿဒခေါ် ငရဲငယ်(၅)ထပ်စီ တံတိုင်းခတ်ထားသလို တည်ရှိနေတယ်လေ ကိုသူတော်ရဲ့။

ကျွန်မ ကိုသူတော်ကို ဘာကြောင့် ဒီလိုရှင်းပြနေရသလဲဆိုတာ ကို သိစေချင်ပါတယ်။ အဲဒီအချက်က အဘိုးရော၊ ကျွန်မပါ ကိုသူတော့် အပေါ်ထားမိတဲ့ စေတနာကြောင့်ဆိုရင် မမှားပါဘူး။ သူတော်ကောင်းတစ် ယောက် အယူအဆလွဲသွားမှာ စိုးရိမ်ကြလို့ပါ။

ဥပမာတစ်ခုပြောပြရရင် သဉ္ဇိုင်းငရဲဆိုတာက သပုနပ္ပုနံ (အဖန် တလဲလဲ)၊ ဇိဝန္တိ (အသက်ရှင်တတ်ကုန်၏)၊ ဣတိတသမာ (ထိုသို့ အဖန် တံလဲလဲ အသက်ရှင်ရာဖြစ်သော သတ္တဝါကြောင့်)၊ သောနိရယော ထိုငရဲသည် (သဉ္ဇိုင်းမည်၏)တဲ့လေ။

အမှန်တော့ သဥ္ဇီဝဟူတဲ့ ပါဠိကို မြန်မာလို သဉ္ဇိုင်းလို့ ခေါ်တာပါ ပဲ။ သ . . . အဖန်ဖန်၊ ဇီဝ . . . အသက်ရှင်ရာ ငရဲသို့ အဓိပ္ပာယ်ရတယ်။

ဘယ်လောက်များ ကြောက်စရာ ကောင်းလိုက်သလဲဆိုရင် နားထောင် . . . ကိုသူတော့်ကို ရှင်းပြမယ်။

အဲဒီငရဲဟာ လူပြည်နဲ့ ယူဇနာပေါင်းတစ်သောင်းငါးထောင် ကွာဝေး တယ်။ အဲဒီအကွာအဝေးရဲ့အောက် မြေတွင်းကြီးမှာရှိတယ်။ အဲဒီမြေတွင်း က ယူဇနာတစ်သောင်းကျယ်ဝန်းတယ်။ အမြဲတမ်းလို အလျှံတပြောင်ပြောင် တောက်လောင်နေသော သံမြေပြင်လည်းရှိတယ်။ အဲဒီမှာ အသခေျ်အနန္တ ခံနေကြရသော ငရဲကျခံသတ္တဝါတို့နဲ့ ပြည့်နေတယ်။

အဲဒီမှာ ငရဲထိန်းတို့က တပြောင်ပြောင် တောက်လောင်နေပြီး အသွား ထက်မြက်တဲ့ ဓား၊ လှံလက်နက်တွေနဲ့ အချိန်တိုင်း ထိုးခုတ်သအပြတ်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြတယ်။ ငရဲသားတို့၏ ဦးခေါင်း၊ ခြေနဲ့ လက်တို့ကို အပိုင်းပိုင်း ဖြတ်ပစ်ကြပြီး သံမြေပေါ်မှာ အော်ဟစ်လူးလိမ့်နေကြတဲ့ ငရဲသားတို့ကို တင်းပုတ်ကြီးတွေနဲ့ ထုနှက်ကြတယ်။ အသား၊ အရည်၊ အရိုးနဲ့ အကြောတို့ ကြေကုန်ကြရတယ်။ သွေးတွေကလည်း မြစ်ကြီးတစ်စင်းလို အိုင်ထွန်းပြီး လှိုင်းတံပိုးတွေလို လှုပ်ခါစီးမျောသွားကြတယ်။ အဲဒီ အသွေးအသားတို့ကို သံမြေပြင်မှာ မီးခိုးတွေထွက်လာပြီး မီးဟပ်ခံရတာနဲ့ အသွေးအသားတို့ အကြွင်းအကျန်မရှိ ပျောက်ကွယ်သွားကြပြန်တယ်။

ကံတရားရဲ့စီရင်မှုကြောင့် တစ်ဖန် ငရဲသား ပြန်ဖြစ်လာရပြန်တယ်။ ပြန်ဖြစ်ပြီး ပြန်ပြီး အနှိပ်အစက်ခံရပြန်တယ်။ ကံမကုန်သရွေ့ မကျွတ်မလွတ်ဘဲ အမြဲခံနေကြရပြန်တယ် ကိုသူတော်။ အဲဒီလိုခံရတာ ဘယ်လောက်ကြာသလဲဆိုရင် နှစ်ပေါင်း သိန်းသန်းကုဋေကြာသော်လည်း ကံမကုန်မချင်း အထပ်ထပ် အသက်ရှင်ပြီး အထပ်ထပ် အနှိပ်စက်ခံနေရတယ်။ သားသတ်ရုံမှာ သားကောင်တွေ အသတ်ခံနေရသလိုပါပဲ။ သက်တမ်းအားဖြင့် (၅၀၀) ဖြစ်တယ်။

ဒီနေရာမှာ ကိုသူတော်ကိုပြောချင်တာက တစ်ရက်ဆိုတာ လူတွေရဲ့ သက်တမ်းနဲ့ပြောရလျှင် (၉)သန်းမှာ တစ်ရက်ဆိုတာကို မမေ့ဖို့ပါပဲလေ။ ဒါကြောင့် ရတောင့်ရခဲလူ့ဘဝမှာ ခုလိုငရဲကျမခံရအောင် ကောင်းမှုကုသိုလ်ပဲလုပ်ပြီး ခုလို သားသတ်မှုဆိုးအလုပ်ကို စွန့်လွှတ်လိုက်ပါလို့ပဲ ပြောချင်ပါတော့ယ်။ ဒီကနေ အရှေ့စူးစူးသွားပါ။ ဌာနေကို ပြန်ရောက်ပါလိမ့်မယ်နော်''

ခင်မျိုးမြင့် (ခ) ဖူးငုံချစ်က မှာကြားကာ ပြန်ခွင့်တောင်းပြီး ထရပ်လိုက်စဉ် မေးခနဲအိပ်ပျော်နေရာမှ သူတော် လန့်နိုးသွားမိသည်က အမှန်ပင်။

သူတော်တစ်ယောက် အိပ်ပျော်နေရာမှ နိုးလိုက်သည့်အချိန်သည် အမှောင်ဘက်ကို လှနေခဲ့ပြီမို့ ခရီးကိုဆက်လို့ကမရ။ သစ်ပင်ကြီးအောက်တွင် သစ်ကိုင်းခြောက်တွေကို စုပုံမီးရှို့ကာ သစ်ပင်ခွဆုံကိုင်းတွင် တက်ရောက်နေရာယူလိုက်ပေတော့သည်။

---

စိတ်တူးသစ်တာပေ



အပင်အောက်တွင် သစ်လုံးကြီးတွေကိုဆိုင်ကာ မီးခိုးထားသည့် အနားကိုမကပ်နိုင်ပေမဲ့ တစ်ညလုံး အဝေးမှ ကျား၊ ကျားသစ်၊ ဝံပြဲများ အပြင် တောခွေး၊ ခွေးအအုပ်များ၏ ဟိန်းဟောက်သံ၊ တောဆင်ရိုင်းအုပ်များ၏ အော်မြည်သံများကြောင့် ကောင်းစွာအိပ်လို့မရဘဲ တထိတ်တလန့်ဖြင့် မိုးလင်းခဲ့ရတော့သည်။ သယ်ဆောင်လာခဲ့သော စားစရာနှင့် ဗိုက်ဖြည့်လိုက်ပြီး အပင်အောက်ကို ဆင်းလိုက်သည်။

ဝန်းကျင်သည် မြူနှင်းများတို့ကြောင့် မှိုင်းဝေနေသည့်အတွက် ဘယ်ကိုဦးတည်ရမှန်း မသိသော်လည်း အတန်ကြာစောင့်စားပြီး အမြင်အာရုံပြတ်သားတော့မှ အရှေ့စူးစူးကိုမှန်းကာ ထွက်လာခဲ့ပေသည်။ ရှေ့တွင် သူသွားရမည့်လမ်းသည် ဝါးတောကြီးပိတ်ဆီးနေပြီး ဝါးတောကြီးအတွင်းကျက်စားသည့် ဝက်ဝံတို့အန္တရာယ်ကိုလွတ်အောင် ရှောင်တိမ်းပြီး မြွေဟောက်၊ ငန်းမြွေ၊ ကင်းမြီးကောက်ကြီးကြီးတွေကို ရှောင်လွှဲကာ ဦးသျှစ်လှိုင်းရွာသို့ ပြန်ရောက်တော့ ညနေပင် စောင်းခဲ့ပေပြီ။

✿ ✿ ✿

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

## |၇|

❑

သူတော်တစ်ယောက် ဖခင်ကြီးဦးစံမောင်ရှိရာ နေအိမ်ဆီသို့ရောက်တော့ အိမ်တွင် ဖခင်ကြီးမရှိ။ အနီးအနားသွားသည်အထင်ဖြင့် စောင့်စားသော်လည်း မိုးလင်းသည့်တိုင် ပြန်မရောက်လာသည့်အတွက် ရွာတွင်းရှိလူများကို မေးမြန်းစုံစမ်းကြည့်ရာ မည်သူတစ်ဦးတစ်ယောက်မှ တတ်အပ်သေချာမသိကြောင်း ဘယ်သွားသည်မှန်းလည်း မသိကြောင်းဆိုသည့် အဖြေကိုသာ ရရှိလိုက်ပေသည်။ သို့အတွက် ဖခင်ကြီးသွားလာတတ်သည့် နေရာများဆီသို့ လိုက်လံစုံစမ်းရင်း ကံအားလျော်စွာ ရွာဖျားတွင်နီးဖျာနေသော အဘဦးကြွက်နီတဲဆီသို့ ရောက်သွားရာ ...

''လာဟေ့ ... သူတော်၊ စံမောင်တစ်ယောက်တော့ ရသေ့ဝတ်နဲ့တောထွက်သွားလေရဲ့။ မင်းလာရင် ပေးလိုက်ပါဆိုပြီး ငွေပြားတွေထားသွားလေရဲ့ကွာ''

နီးဖျာနေသော အဘဦးကြွက်နီက တဲအတွင်းဝင်ကာ အထုပ်တစ်ထုပ်ကို ပေးလာသည်မို့ ဖွင့်ကြည့်လိုက်တော့ ငွေပြား(၅၀)ပြားတိတိပင်။

''သူ့မိုက်ပြစ်တွေကို ဆေးကြောရင်း သာသနာ့ဘောင်မှာ ပျော်မွေ့တော့မယ်တဲ့ဆိုပြီး ထွက်သွားလေရဲ့ကွယ်။ မင်းအရောက်လာခဲ့ရင် အဲဒါတွေ ပေးလိုက်ပါဆိုပြီး မှာသွားလေရဲ့''





''ဟုတ်ကဲ့ ... အဘ။ သူ ဘယ်ကိုသွားမယ်လို့ မှာသွားလဲ''

''အဲဒါ ဘာကိုမှမေးလို့မရဘူးကွ။ သူ့အပြစ်ကို ဆေးကြောသုတ်သင်ဖို့ဆိုတာပဲ မှာသွားလေရဲ့ကွယ်''

သူတော်တစ်ယောက် အဘဦးကြွက်နီအား ငွေပြား(၅)ပြားကို လှူခဲ့ပြီး ထွက်လာခဲ့ပေသည်။ သူဦးတည်လျှောက်လှမ်းရာကား လူ့ဘဝဆီသို့ ခဏတာရောက်လာခဲ့သည့် သူ့ဘဝရှေ့ရေးအတွက် လက်ရှိဘဝပေး အခြေအနေကြောင့် သားသတ်မုဆိုးဘဝဆီသို့ ရောက်ခဲ့ရာမှ နောင်ဘဝကူးကောင်းရန်အတွက် ဆောင်ရန်နှင့် ရှောင်ရန်ကိစ္စတို့ကို အမှတ်မထင် ယမင်းရုပ်ကလေးကို အကြောင်းပြုကာ ဝိဇ္ဇာတောင်ရှိ အဘိုးနှင့်မြေးဖြစ်သူ ခင်မျိုးမြင့်(ခ)ဖူးငုံချစ်တို့ သားအဖက ရှေ့ကို ဆက်လက်လုပ်ကိုင်ဆောင်ရန်အတွက် ရှောင်ကြဉ်ဖွယ်၊ လိုက်နာဖွယ်၊ မှတ်သားဖွယ်၊ ပြုကျင့်ဖွယ်တို့ကို လမ်းညွှန်ကာ လိုအပ်သည့်အခါ သုံးစွဲရန် ငွေစများအပြင် တန်ဘိုးကြီးမားသော ပတ္တမြားကြီးကိုလည်း ပေးအပ်ခဲ့ပြီမို့ မိမိလို သားသတ်မုဆိုးတစ်ယောက်အတွက် ထိုအလုပ်ကို စွန့်လွှတ်ကာ နောင်ဘဝတွင် ကောင်းမွန်မြင့်မြတ်ရာ ဘုံဘဝကို ရောက်စေနိုင်သည့် ...

ကောင်းမြတ်သော ကာယကံလုပ်ငန်း ...

ကောင်းမြတ်သော ဝစီကံလုပ်ငန်း ...

ကောင်းမြတ်သော မနောကံလုပ်ငန်း ...

အမြဲထိမ်းသိမ်းစောင့်ရှောက်ပြီး အဆုံးစွန်ဘဝတွင် ကောင်းမွန်မြင့်မြတ်သော ဘုံဘဝ ရောက်လွယ်၊ သိလွယ်၊ မျက်မှောက်ပြုနိုင်လွယ်သော နေရာကား သံဃာတော်များစုဝေးရာ ကျောင်းတော်ကြီးရှိရာဆီသို့ ဦးတည်လိုက်ပေတော့သည်။

ဩော် ... သူ့အသိတွင် နှောင်ဖွဲ့ရစ်ပတ်မိသော ခင်မျိုးမြင့် (ခ)ဖူးငုံချစ်ပင် သတိမရနိုင်တော့လောက်အောင် ဖြစ်သွားမိသည်က အမှန်ပင်။

လေးမောင်

www.burmeseclassic.com